

# ဆရာဇော်ဂျီနှင့် ရသစာ[illegible]ရှင်တို့၏
# တွေးတာနှင့်ရေးတာများ

မိုးမြေ

[redacted]

# ဆရာဇော်ဂျီနှင့် ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့် ရေးဟန်များ

## မမိုးမြေ

*Typing* - ကင်းကောင်

*PDF* - NYISAY

http://mmteashop.com

http://mmteashop.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁ ၀၈၀၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၇၉၀၇၀၈

ပထမအကြိမ် ၂၀၀၈ ခုနှစ် အောက်တိုဘာလ

အုပ်ရေ ၅၀၀

မျက်နှာဖုံးဒီဇိုင်း - သိန်းရွှေကြည်

ကွန်ပြူတာစာစီ - ရွှေကံ့ကော် D T P

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးစိန်မြင့်အောင် (မြဲ ၀၅၈၄၃)၊ ရွှေကံ့ကော်ပုံနှိပ်တိုက်

အမှတ် ၈၄ ၊တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးစိန်မြင့်အောင် (မြဲ ၀၃၉၅၈)၊ ရွှေကံ့ကော်စာပေ၊

အမှတ် ၈၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

http://mmteashop.com

## စိတ်အရသာ ဝေမျှခြင်း

ယနေ့ မြန်မာစာပေ မျက်နှာစာတွင် ရသစာတမ်းများ သိသိမှတ်မှတ် နေရာယူလာသည်ကို တွေ့ရပါသည်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ အတွေးလဲလှ၊ အရေးလဲလှသော ရသစာတမ်းတွေကို မပြတ်တွေ့မြင်နေရသည်။ ဖတ်၍လည်း ကောင်းသည်။ ရသစာတမ်း ဆရာတစ်ဦးချင်း၏ ရသစာတမ်းများ စုစည်းထားသော စာအုပ် ကလေးများက အစ မကြာမီက ခံ့ခံ့ညားညား ပေါ်ထွက်လာသော **မြန်မာအက်ဆေးတစ်ရာ** စာအုပ်ကြီးအထိ ရသစာတမ်းတွေ အဆက်မပြတ် ပေါ်ထွက်နေသည်မှာ ဝမ်းသာစရာ ကောင်းသည်။ နိုင်ငံတကာ ရသစာတမ်း (မြန်မာပြန်) များလည်း အထိုက်အလျောက် ပေါ်ထွက်ခဲ့သည်။ ဤစာပေအဖွဲ့မျိုးကို အစမ်းစာ၊ စာတန်း၊ အက်ဆေး၊ စာမွန်၊ စာတမ်းငယ်၊ ရသစာတမ်းငယ်၊ ရသစာတမ်း စသည်ဖြင့် အမျိုးမျိုးခေါ်ခဲ့ကြသည်။ ယနေ့မှာတော့ **အက်ဆေး** ဆိုသောမူလအမည်နှင့် **ရသစာတမ်း** ဆိုသော အများသုံး အမည်တို့ကိုသာ အတွေ့ရများပါသည်။

၁၉၃၀ ကျော်ကာလ၊ ဂန္ထလောကမဂဇင်းတွင် အက်ဆေး ဘာသာပြန် ပြိုင်ပွဲပြုလုပ်ရာမှ မြန်မာရသစာတမ်းများ ထွက်လာပြီး တဖြည်းဖြည်း အရှိန်ရလာသည်မှာ ဒုတိယကမ္ဘာစစ် မတိုင်မီအထိ ဖြစ်သည်။ စစ်ပြီးချိန်တွင် သွေးသောက်၊ ရှုမဝ စသည့် မဂဇင်းများ ထွက်ပေါ်လာသောအခါ ရသစာတမ်းများကို ကြိုကြားတွေ့ရ သော်လည်း **ဆောင်းပါး** ဆိုသော ခေါင်းစဉ်အောက်တွင် ရောနှောကာ မှေးမှေးမှိန်မှိန်ဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်၊ ကံ့ကော်မြိုင်စာတန်း ပေါ်လာသော အချိန်ကစ၍ ရသစာတမ်း တစ်ခေတ်ဆန်းကာ မဂဇင်းများတွင် ခေါင်းစဉ်သီးခြားတပ်၍ ထင်ထင်ပေါ်ပေါ် ဖြစ်လာရသည်။ ရသစာတမ်းများ အစဉ်အလိုက်ရေးနေသော ရသစာတမ်းဆရာများလဲ ပေါ်ပေါက်နေပါပြီ။

http://mmteashop.com

ရသစာတမ်း တစ်ပုဒ်ကို ဖတ်လိုက်ရသောအခါ ရင်ထဲမှာတစ်ခုခုတော့ ကျန်ခဲ့သည်။ နှစ်နှစ်သက်သက် စွဲပြီးကျန်ခဲ့ခြင်း ဖြစ်သည့်အတွက် စိတ်ထဲမှာ အရသာ ရှိသည်။ ထိုအရသာကို ဝေမျှချင်သော စေတနာဖြင့် စာဖတ်သူအချင်းချင်း ပြောဖြစ်ကြသည်။ မြန်မာစာဆရာ ဖြစ်နေသော ကျွန်တော်တို့သည် ပြဋ္ဌာန်းစာထဲမှာ ပါလာသော ရသစာတမ်းများကို တပည့်များအား သင်ကြားပေးရင်း စိတ်အရသာကို ဝေမျှပေးကြသည်။ ဤသို့ ဝေမျှပေးသူများတွင် တက္ကသိုလ်မှာ နှစ်ပေါင်းများစွာ မြန်မာစာသင်ကြား ပို့ချပေးခဲ့သော ဆရာမ မမိုးမြေလည်း အပါအဝင်ဖြစ်သည်။

မမိုးမြေသည် သူသဘောကျသော ရသစာတမ်းများ အကြောင်းကို ပြောဆိုသင်ကြားရုံမျှဖြင့် အားရကျေနပ်ပုံမပေါ်ပါ။ ထို့ကြောင့် စာဖြင့်ရေးချသည်။ အထူးသဖြင့် သူနှစ်သက်ခဲ့သော ရသစာတမ်းများ၏ အရေးအဖွဲ့ ပုံသဏ္ဌာန်ပိုင်းကို အာရုံပြုကာ ကောင်းကွက် လှကွက်များကို ဖေါ်ထုတ်ပြသည်။ အထူးသဖြင့် စာတမ်းဆရာတို့က ရသစာတမ်းတွေကို **ဘယ်လိုရေးထားသည်** ဆိုသော **ရေးဟန်** ကိုစူးစမ်း ဖော်ထုတ်ပြထားသည်။

ဆရာဇော်ဂျီ၊ ဆရာဇေယျ အစရှိသော စာတမ်းဆရာများ၏ ရသစာတမ်းများကို အလှကွက်များ ပေါ်လာအောင် ပုံသဏ္ဌာန်ရှုထောင့်မှ လေ့လာစူးစမ်းထားသော စာစုဖြစ်၍ ရသစာတမ်းဆိုသော စာပေပုံသဏ္ဌာန်၏ အလှနှင့်တန်ဖိုးကို စာဖတ်သူတို့ ဂရုမူမိစေပြီး၊ ရသစာတမ်းများကို နှစ်နှစ်သက်သက် ဖတ်ချင်စိတ်များ နိုးကြားလာအောင် သိမ်မွေ့စွာ လှုံ့ဆော် ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာစု ပေါ်ထွက်လာသည်ကို ဝမ်းပန်းတသာ ကြိုဆိုပါကြောင်းလဲ ဖော်ပြပါရစေ။

မောင်ခင်မင်(ဓနုဖြူ)



http://mmteashop.com

မကြာမီက ထုတ်ဝေခဲ့သည့် ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ စာအုပ် အမှာစာတွင် စာရေးသူကို "ကိုယ်တိုင်က ထင်ရှားသော စကားပြေဖန်တီးသူ (ဝတ္ထုရေးဆရာမ) ဖြစ်သဖြင့် မြန်မာစကားပြေ ဖန်တီးသူနှင့် ခံစားသူ ဆောင်းပါးများလည်း ရေးဖြစ်ပါက မြန်မာစာပေဗေဒအတွက် ဝမ်းပန်းတသာ ကြိုဆိုရဦးမည် ဖြစ်ပါသည်" ဟု စကားပလ္လင်ခံခဲ့ပါသည်။ မျှော်တုန်းမျှော်ဆဲ ယခုဆရာဇော်ဂျီနှင့် အခြားရသစာတမ်း ရှင်တို့၏ တွေးဟန်နှင့် ရေးဟန်များ စာစုပေါ်ထွက်လာပါပြီ။

ဆရာဇော်ဂျီ၏ လက်ရာများနှင့် ပတ်သတ်၍ တန်ဖိုးထားသူတို့က ရှုထောင့် အသီးသီးမှ လေ့လာဖွင့်ဆိုခဲ့ကြပါပြီ။ အားကျစရာကောင်းပါသည်။ ဂုဏ်ယူစရာ ကောင်းပါသည်။ ယခုကဲ့သို့ ဘာသာစကား အသုံးအနှုန်း၊ စကားလုံး၊ ပုဒ်၊ ဝါကျ၊ အလင်္ကာ၊ လေသံစသည်ဖြင့် ခွဲခြမ်းစိတ်ဖြာသည့် ဘာသာစကားလေ့လာမှု၊ အတွင်းလေ့လာမှုကို စာတစ်စောင်ပေတစ်ဖွဲ့ ပြုစုထုတ်ဝေမှုမှာ တစ်မူထူးခြားသည် ဟု သတိပြုမိပါသည်။

ခေတ်မီလေ့လာမှုအတွက် LITERARY STYLISTICS စာပေရေးဟန်ပညာ၊ PRACTICAL STYLISTICS လက်တွေ့ ရေးဟန်ပညာများ လေ့လာနေကြပါသည်။ စာပေဝေဖန်ရေးတွင် အနုပညာအင်္ဂါရပ်များကို ထက်မြက်စွာ ခံစားနိုင်သူ၊ ကျယ်ပြန့်သော အတွေ့အကြုံရှိသူ၊ အသိအမြင်နှံ့စပ်သူ၊ စနစ်ရှိသူကို အရည်အချင်းပြည့်ဝသူဟု အလေးထားကြပါသည်။

ယခုစာအုပ်တွင် ဆရာဇော်ဂျီ၏ ရသစာတမ်းရေးဟန်ကို ခေါင်းစဉ် (၁၁) ခုဖြင့် ဖတ်ရှုရပါသည်။ စာရေးဆရာဇေယျ၊ ဦးမြင့်ကြည်-တက္ကသိုလ်မြတ်စိုး၊ မောင်ခင်မင်(ဓနုဖြူ)၊ တက္ကသိုလ်ဝင်းမွန်၊ ဆရာအောင်သင်း၊ အောင်နိုင်(ရွှေဇာမြိုင်)တို့၏ လက်ရာမွန်များကို စနစ်တကျ စေ့ငုထားသည်ကို တွေ့ရပါသည်။ ရေးဟန်လေ့လာမှု အသီးအပွင့်များ ဖြစ်ပါသည်။ စာရေးသူသည် မိမိလေ့လာဖတ်ရှု ခံစားမှုများကို ရင်ထဲမှာသိမ်းဆည်းမထား၊ ပြီးပြီးပျောက်ပျောက်မထား၊ မိမိခံစားရသည့် နည်းတူမျှဝေခံစားစေပါသည်။



http://mmteashop.com

ပါဠိတော်တွင် သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ ဟုလာရှိပါသည်။ မြန်မာမှုတွင် ဉာဏသူဌေး ဉာဏ်လှူပေးဟု တွေ့ရပါသည်။ ခေတ်အဆက်ဆက် သာဓုခေါ်ခဲ့ကြရပါသည်။ ဆရာမ၏ ဝါသနာနှင့် စေတနာကိုအရင်းခံသည့် မျှဝေခံစားစေမှုကို ဒါနမှုအဖြစ်သာဓု ခေါ်ထိုက်လှပါသည်။

ပါမောက္ခ ဒေါက်တာအောင်ဇော်

http://mmteashop.com

## စာရေးသူ၏အမှာ

ကျွန်မအနေနှင့် ဝတ္ထုရှည်အပုဒ် ၇၀ ခန့်၊ ဝတ္ထုတို အပုဒ် ၁၀၀ ခန့်ရေးသားခဲ့ဖူးသော်လည်း စာပေသဘောတရား ဆိုင်ရာ စာအုပ်မျိုးကိုမူ ယခုအကြိမ်နှင့် ဆိုလျှင် နှစ်ကြိမ်သာ ရေးသား ထုတ်ဝေခဲ့ဖူးပါသည်။ ပထမစာအုပ်မှာ ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူဖြစ်သည်။ ဒုတိယစာအုပ်မှာ ဇော်ဂျီနှင့် အခြားရသစာတန်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန် ဖြစ်ပါသည်။ ဆရာဖြစ်သည်မှ ပင်စင်ယူသည်အထိ လုပ်သက်နှစ် ၄၀ အတွင်း စာပေနှင့်ပတ်သတ်သည့် စာအုပ်များကို မရေးဖြစ်ခဲ့သည့်အတွက် တာဝန်မကျေသလို ခံစားရပါသည်။ ကျွန်မ၏ ဝါသနာနှင့် စေတနာအရသာ စာရေးသွားမည်ဟု ဆုံးဖြတ်ထားပါသည်။

လောကသည် သခၤါရဓမ္မနှင့်မကင်းပါ။ လောက၏ သခၤါရဓမ္မနှင့် ကျွန်မဘဝသည် အကျွမ်းတဝင် ရှိလွန်းလှပါသည်။ မပျောက်မပျက် ကျွန်မအနှစ် ၄၀ တိုင်တိုင် ကျန်ရစ်ခဲ့သော အရာမှာ ဆရာဘဝသာ ဖြစ်ပါသည်။ ဆရာဘဝကိုမူ မည်သည့် အကြောင်းကြောင့်မျှ ဆုံးရှုံးမခံခဲ့ပါ။ သေတပန် သက်တစ်ဆုံး ဖက်တွယ်ထားနိုင်ခဲ့ပါသည်။ ဆရာဘဝတွင်လဲ တက္ကသိုလ် ရောက်စ ကတည်းက မြတ်နိုးတွယ်တာခဲ့ရသော မြန်မာစာပေသည် ကျွန်မ၏ဘဝ၊ ကျွန်မ၏ အသည်းနှလုံးဖြစ်ပါသည်။ ထိုမျှမြတ်နိုး တွယ်တာသော မြန်မာစာပေနှင့် ဆရာဘဝအတွက် ကျွန်မသည် ကျန်ရှိနေသေးသော ဘဝ၏ အချိန်ပိုင်းလေးတွင် အမှတ်တရထားခဲ့ လိုပါသည်။

တစ်စုံတစ်ခု အကျိုးပြုခဲ့လိုပါသည်။ စာအုပ်များအတွက် အမြတ်အစွန်းကို မမျှော်လင့်ပါ။ ဆက်လက်ထုတ်ဝေနိုင်ရန်သာ မျှော်လင့်ပါသည်။

"ဇော်ဂျီနှင့် အခြားရသစာတမ်းရှင်တို့၏ တွေးဟန်နှင့်ရေးဟန်" စာအုပ်တွင် ရသစာတမ်းများကို ရေးသားရာ၌ စာရေးသူတို့၏ အတွေးစိတ်ကူးဖန်တီးပုံ၊ ဖွဲ့စည်းပုံ၊ ထိုအတွေးစိတ်ကူးများကို စာဖတ်သူတို့စိတ်ကို ဆွဲဆောင်နိုင်သည့် အရေးအသားဖြင့်

ရေးဖွဲ့ပုံတို့ကို လေ့လာ တင်ပြထားပါသည်။ ဆရာဇော်ဂျီ ရသစာတမ်းများ၏ ရေးဟန်ကို လေ့လာတင်ပြရာ၌ မောင်ခင်မင်(ဓနုဖြူ)၏ စကားပြေ သဘောတရား၊ စကားပြေ အတတ်ပညာ စာအုပ်ပါ ခေတ်မီစကားပြေ ရေးသားမှုဆိုင်ရာ နည်းစနစ်အချို့ကို ထုတ်နုတ် ကိုးကား၍ ဆရာကြီး၏ ရသစာတမ်းများနှင့် ဆက်စပ်တင်ပြထားပါသည်။ စကားပြေ အဖွဲ့ပုံစံများထဲတွင် ကျွန်မနှစ်သက်သော ရသစာတမ်းရေးဟန်ကို လေ့လာ ပြထားသည် ဆိုသော်လည်း မည်သည့်စကားပြေ အရေးအသားကိုမဆို ထိုနည်းဖြင့် လေ့လာနိုင်မည်ဖြစ်ပါသည်။

ကျွန်မ၏ စာအုပ်တွင် လိုက်လိုက်လှဲလှဲ အမှာစာရေးပေးခဲ့သော ဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာ အောင်ဇော်တို့အား ကျေးဇူးတင်ရှိပါသည်။ စာအုပ်ဖြစ်မြောက်ရေးအတွက် အစမှအဆုံးတိုင် မေတ္တာရှေ့ထား၍ဆောင်ရွက်ပေးသော ကျွန်မ၏ ရောင်းရင်းဖော် အငြိမ်းစား ပါမောက္ခ ဒေါက်တာအောင်ဇော်နှင့် ရွှေကံ့ကော် စာပေတို့အားလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

http://mmteashop.com

# ဇော်ဂျီ၏ ရသစာတန်းများ၏ တွေးဟန်နှင့် ရေးဟန်

## ၁။ဇော်ဂျီနှင့်ရသစာတမ်းရေးဟန်

စကားပြေတစ်ပုဒ်တွင် စာရေးဆရာ၏ စေတနာသည် အရင်းခံဖြစ်သည်။ စာရေးဆရာသည် လောကကို ရှုကြည့်သူဖြစ်သည်။ ခံစားသူဖြစ်သည်။ လောကထဲတွင် ရှိသော ဘဝ၏ ဒဿနကို ရှာဖွေသူဖြစ်သည်။ သူရှာဖွေတွေ့ရှိသော ဒဿနကို စာဖတ်သူအား ဖြန့်ဝေသူဖြစ်သည်။ လောကကို အကောင်းဘက်၊ အလှဘက်မှ ရှုမြင်ဆင်ခြင်ပြခြင်း ဖြစ်သည်။ လူသားတိုင်းတွင် အတွေ့အကြုံရှိသည်။ ခံစားမှုရှိသည်။ အတွေးအမြင်ရှိသည်။ အတွေ့အကြုံကိုပို၍ ရှာသူဖြစ်သည်။ အရာရာတိုင်းတွင် ပို၍ ခံစားတတ်သူဖြစ်သည်။ ပို၍ တွေးမြင်တတ်သူ ဖြစ်သည်။ သာမန်လူတို့မမြင်သော လောက၏ အလှတရားကို ရှာဖွေဖော်ထုတ်ပြတတ်သည်။ ပုဂ္ဂလိကဆန်သော တွေ့ကြုံ၊ ခံစား၊ တွေးမြင်မှု အဖြစ်နှင့် မကြာမီအချိန်အတွင်း ပျောက်ကွယ်သွားခြင်းမျိုး မဖြစ်စေရ။ နှစ်ကာလရှည်ကြာစွာ စာပေအမြင်နှင့် ရပ်တည်ကျန်ရစ် ပြီးလျှင် စာဖတ်သူတိုင်းအတွက် လူသားတိုင်းအတွက် ယေဘုယျကျသော တွေ့ကြုံ၊ ခံစား၊ တွေးမြင်မှုများအဖြစ်နှင့် လောကကိုအကျိုးပြုစေသည်။

ဆရာဇော်ဂျီ၏ ရသစာတန်းများကိုကြည့်လျှင် သာမန်အားဖြင့် အလှတရားကို ရှာဖွေတွေ့ရှိမည်ဟု မထင်ရသော တွေ့ခဲ့ ကြုံခဲ့သော်လည်း ခံစားရမှန်းမသိ၊ ဘဝအတွက် အဖိုးတန်သော ဒဿနရှာဖွေထုတ်ရမှန်း မသိသောအရာများ၊ အကြောင်းကိစ္စများထဲမှ အလှတရားကို ရှာဖွေပြထားသည်ကို တွေ့ရပါသည်။ ဘဝဒဿန များကိုလည်း ဖော်ထုတ်ပြထားသည်ကို တွေ့ရပါသည်။ စာရေးဆရာ၏ လောကကို ရှုမြင်တတ်မှုမှ ပေါက်ပွားလာသော စေတနာဖြင့် စာပေများကို ရေးဖွဲ့ခဲ့ကြသည်။ ဆရာဇော်ဂျီ၏ ရသစာတမ်းများကို ကြည့်လျှင် လောက၏ ဖြစ်ရပ်များ၊ မြင်ကွင်းများအပေါ်တွင်



http://mmteashop.com

ဆရာကြီး၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာစိတ်ဖြင့် အမြင်များကို တွေ့ရပါသည်။ ဆရာကြီး၏ အတွေးအမြင်များသည် ဘဝအမောကို ပြေစေပါသည်။ စိတ်နှလုံးကို ငြိမ်းချမ်းစေပါသည်။ ကြည်နူးပျော်ရွှင် အားတက်စေပါသည်။ ထိုသို့သော လူ့စိတ် လူ့နှလုံးသားကို လှုံ့ဆော်နိုင်သော ပြုပြင်ပြောင်းလဲနိုင်သော စာမျိုးကို ဆရာကြီးသည် အသေးအဖွဲဟု ယူဆရသော အကြောင်းအရာများကို နက်နက်ရှိုင်းရှိုင်း ခံစားတွေးမြင်ခြင်းဖြင့် ရရှိခဲ့ပေသည်။ နွေဦးကျက်သရေ၊ ဆေးရုံနှင့် ကျွန်တော်၊ ကဗျာဝိုင်းစာဝိုင်းနှင့် ကျွန်တော် ရသစာတမ်းများတွင် ထိုသဘောကို တွေ့နိုင်ပါသည်။ သူတို့ ညီနောင်နှင့် ကျွန်တော် ရသစာတမ်းတွင်မူ လူအများသိပြီးဖြစ်သော တကောင်းရာဇဝင်ကိုပင် ဆန်းသစ်၊ နက်ရှိုင်းသောအမြင်နှင့် တွေးမြင်ပြထားပါသည်။

ရသစာတမ်း၏ သဘောမှာ စာရေးသူသည် မိမိ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံ၊ အကြားအမြင် တစ်ခုခုပေါ်တွင် အခြေခံ၍ စာရေးဆရာ၏ ခံစားမှုနှင့် အတွေးအမြင်ကို အလေးထားရေးဖွဲ့သော စာမျိုးဖြစ်ပါသည်။ စာရေးဆရာသည် မိမိ အတွေ့အကြုံ၊ အကြားအမြင်ကို စာဖတ်သူ၏ စိတ်အာရုံ၌ မြင်ယောင်ကြားယောင် လာအောင် ရေးသားရသည်။ ထိုအတွေ့အကြုံ အကြားအမြင်ပေါ်၌ ဖြစ်ပေါ်လာသည့် သူ၏ ခံစားမှုကို စာဖတ်သူ၌ ကူးစက်လာအောင် ဖန်တီးရသည်။ သူ၏ အတွေးအမြင်ကို စာဖတ်သူ လက်ခံလာအောင် အကျိုးသင့် အကြောင်းသင့် စည်းရုံးခေါ်ဆောင်ရသည်။ စာဖတ်သူ အနေနှင့် စာရေးဆရာ၏ ခံစားပုံ၊ တွေးပုံကို နှစ်သက်လာရာမှ သဘောကျ လက်ခံလာသည့် အဆင့်သို့ ရောက်အောင် ရေးသားတင်ပြရာတွင် ခံစားမှု၊ အတွေးအမြင်ကို ပေါ်လွင်စေသည့် စိတ်ကူးစိတ်သန်းသည် အရေးပါသည်။ စိတ်ကူး ကောင်းလျှင် အပြောကောင်းသည်။ ထိုစိတ်ကူး စိတ်သန်းကို ပေါ်လွင်လာစေသည့်ပြင် စာဖတ်သူ၏ နှလုံးအိမ်ဆီသို့ ငြိမ့်ငြိမ့်ညောင်းညောင်း စီးဆင်းသွားစေနိုင်သည့် ရေးဟန်သည် လိုအပ်လှပါသည်။



http://mmteashop.com

ရေးဟန်တွင် ဝါကျဖွဲ့ပုံလည်း ပါသည်။ စကားသုံးနှုန်းပုံလည်း ပါသည်။ အလင်္ကာအသုံး၊ နှိုင်းယှဉ်ဖွဲ့ဆိုမှု၊ ယေဘုယျကို ဝိသေသပြမှု၊ သရုပ်ဖော်ရေးသားမှု၊ ဖွင့်ဆိုရှင်းပြမှု၊ ကြောင်းကျိုးပြ ရေးသားမှု၊ ဖြစ်စဉ်ပြ ရေးသားမှု များလဲပါသည်။ ဆရာဇော်ဂျီ၏ ရသစာတမ်းများကို ဖတ်ပြီးတိုင်း စာဖတ်သူအနေနှင့် ဆရာကြီး၏ စေတနာကို မြင်လာရသည်။ ဆရာကြီး၏ စိတ်ကူးကို ချီးကျူးရသည်။ ဆရာကြီး၏ အတွေးအမြင်ကို လေးစားရသည်။ ထိုထက်တစ်ဆင့်တက်လျှင် ထိုသို့သော ချီးကျူးလေးစား လောက်သည့် စာမျိုးကို စာဖတ်သူထံသို့ အရောက်ပို့ဆောင်ရာတွင် စိတ်ကူးအတတ်ပညာသည် အရေးပါသကဲ့သို့ ရေးဖွဲ့တင်ပြမှု အတတ်ပညာ၏ အရေးပါပုံကို ဆင်ခြင်မိလာစေရသည်။ စိတ်ကူးသည် စေတနာကို အရင်းခံသကဲ့သို့ အရေးအဖွဲ့သည်လည်း စေတနာကို အရင်းခံပါသည်။

ဆရာကြီးသည် လောက၏ နေရာတိုင်းကို မေတ္တာမျက်စိဖြင့် ရှုကြည့်သကဲ့သို့ စာဖတ်သူတို့အားလဲ ရှုကြည့်စေလိုသည်။ လက်ဖက်ရည်ဝိုင်းကို ကြည့်၍ သူပျော်သကဲ့သို့ ပျော်စေချင်သည်။ ရေကုသိုလ်ပြုသူတို့၏ စေတနာအလှကို သူ အလေးထား ပီတိပွားသကဲ့သို့ စာဖတ်သူတို့အားလည်း အလေးထား ပီတိပွားစေလိုသည်။ ဆေးရုံကို အနိဋ္ဌာရုံ မြင်ကွင်းသဖွယ် သတ်မှတ်ကာ ကြောက်ရွံ့စိတ်မှ ချစ်စိတ်၊ လေးစားစိတ်ပွားလာသကဲ့သို့ စာဖတ်သူတို့အားလဲ ချစ်စိတ်၊ လေးစားစိတ်များ ဖြစ်လာစေလိုသည်။ စာအုပ်စင်ကို ကြောက်စိတ်မှ ချစ်စိတ်သို့ ပြောင်းလာခြင်းဖြင့် သူ့ဘဝအမောပြေလာသကဲ့သို့ စာဖတ်သူအားလဲ စာအုပ်များကို ကြောက်စိတ်မှ ချစ်စိတ်သို့ ပြောင်း၍ ဘဝအမောပြေစေချင်သည်။ သူမြင်သည်ကို မြင်သည့်အလျောက်၊ သူခံစားရသည်ကို ခံစားရသည့် အလျောက် ပြောပြချင်သည့် စေတနာသည် ဆရာကြီး၏ ရေးဟန်တွင် ပေါ်လွင်နေသည်။ လောကကိုချစ်သောခံစားမှုဖြင့် ချစ်စရာကောင်းသော အရေးအဖွဲ့၊ စာဖတ်သူတို့စိတ်၌ နှစ်သက်စွဲမက်ဖွယ် မြင်စေသော ရေးဟန်များကို ဖန်တီးရေးသားနိုင်ခဲ့သည်ဟု ထင်မြင်မိပါသည်။



http://mmteashop.com

ဆရာကြီး၏ ရေးဟန်သည် အကြောင်းအရာနှင့် လိုက်ဖက်သည်။ ဆရာကြီး၏ ခံစားမှု ပါဝင်သည်။ စေတနာ ပါဝင်သည်။ ပျော်ရွှင်အားရသည့် လေသံ၊ ချီးကျူးဂုဏ်တင်လိုသည့်လေသံ၊ အားပေးလိုသည့် လေသံပါအောင် ဝါကျဖွဲ့စည်းမှု၊ စကားသုံးနှုန်းမှု တိုင်း၌ တွေ့ရပါသည်။ အခန့်အညားပြောလိုလျှင် ခန့်ညားသည့်ဝါကျ၊ ခန့်ညားသည့် စကားသုံး၊ ပေါ့ပေါ့ပါးပါး ပြောလိုလျှင် ပေါ့ပါးသွက်လက်သည့် ဝါကျ၊ ပေါ့ပါးသွက်လက်သည့် စကားလုံး၊ သိမ်မွေ့ညင်သာစွာ ပြောလိုလျှင် သိမ်မွေ့ညင်သာသည့်ဝါကျ၊ သိမ်မွေ့ညင်သာသည့် စကားသုံး တို့ကို သုံး၍ရေးဖွဲ့သည်။ ဆရာကြီး၏ ပျော်ရွှင်တက်ကြွနေသော ခံစားမှုကိုလည်း စာဖတ်သူတို့ ကူးစက်ခံစားရသည်။ ဆရာကြီး၏ အားပေးချီးကျူးလိုသော စေတနာကိုလည်း စာဖတ်သူတို့ နားလည်ရသည်။ ဆရာကြီး၏ အလေးအနက်ထား၍ တွေးပြလိုသော သဘောထားကိုလည်း စာဖတ်သူတို့ တွေးတတ်မြင်တတ်လာသည်။ မိမိနှင့် စာဖတ်သူတို့ တစ်သားထဲကျအောင် စည်းရုံးခေါ်ဆောင်ရာ၌ စိတ်ကူးအတတ်ပညာသာမက ရေးဟန်အတတ်ပညာကိုလည်း စတစ်တကျ ဖန်တီးရေးသားနိုင်ခဲ့သည်ဟု ဆိုရပါသည်။ ခံစားမှုနှင့် အတွေးအမြင်ပေါ်လွင်သော ရေးဟန်သည် ဆရာကြီး၏ စေတနာမှ ပေါက်ပွား ဖြစ်ပေါ်လာသည်ဟု ထင်မိပါသည်။

ဆရာကြီး၏ ရသစာတမ်းများ၏ ကောင်းခြင်းဂုဏ်အင်တွင် ရေးဟန်သည် အရေးပါသည်ဟု ဆင်ခြင်မိသည့်အလျောက် ရသစာတမ်းများ၏ ရေးဟန်၏ ထူးခြားမှုများ၊ အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်မှုများ ခံစားမှုပေါ်လွင်အောင် ရေးဖွဲ့မှုများကို လေ့လာ မိပါသည်။ စာရေးဆရာ၏ စေတနာနှင့် စိတ်ကူးစိတ်သန်းကို ရေးဟန်က အထောက်အကူပြုသည့် သဘောကိုလည်း တွေ့ရပါသည်။ ရေးဟန်နှင့် စိတ်ကူး၊ ရေးဟန်နှင့် ခံစားမှု၊ ရေးဟန်နှင့် စေတနာတို့ ဆက်စပ်နေပုံကို တွေ့လာသည့်အတွက် အနုစိတ် လေ့လာတင်ပြရန် စိတ်ကူးရခဲ့မိပါသည်။ ဆရာကြီး၏ လောကအပေါ်ထားသော စေတနာ မေတ္တာ၊ အရိပ်ထင်ဟပ်နေသော ရေးဟန်ကို ရသစာတမ်းများမှ ရွေးထုတ်၍ လေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။



http://mmteashop.com

## ၂။ ပုံစံတူ ဟန်ချက်ညီ ဝါကျတို အသုံး

စကားပြေကောင်း တစ်ပုဒ် ဖြစ်ရန် စာရေးဆရာအနေနှင့် မိမိရေးလိုသော အကြောင်းအရာကို ကောင်းစွာ နားလည်ရမည်။ တိကျသော စကားအသုံးအနှုန်းတို့ကို နေရာတကျ ရွေးချယ်သုံးနှုန်း တတ်ရမည်။ ကြံ့ခိုင်ကျစ်လစ်သော ဝါကျမျိုးကို ဖွဲ့စည်း တည်ဆောက်နိုင်ရမည်ဟု ဆရာကြီး ရွှေဥဒေါင်းက ဆိုမိန့်ခဲ့ပါသည်။ ထိုသို့သော စာမျိုးကို တွန်အားရှိသောစာဟု ဆိုနိုင်ကြောင်း လမ်းညွှန်ခဲ့ပါသည်။ စကားလုံးများကို ဖွဲ့စပ်၍ ဝါကျတည်ဆောက် ရေးသားရသော စာပေရေးသားခြင်းလုပ်ငန်းတွင် ဝါကျ၏ အခန်းကဏ္ဍသည် အရေးပါသည်။ ဝါကျတွင် အား၊ ကို၊ မှ၊ က၊ သို့ စသည့် အသုံးပြ စကားလုံးများကို နေရာတကျ စီစဥ်ရေးသားနိုင်ရမည်။ သို့မှသာ သဒ္ဒါနည်းမှန်ကန်၍ ကြံ့ခိုင်သော ဝါကျဖြစ်ပေမည်။ စကားလုံးအပိုများ မပါဘဲ လိုအပ်သည့် စကားလုံးများနှင့် ကျစ်လစ်သောဝါကျကို တည်ဆောက်နိုင်ရပေမည်။ ဆရာဇော်ဂျီသည် ထိုသဘောကို ကောင်းစွာ နားလည်ထားသူ ဖြစ်ပါသည်။

ဆရာကြီး၏ ဝါကျများသည် အကြောင်းအရာနှင့် လိုက်ဖက်အောင် ရွေးချယ် သုံးစွဲထားခြင်း ဖြစ်သည်။ ဝါကျရှည်သုံးသင့်သည့် နေရာများတွင် ဝါကျရှည်၊ ဝါကျတို သုံးသင့်သည့် နေရာများတွင် ဝါကျတိုကို နေရာတကျသုံးတတ်သည်။ ဆရာကြီး၏ ရသစာတမ်းများတွင် အထူးခြားဆုံးမှာ ပုံစံတူ ဟန်ချက်ညီ ဝါကျအသုံးများကို တွေ့ရခြင်း ဖြစ်ပါသည်။ ထိုဝါကျများက ရသစာတမ်းများ၏ အကြောင်းအရာပိုင်းကို ပိုမို ထက်မြက်လာအောင် ကူညီပံ့ပိုးထားပါသည်။ ပုံစံတူ ဟန်ချက်ညီ ဝါကျနှင့် ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ) က စကားပြေသဘောတရား၊ စကားပြေ အတတ်ပညာစာအုပ်တွင် ' ဝါကျတွင်းရှိ အစိတ်အပိုင်းများ အလေးအပေါ့ညီအောင် မဲတင်းကာ ရေးဖွဲ့ထားလျှင် ထိုဝါကျမျိုးကို ဟန်ချက်ညီ ဝါကျဟု ခေါ်နိုင်ပါသည်။ သဘောချင်းတူသော အရေးပါမှု အတိုင်းအဆချင်း တူသော အကြောင်းအချက်များကို ပုံစံတူ စကားစုများနှင့် ဖော်ပြခြင်းဖြင့် ဟန်ချက်ညီ ဝါကျမျိုး ဖြစ်လာပါသည်။ ဟန်ချက်ညီဝါကျတွင် နာမ်ချင်း၊ နာမဝိသေသနချင်း၊ ကြိယာချင်း၊



http://mmteashop.com

ကြိယာဝိသေသနချင်း၊ နောက်ဆက်ချင်း၊ ပုဒ်စုချင်း စသည်ဖြင့် ပုံစံတူ စကားစုများနှင့် ဟန်ချက်ညီအောင် မဲတင်းထားလေ့ရှိပါသည်' ဟုဖွင့်ဆိုထားပါသည်။

ဆရာဇော်ဂျီသည် ရသစာတမ်းများတွင် ဝါကျရှည်၊ ဝါကျတို၊ ပုံစံတူ ဟန်ချက်ညီဝါကျ၊ မေးခွန်းဝါကျ စသည်တို့ကို နေရာတကျ ရွေးချယ် သုံးစွဲထားပါသည်။ ဝါကျအမျိုးအစားများထဲတွင် တွေ့ရသည့် ပုံစံတူ ဟန်ချက်ညီ ဝါကျတိုအသုံးကို လေ့လာ တင်ပြပါမည်။ ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်များ ပါဝင်သော်လည်း ပုံစံတူဟန်ချက်ညီ ဝါကျတို အသုံးများကိုပို၍ တွေ့ရပြီး အကြောင်းအရာကို များစွာ အထောက်အကူ ပြုထားပါသည်။ ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော် လက်ဖက်ရည်ဝိုင်း၏ သရုပ်ကို ဖော်ထုတ်တင်ပြရာ၌ - "လက်ဖက်ရည်ဝိုင်းဟူရာ၌ကား နိုင်ငံရေးကိုလဲမတွေးမိ အချင်းချင်း အကဲခတ်သည်ဟုလည်း သတိမထား၊ ဣန္ဒြေကြီး၊ သိက္ခာကြီးနှင့် ပြောရဆိုရမည်ဟုလည်း မယူဆ" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျတိုများနှင့် ရေးသားထားသည်

"မတွေးမိ၊ သတိမထား၊ မအောက်မေ့၊ မယူဆ" ဆိုသည့် မဟုတ်ဝါကျများ၏ အဆုံးသတ်များကို ပုံစံတူ ဟန်ချက်ညီအောင် ရေးထားသည့်အတွက် စာရေးဆရာ တင်ပြလိုသော အချက်အားလုံးသည် တစ်စုတစ်စည်းထည်း ဖြစ်သွားသည်။ လက်ဖက်ရည် ဝိုင်း၏ နိုင်ငံရေးဟိတ်ဟန် စည်းကြီး ကမ်းကြီးတို့ လုံးဝကင်းစင်သည့် သဘောများသည် သဘောတူများအဖြစ် ပေါင်းစည်းမိသွားသည်။ လက်ဖက်ရည်ဝိုင်း၏ လွတ်လပ်မှုကို တင်ပြလိုသော စာရေးဆရာ၏ ရည်ရွယ်ချက်သည် ထင်ရှားလာပါသည်။ စကားပြေထဲ၌ပင် နရီသဘောပါအောင် ရေးဖွဲ့ထားသည်။ ထို့ပြင် လက်ဖက်ရည်ဝိုင်း၏ နှစ်သက်ဖွယ် ကောင်းပုံကို တင်ပြရာ၌လည်း- "အချင်းချင်း အပေးအယူရှိတတ်သည်။ ပြောမနာ ဆိုမနာ ဖြစ်တတ်သည်။ မကွယ်မဝှက် ပြောတတ်သည်။ ချစ်ချစ်ခင်ခင် ဆိုတတ်သည်။" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျတိုများကို သုံး၍ ရေးသားထားသည်။

"ရှိတတ်သည်၊ ဖြစ်တတ်သည်၊ ပြောတတ်သည်၊ ဆိုတတ်သည်" ဟူ၍ ရှေ့မှကြိယာများကို ပြောင်းပြီး ကြိယာထောက် **တတ် နှင့် ဝါ** အဆုံးသတ် နောက်ဆက်



http://mmteashop.com

**သည်** ကို မပြောင်းဘဲ ဟန်ချက်ညီအောင် ဖွဲ့ထားသည်။ လက်ဖက်ရည်ဝိုင်း၏ ကောင်းခြင်း အဖြာဖြာသည် ပုံစံတူ ဟန်ချက်ညီ ဝါကျများကြောင့် တစ်ပေါင်းတစ်စည်းတည်း ဖြစ်လာပါသည်။ လက်ဖက်ရည်ဝိုင်းတွင် စုဝေးမိကြရင်း ရရှိနိုင်သော အကျိုးတရားတို့ကို တင်ပြရာ၌လည်း - "အကြံကောင်းအဖန်ကောင်း ယိုစိမ့်လာနိုင်သည်။ စကားကောင်း စာကောင်း ပေါ်ထွက်လာနိုင်သည်။ ကွယ်ဝှက်နေသည်တို့ အလင်းသို့ ရောက်လာ နိုင်သည်။ ခဲကပ်နေသည်တို့ ကျေသွားနိုင်သည်။ ဖုထစ်နေသည်တို့ ပြေသွား နိုင်သည်။ မြုပ်နေသည်တို့ ပေါ်လာနိုင်သည်။ ရှုပ်နေသည်တို့ ရှင်းလာနိုင်သည်။" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျတိုများနှင့် ရေးသားတင်ပြခဲ့ပါသည်။

ဝါကျရှေ့မှ နာမ်များကို ပြောင်းပေးထား သော်လည်း နေရာထားသိုပုံမှာ တူညီသည့် အတွက် ဟန်ချက်ညီနေသည်။ "အကြံကောင်းအဖန်ကောင်း"၊ "စကားကောင်း၊ စာကောင်း" တို့သည် ပုံစံတူ နာမ်ပုဒ်များဖြစ်သည်။ ကြိယာများမှာပြောင်းသွားသော်လည်း ကြိယာထောက်နှင့် အဆုံးသတ်နောက်ဆက်များ ပုံစံတူသည်။ "ခဲကပ်နေသည်ကို ကြေသွားနိုင်သည်၊ ဖုထစ်နေသည်တို့ ပြေသွားနိုင်သည်" ဟူသော ဟန်ချက်ညီ ဝါကျနှစ်ကြောင်းသည် နာမ်များ၊ ကြိယာများ၊ ကြိယာထောက်များပုံစံတူအောင် ဝါကျဖွဲ့ ထားသည့် အပြင် စကားသုံးရွေးချယ်မှုဖြင့်လည်း ဝါကျကို ပုံစံတူ ဟန်ချက်ညီ ဖြစ်လာအောင် ထပ်ဆင့်ပံ့ပိုးထားပါသည်။ ခဲကပ်နှင့်ကျေ၊ ဖုထစ်နှင့်ပြေ တို့မှာ အနက်ချင်း ဆန့်ကျင်ဘက် ဖြစ်သည်။ ဆန့်ကျင်ဘက် စကားလုံးများကို တွဲသုံးထားခြင်းဖြင့် ဆိုလိုချက် ပေါ်လွင်လာသည်။

ဝါကျနှစ်ကြောင်းကို ပုံစံတူဖွဲ့ခြင်းဖြင့် လက်ဖက်ရည်ဝိုင်း၏ အကျိုးတရားများသည် စုစုစည်းစည်း ဖြစ်ကာ ထင်ရှားပေါ်လွင်လာသည်။ မြုပ်နှင့်ပေါ်၊ ရှုပ်နှင့်ရှင်းတို့မှာ ဆန့်ကျင်ဘက် ဖြစ်သည်။ ဆန့်ကျင်ဘက် စကားလုံးများကို တွဲသုံးထားသည့် ဟန်ချက်ညီ ဝါကျနှစ်ကြောင်းကို ရှေ့ဆင့်နောက်ဆင့် ရေးသားခြင်းဖြင့် အကြောင်းအရာသည် အချိတ်အဆက် မိလာသည်။ လက်ဖက်ရည်ဝိုင်း၏ အလှတရား၊ လက်ဖက်ရည်ဝိုင်း၏

အနှစ်သာရများ စုပေါင်းပေါ်လွင်လာပါသည်။ ဆရာကြီးသည် သူ၏ စုစည်းမိသော အတွေးများကို ဝါကျဟန်ဖြင့်လည်း ပေါင်းစည်းမိအောင် ရေးသားထားပါသည်။

ကဗျာဝိုင်း စာဝိုင်းလည်းဖြစ်၊ လက်ဖက်ရည်ဝိုင်းလဲ ဖြစ်သော နေရာတွင် စုဝေးမိကြသည့် လူတန်းစားအမျိုးမျိုး၊ အသက်အရွယ်အမျိုးတို့ကို တင်ပြရာ၌ ထိုဝိုင်းတွင် - "အသက်ငါးဆယ်ကျော်လည်း ပါသည်။ ပင်စင်စားလဲပါသည်။ ကျောင်းဆရာလည်း ပါသည်။ စာရေးဆရာလည်းပါသည်။ ကျောင်းသားလည်းပါသည်" ဟု နာမ်ပုဒ်များကို အလဲအပြောင်းပြု၍ ပုံစံတူဟန်ချက်ညီ အပြိုင်ဝါကျများဖြင့် ရေးသားထားသည်။ နာမ်အမျိုးမျိုးက လူတန်းစားအမျိုးမျိုး၊ အသက်အရွယ် အမျိုးမျိုးတို့ကို ဖော်ပြသည်။ ပုံစံတူ ကြိယာနှင့် ကြိယာ နောက်ဆက်များက ထိုမတူညီသော လူတန်းစားများ၊ အသက်အရွယ်များသည် လက်ဖက်ရည်ဝိုင်းတွင် စုစည်းမိကြပြီး အားလုံးအတူတူ မျှဝေခံစားနိုင်သည့် သဘောကို ပို၍ထင်ရှားစေသည်။ ဘဝအနေအထား မတူကြ သော်လည်း လက်ဖက်ရည် ဝိုင်းတွင် ခံစားမှုချင်း တူညီသွားကြပုံသည် ဝါကျများကြောင့် ပေါ်လွင် လာသည်။

လူတန်းစား၊ အသက်အရွယ် ကွာခြားသကဲ့သို့ စရိုက်လည်းကွာခြားကြပုံကို တင်ပြရာ၌ "ထိုဝိုင်းတွင် မြှောက်ပြောသူလည်း ပါသည်။ ချနင်းသူလဲပါသည်။ ခပ်တည်တည် ပြောသူလည်းပါသည်။ စပ်ဖြဲဖြဲပြောသူလည်း ပါသည်။ ရယ်မောချေပ လိုက်သူလည်းပါသည်" ဟု ဟန်ချက်ညီ အပြိုင်အဖွဲ့များကို သုံးထားပြန်သည်။ မြှောက်ပြောသူ၊ ချနင်းသူ၊ ခပ်တည်တည်ပြောသူ စသည်ဖြင့် ကတ္တားပုဒ်များကို ပြောင်းပေးထား သော်လည်း ဝါကျတွင်းတည်ရှိမှုနေရာ အနေအထားတူညီသည်။ နောက်မှ "ပါသည်" ဟူသော ကြိယာကို ပုံစံတူပြုထား လိုက်ခြင်းဖြင့် စရိုက်ချင်း မတူသည့်သဘော ပေါ်လာသကဲ့သို့ မတူညီသူများအနေနှင့် လက်ဖက်ရည်ဝိုင်းတွင် အတူတူ ပေါင်းစည်းမိသည့် တူညီမှု သဘောသည်လည်း ထင်ရှားလာစေပါသည်။

ပုံစံတူ ဟန်ချက်ညီဝါကျတို အဖွဲ့များကြောင့် စာဟန်သည် သွက်လာသည်။ လက်ဖက်ရည်ဝိုင်း၏ လွတ်လပ်မှု၊ လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး ပေါင်းစည်းမိမှု



http://mmteashop.com

ရင်းနှီးချစ်ခင်မှု၊ ပွင့်လင်းမှု၊ စာကြောင်းပေကြောင်း ဆွေးနွေးမှုများအပေါ် အားရကျေနပ်၍ ကြည်နူးပျော်ရွှင်နေသည့် စာရေးဆရာ၏ ခံစားမှုနှင့်လေသံ ပေါ်လွင် လာပါသည်။ လက်ဖက်ရည်ဝိုင်းသည် ကဗျာဝိုင်း စာဝိုင်းဖြစ်ပုံကို တင်ပြရာ၌လည်း - "ထိုဝိုင်းတွင် တစ်ဦးက အစမှစ၍ တွေးသည်။ တစ်ဦးက အလယ်ကဖောက်၍ တွေးသည်။ တစ်ဦးက သူတတ်ကြောင်းပြချင်သဖြင့် သူတတ်သမျှ အန်ထုတ်သည်။ တစ်ဦးကပြုံးပြုံးနှင့် နားထောင်ရင်း ချက်ကောင်းကိုကိုင်၍ တွယ်လိုက်သည်" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျများဖြင့် ရေးသားထားသည် တစ်ဦးကဆိုသည့် ကတ္တားပုဒ်ကို ပုံစံတူထား၍ အပြုအမူများကို ပြောင်းပေးခြင်းဖြင့် ဟန်ချက်ညီအောင် ရေးဖွဲ့ထားသည်။ ထိုနေရာတွင် ကဗျာဝိုင်းစာဝိုင်းတွင် ပါဝင်သော လူအမျိုးမျိုး၏ အမူအရာအမျိုးမျိုး ကွဲပြားပုံသည် ဟန်ချက်ညီ ဝါကျများကြောင့် ပို၍ပေါ်လွင်လာသည်။ ကဗျာကြောင်းစာကြောင်းကို ဆွေးနွေးပြော ဟောပုံဟန်ချင်း မတူပုံသည်လည်း ထင်ရှားလာသည်။ မတူညီသော်လည်း အတွေးချင်း ခံစားချက်ချင်း ပေါင်းစည်းမိပုံကို ဟန်ချက်ညီဝါကျများက ပို၍ပေါ်လွင်အောင် ထောက်ကူ ပံ့ပိုးပေးထားပါသည်။ ထိုဝါကျများကြောင့် ကဗျာဝိုင်းစာဝိုင်းကို အားပေး လိုသော နှစ်သက်သဘောကျသော စာရေးဆရာ၏ ခံစားမှုသည် ပေါ်လွင်လာရပါသည်။

ဆေးရုံနှင့် ကျွန်တော် ရသစာတမ်းတွင် လူနာဆောင် ခန်းမအတွင်းရှိ လူနာတို့၏ အမူအရာ အမျိုးမျိုးကို "အချို့ကလည်း ခုတင်၌ လျောင်းလျက်၊ အချို့ကလည်း ခုတင်၌ ထိုင်လျက်" ဟုလည်းကောင်း၊ "တစ်ဦးနှစ်ဦးသည် ခပ်ခွေခွေ၊ နှစ်ဦးသုံးဦးသည် တညည်းညည်း တညူညူ" ဟု လည်းကောင်း၊ ပုံစံတူ ဟန်ချက်ညီ ဝါကျများဖြင့် သရုပ်ဖော် ရေးဖွဲ့ထားသည်။ ပုံစံတူဝါကျများက လူနာဖြစ်မှုဆိုသည့် တူညီချင်းကိုလည်းပြသည်။ ရောဂါအခြေအနေလျှောက် အမူအရာ ကွဲပြားပုံကိုလည်း ပြသည်။ အဆုံးသတ် ကြိယာမပါသည့် ဟန်ချက်ညီဝါကျများကြောင့် စိတ်ညစ်ညူးဖွယ် အနိဋ္ဌာရုံ မြင်ကွင်း ဖြစ်သော်လည်း စာဟန်သွက်လက်သည့် အတွက် ထိုင်းထိုင်းမှိုင်းမှိုင်းမဖြစ်ဘဲ မြင်ကွင်း တစ်ခုပြီးတစ်ခု ဖျပ်ကနဲ၊ ဖျပ်ကနဲ ကူးပြောင်းသွားသည်။

http://mmteashop.com

ပုဂံမြို့ဟောင်းနှင့် ကျွန်တော်စာတမ်းတွင် ပုဂံ၌ ဆောင်ဦးရာသီတွင် တိမ်တို့၏ ပုံသဏ္ဍာန်အနေအထားကို သရုပ်ဖော်ရာတွင် "ထိုရာသီတွင် တိမ်တောင်တိမ်လိပ်တို့သည် တစ်ခါတစ်ရံ အာနန္ဒာ၏ ချရားသီးအနီးတွင် လဲလျောင်းနေတတ်ကြသည်။ တစ်ခါတစ်ရံ သဗ္ဗညု၏ အထွတ်တွင် တွဲလဲခိုနေတတ်ကြသည်။ တစ်ခါတစ်ရံ ဓမ္မရံကြီး၏ နောက်တွင် တပိတစ်ပိုင်းပေါ် နေတတ်ကြသည်။ တစ်ခါတစ်ရံ တူရွင်းတောင်တွင် တန်းစီ နေတတ်ကြသည်" ဟု ပုံစံတူဟန်ချက်ညီ ဝါကျများဖြင့် ရေးသားထားသည်။ တစ်ခါတစ်ရံ ဆိုသည့် အချိန်ပြပုဒ်ကို ထပ်တလဲလဲ သုံးခြင်းဖြင့် ဟန်ချက်ညီစေသည်။

"အာနန္ဒာ၏ ချယားသီး အနီးတွင်၊ သဗ္ဗညု၏ အထွတ်တွင်၊ ဓမ္မရံကြီး၏ နောက်တွင်"

ဟူ၍ နေရာပြပုဒ်များ အမျိုးမျိုး ပြောင်းသွားသော်လည်း ဘုရားစေတီများဆိုသည့် အခြေခံသဘောမှာ ပုံစံတူဖြစ်သည်။ လဲလျောင်း၊ တွဲလဲခို၊ တပိတစ်ပိုင်း၊ တန်းစီဆိုသည့် အမူအရာကို ဖော်ပြသော ကြိယာပုဒ်များကို အပြောင်းအလဲ ပြုထားသော်လည်း လဲလျောင်း နေတတ်ကြသည်၊ တွဲလဲခိုနေတတ်ကသည် စသည့်ရေးဖွဲ့ပုံတူညီသည်။ နေ၊ တတ်၊ ကြ ဆိုသည့် ကြိယာထောက်များနှင့် **သည်** ဆိုသည့် ဝါကျအဆုံးသတ် နောက်ဆက်များ ပုံစံတူဖွဲ့ထားသည်။ နေရာပြပုဒ်များ အပြောင်းအလဲပြုထား၍ တစ်နေရာပြီး တစ်နေရာမြင်ကွင်း ရွှေ့လျားသွားပုံသည် စာဖတ်သူ၏ စိတ်အာရုံ၌ ထင်မြင်လာသည်။

ဆရာဇော်ဂျီသည် ပုံစံတူဟန်ချက်ညီ ဝါကျများကို သုံးရာ၌ ဝါကျတစ်ခုနှင့်တစ်ခု ပုဒ်စုများ တူညီမှုကို အလေးထားရုံသာမက စကားအသုံးနှုန်းကိုလည်း အလေးထားသည်။ လဲလျောင်း၊ တွဲလဲခို၊ တပိတပိုင်းပေါ်နေ၊ တန်းစီ ဆိုသည့် ကြိယာပုဒ်များကြောင့် တိမ်တို့၏ အမူအရာသည် ပေါ်လွင်လာသည်။ သက်မဲ့တိမ်များကို သက်ရှိအသွင်တင်စားထားသော အနက်ပြ စကားလုံးများကြောင့် ပုဂံရှိဘုရားပုထိုး အမျိုးမျိုး၏ ထက်ဝန်းကျင်တွင် မြင်တွေ့ရသော တိမ်တို့၏ သွင်ပြင်ပုံပန်းကို ထင်မြင်လာစေသည်။ အသက်ဝင်လာ



http://mmteashop.com

စေသည်။ ကြိယာများကို တစ်ခုပြီးတစ်ခု ပြောင်းထားသော ဟန်ချက်ညီအဖွဲ့များကြောင့် သွင်ပြင်ပုံပန်း အမျိုးမျိုးသည် ဖျပ်ကနဲ၊ ဖျပ်ကနဲ ပြောင်းသွားသည်ဟု ထင်ရသည်။

ရွှေစည်းခုံစေတီတော်၏ မုန်ဦး ခြင်္သေ့ရုပ်များအကြောင်းကို ရေးသားရာ၌လည်း

"မုန်ဦး ခြင်္သေ့ရုပ်နှစ်ခုသည် ပြည့်ဖြိုးသည်ဟု ထင်ရသည်။ ခွန်အားကြီးသည်ဟု ထင်ရသည်။ စေတီ၏ ပုံတော်သည် ကြံ့ခိုင်သည်ဟု ထင်ရသည်။ ထက်မြတ်သည်ဟု ထင်ရသည်"

ဟု ပုံစံတူ ဟန်ချက်ညီဝါကျများကို သုံးထားသည်။ ကြိယာများကိုပြောင်းထားပြီး ထင်ရသည်ဟူသော ကြိယာပုဒ်ကို ပုံစံတူရေးသားခြင်း စာရေးဆရာ၏ ထင်မြင်မှုသည် ပို၍လေးနက်လာသည်။ မိမိ၏ အတွေးအမြင်ကို အလေးထား တင်ပြလေ့ရှိသည့် ရသစာတမ်း၏ သဘောပီပြင်လာရသည်။

ပုံစံတူပုဒ်များဖြင့် ဟန်ချက်ညီအောင် ဖွဲ့ထားခြင်း၊ ဝါကျတိုင်းရှိ ကြိယာတို့၏ အနေအထား နေရာတူညီခြင်းတို့ကြောင့် ပြည့်ဖြိုးသည်၊ ခွန်အားကြီးသည်၊ ကြံ့ခိုင်သည် ဆိုသည့် မတူညီသော ဂုဏ်အရည် သွေးများသည် စည်းစည်းရုံးရုံးဖြစ်သွားသည်။ ထိုသို့ ဖြစ်သွားသည်နှင့် ရွှေစည်းခုံရှိ ခြင်္သေ့တို့၏ အရည်အသွေးသည် ပေါင်းစည်းမိကာ အင်ပြည့်အားပြည့် ဖြစ်သွားသည်။ ခြင်္သေ့တို့၏ ဂုဏ်ရည်ပေါင်းစည်းမှုသည် ပုဂံသားတို့၏ ပေါင်းစည်းမှု ဂုဏ်ရည်ပင်ဖြစ်ပါသည်။ ပုဂံသားတို့၏ ပြည့်ဖြိုးမှု၊ ခွန်အားကြီးမှု၊ ကြံ့ခိုင်မှုများသည် ဂုဏ်ရည်များအဖြစ် စုစုစည်းစည်းဖြစ်ကာ ထင်ရှားပေါ်လွင်လာအောင် ရေးသားနိုင်စွမ်းရှိပါသည်။

ပုဂံတွင် ကြည့်ရှုလေ့လာစရာများလွန်း၍ စာရေးသူအဖို့ စိတ်ဇောဖြင့် မောနေပုံကို တင်ပြရာ၌လည်း-



http://mmteashop.com

“ကျွန်တော်သည် အာနန္ဒမှ သရပါမြို့ဟောင်းတံခါးသို့ ပြေးလိုက်ချင်သေးသည်။ ထိုမှ ဖူးဘုရားသို့ ကူးလိုက်ချင်သေးသည်။ ထိုမှ ပိဋကတ်တိုက်သို့ ပြန်လာချင်သေးသည်။ ထိုမှ ရွှေဂူကြီး၊ သဗ္ဗညု၊ နတ်လှောင်ကျောင်း၊ ပုထိုးသများ၊ ကန်တော့ပုလ္လင်တို့သို့ ခုန်လိုက်ချင်သေးသည်။ ထိုမှ မင်္ဂလာစေတီ၊ မနုဟာ ဓမ္မရံကြီး၊ စူဠာမဏိ၊ ထီးလိုမင်းလို၊ ဥပါလိသိမ် တို့သို့ လွှားလိုက်ချင်သေးသည် ထုမှ အပယ်ရတနာ၊ နဂါးရုံ၊ လောကနန္ဒာ တို့ကို ပျံလိုက်ချင်သေးသည်။ နန္ဒမသုတွင် ပန်းချီကို ကြည့်ချင်သေးသည်။ နန်းဘုရားတွင် ပန်းတမော့ကို ကြည့်ချင်သေးသည် ဂူပြောက်ကြီးတွင် ပန်းတော့ကို ကြည့်ချင်သေးသည်။ ရွှေဖက်လိပ်၊ ငွေဖက်လိပ်တွင် ဖုတ်မြေ စဉ့်ကွင်းကို ကြည့်ချင်သေးသည်။ မြစေတီ၌ ရာဇကုမာရ်ကျောက်စာကို ဖတ်ချင်သေးသည်”

ဟု ပုံစံတူ ဟန်ချက်ညီဝါကျ အဖွဲ့များကို ရေးသားခဲ့သည်။ ရှေ့ပိုင်းဝါကျများတွင် `ထိုမှ’ ဆိုသည် ထွက်ခွာရာ ပြပုဒ်ကို ပုံစံတူ သုံးထားပြီး ပြေး၊ ကူး၊ ပြန်၊ ခုန်၊ လွှား၊ ပျံ၊ ဆိုသည့် ကြိယာ အမျိုးမျိုးပြောင်း၍ သုံးထားသည်။ ပြေးလိုက်ချင်သေးသည်။ ကူးလိုက်ချင်သေးသည်။ ပြန်လိုက်ချင်သေးသည်။ ခုန်လိုက်ချင် သေးသည်။ လွှားလိုက်ချင်သေးသည်။ ပျံလိုက်ချင်သေးသည် ဆိုသော ကြိယာထောက်နှင့် ဝါကျအဆုံးသတ် နောက်ဆက်ချင်း တူသည့် ကြိယာပုဒ်စုများကို ပုံစံတူရေးထားသည်။ ထိုပုံစံတူ ဟန်ချက်ညီ ဝါကျများက တစ်နေရမှ တစ်နေရာသို့ အလျင်အမြန် သွားလိုသောစိတ်များ ပြင်းထန်နေသည့် စာရေးသူ၏ ခံစားမှုကို ပေါ်လွင်စေသည်။ စိတ်၏ လျင်မြန်စွာ ရွေ့လျားနေမှုကို အမူအရာပြ စကားလုံးများ တစ်မျိုးပြီး တစ်မျိုး ပြောင်း၍ သုံးနှုန်းပေးခြင်းဖြင့် ထင်ရှားလာစေသည်။ မမြင်သာသော စိတ်ခံစားမှု စိတ်ဇောအဟုန်ကို မြင်သာသောအနက် ပြစကားလုံးများကို စနစ်တကျ ရွေးသုံးခြင်းဖြင့် ထင်သာမြင်သာလာ စေသည်။ ထို့အပြင် ပုံစံတူဟန်ချက်ညီ ဝါကျများကြောင့် စာဟန်ပို၍သွက်လာသည်။ စာရေးသူ၏ ဟိုပြေး၊ ဒီကူး အလျင်အမြန် ပြုလိုစိတ်သည် ဟန်ချက်ညီ ဝါကျများကြောင့် ပို၍ ပေါ်လွင်လာသည်။ ကျန်ဝါကျများတွင် ကြည့်ချင်သေးသည်ဆိုသည် ကြိယာပုဒ်စုကို အပြောင်းအလဲမပြုဘဲ နာမ်ပုဒ်ကိုသာ အပြောင်းအလဲပြု၍ ဟန်ချက်ညီ ဝါကျများအဖြစ် ဖွဲ့စည်းထားသည်။



http://mmteashop.com

ပုဂံ၏ မြန်မာယဉ်ကျေးမှု လက်ရာများကို ကြည့်လိုစိတ်စောနေသည့် စာရေးသူ၏ ဆန္ဒဇောကို ပေါ်လွင်စေသည့် ဝါကျများဖြစ်သည်။ ဆရာဇော်ဂျီသည် သူ၏ ရသစာတမ်းများတွင် ပုံစံတူ ဟန်ချက်ညီဝါကျများကို အများဆုံး သုံးလေ့ရှိသည်။ ဟန်ချက်ညီဝါကျတိုလေးများကြောင့် စာဟန် သွက်လက်နေသည်။ စာရေးသူ၏ ထက်မြက်သော စိတ်ကူးသည် သွက်လက်သော ဝါကျများကြောင့် စာဖတ်သူ၏ စိတ်အာရုံကို ပို၍ ဆွဲဆောင်နိုင်စွမ်း ရှိလာသည်။ စာရေးသူ၏ ခံစားမှု၊ စေတနာတို့မှ အလိုလို ပေါက်ဖွားလာသော ဝါကျများဟု ဆိုနိုင်ပါသည်။ ထိုဝါကျများကြောင့်ပင် စာရေးသူ၏ ခံစားမှုနှင့် စေတနာတို့သည် ပို၍ ပေါ်လွင်လာရသည်ဟု ထင်မြင်မိပါသည်။

http://mmteashop.com

## ၃။ ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်အသုံး

ဆရာဇော်ဂျီ၏ ရသစာတမ်းများသည် အတွေးစိတ်ကူး ထက်မြက်ရုံသာမက ဝါကျများကို အကြောင်းအရာနှင့် လိုက်ဖက်အောင် ရေးသားနိုင်စွမ်းရည်ကလည်း များစွာ အထောက်အကူ ပြုနေကြောင်း တွေ့ရပါသည်။ ပုံစံတူ၊ ဟန်ချက်ညီ ဝါကျတိုများကြောင့် စာဟန်သည် သွက်လက်မြူးကြွ၍ အားတက်ဖွယ်ဖြစ်ရသကဲ့သို့ ပုံစံတူဟန်ချက် ညီဝါကျရှည် အဖွဲ့များဖြင့်လည်း စာဟန်သည် မြူးကြွ၍ အားတက်ဖွယ်ဖြစ်အောင်လည်း ရေးတတ်ပါသည်။ ထိုသို့သော ဝါကျရှည်အဖွဲ့များဖြင့် ပြေပြစ်ခံ့ညားအောင်လည်း ရေးတတ်ပါသည်။

နွေးဦးကျက်သရေ ရသစာတမ်းတွင် ရေချမ်းစင်နှင့် ပတ်သက်၍ စာရေးသူ၏ အမြင်ကို တင်ပြရာ၌ - "ထိုရေချမ်းစင်၌ လူတို့၏ စိတ်သစ်၊ စိတ်နု၊ စေတနာသစ်၊ စေတနာနုတို့လည်း ပေါက်နေကြလေပြီ ဟု တွေးမိခြင်းဖြစ်လေသည်" ဟု ရေးသား ထားပါသည်။ "စိတ်သစ် စိတ်နု၊ စေတနာသစ် စေတနာနု" တို့သည် ဝါကျရှည် အတွင်းရှိ ပုံစံတူ နာမ်ပုဒ်စုများဖြစ်သည်။ ထိုပုံစံတူ နာမ်ပုဒ်စုများဖြင့် ဟန်ချက်ညီအောင်ဖွဲ့ထားသည်။ ရေချမ်းစင် တည်ပေးသော မြန်မာတို့၏ သစ်လွင်သည့်စိတ်၊ စေတနာကို ထင်ရှားစေသည်။ ပုဂံမြို့ဟောင်းနှင့် ကျွန်တော် ရသစာတမ်းတွင် ရွှေစည်းခုံစေတီရှိ မုခ်ဦး ခြင်္သေ့တို့၏ သွင်ပြင်ပုံပန်း အပေါ် စာရေးသူ အတွေးဖြစ်ပေါ်လာဟန်ကို - "ထို့ကြောင့် မုခ်ဦး ခြင်္သေ့ရုပ်ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်းတို့သည် ထိုခေတ်၏ သဘောကိုလည်းကောင်း ထိုတိုင်းသူပြည်သားတို့၏ သဘောကို လည်းကောင်း၊ ထိုမင်းနှစ်ပါး၏ သဘောကို လည်းကောင်း၊ မလွန်ဆန်နိုင်သော ပန်းရန်ပုံတို့၏ လက်ရာပင်ဖြစ်လေစွ။ ရွှေစည်းခုံ စေတီ၏ ပုံတော်ကြံ့ခိုင်ခြင်း၊ ထက်မြက်ခြင်း၊ တက်ကြွအားရဖွယ် ဖြစ်ခြင်းသည်လည်း ထိုသို့သော ပန်းရံပုံတို့၏ လက်ရာပင်ဖြစ်လေစွ" ဟု ရေးသားထားသည်။ ပထမဝါကျ အတွင်း၌ ထိုခေတ်၏ သဘောကိုဘည်းကောင်း၊ ထိုတိုင်းသူပြည်သားတို့၏ သဘောကို လည်းကောင်း၊ ထိုမင်းနှစ်ပါး၏ သဘောကို လည်းကောင်း ဟူသော နာမ်ပုဒ်စုများသည်

http://mmteashop.com

ပုံစံတူ ဟန်ချက်ညီ အဖွဲ့များ ဖြစ်ပါသည်။ ထိုဟန်ချက်ညီ အဖွဲ့များကြောင့် ပုဂံခေတ်ကို ထူထောင်ရာတွင် ပြည်သူနှင့် မင်းတို့၏ ပေါင်းစည်း ညီညွတ်မှုသဘောကို အလေးပေး တင်ပြလိုသော စာရေးသူ၏ စေတနာသည် ပေါ်လွင် လာရပါသည်။

စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကို ပေါ်လွင်လာအောင် ပုံစံတူ ဟန်ချက်ညီ ဝါကျအဖွဲ့က အထောက်အကူပြု ထားသည်။ ပထမဝါကျနှင့် ဒုတိယဝါကျကို ချိတ်ဆက်ရာ၌မူ "ပန်းရန်ပျံတို့၏ လက်ရာပင်ဖြစ် လေစွ" ဆိုသည့် နာမ်နှင့် ကြိယာတို့ ပါဝင်သော ပုဒ်စုကို ပုံစံတူဖွဲ့ထားသည်။ မင်းနှင့်ပြည်သူတို့ ညီညွတ်မှုနှင့် ထိုစည်းရုံးညီညွတ်မှုကို နားလည်စွာနှင့် ပြောင်မြောက်သည့် အနုပညာလက်ရာကို ဖန်တီးခဲ့သည် ဆိုသော စာရေးသူ အလင်းပေးဖော်ပြလိုသော သဘောသည် ပို၍ လေးနက်လာရပါသည်။ "ပန်းရန်ပျံ" ဟူသော စကားကို နှစ်ကြိမ် ပုံစံတူသုံးခြင်းဖြင့် ပုဂံခေတ် ပန်းရန် ပညာရှင်တို့ အပေါ် အထူးအလေးထား ဂုဏ်ပြုလိုသော စာရေးသူ၏ ပုဂံခေတ်သားများနှင့် ပုဂံခေတ် ပညာရှင်တို့အပေါ် အံ့သြချီးကျူးလိုသည့် ခံစားမှုသည် လေးနက်လာပါသည်။ မိမိကဲ့သို့ စာဖတ်သူတို့အား ပုဂံခေတ်သားတို့၏ ပေါင်းစည်းညီညွတ်မှုအပေါ် အံ့သြချီးကျူး စေလိုသော သဘောဖြင့် ပုံစံတူ နှစ်ကြိမ်ရေးဖွဲ့ခဲ့ဟန် တူပါသည်။

စာအုပ်စင်နှင့် ကျွန်တော် ရသစာတမ်းတွင် စာအုပ်ကိုကြောက်ရာမှ အတွေးအမြင် ပြောင်းလာပုံကို တင်ပြရာ၌ -

"ထိုအခါမှစ၍ စာအုပ်ဆိုသည်မှာ ငှါပတ်ဝန်းကျင် ဘဝ၌ ငါမြင်သော၊ ငါကြားသော၊ ငါတွေ့သော၊ ငါသိသော အကြောင်းခြင်းရာတို့ကို ရေးထားသော အရာဝတ္ထုပါတကားဟု တွေးမိလာပါသည်။ ငှါပတ်ဝန်းကျင်ကို ငါ ပြန်၍ သတိထားလာမိအောင် ပြုပေးတတ်သော အရာဝတ္ထုပါတကား ဟူ၍လည်း တွေးမိလာသည်"

ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်များကို သုံးထားသည်။ ပထမဝါကျတွင် ဝါကျရှည် တစ်ကြောင်းတည်း၌ ငါမြင်သော၊ ငါကြားသော၊ ငါတွေ့သော၊ ငါသိသောဆိုသည့်



http://mmteashop.com

ပုံစံတူ နာမဝိသေသန ပုဒ်များကြောင့် စာအုပ်များထဲတွင် ပါဝင်သော အကြောင်းအရာများသည် စာရေးသူမြင်ခဲ့၊ ကြားခဲ့သည်ဟူသော သဘောသည် ထင်ရှားလာပါသည်။ ထိုပုံစံတူ နာမဝိသေသနပုဒ်စုများကြောင့် စာပေသဘောတရားနှင့် ပတ်သက်၍ စာရေးသူအနေနှင့် အလေးအနက် ဆင်ခြင်မိလာပုံသည် ပေါ်လွင်လာပါသည်။ လေးနက်သော စာပေသဘော တရားကို လေးနက်ခန့်ညားသော ပုံစံတူ ဟန်ချက်ညီ ဝါကျရှည် ရေးဟန်နှင့် တင်ပြထားခြင်း ဖြစ်ပါသည်။ အကြောင်းအရာနှင့်ဝါကျကို ချိတ်ဆက်ရာ၌မူ " အရာဝတ္ထုပါတကားဟု တွေးမိလာပါသည်။" ဟူသော အပိုင်းကို နှစ်ကြိမ်ထက်၍ ပုံစံတူသုံးကာ ဟန်ချက်ညီဝါကျများ အဖြစ် တည်ဆောက်ထားသည်။ ထိုသို့ ပုံစံတူ ရေးခြင်းဖြင့် စာရေးသူ၏ ဆင်ခြင်မိဟန်သည် ပို၍ လေးနက်လာသည်။ စာကောင်းပေကောင်းနှင့် ပတ်ဝန်းကျင်၏ ဆက်စပ်မှု သဘောကို အလေးအနက် ဆင်ခြင်နေသည့် လေသံပါဝင်သည်။ ထိုလေသံတွင် စာဖတ်သူတို့အားလည်း စာကောင်းပေကောင်း သဘောကို အလေးအနက်ထား၍ ဆင်ခြင်စေလိုသော စေတနာ ပေါ်လွင်နေသည်။

စာကောင်းပေကောင်းကို ဖတ်ရှုခြင်းဖြင့် မိမိနှင့် မိမိဝန်းကျင်ကို ငြိမ်းအေးစေနိုင်ကြောင်း အကျိုးတရားကို ဆင်ခြင်သုံးသပ်ပြရာ၌လည်း ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်ကိုသုံး၍ -

"လောဘထွက်သူသည် မိမိလောဘထွက်သည်ကို သတိပြုမိလျှင်၊ ဒေါသထွက်သူသည် မိမိဒေါသ ထွက်သည်ကို သတိပြုမိလျှင် လောဘ၊ ဒေါသ၊ မာနတို့၏ အပူအလောင်မှ သက်သာရာရနိုင်သည်ဟု ပညာရှိတို့ ဆိုမိန့်ကြပါသည်" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်ကို သုံး၍ ရေးသားထားသည်။ လောဘ၊ ဒေါသ၊ မာနထွက်သူဟု ပေါင်း၍မရေးဘဲ ပုံစံတူ ဟန်ချက်ညီပြုကာ သုံးကြိမ်ခွဲ၍ရေးသားခြင်းဖြင့် စာရေးသူ တင်ပြလိုသော စာကောင်းပေကောင်း၏ သဘောကို စာဖတ်သူအား အလေးအနက်ထား၍

http://mmteashop.com

ဆင်ခြင်သုံး သပ်ပြသော လေသံပါဝင်သည်။ လေးနက်သော စာပေသဘောတရားနှင့် လိုက်ဖက်သော လေးနက်ခံ့ညားသည့် ရေးဟန်ဖြစ်လာသည်။

ဆေးရုံနှင့်ကျွန်တော် ရသစာတမ်း၌ ဆေးရုံဆိုလျှင် ကြောက်ရွံ့နေသော စာရေးသူ၏ ခံစားမှုကို တင်ပြရာ၌ - "ထို့ကြောင့် ဆေးရုံကိုမြင်တိုင်း ရောဂါကိုတွေးမိ၍၊ ဒုက္ခကို သတိရ၍၊ ဒုက္ခဟုစွဲ၍၊ ဒုက္ခဟုယူချင်သော စိတ်သည် ပထမနေ့တွင် မပြောင်းနိုင်သေး၊ တောင့်ခံနေသည်ဟု ဆိုရပါလိမ့်မည်"ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်ဖြင့် ရေးသားထားသည်။ "ရောဂါကိုတွေးမိ၍၊ ဒုက္ခကို သတိရ၍၊ ဒုက္ခဟုစွဲ၍" ဟူသော အကြောင်းပြပုဒ်စုများကို ပုံစံတူဟန်ချက်ညီ ဖွဲ့ထားသည်။ ဒုက္ခဟူသော စိတ္တဇနာမ်ကို ထပ်တလဲလဲ ပုံစံတူသုံးခြင်းဖြင့် ဆေးရုံနှင့်ပတ်သက်လာလျှင် ဒုက္ခဟုချည်း မြင်နေခဲ့သော စာရေးသူ၏ အမြင်သည် ထင်ရှားလာပါသည်။ ဆေးရုံ၌ နှစ်ရက်ခန့် နေပြီးသောအခါ ပြောင်းလဲလာသော စာရေးသူ၏ ခံစားမှုနှင့် အမြင်ကို ထင်ပြရာလည်း ပုံစံတူဟန်ချက်ညီ ဝါကျရှည်ကိုသုံး၍ -

"ထိုမှတစ်စတစ်စ သူ့အပြုံး၊ ကိုယ့်အပြုံးတို့သည် တစ်ခုတင်မှတစ်ခုတင်သို့၊ တစ်ထောင့်မှ တစ်ထောင့်သို့ ကူးသန်း ပြန့်ဝဲလာကြပါတော့သည်"ဟု ရေးသားခဲ့သည်။

"သူ့အပြုံး၊ ကိုယ့်အပြုံး" "တစ်ခုတင်မှ တစ်ခုတင်သို့"၊ "တစ်ထောင့်မှ တစ်ထောင့်သို့" သည် ပုံစံတူ အဖွဲ့များဖြစ်သည်။ ဝါကျရှည် တစ်ကြောင်းအတွင်း၌ ပုံစံတူဟန်ချက်ညီ အဖွဲ့များကိုထည့်သွင်း ရေးသားခြင်းဖြင့် ဆေးရုံလာတက်သောသူ အချင်းချင်း၏ တုံ့ပြန်ချစ်ခင်လာမှု၊ ရင်းနှီးလာမှု အမှုအရာများသည် တစ်စုတစ်စည်းတည်း ပေါင်းစည်းမိလာသည်။

ဒုက္ခများကြားမှပင် ဘဝတူအချင်းချင်း မေတ္တာတုံ့ပြန်ချင်းဖြင့် ပျော်ရွှင်ချမ်းမြေ့မှုကို ရှာဖွေတွေ့ရှိနိုင်သည့် သဘောသည် ပေါ်လွင်လာပါသည်။ လူနာအချင်းချင်း ရင်းနှီးလာမှု၊ ကူးလူးတုန့်ပြန်မှု သဘောကို ပုံစံတူ အဖွဲ့များဖြင့် ကျစ်လစ်သိပ်သည်းမှုလဲရှိ၊ သရုပ်လည်း

ပါလွှင်အောင် ရေးသားထားသည်။ ပြည်ထောင်စုနှင့် ကျွန်တော် ရသစာတမ်း၌ ငယ်ရွယ်စဉ်ကပင် လွတ်လပ်လိုသောစိတ် ကိန်းအောင်းလာစေရန် ဖန်တီးပေး သင့်ပုံကို တွေးတော ဆင်ခြင်ပြရာ၌ - "သူ့မျက်စိ၊ သူ့နား၊ သူ့နှာ၊ သူ့လျှာ၊ သူ့အတွေ့၊ သူ့အတွေးတို့၌ ဖန်တီးပေးသင့်သည်" ဟု ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်ဖြင့် တင်ပြထားသည်။ "သူ့မျက်စိ၊ သူ့နား၊ သူ့နှာ" စသည့် ပိုင်ဆိုင်မှုပြနာမ်စားနှင့် ဝိသေသပြုထားသော နာမ်ပုဒ်စုများကို ပုံစံတူ ဟန်ချက်ညီဖွဲ့ထားသည့် အတွက်လွတ်လပ်မှုကို အလေးအနက်ထားသော အတွေးသည် ထင်ရှားလာသည်။ ကလေးဘဝ၏ အာရုံခံစားမှုတိုင်း၌ လွတ်လပ်မှုသဘော၊ ကိုယ့်အား ကိုယ်ကိုးလိုသော သဘောပါဝင်နေအောင် ဖန်တီးရမည် ဆိုသော သဘော ပေါ်လွင်လာပါသည်။ ပုံစံတူပုဒ်စုများကို ထပ်တလဲလဲ ဖွဲ့ခြင်းဖြင့် ဆိုလိုချက် လေးနက်လာစေပါသည်။ အလေးအနက်ထားစေလိုသည့် စေတနာ အလျောက် ထပ်တလဲလဲ ဖွဲ့ထားပါသည်။ ထိုသို့ ဖန်တီးပေးနိုင်လျှင် သားစဉ်မြေးဆက် လွတ်လပ်မည်ဖြစ်ကြောင်းကို တွေးပြရာ၌ -

"သူ့သာမကသေး၊ သူ့သား၊ သူ့မြေး၊ သူ့မြစ်၊ သူ့တီ၊ သူ့ကျွတ်၊ သူ့သွေးသား တသီတတန်းကြီး ပါသူကဲ့သို့ လွတ်လပ်ကြမည် မုချဖြစ်လေသည်"

ဟု ပုံစံတူ ဟန်ချက်ညီဝါကျရှည် တစ်ကြောင်းတည်းနှင့် ရေးသားထားပါသည်။ သူ့ ဆိုသည့် ပိုင်ဆိုင်မှုပြ နာမ်စားနှင့် ဝိသေသနပြုထားသည့် နာမ်ပုဒ်များကို ပုံစံတူဟန်ချက်ညီ ရေးသားထားခြင်းဖြင့် သူ ဆိုသည့် စကားလုံး ကိုယ်စားပြုထားသည့် မြန်မာ တစ်မျိုးသား လုံး၏ လွတ်လပ်မှုသည် လေးတက်လာပါသည်။ လေးနက်သော အကြောင်းပင် ဖြစ်သော်လည်း ပုံစံတူဟန်ချက်ညီ ဝါကျအဖွဲ့ကောင်းကြောင့် စာဟန်သည် သွက်လက် မြူးကြွ၍ အားတက်ဖွယ် ဖြစ်လာပါသည်။ စာရေးသူ၏ လွတ်လပ်ရေး အဓွန့်ရှည်စေ လိုသော စေတနာသည် စာဖတ်သူထံသို့ ညမြူးမြူးကြွကြွနှင့် ကူးစက်လာ စေသော ဝါကျဖွဲ့ဟန်ဖြစ်ပါသည်။



http://mmteashop.com

ဝါကျရှည် သုံးခုကို ပုံစံတူ ဟန်ချက်ညီပြု၍ ရေးသားဟန်ကို ပြည်ထောင်စုနှင့် ကျွန်တော် ရသစာတမ်း၌ -

"ဘုရားပွဲခင်းတွင် အိုးမှုတ် တယောထိုးကာ ဓလေ့ဘာသာ ဆွဲဆွဲငင်ငင် သီဆိုနေသည်ကို ဝိုင်းဖွဲ့နားထောင် နေကြသော သူတို့တစ်စုကို မြင်ရသောအခါ ကျွန်တော် ဝမ်းမြောက် လာတတ်သည်။ တောင်ပိန်းရွက် အစရှိသော ဟင်းရွက်များကို ဆား၌ တို့ကာတို့ကာ ထမင်းစားနေကြသော သူတစ်စုကို မြင်ရသောအခါ ကျွန်တော် ကရုဏာ ဖြစ်လာတတ်လေသည်။ ဘောင်းဘီပွကြီးကို မင်ကြောင်ပေါ်အောင် ပင့်တင်ပြီးလျှင် သစ်မပါ၊ သံမပါ၊ အုန်းဆန်မပါ၊ ဝါးဖြင့်၊ သက်ကယ်ဖြင့်၊ ဝါးနီးဖြင့်၊ ကျင်လည်စွာ အမိုးတင်နေသော ပလိုင်းလွယ် ရှမ်း လက်သမားကို မြင်ရသောအခါ ကျွန်တော် ချီးမွမ်း တတ်လာသည်" ဟု တွေ့ရပါသည်။

တိုင်းရင်းသား လူမျိုးများသည် သွေးချင်းသားခြင်း ဖြစ်သည်ဟူသော အသိစိတ် ဝင်လာသည်နှင့် အမျှ ခံစားမှုအမြင် ပြောင်းလဲလာပုံကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြရာတွင် ပုံစံတူ ဟန်ချက်ညီ ဝါကျရှည်များကို သုံးထားသည်။ ရှမ်းတိုင်းရင်းသားတို့၏ တေးဂီတ သီဆိုတီးမှုတ်ဟန်၊ စားသောက်ဟန်၊ အိမ်ဆောက်ဟန်ဆိုသည့် မတူညီသော အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲဖော်ပြသည်။ ထို့နောက် "ကျွန်တော် ဝမ်းမြောက် တတ်လာသည်။ ကျွန်တော် ကရုဏာဖြစ်တတ်လာသည်။ ကျွန်တော် ချီးမွမ်းတတ်လာသည်" ဟူသော ပုံစံတူအဖွဲ့များနှင့် အဆုံးသတ်ထားသည်။ မတူညီသော အချက်များသည် တူညီသွားသည်။ စာရေးသူ၌ အချက်အားလုံး စုဝေးသွားသည်။ မေတ္တာစိတ်၊ ကရုဏာစိတ်၊ ချီးမွမ်းစိတ်များသည် ကွဲပြားသယောင် ဆိုသော်လည်း တူညီသည်။ တိုင်းရင်းသားအချင်းချင်းဟူသော အသိစိတ်ဖြင့် အကောင်းမြင်စိတ်များချည်း ဖြစ်၍ တူညီသည်။ မတူညီသော သဘောအားလုံးကို တူညီပြီး စည်းစည်းရုံးရုံး ဖြစ်လာအောင် တင်ပြရာ၌ အတွေးကောင်းသကဲ့သို့ အတွေးကို ပုံဖော်သော

ဝါကျဖွဲ့စည်းပုံကလဲ ကောင်းမွန်လှသည်။ မတူညီမှုမှသည် တူညီမှုသို့ ရောက်အောင် စည်းရုံးယူနိုင်သည့် ဝါကျရေးဟန်ဖြစ်သည်။

စာရေးဆရာနှင့် စာရေးစရာ ရသစာတမ်း၌ စာရေးဆရာသည် မိမိဆိုသည့် အတ္တကို မခွာနိုင်လျှင် စာရေးစရာ ရှာတွေ့မည်မဟုတ်ကြောင်း ရှင်းလင်းတင်ပြရာ၌ - "မိမိကိုယ်ကိုသာ မိမိ နှစ်သက်၍၊ မိမိကိုယ်၌သာ မိမိ စိတ်ဝင်စားခြင်းရှိနေလျှင် မိမိ ကိုယ်ကိုသာ မိမိ ကြားနေရာသည်။ မိမိ ကိုယ်ကိုသာ မိမိ မြင်နေ၍ မိမိ ကိုယ်ကိုသာ မိမိ ကြားနေလျှင် ပတ်ဝန်းကျင်ကို အဘယ်မှာမြင်နိုင်တော့ အံ့နည်း" ဟု ရေးသားထားသည်။ ပုံစံတူ ဟန်ချက်ညီဝါကျရှည် နှစ်ကြောင်းဖြစ်သည်။ ဒုတိယဝါကျသည် မေးခွန်းဝါကျ ဖြစ်သည်။ ရိုးရိုးဝါကျကို ခံပြီးမှ မေးခွန်းဝါကျနှင့် ပြန်မေးထားသည်။ ဝါကျအမျိုးအစားချင်း မတူသော်လည်း ဝါကျတွင်းရှိ အစိတ်အပိုင်းများသည် ပုံစံတူနေသည်။ ဟန်ချက်ညီနေသည်။ ဝါကျတစ်ကြောင်းချင်း အတွင်း၌ ပါဝင်သော အစိတ်အပိုင်းများ သည်လည်း ပုံစံတူ ဟန်ချက်ညီနေသည်။ "မိမိကိုယ်" ဟူသော စကားနှင့် ဟန်ချက်ညီအောင် အများဆုံး ထိန်းထားသည်။ ပုံစံတူ ဟန်ချက်ညီအဖွဲ့များကြောင့် စာရေးသူ ရှင်းပြလိုသော အတ္တစရိုက်သည် ပေါ်လွင်လာသည်။ အတ္တစရိုက်သည် အမြင်အကြားကို ကျဉ်းမြောင်းစေသည့် သဘော၊ ပတ်ဝန်းကျင်ကို မမြင်နိုင်တော့သည့် သဘော၊ မမြင်နိုင်သည့် အတွက် စာရေးစရာ ကင်းမဲ့နိုင်သည့် သဘောများကို ရှင်းရှင်း လင်းလင်း သိမြင်လာစေသည်။ "မိမိ၊ မိမိကိုယ်" ဟူသော စကားကို ထပ်တလဲလဲ သုံးခြင်းဖြင့် အတ္တစရိုက်သည် လေးနက်လာသည်။ လေးနက်သော စာပေသဘောတရား တင်ပြချက်နှင့် လိုက်ဖက်အောင် ဝါကျရှည်ကို သုံးထားသည်။ စာဟန်သည် ခံ့ညားနေသည်။ အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် တစိမ့်စိမ့် စည်းရုံးတင်ပြသည့် ဟန်ပေါ်သည်။

ဆရာဇော်ဂျီသည် အတွေးရှင်းသကဲ့သို့ အရေးရှင်းသည်။ စာပေသဘောတရား ဆိုင်ရာ နက်နဲသော အတွေးများကိုပင် စာဖတ်သူ အများစု နားလည်လွယ်အောင် ရေးသား


http://mmteashop.com

တင်ပြနိုင်စွမ်းရှိသည်။ အရေးရှင်းရုံသာမက ဆွဲဆောင်မှုရှိသော အရေးအသားလည်း ဖြစ်သည်။ သွက်သင့်သည့်နေရာတွင် သွက်၍ ခံ့ညားသင့်သည့်နေရာတွင် ခံ့ညားသည်။ အကြောင်းအရာ သိမ်မွေ့ခက်ခဲသော်လည်း မငြီးငွေ့အောင် အတွေးဖြင့် ဆွဲဆောင်သကဲ့သို့ အရေးဖြင့်လဲ ဆွဲဆောင်နိုင်သူဖြစ်သည်။ အရေးအသားထက်မြတ်မှုတွင် ဝါကျ တည်ဆောက်မှု၊ ဝါကျရွေးချယ်သုံးနှုန်းမှု အတတ်ပညာက များစွာ အထောက်အကူ ပြုနေသည်ဟု ထင်မြင်မိပါသည်။

http://mmteashop.com

## ၄။ မေးခွန်းဝါကျများ

ဆရာဇော်ဂျီ၏ စကားပြေများကို ဖတ်ရတိုင်း အတွေးအမြင်နှင့် စေတနာကို အံ့သြလေးစား ရသည်နှင့်အမျှ စားပြေရေးဟန် ကိုလည်း အံ့သြလေးစားရပါသည်။ ဆရာကြီး၏ စာကိုဖတ်နေရခြင်းဖြစ်သော်လည်း ဆရာကောင်းတစ်ဦး၏ အနီးကပ် တရားပြနားချခြင်းကို ခံနေရသကဲ့သို့ ထင်မိတတ်ပါသည်။ အသင်အပြကောင်းသော ဆရာတစ်ဦးက တစိမ့်စိမ့်နားလည်အောင် ဆွေးဆွေးနွေးနွေး ပြောဆိုနေသံကို ကြားရသည် ဟုလည်း ထင်မိပါသည်။ အဆုံးသို့ရောက်လျှင် ဆရာကြီး အတွေးအမြင်သည် ရင်ထဲသို့ ညင်ညင်သာသာ စီးဆင်းစိမ့်ဝင်သွားပါသည်။ အသိဉာဏ်ထဲသို့ ကျေကျေနပ်နပ် ရောက်ရှိသွားပါသည်။ စာဖတ်သူ၌ ငြင်းစရာမရှိ တော့သလောက် ဖြစ်ရပါသည်။ ထိုသို့ဖြစ်ရခြင်းတွင် စာရေးသူသည် အချက်အလက်ကို ရေးသားတင်ပြနေခြင်း သက်သက်မဟုတ်။ ဆွေးနွေးသံကို ကြားအောင်ရေးသောကြောင့် ဖြစ်ပါသည်။ အကျိုးသင့် အကြောင်းသင့် ဆွေးနွေးနေသည့်လေသံပါအောင် ရေးသားရာတွင် မေးခွန်းဝါကျများကို နေရာတကျ သုံးသွားခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်ဟု ထင်မိပါသည်။

ဆေးရုံနှင့် ကျွန်တော် ရသစာတမ်းတွင် ဆေးရုံရောက်စနေ့၌ ဆေးရုံနှင့် ပတ်သက်လျှင် အရာရာတိုင်းကို ကြောက်ရွံ့ထိတ်လန့်စရာများဟုသာ ထင်မျက်နေခဲ့သည်။ အချိန်မတော် ခွဲစိတ်ခန်း၌ မီးထိန်ထိန်လင်းနေလျှင် စာရေးသူ၌ ကြောက်ရွံ့မှုနှင့် ယှဉ်သော အတွေးများ ဖြစ်ပေါ်နေပုံကို -

"ထိုအခါ အရေးပေါ်လူနာ၏ ဝမ်းဗိုက်ကို ခွဲနေပြီလော။ အူသိမ်အူမကို ဖြတ်နေပြီလော။ အဆုတ်ကို ဖောက်နေပြီလော။ နှလုံးကို လှီးနေပြီလော။ နံရိုးကို လွှဖြင့်တိုက်နေပြီလော စသည်ဖြင့် အရမ်းကာရော တွေးချင်ရာတွေးတော၍ ဒုက္ခကိုပင် သတိရလိုက်သည်"



http://mmteashop.com

ဟုရေးသားထားပါသည်။ ထိုနေရာ၌ မေးခွန်းဝါကျများကို ဆက်တိုက်သုံးခြင်းဖြင့် ဝေခွဲမရသော စိတ်များဖြင့် အဖြေကိုဖွတ်အတင်း ရှာဖွေကြည့်နေသော စာရေးသူ၏ ခံစားမှုကို ပေါ်လွင်လာစေသည်။

ပြည်ထောင်စုနှင့် ကျွန်တော် ရသစာတမ်းငယ်တွင် ရှမ်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားအားလုံး စုပေါင်း၍ ကသောယိမ်းကို လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မြင်လိုက်ရသော အခါ စာရေးသူ၌ စည်းလုံးညီညွတ်မှု အင်အားကို မြင်ရ၍ အားတက်လာခဲ့သည်။ ပြည်ထောင်စုသားတို့ ပေါင်းစည်းမှုဖြင့် လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့ပြီဟူသော အသိနှင့် ရဲရင့်လာခဲ့သည်။ ထိုသဘောကို ရိုးရိုးဝါကျနှင့်မရေးဘဲ မေးခွန်းဝါကျများကို သုံးကာ -"အဘယ်မှာလျှင် ကျွန်တော်သည် အားမတက်ဘဲ နေနိုင်အံ့နည်း။ မရဲရင့်ဘဲ နေနိုင်အံ့နည်း" ဟု မေးခွန်းဝါကျများနှင့် တင်ပြခဲ့သည်။ ထိုနေရာ၌ မေးခွန်းဝါကျကို သုံးခြင်းဖြင့် အားမတက်ဘဲ၊ မရဲရင့်ဘဲ မည်သို့မျှ မနေနိုင်ဆိုသည့် လေးနက် ပြင်းထန်သော သဘောဖြစ်လာစေသည်။

အမျိုးသား အောင်ပွဲနေ့နှင့် ကျွန်တော် ရသစာတမ်းတွင် လွတ်လပ်ရေးမရမီက မြန်မာတို့သည် မြန်မာပီပီ အိုးစည်ပုံမောင်း အကများနှင့် အမျိုးသားနေ့ကို ပျော်ပျော်ပါးပါး ဆင်နွှဲခဲ့ကြသည်။ ဒေါင်းအလံကို လွှင့်ထူ၍ အလေးပြုကြသည်။ ထိုသို့သော သဘော ရှိနေသော မြန်မာတို့အနေနှင့် အမျိုးသားနေ့သည် မည်သည့်နည်းနှင့်မျှ မအောင်မြင်ဘဲ မရှိနိုင်၊ လွတ်လပ်ရေးကို ရှေ့ရှုသော ခြေလှမ်းများအနေနှင့် နစ်စဉ် အမျိုးသားနေ့ကို ဆင်နွှဲကြမည်မှာ မုချကေန် ဖြစ်ကြောင်းကို ဖော်ပြရာ၌ - "အဘယ်မှာလျှင် အမျိုးသားနေ့ မအောင်မြင်ဘဲ ရှိအံ့နည်း၊ အဘယ်မှာလျှင် အမျိုးသားနေ့သည် လွတ်လပ်ရေးကို ရှေးရှုသော ခြေလှမ်းကို နစ်စဉ်နစ်တိုင်း မှန်မှန် မလှမ်းနိုင်ဘဲ ရှိနိုင်ပါအံ့နည်း" ဟူသော မေးခွန်း ဝါကျများနှင့် တင်ပြခဲ့သည်။ ဤနေရာ၌ မေးခွန်းဝါကျကို သုံးခြင်းဖြင့် မအောင်မြင်ဘဲမရှိ၊ မုချအောင်မြင်ရမည် ဟူသောသဘောကို သက်ဝင်စေသည်။ လွတ်လပ်ရေး ရလာသောအချိန်တွင် ယခင်က ဆင်နွှဲခဲ့သော အမျိုးသားနေ့များတွင်

http://mmteashop.com

ပျော်ရွှင်ခြင်းနှင့် လွတ်လပ်ဆိုသော စိတ်ဓာတ်သည် မဖြစ်မနေ ကပ်ပါလာခဲ့မည်ဖြစ်သည်။ ထိုသို့ နှစ်စဉ်နှစ်တိုင်း ကပ်ပါလာခဲ့သော လွတ်လပ်လိုသော စိတ်ဓာတ်ကြောင့် ယနေ့ လွတ်လပ်ခဲ့ရသည် ဟူသော အတွေးဆီသို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံး ခေါ်ဆောင်လာရာတွင် မေးခွန်းဝါကျများကို ဆက်တိုက် သုံးစွဲခဲ့ပါသည်။

အမျိုးသားနေ့တွင် ပျော်ခဲ့ကြသော အမူအရာများကို တစ်ချက်ပြီးတစ်ချက် ထောက်ပြပြီး လွမ်းစရာ၊ ပျော်စရာဖြစ်အောင် တင်ပြပုံကို - " စည်တော်က ကခဲ့သည်ကို သတိရကြပါသေးသလော။ သံချပ်ထိုးခဲ့သည်ကို သတိရကြပါသေးသလော။ ဘင်ခရာဖြင့် ရဲတပ်လှည့်ခဲ့သည်ကို သတိရကြပါသေးသလော။ ပျော်စရာကြီး မဟုတ်ပါလော။ လွမ်းစရာလည်း မဟုတ်ပါလော။ တစ်ဖန် အမြင်အားဖြင့် ပျော်စရာ၊ လွမ်းစရာတို့နှင့်ရော၍ လွတ်လပ်လိုဓာတ်လည်း ကိုယ်မှာ တွယ်ကပ်ပါလာခဲ့ကြသည် မဟုတ်ပါလော။ ယခုအခါ လွတ်လပ်ရေးလည်း ရနေပြီဖြစ်သဖြင့် အံ့ဩစရာလည်း မဟုတ်ပါကုန်လော" ဟု ရေးသားထားပါသည်။

စာရေးသူက မေးခွန်းလေးများ ဆင့်ကဲဆင့်ကဲ ထုတ်ထားပါသည်။ အကျိုးသင့် အကြောင်းသင့် မေးခွန်းများ ဖြစ်သည်နှင့်အမျှ ထိုခေတ်ကို သိမီခဲ့သော စာရေးသူအဖို့ မေးခွန်း တစ်ခုဆုံးတိုင်း ခေါင်းတစ်ချက်စီ ညိတ်မိကြမည်ပင်။ နောက်ဆုံးမေးခွန်း အဆုံးတွင်မူ အမျိုးသားနေ့တိုင်းတွင် ပျော်ရွှင်တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြခြင်းမှာ လွတ်လပ်ရေး ရလိုသော စိတ်ကြောင့်ဆိုသည့် အဖြေကို လက်ခံလိုက်ရမည်ပင် ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် မေးခွန်းဝါကျများကို နေရာတကျ သုံး၍ သူ့အတွေးကို စာဖတ်သူတို့ လက်ခံလာအောင် စည်းရုံးခေါ်ဆောင်တတ်ပါသည်။ အေးအေးဆေးဆေး ဆွေးနွေး နေသလိုလည်း ခံစားစေပါသည်။ စာရေးသူ၏ မေးခွန်းလေးများကို ကြားပြီးစိတ်ထဲက ခေါင်းညိတ်နေမိမည်ပင် ဖြစ်ပါသည်။

စာရေးဆရာနှင့် စာရေးစရာ ရသစာတမ်းတွင် စာရေးခြင်းနှင့် ပတ်သက်၍ ရှင်းပြရာ၌ "ရေးဦးစွာ စာရေးသည်ဆိုခြင်းသည် အဘယ်နည်း။ ဆန်းစစ်ကြည့်ရအောင်" ဟု



http://mmteashop.com

မေးခွန်းဝါကျနှင့် အစပျိုးပြီး စာဖတ်သူအား သူ၏ စကားဝိုင်းသို့ စည်းရုံးခေါ်ဆောင်ထားသည်။ စာရေးခြင်း၏ သဘောကို ဖွင့်ဆိုရာ၌လည်း မေးခွန်းဝါကျကို သုံး၍ - "စာရေးသည်ဆိုခြင်းသည် မိမိ မြင်ဘူးသည်။ ကြားဖူးသည်။ တွေးဖူးသည်။ သိဖူးသည် တို့ကို တစ်ဖက်သား နားဝင်အောင် ပြောပြခြင်း မဟုတ်ပါလော" ဟု ရေးသားခဲ့သည်။ ပထမမေးခွန်း၏ အဖြေပင် ဖြစ်သော်လည်း မေးခွန်းဝါကျနှင့်ပင် အဖြေပြုခဲ့သည်။ စာဖတ်သူ နားလည်လက်ခံလာအောင် အတွေးလမ်းခင်းပေးသည့်သဘော၊ တုံ့ပြန်မှုကို လိုလားသည့် သဘောဖြင့် မေးခွန်းဝါကျကိုပင် ပြန်၍ သုံးဟန်တူသည်။

စာရေးသူ၏ အမြင်ကို မတင်ပြမီ မေးခွန်းဝါကျလေးများသုံး၍ လမ်းကြောင်းပေးသည့်အခါ ပေးသည်။ မေးခွန်းအတွက် အဖြေကို ရှင်းပြသည်။ အဖြေကို ရှင်းပြပြီး ကြားညှပ်၍ မေးခွန်းလေးများ မေးလိုက်သေးသည်။ မေးခွန်းနှင့်အဖြေကို တွဲ၍ ရေးသားသောကြောင့် စာဖတ်သူနှင့် စာရေးသူသည် ရင်းနှီးလာသယောင် ရှိလာသည်။ စာရေးသူ၏ မေးသံ၊ ဖြေသံကို စာဖတ်သူ ကြားလာသယောင်ရှိသည်။ စာရေးသူနှင့် စာဖတ်သူတို့ ဆွေးနွေးနေကြသလို ခံစားလာစေသည့် ရေးဟန်ဖြစ်သည်။ ပုံစံအားဖြင့် စာရေးဆရာနှင့် စာရေးစရာ ရသစာတမ်းတွင် စာရေးသားခြင့်အကြောင်း ရှင်းပြရာ၌ ရေးဦးစွာ - "သူသူငါငါ လူသတ္တဝါတို့သည် ပတ်ဝန်းကျင်ကို ကြည့်ကြသော်လည်း မြင်ချင်မှမြင်ကြသည်။ နားထောင်ကြသော်လည်း ကြားချင်မှကြားကြသည်။ မျက်စိရှိတိုင်းလည်း မမြင်ပါ။ နားရှိတိုင်းလည်း မကြားပါ။ မြင်ချင်သော ဆန္ဒရှိမှ မြင်တတ်ပါသည်။" ဟု စာရေးသူ တင်ပြလိုသည့် အတွေးသို့ ရောက်အောင် အစပျိုး လမ်းခင်းပေးသည်။ ထို့နောက် "ကောင်းပြီ။ ဘယ်သောအခါ မြင်ချင်သော ဆန္ဒရှိမည်နည်း။ ဘယ်သောအခါမှာ ကြားချင်သော ဆန္ဒရှိမည်နည်း။" ဟု မေးခွန်းဝါကျများ ကြားညှပ်ထည့်၍ ဆွေးနွေးဟန် တင်ပြသည်။ ထိုမှတစ်ဆင့် မေးခွန်း၏ အဖြေကို - "ကျွန်တော်၏ အဖြေသည် အခြားမဟုတ်ပါ။ စိတ်ဝင်စားလာသောအခါမှာ ထိုဆန္ဒတို့ ဖြစ်လာတတ်ကြသည်ဟူသော အဖြေဖြစ်သည်။" ဟု ရှင်းပြသည်။ စာရေးရန် အကြောင်းအရာ ရရှိလာစေရန် ပတ်ဝန်းကျင်ကို ချစ်ခင်စိတ်ဖြင့် ရှုကြည့်လေ့လာရန်

လိုသည်ဆိုသော ဦးတည်ချက်သို့ရောက်အောင် ချက်ချင်း တိုက်ရိုက်မပြောဘဲ စာဖတ်သူနှင့် အမေးအဖြေပြုကာ ဆွေးနွေးဟန် တင်ပြထားပါသည်။ ဆရာကြီး၏ စာပေအယူအဆ တစ်ခုကို တင်ပြဟန်မှာ အဓမ္မမဆန်ပါ။ စာရေးသူ ပြောသည့်အတိုင်း အမှန်ဟု မသတ်မှတ်ပါ။ ညှိနှိုင်းဆွေးနွေးယူသည့်သဘော ပါပါသည်။ စည်းရုံးခေါ်ဆောင်ပုံ ညင်သာ သိမ်မွေ့ပါသည်။ ထိုသို့ဖြစ်ရန် မေးခွန်းဝါကျလေးများကို ကြားညှပ်သည့်နည်းက များစွာ အထောက်အကူ ပြုသည်ဟု ဆိုချင်ပါတော့သည်။

http://mmteashop.com

## ၅။ ဝါကျ၏အသံ

လူတစ်ယောက် စကားပြောသံကို နားထောင်ကြည့်လျှင် ပြောသူ၏ စိတ်အခြေအနေကို လိုက်၍ လေသံသည် တစ်ချိန်နှင့် တစ်ချိန် မတူနိုင်ပါ။ ပြောသည့် လေသံပေါ်တွင်မူ၍ ပြတ်သားသော သဘောထား၊ တင်းမာသောသဘောထား၊ ပျော့ပျောင်းသော သဘောထား၊ တည်ငြိမ်သော သဘောထားများကို သိရှိနိုင်ပါသည်။ ထို့အတူပင် ပြောစကားကို အက္ခရာနှင့် ရေးသားသော စာပေအရေးအသားတွင်လည်း အရေး အသားကို ဖတ်ကြည့်ခြင်းဖြင့် ရေးသူ၏ ခံစားမှု၊ စေတနာ၊ သဘောထားတို့ကို သိနိုင်ပါသည်။ စာပိုဒ်များတွင် ဝါကျများဖြင့် ဖွဲ့စည်းပေါင်းစပ်ထားသည့်အတွက် စာရေးသူ၏ တင်းမာသော၊ ပျော့ပျောင်းသော၊ တည်ငြိမ်သော လေသံအမျိုးမျိုးကို ဝါကျများ၏ အသံကို နားထောင်ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) က စကားပြေ သဘောတရား၊ စကားပြေ အတတ်ပညာစာအုပ်တွင် "ဝါကျတစ်ခုကို အသံထွက်ဖတ်ကြည့်လျှင် ဝါကျ၏ အသံကို ကြားရမည် ဖြစ်သည်။ အသံထွက်မဖတ်ဘဲ စိတ်ထဲက ဖတ်ကြည့်လျှင်လည်း ထိုဝါကျ၏ အသံကို နားထဲတွင် ကြားယောင်လာမည်ပင်။ ထိုအခါ ဝါကျ၏ အသံသည် ပြေပြေပြစ်ပြစ် ရှိသလော။ မပြေမပြစ် အဖုအထစ်များ ဖြစ်နေသလော ခွဲခြားနိုင်ပါသည်။ ပြေပြစ်သည် ဆိုလျှင်လည်း ဝါကျ၏ အသံသည် ပျော့ပျော့ပျောင်းပျောင်း ရှိသလော၊ ပြတ်ပြတ်တောက်တောက် ရှိသလော၊ သွက်သွက်လက်လက် ရှိသလော၊ တုံ့တုံ့ဆိုင်းဆိုင်း ရှိသလော၊ ရွှင်သလော၊ ခံ့သလော စသည်ဖြင့် ခွဲခြားနိုင်ပါသည်။ အခြေခံအားဖြင့် လိုအပ်သောအင်္ဂါရပ်ကား အဆက်အစပ် ချောမွေ့ပြေပြစ်မှုပင် ဖြစ်သည်ဟု ဆိုထား ပါသည်။"

ဆရာဇော်ဂျီသည် ဝါကျများ ဖွဲ့စည်းတည်ဆောက်ရာ၌ ကျွမ်းကျင်လိမ္မာလှသည့် အလျောက် ဝါကျများသည် အဆက်အစပ် ပြေပြစ်ချော့မွေ့ ရုံသာမက စာရေးသူ၏ ခံစားမှု အမျိုးမျိုးကို ထင်ဟပ်လာအောင် ရေးနိုင်စွမ်းရှိပါသည်။ စာရေးဆရာ၏ စိတ်၏ အသံကို



http://mmteashop.com

စာဖတ်သူတို့ ကြားယောင်လာအောင် ရေးသားခဲ့ပါသည်။ ကဗျာဝိုင်းစာဝိုင်းနှင့် ကျွန်တော် ရသစာတမ်းတွင် လက်ဖက်ရည်ဝိုင်း၌ လူသုံးလေးဦး စုဝေးမိသည်နှင့်အမျှ ဉာဏ်လည်း သုံးဉာဏ် စုဝေးမိခြင်းဖြစ်သည့် အတွက် အကျိုးများနိုင်သည်ဟု ဆင်ခြင်မိပုံကို - "ထိုအခါ ပြဿနာ တစ်ခုကို ဖြေရှင်းရာ၌သော်လည်းကောင်း၊ ကိစ္စတစ်ခုကို ကြံစည်ရာ၌သော် လည်းကောင်း၊ တစ်ဦးခေါင်း တစ်ပညာဆိုသကဲ့သို့ ဝိုင်းဝန်းဖြေရှင်းခွင့်ရသဖြင့် ပြဿနာ ပြေလည်နိုင်စရာ အကြောင်းရှိလေသည်။ အကြံအစည် အထမြောက်စရာ အကြောင်း ရှိလေသည်။" ဟု ရေးသားထားသည်။ လက်ဖက်ရည်ဝိုင်း၏ အကျိုးတရားကို တွေးဆဆင်ခြင်နေခြင်းဖြစ်၍ "ထိုအခါ ပြဿနာတစ်ခုကို ဖြေရှင်းရာ၌ သော်လည်းကောင်း၊ ကိစ္စတစ်ခုကို ကြံစည်ရာ၌သော်လည်းကောင်း" ဆိုသော စကားစုများ၊ "ပြဿနာပြေလည်နိုင်စရာ အကြောင်းရှိလေသည်။ "အကြံအစည် အထမြောက်စရာ အကြောင်းရှိလေသည်" ဟူသော စကားစုများကို ပုံစံတူဖွဲ့ထားသည့်အတွက် ဝါကျအသံသည် ချိုသာပြေပြစ်နေသည်။ ဝါကျအဆုံးသတ် နောက်ဆက် သည်၊ ကြိယာထောက်များ ဖြစ်သည့် ရှိ၊ လေ၊ တို့ကို ပုံစံတူသုံးထားပြန်သည်။ ရှိ လေသည် ဆိုသည့် ဝါကျအဆုံးသတ်နောက်ဆက်နှင့် ကြိယာထောက်များက ပြတ်သား ပြတ်တောက်သော သဘောထက် ဖြစ်နိုင်ခြေရှိသည်ကို ဆင်ခြင်တွေးဆသည့်အသံ ပေါ်လွင်စေသည်။

ထိုရသစာတမ်းတွင်ပင် လက်ဖက်ရည်ဝိုင်းတွင် ဝိုင်းဖွဲ့လာကြသူ အမျိုးမျိုးကို တင်ပြရာ၌ - "ထိုဝိုင်းတွင် အသက်ငါးဆယ်ကျော်လဲပါသည်။ သုံးဆယ်ကျော်လဲပါသည်။ နှစ်ဆယ်ကျော်လည်း ပါသည်။ ပင်စင်စားလည်းပါသည်။ ကျောင်းဆရာလည်း ပါသည်။ စာရေးဆရာလည်း ပါသည်။ ကျောင်းသားလည်း ပါသည်။" ဟု ပုံစံတူဟန်ချက်ညီ ဝါကျတိုများနှင့် ရေးသားထားသည်။ ပုံစံတူ ဟန်ချက်ညီ ဝါကျများဖြစ်၍ ပြေပြစ်နေသည်။ ဝါကျတိုများဖြစ်၍ သွက်နေသည်။ စာရေးသူသည် လက်ဖက်ရည်ဝိုင်းတွင် သူတွေ့သမျှ မြင်သမျှ လူတန်းစား အမျိုးမျိုး၊ အသက်အရွယ်အမျိုးမျိုး အကြောင်းကို ဆက်တိုက် ပြောနေသည့် လေသံပါသည်။ လက်ဖက်ရည်ဝိုင်း၌ လူတန်းစားမျိုးစုံ၊ အရွယ်မျိုးစုံ

ပါဝင်မှုအပေါ် နှစ်သက်သည့် လေသံဖြစ်သည်။ တက်ကြွသည့် လေသံဖြစ်သည်။ ထိုလေသံကို ဝါကျများမှတစ်ဆင့် ကြားရသည်။ လက်ဖက်ရည်ဝိုင်းတွင် ပါဝင်သူတို့သည် စာပေ ဆွေးနွေးရာ၌ စရိုက်ကွဲပြားသည့် အလျောက် ဆွေးနွေးပြောဆိုဟန် အမူအရာ၊ အပြောအဆို ကွဲပြားပုံကို ဖော်ပြရာ၌ - "ထိုဝိုင်းတွင် မြှောက်ပြောသူလည်းပါသည်။ ချနင်းသူလည်း ပါသည်။ ခပ်တည်တည် ပြောသူလည်းပါသည်။ စပ်ဖြဲဖြဲပြောသူလည်း ပါသည်။ ရယ်မောချေပလိုက်သူလည်းပါသည်။" ဟု ပုံစံတူ စာစုများ ပါဝင်သည့် ဟန်ချက်ညီ ဝါကျတိုများနှင့် ရေးသားတင်ပြခဲ့သည်။ ဝါကျတိုများကြောင့် လက်ဖက်ရည်ဝိုင်းကို ကြည့်ပြီး မြင်သမျှ၊ ကြားသမျှအပေါ် ပြုံးရယ်ချင်ဖြစ်ကာ ကျေနပ် သဘောကျနေသော လေသံပေါ်နေသည်။

ပြည်ထောင်စုနှင့် ကျွန်တော်ဆောင်းပါးတွင်မူ ဘော်ကြိုဘုရားပွဲတွင် တွေ့ရသော ရှမ်း၊ ကချင်၊ ပလောင်၊ ဓနု စသော တောင်ပေါ်သား တိုင်းရင်းသား တို့ကို ပြည်ထောင်စုသားချင်းဆိုသည့် စိတ်ဓာတ်နှင့် ချစ်ခင်ရင်းနှီး စိတ်များ ဖြစ်ပေါ်လာပုံကို တင်ပြရာ၌ - "သူတို့လည်း ငါတို့ တိုင်းပြည်သားများပေတကားဟု ပထမအကြိမ် ဉာဏ်အလင်း ရလာခဲ့လေသည်။ သူတို့ကို ခေါ်ချင်မေးချင်သည်။ အနားကပ်ချင်သည်။ အဝေးမှ ကြည့်ချင်သည်။ ပီတိ အတော်ဖြစ်လိုက်သည်။" ဟု ရေးသားထားသည်။ ပထမဝါကျတွင် တိုင်းရင်းသားအချင်းချင်းဟု ဆင်ခြင်မိသော လေသံ၊ သိလာသော လေသံ ပေါ်လွင်စေသည့် ဝါကျရှည်ကို သုံးထားသည်။ နောက်ဝါကျများ မှာကတ္တားမြှုပ်ထားသည့် ဝါကျတိုများဖြစ်သည်။ ထိုသို့သော ဝါကျတိုလေးများကို ဆက်တိုက်သုံးလိုက်ခြင်းဖြင့် ချစ်ခင်ရင်းနှီးလိုစိတ်များဖြင့် တဒင်္ဂအတွင်း ဖြစ်ပေါ်လာသည့် တက်ကြွသောစိတ်၊ တက်ကြွသော ခံစားမှုများ ပေါ်လွင်လာသည်။ သွေးရင်းသားရင်းများဟူသော အသိနှင့် ချစ်ခင်ရင်းနှီးလိုစိတ် ထက်သန်လာသည့် စိတ်အခြေအနေကို ဝါကျအသံက ဖော်ပြနိုင်သည်။



http://mmteashop.com

စာအုပ်စင်နှင့် ကျွန်တော် ရသစာတမ်းတွင် စာအုပ်ကို ကြောက်ရာမှ ချစ်လာသော စာရေးသူ၏ အတွေ့ အကြုံကို ပြန်ပြောသည်။ ရင်ခတ်ပန်းအကြောင်းကို ရုပ်သေးပွဲ၌ ဦးဖူးညို ဆိုသည်ကို ကြားခဲ့ရာမှ ကဗျာထဲ စာထဲ၌ ပါဝင်သော အရာများသည် မိမိ ပတ်ဝန်းကျင်ရှိ အရာများသာ ဖြစ်သည်။ စာပေထဲ၌ ပါဝင်သော အကြောင်းအရာများသည် မိမိနှင့် ရင်းနှီးပြီးသော အကြောင်းအရာများသာဖြစ်၍ ကြောက်ရွံ့ဖွယ် မဟုတ်ကြောင်း အသိဝင်လာပုံ တင်ပြရာ၌ - "ပွင့်သီဂီရွှေရင်ခတ် အကြောင်းကို ရုပ်သေးမင်းသမီး ဦးဖူးညိုကြီး သီဆိုသွားစဉ်က ကျွန်တော်လည်းမသိခဲ့ပါ။ အသံကောင်းသည်ကိုသာ သတိထားမိပါသည်။ ဦးဖူးညိုက အကျိုးအကြောင်း ပြန်ပြောပြမှပင် ပွင့်သီဂီရွှေရင်ခတ် ဆိုသည်ကား အခြားမဟုတ်၊ ငါသိသော ပန်းပါတကား၊ ငါကိုင်တွယ်ကစားဖူးသော ပန်းပါတကားဟု အသိဉာဏ်ရလာပါသည်။" ဟု ရေးသားခဲ့သည်။ နက်နဲသည့် စာပေ သဘောတရားကို စာဖတ်သူတို့ နားလည်လာအောင် ရှင်းပြရာတွင် ရှေ့ပိုင်းတွင် ရိုးစင်သော ဝါကျများ ကိုသုံး၍ တစ်ဆင့်ပြီးတစ်ဆင့် ရှင်းပြသည်။ အကျိုးသင့် အကြောင်းသင့် ပြောပြနေသော အေးဆေး တည်ငြိမ်သည့် လေသံကို ရှေ့ပိုင်းဝါကျများက ဖော်ပြနိုင်သည်။ နောက်ဆုံးဝါကျသည် စာရေးသူ၌ ဆင်ခြင်တုံတရားဖြစ်လာပုံကို ဖော်ပြသည်။ စာရေးသူ၌ အတွေးအမြင်ရလာပုံကို ဖော်ပြသည်။ ဝါကျရှည်အသုံး ကစာရေးသူ၏ လေးနက်ခံ့ညားသော အတွေးနှင့်လိုက်ဖက်သည်။ စာရေးသူ၏ ဆင်ခြင်မိသည့် သဘော၊ အလေးအနက်ထား၍ တွေးတောကြံဆသည့်သဘောသည် ဝါကျအသံတွင် ထင်ဟပ်နေသည်။ ဆင်ခြင်တွေးတောသည့်သဘော ထင်ဟပ်လာအောင် ငါသိသော ပန်းပါတကား၊ ငါကိုင်တွယ်ကစားဖူးသော ပန်းပါတကား ဆိုသည့် အရေးအသားက ဖော်ပြနိုင်သည်။ "တကား" ဆိုသည့် ဝါကျအဆုံးသတ် နောက်ဆက်ကို နေရာတကျ သုံးလိုက်ခြင်းဖြင့် လေးနက်သည့်လေသံ၊ ဆင်ခြင်တွေးဆသည့် လေသံ ပေါ်လာပါသည်။

ထို့အတူပင် စာအုပ်နှင့်ဘဝ ပတ်ဝန်းကျင်ကို တွဲ၍မြင်တတ်သောအတွေး ပြောင်းလာပုံကို ဖော်ပြရာ၌ - "ထိုအခါမှစ၍ စာအုပ်ဆိုသည်မှာ ငါ့ပတ်ဝန်းကျင်ဘဝ၌


http://mmteashop.com

ငါမြင်သော၊ ငါကြားသော၊ ငါတွေ့သော၊ ငါသိသော အကြောင်းခြင်းရာတို့ကို ရေးထားသော အရာဝတ္ထုသာပါကတကားဟု တွေးမိလာပါသည်။ ငှါပတ်ဝန်းကျင်ကို ငါပြန်၍ သတိထားမိလာအောင် ပြုပေးတတ်သော အရာဝတ္ထုသာပါတကား ဟူ၍လည်း တွေးမိလာပါသည်။" ဟု ပုံစံတူ စကားစုများ ပါဝင်သော ဟန်ချက်ညီ ဝါကျရှည်ကိုသုံး၍ ရေးသားထားသည်။ ငါမြင်သော၊ ငါကြားသော စသည့် နာမဝိသေသနပုဒ်စုများကို ဝါကျရှည် တစ်ကြောင်းတည်း၌ ပုံစံတူသုံးလိုက်ခြင်းဖြင့် ဝါကျသည် ချိုသာပြေပြစ်လာသည်။ ခံ့ညား ထည်ဝါလာသည်။ စာရေးသူ၌ လေးနက်သော ဆင်ခြင်တုံတရား ဖြစ်ပေါ်လာပုံကို ပြေပြစ်၍ ခံ့ညား တည်ငြိမ်သော ဝါကျရှည်က ဖော်ပြနိုင်သည်။ အတွေး၏ ခံ့ညားမှုကို အရေး၏ ခံ့ညားမှုနှင့် တွဲဖက်ထားသည်။ ဝါကျရှည်က တွေးတွေးဆဆ ပြောနေသည့်လေသံကို ပေါ်လွင်စေသည်။ 'တကား' ဆိုသည် နောက်ဆက်များက အလေးအနက်ထားမှုကို ဖော်ပြနိုင်သည်။ စာရေးဆရာအနေနှင့် မိမိဖတ်သော စာပါအကြောင်းများသည် မိမိဘဝပတ်ဝန်းကျင်ရှိ အရာများသာဖြစ်သည်ဟူသော အတွေးဖြစ်ပေါ်ရမည်။ ထို့ကြောင့် စာရေးသူက ရေးသူ၊ ဖတ်သူ နှစ်ဦးလုံးအတွက် အရေးပါသော 'ငှါပတ်ဝန်းကျင်' ဆိုသည့်စကားကို နှစ်ကြိမ်ထပ်သုံးခြင်းဖြင့် စာရေးသူ အလေးထားပြောလိုသော အကြောင်းအရာကို ထင်ရှားလာစေသည်။

ပုဂံမြို့ဟောင်းနှင့် ကျွန်တော် ရသစာတမ်းတွင် ရွှေစည်းခုံစေတီ၏ မုခ်ဦးခြင်္သေ့ ရုပ်များနှင့် ပတ်သက်၍ တင်ပြရာ၌ - "ထို့ကြောင့် မုခ်ဦးခြင်္သေ့ရုပ် ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်း တို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထိုတိုင်းသူပြည်သား တို့၏ သဘောကို လည်းကောင်း၊ ထိုမင်းနှစ်ပါး၏ သဘောကို လည်းကောင်း မလွန်ဆန်နိုင်သော ပန်းရံပျံတို့၏ လက်ရာပင် ဖြစ်လေစွ။ ရွှေစည်းခုံစေတီ၏ ပုံတော် ကြံ့ခိုင်ခြင်း၊ ထက်မြတ်ခြင်း၊ တက်ကြွအားရဖွယ်ဖြစ်ခြင်းသည်လည်း ထိုသို့သော ပန်းရံပျံတို့၏ လက်ရာပင်ဖြစ်လေစွ" ဟု ရေးသားခဲ့ပါသည်။ ဝါကျရှည်နှစ်ကြောင်းတွင် အဆုံးသတ် စာစုများဖြစ်သည့် "ပန်းရန်ပျံတို့၏ လက်ရာပင်ဖြစ်လေစွ" တို့ကို ပုံစံတူ ရေးဖွဲ့ထားခြင်းဖြင့် စာရေးသူ၏ နှစ်ကြိမ်ထက် အံ့သြစိတ်ကို ပေါ်လွင်စေသည်။



http://mmteashop.com

မင်းနှင့်ပြည်သူ၏ ကြည်ဖြူ လက်တွဲမှုအရ မင်းနှင့်ပြည်သူ၏ သဘောထားဆန္ဒ နှင့်အညီ အနုပညာ လက်ရာများကို ဖန်တီးခဲ့သည့် ပုဂံခေတ် ပန်းရန်ပညာရှင်တို့အပေါ် ချီးကျူးလိုစိတ်သည်လည်း နှစ်ကြိမ်ရေးပြခြင်းဖြင့် ပို၍ လေးနက်ထင်ရှားလာရပါသည်။ ထိုခေတ်၏သဘော၊ ထိုတိုင်းသူပြည်သားတို့၏ သဘော။ ထိုမင်းနှစ်ပါး၏သဘောဆိုသည့် ပုံစံတူ သဘောဆောင်သည့် စကားစုများကြောင့် ပုဂံခေတ်၏ မင်းနှင့်ပြည်သူတို့ ပူးပေါင်း၍ ခေတ်ကို တည်ဆောက်ခဲ့ခြင်း၊ ညီညွတ်ခြင်းတို့အပေါ် ချီးကျူးလိုသော စာရေးသူ၏ ခံစားမှုကို လေသံမှတစ်ဆင့် သိလာရပါသည်။ အဆုံးသတ် နောက်ဆက်အဖြစ် "စွ" ကို သုံးခြင်းဖြင့် ပုဂံတစ်ခေတ်၏ ထွန်းပမှုအကြောင်းအရင်းကို ဆင်ခြင်မိလာသည် နှင့်အမျှ အံ့သြခြင်းရသော ခံစားမှု လေသံပေါ်လွင်လာစေပါသည်။

ပုဂံမှအပြန်တွင် စာရေးသူ၌ ဆင်ခြင်တုံတရား ဖြစ်ပေါ်လာပုံကို - "ကျွန်တော်တို့၏ အဆင့်ဆင့်သော ဘိုးဘွားတို့သည် တစ်ခါတစ်ခေတ်ကသော် နိုင်ငံရေး ထူထောင်ရေး၌ အလွန်စိတ်ထက်သန်ခဲ့ ကြပါတကား။ နောင်လာနောင်သားတို့ အကျိုးအတွက် အလွန် အလုပ်လုပ်ခဲ့ကြပါပေတကား။ ကျောက်၊ အုတ်တို့ဖြင့် ပြီးသော အထုကြီး အထည်ကြီးတို့ကို ကိုင်တတ်ကြပါပေသည်တကား။" ဟု ရေးဖွဲ့ခဲ့ပါသည်။ ပုံစံတူ ဟန်ချက်ညီဝါကျရှည် များကို သုံးထား၍ အတွေးခုံညားသည်နှင့်အမျှ အရေးခုံညား နေသည်။ အတွေးပြေပြစ်သည်နှင့်အမျှ အရေးပြေပြစ်နေသည်။ အဆုံးသတ် နောက်ဆက်များကို ပုံစံတူ သုံးထားသည့်အတွက် ပုဂံမြို့ဟောင်းရှိ အနုပညာ လက်ရာများအပေါ် ခံစားရင်း ပုဂံသားတို့၏ စည်းရုံးညီညွတ်မှုနှင့် ဖန်တီးတည်ဆောက်မှု စွမ်းအားအပေါ် အဖန်တလဲလဲ အံ့သြချီးကျူးနေမိသည့် စိတ်ခံစားမှုနှင့် လေသံသည် ပေါ်လွင်နေပါသည်။ အလေးအနက်ထားသည့် လေသံ၊ အံ့သြသည့်လေသံ၊ ချီးကျူးသည့် လေသံများ ပါဝင်သော ဝါကျ၏ အသံကို ကြားရပါသည်။

ကောက်ရိုး သင်္ချိုင်း... 

ပြောကြသော်လည်း အပြောသာကြီး၍ လက်တွေ့ကျကျ ဆောင်ရွက်ခြင်း မရှိ၍ အကျိုးမထင်ခဲ့ပေ။ အနောက်နိုင်ငံသားတို့မှာ သံကိုသုံး၍ လည်းကောင်း၊ လျှပ်စစ်ဖြင့် လည်းကောင်း၊ လူ့အသုံးအဆောင် ကိရိယာတန်ဆာ အမျိုးမျိုးကို လက်တွေ့ကျကျ လုပ်ကိုင်တတ်သည့် အတွက် သူတို့နိုင်ငံများသည် ချမ်းသာကြွယ်ဝကြသည်။ ဆရာကြီးသည် မြန်မာနိုင်ငံသားတို့အား အနောက်နိုင်ငံသားတို့၏ အတုကို ယူစေလိုသည်။ သို့မှသာ မြန်မာနိုင်ငံသည် လက်တွေ့အားဖြင့် ကြွယ်ဝနိုင်သည်။ ထိုသို့သော စေတနာဖြင့် တင်ပြရာတွင် - "ဘိလပ်သားတို့သည် သံကို အရည်ကျိုချက်၍ များပြားလှစွာသော လူ့အသုံးအဆောင် ကိရိယာတန်ဆာတို့ကို ဖန်စီရင်တတ်သည်။ လျှပ်စစ်ဖြင့်လည်း များပြားလှစွာသော လူ့အသုံးဆောင် ကိရိယာတန်ဆာတို့ကို ဖန်စီရင်တတ်သည်။ ယင်းသို့ စီရင်တတ်သည်ကိုပင် သံသေသည်၊ ပြဒါးသေသည်ဟု မဆိုအပ်ပါလော။ တစ်ဖန် ဘိလပ်သားတို့သည် သံဖြင့်ပြီးသော ကုန်နှ၊ လျှပ်စစ်ဖြင့်ပြီးသော ကုန်နှတို့ကိုပြုလုပ်၍ ရောင်းစားသဖြင့် ဘိလပ်သို့ ငွေအမြောက်အပြား ဝင်လာရသည်။ ယင်းသို့ ငွေအမြောက်အမြား ဝင်လာသည်ကိုပင် တစ်ဆွေဝသည်၊ တစ်ပြည်ဝသည်၊ ရွှေမိုးငွေမိုး ရွာသည်ဟု မဆိုအပ်ပါလော။" ဟု ရေးသားထားသည်။

စာရေးသူသည် မိမိနိုင်ငံသားတို့အား အားမလိုအားမရဖြစ်နေသည့်အလျှောက် အနောက်နိုင်ငံသားတို့၏ လက်တွေ့ကျကျ ဆောင်ရွက်ချက်များကို အကျိုးသင့် အကြောင်းသင့် ထောက်ပြသည်။ ဝါကျရှည်များဖြင့် ရေးဖွဲ့ထားသော်လည်း စေတနာ စိတ်ဇောကြီးနေ၍ ဝါကျအသံ၌ တွေ့ရသည်။ အတုယူသင့်သော အချက်များကို အမြန်ဆုံး သိနားလည်သွားစေရန် အဆက်မပြတ် အလောတကြီး ပြောနေသည့်လေသံ၊ စိတ်မောနေသည့် လေသံ ပါနေသည်။ "မဆိုအပ်ပါလော" ဆိုသည့် ပုံစံတူ မေးခွန်းဝါကျဖြင့် အဆုံးသတ်ထားသည်။ နှစ်ကြိမ် ပုံစံတူပြောလိုက်ခြင်းဖြင့် တစ်ကြိမ်ပြောခြင်းထက် ပို၍ လေးနက်လာစေသည်။ အလေးအနက် ပြောခြင်းပင် ဖြစ်သော်လည်း ပုဂံမြို့ဟောင်းနှင့် ကျွန်တော်မှ လေးလေးနက်နက် ဆင်ခြင်မိပုံကို တင်ပြဟန် လေသံမျိုးမဟုတ်။ ဝါကျအသံခြင်းမတူပါ။ ကောက်ရိုးသင်္ချိုင်းရှ၊ သံသချိုရတွင် စာရေးသူသည် ကိုယ့်နိုင်ငံကို



http://mmteashop.com

တိုးတက်စေလိုသော စိတ်စောနေသည်။ တိုးတက်အောင် ဆောင်ရွက်ရမှန်းမသိသေးသော ကိုယ့်လူမျိုးကို အားမလိုအားမရ ဖြစ်နေသည်။ လေသံပါသည်။ မေးခွန်းဝါကျဖြင့် အဆုံးသတ်ထားပုံချင်း တူသော်လည်း အမျိုးသားနေ့နှင့် ကျွန်တော်တွင် ပါဝင်သည့် - "တစ်ဖန် အမြင်အားဖြင့် ပျော်စရာ၊ လွမ်းစရာတို့နှင့်ရော၍ လွတ်လပ်လိုဇောလည်း ကိုယ်မှာတွယ်ကပ် ပါလာခဲ့ကြသည် မဟုတ်ပါလော" ဟူသော မေးခွန်းနှင့်လေသံချင်း မတူပါ။ ထိုနေရာတွင် မေးခွန်းဝါကျကို သုံးခြင်းဖြင့် စာရေးသူ၏ အမြင်ကို စာဖတ်သူနှင့် ညှိနှိုင်းလိုသော လေသံပါဝင်လာသည်။ ကောက်ရိုး သင်္ချိုင်း၊ သုံသင်္ချိုင်းရမှ "မဆိုအပ်ပါလော" ဆိုသည့် မေးခွန်းဝါကျ၏ အဆုံးသတ်တွင် ကြိယာထောက် "အပ်" ကို ထည့်သုံးထားသည်။ ကြိယာထောက် "အပ်" ကို ထည့်လိုက်ခြင်းဖြင့် လေသံပြောင်းသွားသည်။ ဝါကျအသံခြင်းမတူ ကွဲပြားသွားသည်။ 'အပ်' ပါသည့်အတွက် စာရေးသူက မိမိအမြင်ကို ညှိနှိုင်းရန် စာဖတ်သူအား တင်ပြသည့်သဘောထက် ပို၍ ပြင်းထန်လာသည်။ စာရေးသူပြောသည့် အတိုင်း မှန်သည်။ ဆိုကိုဆိုရမည်။ လက်ခံရမည်ဟု ဖိအားပေးထားသည့် လေသံ၊ မိမိအမြင်နှင့် ပတ်သက်၍ ပြတ်သားသည့်လေသံပါဝင်လာပါသည်။

ဝါကျတည်ဆောက်ရာတွင် စာရေးသူ၏ ဆိုလိုချက်ပေါ်အောင် တည်ဆောက်နိုင်ရမည်။ ထို့ထက်ပို၍ ပြောရလျှင် ဆိုလိုချက် တိကျပေါ်လွင်ရပါမည်။ စာရေးသူ၏ ခံစားချက်၊ စေတနာလေသံများ ပါဝင်အောင် ရေးသားနိုင်ပါမည်။ ကျွမ်းကျင်သော ဝါကျလက်သမားသည် ဝါကျများကို တည်ဆောက်ရာ၌ ကြံ့ခိုင်၊ ကျစ်လစ် မှန်ကန်ရုံသာမက စာရေးသူ၏ အသံကို ဝါကျအသံမှ တစ်ဆင့် စာဖတ်သူတို့ ကြားရအောင် ရေးသားနိုင်ပါသည်။ စကားပြေရေးသားမှု၌ အရေးပါသော ဝါကျဖွဲ့စည်း တည်ဆောက်ရာတွင် ဆရာဇော်ဂျီသည် အထူးကျွမ်းကျင်သူအဖြစ် ဂုဏ်ပြုထိုက်သူ ဖြစ်ပါတော့သည်။



http://mmteashop.com

## ၆။ သဘောပြစကားလုံးနှင့် အကောင်အထည်ပြစကားလုံးအသုံး

ဝါကျကို စကားလုံးများဖြင့် ဖွဲ့စည်းတည်ဆောက်ရပါသည်။ စကားလုံးများဖြင့်ပင် စာပိုဒ်အဆင့်သို့ ရောက်စေရသည်။ စကားလုံးများဖြင့်ပင် စာတစ်ပိုဒ်လုံး၊ စာတစ်အုပ်လုံး ပြီးပြည့်စုံစေရသည်။ စာရေးသူ၏ ရည်ရွယ်ချက်ပေါ်လွင်ခြင်း၊ မပေါ်လွင်ခြင်း၊ စာရေးသူ၏ စိတ်ကူးပေါ်လွင်ခြင်း၊ မပေါ်လွင်ခြင်းတို့တွင် စကားလုံးများ၏ စွမ်းဆောင်မှုသည် အရေးပါလှသည်။ စကားလုံးများကို ကြိုးကိုင်ချယ်လှယ်သူမှာ စာရေးဆရာပင်ဖြစ်သည်။ စာရေးသူတွင် အတွေးစိတ်ကူး ကြွယ်ဝရန် လိုအပ်သကဲ့သို့ စကားလုံးကြွယ်ဝရန်လည်း လိုအပ်သည်။ သူပိုင်သူသိစကားလုံး ပေါများကြွယ်ဝမှသာ လိုရာကို ရွေးချယ်၍ သုံးနိုင်ပေမည်။ စကားလုံးများကို သူ့နေရာနှင့်သူ ရွေးချယ်သုံးနှုန်းရန် စာရေးသူ၏ စိတ်ကူးနှင့် စေတနာတို့က ပဲ့ကိုင်ထိန်းကွပ်ပေးနိုင်ပါသည်။

အနက်ပြစကားလုံးနှင့် အသုံးပြုစကားလုံး ရှိသကဲ့သို့ သဘောပြစကားလုံးနှင့် အကောင်အထည်ပြ စကားလုံးဟူ၍လည်း ရှိနေပြန်သည်။ အကောင်အထည်ပြ စကားလုံးဟူသည်မှာ သစ်ပင်၊ ရထား၊ ကုတင်၊ ကြောင်၊ ပန်း စသည်ဖြင့် အကောင်အထည် ဒြပ်ဝတ္ထုများကို ရည်ညွှန်းသော စကားလုံးဖြစ်သည်။ သဘောပြစကားလုံး ဟူသည်မှာ မေတ္တာ၊ ကရုဏာ၊ ပညာ၊ ချစ်၊ မုန်း၊ သတ္တိ စသည်ဖြင့် အကောင်အထည် ဒြပ်ဝတ္ထုမရှိသည့် သဘောများကို ရည်ညွှန်းသော စကားလုံးဖြစ်သည်။ ထိုစကားလုံးနှစ်မျိုးသည် သူ့နေရာနှင့်သူ အရေးပါသည်။ အသုံးဝင်သည်။ အချစ်၏ ပူလောင်မှုဆိုသည့် သဘောကို ပြလိုလျှင် အချစ်မီးဟု အကောင်အထည်ပြ စကားလုံးကို "မီး" နှင့် တွဲ၍ သုံးရပါသည်။ မီးလိုပူသည်ဟုလည်း ပြောနိုင်ပါသည်။ ရန်ငြိုး၏ တစ်ဖြည်းဖြည်း တိုးပွား လောင်ကျွမ်းတတ်သည့် သဘောကို ထင်ရှားစေလိုလျှင် လောင်စာရန်ငြိုးဟု အကောင်အထည်ပြ စကားလုံးနှင့် တွဲသုံးရပါသည်။

http://mmteashop.com

အကောင်အထည်ပြ စကားလုံးများကြောင့် သဘောပြစကားလုံးများသည် စာဖတ်သူ၏ စိတ်၌ ထင်ယောင်မြင်ယောင် ဖြစ်လာစေနိုင်ပါသည်။ အားမာန်ရှိလျှင် ဘဝ၌ အရှုံးကို အောင်ပွဲခံနိုင်သည်ဟု ဆိုရာတွင် အားမာန်၊ အရှုံး၊ အောင်မြင်ခြင်းတို့သည် သဘောပြ စကားလုံးများ ဖြစ်ပါသည်။ ယင်းသဘောပေါ်လွင်လာစေရန် ချောင်းရိုး တစ်လျှောက်တွင် ရေစုန်ရေဆန်၌ မျောပါနေသော ဗေဒါနှင့်ပြရသည်။ ဘဝဒုက္ခ၏ သဘောကို ဘဲအုပ်၊ အုန်းလက်ကြွေ၊ လှိုင်း စသည့် အကောင်အထည်ပြ စကားလုံးများနှင့် တင်ပြရပါသည်။

အကောင်အထည်ပြ စကားလုံးနှင့် ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ) က စကားပြေ သဘောတရား၊ စကားပြေအတတ်ပညာ စာအုပ်တွင် - "သို့သော် အကောင်အထည်ပြ စကားလုံးက သဘောပြ စကားလုံးထက် သာသောအချက် တစ်ချက် ရှိပါသည်။ အခြားမဟုတ်ပါ။ စာဖတ်သူ၏ မျက်စိထဲတွင် အကောင်အထည်များကို အလွယ်တကူ မြင်ယောင်အောင် ပြုလုပ်နိုင်စွမ်းရှိခြင်းပင် ဖြစ်ပါသည်။ သဘောပြ စကားလုံးမှာမူ အကောင်အထည်မရှိသော သဘောတရားများကို ရည်ညွှန်းဖော်ပြသည့် စကားလုံးမျိုး ဖြစ်သောကြောင့် ထိုသဘောတရားများကို စာဖတ်သူ ချက်ခြင်း သဘောပေါက်သွားအောင် ပြုလုပ်ဖို့ မလွယ်လှပါ။ သဘောတရားဟူသည် နက်နဲ သိမ်မွေ့ပါသည်။ အကောင်အထည်လည်း လက်ဆုပ်လက်ကိုင် မရှိပါ။ ထို့ကြောင့် သဘောပြ စကားလုံးသည် အကောင်အထည်ပြ စကားလုံးထက် ပို၍ နားလည်ရ ခက်ခဲတတ်ပါသည်။ ထို့ကြောင့်လည်း စာရေးသူတို့သည် ထိုနက်နဲသိမ်မွေ့သော ခက်ခဲသော သဘောများကို မြင်သာသော အကောင်အထည်များ၏ အကူအညီဖြင့် ရှင်းပြလေ့ရှိတတ်ပါသည်။" ဟုဆိုထားပါသည်။

ဆရာဇော်ဂျီ၏ ရသစာတမ်းများကို လေ့လာလျှင် ခက်ခဲနက်နဲသော စာပေသဘောတရား အတွေး အမြင်များကို အကောင်အထည်ပြ စကားလုံးများဖြင့် မြင်သာအောင် ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။ အကြံအစည်သည်



http://mmteashop.com

မမြင်သာပါ။ သဘောပြစကားလုံး ဖြစ်ပါသည်။ ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော် ရသစာတမ်းတွင် "ထိုဝိုင်းမျိုးတွင် ဉာဏ်ရွှင်သည်။ အာရွှင်သည်။ အကြံကောင်း၊ အဖန်ကောင်း ယိုစိမ့်လာနိုင်သည်။" ဟု သုံးထားသည်။ အကြံကောင်း၊ အဖန်ကောင်း ဆိုသည့်သဘောပြ စကားလုံးကို အကောင်အထည်ဖော်ပြ စကားလုံးဖြစ်သည့် "ယိုစိမ့်ကျလာသည်" နှင့် တွဲသုံးလိုက်ခြင်း စာဖတ်သူအနေနှင့် သဘောပေါက်လာသည်။ လက်ဖက်ရည်ဝိုင်းတွင် ဆွေးနွေးပြောဟောရင်း အကြံကောင်းများ ရလာသည်။ သဘောသည် မြင်သာသလို ရှိလာပါသည်။ ထိုသို့ ဆွေးနွေးခြင်းဖြင့် စာပေဆိုင်ရာ မရှင်းလင်းသည့် အချက်များ ရှင်းရှင်းလင်းလင်း ဖြစ်လာနိုင်သည်။ ထိုသို့သော သဘောကို စာဖတ်သူ မြင်သာလာအောင် "ခဲကပ်နေသည်တို့ ကျေသွားနိုင်သည်။ ဖုထစ်နေသည်ကို ပြေသွားနိုင်သည်။ မြုပ်နေသည်တို့ ပေါ်လာနိုင်သည်။ ရှုပ်နေသည်တို့ ရှင်းလာနိုင်သည်" ဟု အကောင်အထည်ပြ စကားလုံးများဖြင့် ထင်သာမြင်သာအောင် ရေးပြထားပါသည်။

စာအုပ်စင်နှင့် ကျွန်တော် စာတမ်းတွင် ငယ်စဉ်က စာဖတ်ပုံ နေရာမကျ၍ အရိုက်ခံခဲ့ရသည်။ မိမိ စာဖတ်ပုံ နေရာမကျမှုကြောင့်ဟု မတွေးဘဲ စာအုပ်ကြောင့် အရိုက်ခံရသည်ဟု မှားယွင်းစွာ စွဲမှတ်နေခဲ့သည်။ ကလေးဘဝတွင် စွဲမိစွဲရာ စွဲ၍ အစွဲမှား၊ အတွေးမှား ဖြစ်တတ်သည့်သဘောကို စာအုပ်နှင့်ကြိမ်လုံးဆိုသည့် အကောင်အထည်ပြ စကားလုံးများကို သုံး၍ - "ထိုအခါမှစ၍ ကျွန်တော်တို့သည် စာအုပ်နှင့်ကြိမ်လုံးတို့ကို တွဲ၍တွဲ၍ မြင်နေတတ်ကြပါသည်" ဟုရေးသားတင်ပြခဲ့ပါသည်။ စာပေထဲတွင် ပါဝင်သောအကြောင်း အရာများသည် မိမိဘဝပတ်ဝန်းကျင်ရှိ အကြောင်းအရာများသာ ဖြစ်သည်။ မိမိရင်းနှီးပြီးသော အကြောင်း အရာများသာ ဖြစ်သည်ဟု အသိဝင်လာပုံ စာပေသဘောတရားကို တင်ပြရာ၌လည်း ရုပ်သေးမင်းသမီးကြီး ဦးဖုးညိုက တန်ရှူးလဘွဲ့ လွမ်းချင်းကို ဆိုရာတွင် ပွင့်သိင်္ဂီရွှေရင်ခတ်ဟု ပါလာပုံ၊ ရင်ခတ်ပန်းသည် မိမိကစား ခဲ့ဖူးသောပန်း၊ ရင်းနှီးပြီးသော ပန်းဖြစ်ရာမှ အတွေးပြောင်းလာပုံကို တင်ပြရေးသား ထားပါသည်။ နက်နဲသော စာပေသဘောတရားကို ဦးဖုးညို၊ ရင်ခတ်ပန်းဆိုသည့် အကောင်အထည်ပြ စကားလုံးများကို သုံး၍ ရှင်းလင်းတင်ပြခဲ့သည်။



http://mmteashop.com

ဆေးရုံနှင့် ကျွန်တော်စာတမ်းတွင်လည်း ဆေးရုံကြီးသည် နှစ်ဆယ်ရာစုခေတ်ဦးဟန် ဖြစ်သော်လည်း ခံ့ညားနေပုံကို တင်ပြထားသည်။ ခံ့ညားသည်ဟူသော သဘော စာဖတ်သူအာရုံ၌ ပို၍ ပေါ်လာစေရန်အတွက် - "ဗိသုကာဟန်သည် နှစ်ဆယ်ရာစုခေတ်ဦး ဟန်ဖြစ်သော်လည်း တစ်မျိုးခံ့ညားပါသည်။ ယခုထက်တိုင် မားမားမတ်မတ် ရပ်တည်လျက်ရှိသည်။ ဘီးဆံပတ်နှင့်၊ မဟာနဖူးနှင့်၊ ပဝါရှည်နှင့်၊ ရင်ဖုံးအင်္ကျီလက်ပွနှင့်၊ အချိတ်ထမီနှင့်၊ ပုသိမ်ထီးနှင့်၊ ခံ့ခံ့ညားညား ဝတ်ဆင်ထားသော ယခင်ခေတ် မြန်မာအမျိုးသမီးကြီးကဲ့သို့ ဖြစ်သည်" ဟုရေးသားထားပါသည်။ ဆေးရုံကြီး၏ ခံ့ညားပုံအသွင်နှင့် ပတ်သက်၍ စာရေးသူ၏ အမြင်ကို စာဖတ်သူ၏ အာရုံ၌ ထင်ထင်ရှားရှား ပေါ်လာစေရန် အကောင် အထည်ပြစကားလုံး အမျိုးမျိုးသုံး၍ ပုံကြီးချဲ့ သရုပ်ဖော်ထားပါသည်။

စာရေးခြင်းဟူသည် စာရေးသူမြင်သမျှ၊ တွေးသမျှ၊ ခံစားသမျှကို စာဖတ်သူ မြင်နိုင်၊ တွေးနိုင်၊ ခံစားနိုင်အောင် စကားလုံး၊ ဝါကျတို့ကို ကျွမ်းကျင်စွာ သုံး၍ နေရာတကျ စီကုံးရခြင်း၊ သရုပ်ဖော်ရခြင်း ဖြစ်သည်။ အကြောင်းအရာကို ပေါ်လွင်စေမည့် အကောင်အထည်ပြ စကားလုံး အမျိုးမျိုးကို ဝေဝေဆာဆာသုံး၍ မိမိကဲ့သို့ စာဖတ်သူ မြင်အောင်၊ ကြားအောင် အားထုတ်ရပါသည်။ ဆေးရုံနှင့် ကျွန်တော် စာတမ်း၌ ဆေးရုံရှိ လူနာအမျိုးမျိုးတို့၏ အမူအရာအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးကို- "အချို့လဲ ခုတင်၌ လျောင်းလျက်၊ အချို့လည်း ခုတင်၌ ထိုင်လျက်၊ တစ်ဦးနှစ်ဦးသည် ခပ်ခွေခွေ၊ နှစ်ဦးသုံးဦးသည်လည်း တညည်းညည်း တညူညူ၊ ခုတင်တစ်ခုတွင် လူနာတစ်ဦး၏ နာခေါင်းတွင်းသို့ ရာဘာပြွန်ငယ် သွင်းထားသည်။ ပြွန်ငယ်ပြုတ်မကျ၊ ကွာမကျအောင် ပြွန်ငယ်ကိုအုပ်လျက် မျက်နှာ၏ ထိုနေရာ၊ ဤနေရာတို့၌ ပလတ်စတစ် ကပ်ထားသည် ဖြစ်ရာ သူ့မျက်နှာသည် ရွှေတိဂုံဘုရား စောင်းတန်းတွင်ရောင်းသော ဘီလူးခေါင်းနှင့် တူတော့သည်" ဟုရေးသားထားပါသည်။ လူနာအမျိုးမျိုး၏ အနုစိတ်သရုပ်ဖော်ထားရာ ကရုဏာသက်စရာ၊ ကြောက်စရာ ခံစားမှုများ ဖြစ်ပေါ်လာစေပါသည်။



http://mmteashop.com

အကောင်အထည်ပြ စကားလုံးများသည် မြင်ကွင်း၊ လှုပ်ရှားပုံတို့ကို သရုပ်ဖော်ရာ၌ အရေးပါသည်။ ဆေးရုံနှင့်ကျွန်တော်တွင် နံနက်လင်းသည်နှင့် အနီဝတ်ဆရာမများ လှုပ်ရှားရပုံကို - "အနီဝတ်ဆရာမ များသည် ပွဲတိုင်းပါရသူများ ဖြစ်သည်။ နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် သူတို့သည် လူနာဆောင် ခန်းမတွင် ပျားပန်းခတ်သကဲ့သို့ ပျံ့သန်းနေကြရသည်" ဟု သရုပ်ဖော် ရေးသားခဲ့သည်။ ပျားပန်းခတ်သကဲ့သို့ ဆိုသည့် အကောင်အထည်ပြ စကားလုံးကြောင့် လှုပ်ရှားအလုပ် များနေကြသော ဆရာမများ၏ အနေအထား သည်ပို၍ ပြင်းထန်လာသည်။ သူတို့ အလုပ်များပုံကို မြင်ယောင်လာကြသည်။ ယေဘုယျပြောခြင်း သဘောထက် ဝိသေသသဘော ဘက်သို့ ဆောင်လာသည်။ ဆေးရုံအမှုထမ်းတို့ လျင်လျင်မြန်မြန် ဆောင်ရွက်ကြပုံကို ပို၍ ပေါ်လွင်လာအောင် "သူတို့ကိုကြည့်ရသည်မှာ စက်ခုတ် နေသကဲ့သို့ ဖြစ်သည်" ဟု အကောင်အထည်ပြစကားလုံးကို သုံး၍ ရေးသားခဲ့သည်။

နွေဦးကျက်သရေ ရသစာတမ်းတွင် ခရီးသွားတို့အား ရေငတ်ပြေစေလိုသော စေတနာဖြင့် ရေကုသိုလ်ပြု လေ့ရှိကြသည့် မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု အမှုအရာသည် နွေရာသီ၌ ရေချမ်းစင်များအသွင်နှင့် နေရာအနှံ့တွင် တွေ့ရတတ်သည်ဟု ရေးဦးစွာ ဆိုသည်။ ထို့နောက် စာဖတ်သူ၏ စိတ်အာရုံတွင် မြန်မာတို့၏ သဒ္ဓါတရားအလှ၊ စေတနာအလှများ ထင်မြင်လာစေရန် - "ကုက္ကိုရိပ်ကောင်းကောင်းရှိလျှင် သူရှိတတ်သည်။ ထိုသူကား အခြားမဟုတ်။ သစ်ကိုင်းမှ ဆိုင်းကြိုးဖြင့် တွဲလဲခိုနေတတ်သော ရေချမ်းအိုး ဖြစ်သည်။ မိန်းမချော မိန်းမလှ ဒန်းစီးနေသည်နှင့်ပင် တူလေသည်။ တစ်ဖန် အညာဒေသများတွင် ထနောင်းပင်ခွကောင်းကောင်း ဆိုလျှင် ခွကြား၌ သူရှိတတ်သည်။ အမိသည်သူ၏ ခါးစောင်းတွင် သားငယ်ကို ခါးထစ်ခွချီထား သည်နှင့်ပင် တူလေသည်" ဟု ရေးသားခဲ့ပါသည်။

ထိုစာပိုဒ်တွင် အကောင်အထည်ပြ စကားလုံးများကို အမျိုးမျိုးပြောင်းသုံး၍ မြန်မာတို့၏ ရင်တွင်းမှ စေတနာကို မြင်လာအောင် သရုပ်ဖော်ထားသည်။ ရေချမ်းစင်၏


http://mmteashop.com

သရုပ်ကို အနုစိတ် တင်ပြရေးသားပြီးနောက် မြန်မာနိုင်ငံသားတို့၏ ရေချမ်းစင်ယဉ်ကျေးမှု၊ နွေဦးကျက်သရေ စသည်ဖြင့် သဘောပြ စကားလုံးများနှင့် ပြန်၍ ချိုးကျူးဂုဏ်တင် ရေးဖွဲ့ပြခဲ့ပါသည်။ ယဉ်ကျေးမှု၊ ကျက်သရေတို့သည် သဘောပြစကားလုံးများ ဖြစ်သည်။ သဘောပြစကားလုံးများကို ရေချမ်းစင် ယဉ်ကျေးမှု၊ နွေဦးကျက်သရေဟူ၍ ရေချမ်းစင်၊ နွေဦးဆိုသော ဝိသေသ စကားလုံးများဖြင့် တွဲ၍ လေးနက်ထင်ရှား ခံ့ညားလာအောင် ရေးသားခဲ့သည်။

ပြည်ထောင်စုနှင့်ကျွန်တော် ရသစာတမ်းတွင် - "ကျွန်တော်တို့ နိုင်ငံသည် ယခုအခါတွင် လွတ်လပ်သော နိုင်ငံဘဝကိုရခဲ့ပြီ။ ကိုယ့်အလံနှင့်၊ ကိုယ့်တံဆိပ်နှင့်၊ ကိုယ့်သမ္မတနှင့်၊ ကိုယ့်ပါလီမန်နှင့်၊ ကိုယ့်အစိုးရနှင့်၊ ကိုယ့်စစ်တပ်နှင့် ဖြစ်နေပြီ။ ကမ္ဘာ့ပွဲလယ်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် လူတစ်လုံး သူတစ်လုံး လုပ်နေပြီ" ဟုရေးဖွဲ့ ထားသည်။ လွတ်လပ်သောနိုင်ငံဘဝဆိုသည့် သဘောပြစာလုံးကို အကောင်အထည်ပြ စကားများဖြစ်သည့် ကိုယ့်အလံ၊ ကိုယ့်တံဆိပ်၊ ကိုယ့်စစ်တပ် စသည်တို့ကို ဝေဝေဆာဆာသုံး၍ စာဖတ်သူ၏ ရင်တွင်းသို့ လွတ်လပ်ခြင်းမြင်ကွင်း ထင်ဟပ်လာအောင် ပို့ဆောင်ခဲ့သည်။ "အိမ်တစ်ဆောင်၊ မီးတစ်ပြောင်" "လူတစ်လုံး၊ သူတစ်လုံး" ဆိုသည့် အကောင်အထည်ပြ စကားများကလည်း လွတ်လပ်ရေး၏ အနှစ်သာရနှင့် ခံ့ညားထည်ဝါမှုကို ပုံပေါ်လာအောင် ထောက်ကူပံ့ပိုးထားသည်။

အကောင်အထည်ပြ စကားလုံးများကို သုံးခြင်းဖြင့် စာရေးသူတင်ပြလိုသော မြင်ကွင်းသည် ထင်ရှားလာ တတ်ပါသည်။ ပြည်ထောင်စုနှင့် ကျွန်တော် ရသစာတမ်းတွင် မန္တလေးမြေပြင်မှ ပြင်ဦးလွင် ကုန်းမြင့်သို့၊ ပြင်ဦးလွင်ကုန်းမြင့်မှ ရှမ်းပြည်နယ် တောင်တန်းသို့ တစ်ဆင့်ပြီးတစ်ဆင့် ကွေ့ကောက်မြင့်တက်သွားသော လမ်းခရီး၏ သရုပ်ကို ဖော်ထုတ်တင်ပြရာ၌ - "တောတောင်ပေါက်လမ်းသည် တောင်ခါးပန်းတွင် ဆံထိုးကဲ့သို့ ကောက်သည်။ ခရုပတ်ကဲ့သို့ လိမ်သည်။ မြစ်ကဲ့သို့ ကွေ့သည်။ မြွေကဲ့သို့ ခွေသည်။" ဟု အကောင်အထည်ပြ စကားလုံးများကို ဝေဝေဆာဆာ သုံး၍ ရေးဖွဲ့ခဲ့သည်။



http://mmteashop.com

လမ်းခရီး အနေအထားကို သာမန်သရုပ်ဖော် ခြင်းထက် ဝိသေသပြု၍ သရုပ်ဖော် ရေးသားရာတွင် အကောင်အထည်ပြ စကားလုံးများသည် အရေးပါသည်ဟု ဆိုရပါမည်။ ထို့အပြင် ရှမ်းလက်သမား၏ တစ်ဦးတည်း ကျွမ်းကျင်စွာ ရှိသမျှပစ္စည်းများနှင့် အိမ်ဆောက်ပုံကို မြင်တွေ့ခဲ့ရသော စာရေးသူအနေနှင့် ချီးကျူးလိုသည်။ သူ၏ ချီးကျူးလို စိတ်ကို စာဖတ်သူထံသို့လည်း ကူးစက် စေလိုသည်။ ထိုသို့ဖြစ်ရန် ရှမ်းလက်သမား၏ ပတ်ဝန်းကျင်မှ ရသမျှပစ္စည်းလေးများနှင့် တစ်ဦးတည်း အိမ်ဆောက်ရပုံကို စာဖတ်သူ မြင်လာအောင် သရုပ်ဖော်ရမည်ဖြစ်သည်။

ထိုသို့မြင်လာအောင် သရုပ်ဖော်ရာ၌ မြင်သာသော အကောင်အထည်ပြ စကားလုံးများကိုသုံး၍ - "ဘောင်းဘီပွကြီးကို မင်ကြောင်ပေါ်အောင် ပင့်တင်ပြီးလျှင် သစ်မပေါ်၊ သံမပါ၊ အုန်းဆန်မပါ၊ ဝါးဖြင့်၊ သက်ကယ်ဖြင့်၊ ဝါးနီးဖြင့် ကျင်လည်စွာ တဲအမိုးတင်နေသော ပလိုင်းလွယ် ရှမ်းလက်သမားကို မြင်ရသောအခါ ကျွန်တော် ချီးမွမ်းတတ်လာသည်" ဟု အကောင်အထည်ပြ စကားလုံးအမျိုးမျိုးကို တစ်စုတည်းသုံး၍ ရေးဖွဲ့ခဲ့သည်။ အကောင်အထည်ပြ စကားလုံးများ၏ စုစည်းမှု အင်အားကြောင့် ရှိသမျှ၊ ရသမျှပစ္စည်းနှင့် တစ်ဦးတည်း ကျွမ်းကျင်စွာ အိမ်ဆောက်ရသော ရှမ်းလက်သမား၏ အမှုအရာနှင့် စွမ်းအားသည် ထင်မြင်လာရပါသည်။

အမျိုးသားအောင်ပွဲနေ့နှင့် ကျွန်တော် ရသစာတမ်းတွင် မြန်မာတို့အနေနှင့် ဟုမ်ရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရန် အဆင့်ဆင့် သွားမနေလိုဘဲ တစ်ကြိမ်တည်းနှင့် အမိအရ လိုချင်နေကြသည်။ ထိုသို့သော ထက်သန်နေသည့် ဝံသာနုစိတ်၏ အရှိန်အဟုန်ကို ပေါ်အောင် - "ဟုမ်ရူး အုပ်ချုပ်ရေးကို တစ်ခါတည်း ခုန်ဖမ်းချင်သူ များလည်း ရှိကြသည်" ဟု ရေးသားခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပိုင်လိုစိတ် ထက်သန်မှု ဆိုသည့် သဘောကို ထင်သာမြင်သာလာစေရန် "ခုန်ဖမ်းချင်သူ" များဆိုသည့် အကောင်အထည်ပြ စကားလုံးဖြင့် ပေါ်လွင်စေခဲ့သည်။ သက်မဲ့ကို သက်ရှိ သဘောရောက်အောင် တင်စားသုံးနှုန်းသည့် သဘောလည်း သက်ဝင်သည်။ မြန်မာတို့၏



http://mmteashop.com

၁၉၃၀ မှ ၁၉၄၀ အတွင်း လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန် ပြင်းထန်လာပုံ ဆိုသည့်သဘောကို မြင်သာသည့် အကောင်အထည်ပြ စကားလုံးများကိုသုံး၍ - " ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်းတွင်ကား ခြေလှမ်းသွက်လာရုံမက အချအနင်းပင် ပြင်းလာသည်။ သခင်အစည်းအရုံးသည် လက်သီး လက်မောင်း တန်းလာသည်။ အမျိုးသားနေ့လည်း လက်သီးလက်မောင်း သန်းလာသည်။ သခင်အစည်းအရုံးသည် ဗြိတိသျှအစိုးရ နားမခံသာအောင် အော်ဟစ်ကြွေးကြော်လာသည်" ဟု ရေးဖွဲ့ထားပါသည်။

ခြေလှမ်းသွက်၊ အချအနင်းပြင်း၊ လက်သီးလက်မောင်းတန်း၊ အော်ဟစ်ကြွေးကြော် ဟူသော အကောင်အထည်ပြ စကားလုံးများဖြင့် အရှိန်အဟုန်ပြင်းပြလာသည့် အမျိုးသားရေးစိတ်ဓာတ်၊ လွတ်လပ် လိုသည့် စိတ်ဓာတ်ကို ပုံဖော်ခဲ့သည်။ အမူအရာပြ စကားလုံးများ၏ စုစည်းမှုအင်အားဖြင့် မြန်မာတို့၏ စိတ်အင်အားကို ပေါ်လွင်လာစေသည်။

သင်္ခါရတရားကို လက်ကိုင်ထား၍ အပျက်ကို ရှုကာ အားထုတ်မှု နည်းပါးသော မြန်မာတို့ အသိတရား ဝင်လာစေရန် ကောက်ရိုးသင်္ခါရ၊ သံသင်္ခါရ ရသစာတမ်းဖြင့် လမ်းပြခဲ့သည်။ မမြဲသည့်တရား သဘောအတိုင်း တစ်နေ့တွင် ပျက်ရွှင်းရမည်မှာ မုချဖြစ်သည်။ မြန်မြန်ပျက်လွယ်သည်နှင့် ကြာရှည်ခံပြီးမှ ပျက်သည့် သဘောနှစ်မျိုး ကွာခြားသည်။ မြန်မြန်ပျက်လွယ်သည့် သဘောကို ကောက်ရိုးသင်္ခါရ၊ ကြာရှည်ခံပြီးမှ ပျက်သည့် သဘောကို သံသင်္ခါရဟု သင်္ခါရဆိုသည့်သဘောပြ စကားလုံးကို အကောင်အထည်ပြ စကားလုံးများဖြစ်သည့် ကောက်ရိုး၊ သံတို့နှင့် တွဲသုံးကာ ရှင်းလင်း ပေါ်လွင်အောင် ရေးသားခဲ့သည်။ ထိုသဘောကို - "ဘိလပ်သားတို့၏ သင်္ခါရကား ကောက်ရိုး သင်္ခါရမျိုး မဟုတ်၊ သံသင်္ခါရမျိုးဟု ကျွန်တော်ဆိုလိုချင်သတည်း" ဟု ရေးသားခဲ့ပါသည်။

ဘိလပ်သားတို့သည် ပလွား ဝါကြွားမှုမရှိ။ ပုံမှန်ပြောဆို ဆက်ဆံပြောဆို တတ်သော်လည်း တည်ကြည်သည်။ အကူအညီပေးတတ်သည်။ ထိုသဘောများကို ထင်ရှား သိသာစေရန် "ဘိလပ်သားတို့၏ စရိုက်သည် ကောက်ရိုးမီးနှင့် မတူ၊ ဖွဲမီးနှင့်



http://mmteashop.com

တူသည်” ဟု အကောင်အထည်ပြ စကားလုံးများနှင့် တင်ပြခဲ့သည်။ ထိုရသစာတမ်း၌ပင် - “ဘိလပ်သားတို့၏ အခြားစရိုက်တစ်ခုမှာ အပြစ်ကို အကျိုးသင့် အကြောင်းသင့်နှင့် ပြောပြလျှင် အပြစ်ပြောရပါမည်လောဟု ရှုံးရှုံးရှဲရှဲနှင့် စိတ်မဆိုးတတ်။ ရှက်လည်း မရှက်တတ်၊ ပြစ်တင်စကားကို နာခံသည်။ ပြင်ဆင်သင့်လျှင် ပြင်ဆင်လိုက်သည်” ဟု စိတ်နေ သဘောထားသည် ဖော်ပြခဲ့သည်။ ထိုသဘောပို၍ ထင်ရှားစေရန် ဘားနတ်ရှောနှင့် သာဓကပြ၍ “ပြဇာတ်ဆရာကြီး ဘားနတ်ရှောသည် ဘိလပ်သားတို့၏ အပြစ်ကို ခဏခဏ ထုတ်ဖော်၍ ပြဇာတ်ရေးသားသည်။ ခင်းကျင်းလည်းပြသည်။

ထိုအခါ ဘိလပ်သားတို့သည် ဘားနတ်ရှောအား ကိုယ့်အထုပ် ကိုယ်ဖြေ ပြရမည်လော။ ဘာလောညာလောနှင့် ဝိုင်း၍မနှိမ်၊ ဝိုင်း၍မဆဲ၊ ဝိုင်း၍သပိတ်မမှောက်၊ ဘားနတ်ရှော အပြစ်ပြောတတ် သည်ကိုပင် သဘောကျ၍ သူတို့အား သွန်သင်ဆုံးမတတ် ပါတကားဟု ဘားနတ်ရှောအား ကြည်ညိုကြသေးသည်” ဟု ရေးသားခဲ့သည်။ “ဘာလောညာလောနှင့် ဝိုင်း၍မနှိမ်၊ ဝိုင်း၍မဆဲ၊ ဝိုင်း၍သပိတ်မမှောက်” ဆိုသည့် အားကောင်းသော အကောင်အထည်ပြ သကားလုံးများ၊ အရပ်သုံးစကားများကို သုံး၍ စိတ်အခြေအနေကို ရုပ်အမူအရာနှင့် ကိုယ်စားပြု တင်ပြထားပါသည်။

ဆရာကြီးသည် သူ၏ ရသစာတမ်းများတွင် သဘောပြ စကားလုံးများနှင့် အကောင်အထည်ပြ စကားလုံးများကို နေရာတကျ သုံးစွဲ၍ ဆိုလိုချက် ပေါ်လွင်လာအောင် ရေးသားလေ့ ရှိသည်ကို တွေ့ရပါသည်။

http://mmteashop.com

## ၇။ အသုံးပြစကားလုံးအသုံး

စကားပြေရေးသားရာတွင် ဝါကျဖွဲ့စည်းမှု၌ ပါဝင်သော စကားလုံးများသည်လည်း အရေးပါသည်။ ဝါကျထဲတွင် ထည့်သွင်းသုံးနှုန်းပုံအရ စကားလုံးများကို အနက်ပြ စကားလုံးနှင့် အသုံးပြုစကားလုံးဟု နှစ်မျိုးခွဲခြားနိုင်သည်။ အနက်ပြစကားလုံးဆိုသည်မှာ အနက်အဓိပ္ပာယ် အထင်အရှားရှိသော အနက်ပြစကားလုံးများ ဖြစ်သည်။ လူမှုရေးကိစ္စ အမျိုးမျိုးကို ရည်ညွှန်း၍ အမည်တပ်ခေါ်ဝေါ်သော စကားလုံးမျိုးဖြစ်သည်။ ဘာသာစကား တစ်ခုတွင် ထိုစကားလုံးမျိုးသည် အရေအတွက် အကန့်အသတ်မရှိ အမြဲတိုးပွား နေပါသည်။ အသုံးပြစကားလုံးမှာ မိမိတို့ဘာသာ အနက်အဓိပ္ပာယ် အထင်အရှားမရှိဘဲ ဝါကျထဲတွင် အနက်ပြစကားလုံးများကို မည်သို့သုံးထားကြောင်းကို ဖော်ပြရသော စကားလုံးမျိုးဖြစ်သည်။ အပြောတွင် သုံးသော "လို့၊ ရဲ့၊ နဲ့၊ မှာ၊ တဲ့၊ တယ်" စသည့် စကားလုံးမျိုး၊ အရေးတွင်သုံးသော "၍၊ ၏၊ နှင့်၊ ဌ၊ မှ၊ သော၊ သဖြင့်" စသည့် စကားလုံးမျိုးတို့ ဖြစ်ပါသည်။အသုံးပြ စကားလုံးများသည် အနက်ပြစကားလုံးနှင့် နှိုင်းယှဉ်လျှင် အရေအတွက် အလွန်နည်းပါးသည်။

အသုံးပြ စကားလုံးများတွင် မိမိဘာသာ အနက်မရှိသော်လည်း သဒ္ဒါ သဘောအရမူ 'မှ သည်' ထွက်ခွာရာပြပုဒ်၊ 'သို့' သည် ရှေ့ရှုရာပြပုဒ် '၏' သည် ပိုင်ဆိုင်မှုပြပုဒ် စသည်ဖြင့် ကန့်သတ်မှုများရှိနေသည်။ အနက်ပြ စကားလုံးများကို မည်မျှပင် ပိုင်နိုင်ကျွမ်းကျင်သော်လည်း အသုံးပြစကားလုံးများနှင့် မှန်ကန်စွာတွဲ၍ မသုံးတတ်လျှင် ဆိုလိုသည့်အနက် အဓိပ္ပာယ် ပေါ်လွင်မည် မဟုတ်ပါ။ သဒ္ဒါနည်းလဲ မှန်ကန်မည် မဟုတ်ပါ။ အသုံးပြပုဒ်များနှင့် ပတ်သက်၍ ဆရာကြီး ရွှေဥဒေါင်းက - " စာချောအောင် ရေးတတ် ချင်လျှင် ဝိဘတ်များကိုလည်း တစ်လှည့်စီ သုံးတတ်ဖို့ အလေ့အကျင့် ပြုသင့်၏" ဟု ဆိုခဲ့ပါသည်။



http://mmteashop.com

ဝိဘတ်တစ်မျိုးတည်းကို အပြောင်းအလဲ မရှိဘဲ သုံးလျှင် စာချောမည်မဟုတ်ဟု ဆိုခြင်းဖြစ်ပါသည်။ စကားပြေအများစုကို လေ့လာကြည့်သောအခါတွင် ဆရာကြီး ရွှေဥဒေါင်း ဆိုမိန့်သကဲ့သို့ပင် ဝါကျဖွဲ့ပုံ ပြေပြစ်မှု မရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် ဆရာဇော်ဂျီ၏ ရသစာတမ်း အပါအဝင် စကားပြေများကို ဖတ်ရှုလေ့လာ ကြည့်သောအခါတွင် ထူးခြားချက်ကို တွေ့လာရပါသည်။

ဆရာဇော်ဂျီသည် စကားပြေရေးသားရာ၌ အကြောင်းအရာ၊ ရည်ရွယ်ချက်၊ အတွေးအမြင်၊ စိတ်ကူးစိတ်သန်း တို့ကို အထူးအလေးထားသကဲ့သို့ပင် ထိုအချက် အားလုံးကို ပေါ်လွင်စေသည့် ရေးဟန်ကိုလည်း အထူးအလေးထားသည်ကို တွေ့ရပါသည်။ ရေးဟန် ဆိုရာ၌လည်း ဝါကျဖွဲ့ဟန်ကိုသာ အလေးထားသည် မဟုတ်၊ စကားအသုံးအနှုန်းကိုလည်း အလေးထားသည်။ အကြောင်းအရာနှင့် လိုက်ဖက်မှုကို ကြည့်၍ အနက်ပြစကားလုံးများကို ရွေးချယ်သုံးနှုန်းတတ်သည်။ အနက်ပြ စကားလုံး သာမက အသုံးပြ စကားလုံးများ ကိုလည်း ဂရုတစိုက် ရွေး၍ ရေးသည်ဟုပင် ထင်စရာ ရှိပါသည်။ ဆရာကြီး ရွေးသုံးသော အသုံးပြစကားလုံး များမှာ ဆရာကြီး ရွှေဥဒေါင်း၏ အဆိုအမိန့်နှင့် အညီ မထပ်အောင်လည်း သုံးတတ်သည်။ မထပ်အောင် သုံးခြင်းဖြင့် စကားပြေကို ချောပြေသကဲ့သို့ အသုံးပြစကားလုံးများကို အကြိမ်ကြိမ် ထပ်၍သုံးထား သည်ကိုလည်း တွေ့ရပါသည်။ အသုံးပြစကားလုံးများကို အလဲအပြောင်းနှင့် မသုံးတတ်၍ မဟုတ်ပါ။ အသုံးပြစကားလုံးတစ်မျိုးတည်းကို ထပ်ကာထပ်ကာ သုံးခြင်းဖြင့် အနက်ကို ထူးခြားလာစေသည်။ ဝါကျဟန် ပြေပြစ်လာစေသည်။ စာဟန်သည် ဆွဲဆောင်မှု ရှိလာစေသည်ကို တွေ့ရပါသည်။

ဆေးရုံနှင့် ကျွန်တော် ရသစာတမ်းတွင် စာရေးသူအနေနှင့် ဆေးရုံဆိုလျှင် ဒုက္ခနှင့် တွဲ၍ မြင်နေခဲ့ပုံကို တင်ပြရာ၌ - "ကျွန်တော်သည် ဆေးရုံကိုမြင်တိုင်း ထိုသို့တွေး၍၊ ထိုသို့ သတိရ၍၊ ထိုသို့စွဲ၍၊ ထိုသို့ ယူချင်စိတ်ပေါက်ခဲ့ဘူးသည်" ဟုရေးသားထားပါသည်။



http://mmteashop.com

တစ်ခုပြီးတစ်ခု ဖြစ်ပျက်ခြင်းသဘောကို ပြရာတွင် အနက်ပြစကား လုံးနှင့် တွဲသုံးရသော ပုဒ်ဆက်သမ္ဗန္ဓ "၍" ကို သုံးကြိမ်ဆက်တိုက် သုံးထားသည်။ ၍ ကိုဆက်တိုက် မသုံးဘဲ ကာ၊ ပြီး၊ ပြီးလျှင် စသည်ဖြင့် ပြောင်းသုံးနိုင်သည်။ ဆရာဇော်ဂျီသည် အသုံးပြုပုဒ် မပြောင်းဘဲ ဆက်တိုက်သုံးခြင်းဖြင့် ဆေးရုံနှင့်ပတ်သက်သည့် အရေးကိစ္စ၊ အတွေ့အကြုံသည် တစ်ခုပြီးတစ်ခု ပြောင်းသွားဟန် ပို၍ ပေါ်လာသည်။ 'ထိုသို့' ဆိုသည့် သမ္ဗန္ဓကို ဆက်တိုက်သုံး ပေးလိုက်ခြင်းဖြင့် အရေးကိစ္စ၊ အတွေ့အကြုံ ပြောင်းသော်လည်း စာရေးသူ၏ အတွေးမပြောင်းဘဲ ဒုက္ခဟုသာ အမြဲတွေး၊ အမြဲစွဲ၊ အမြဲယူခဲ့သော သဘောသည် လေးနက်ထင်ရှားလာပါသည်။ ၍ ဆိုသည့် အသုံးပြုစကားလုံးကို ဆက်တိုက်သုံးခြင်းဖြင့် ဆိုလိုရင်း ကို ပေါ်လွင်အောင် အထောက်အကူပြုနိုင်သည် ဟုဆိုရပါမည်။ ထို့အပြင် ဝါကျရေးဟန်သဘော နှင့်ကြည့်လျှင် ထပ်သလဲလဲ တူညီမှုများ၊ အသုံးပြု စကားလုံးကိုပါ မပြောင်းဘဲ ပုံစံတူအောင် ရေးဖွဲ့မှုကြောင့် ဝါကျသည် ဟန်ချက်ညီလာပါသည်။ ဆွဲဆောင်မှုရှိသော ဝါကျအသွင်ကို ဆောင်လာပါသည်။

အဆိုပါ ရသစာတမ်း၌ပင် ဆေးရုံအပေါ် အမြင်မှားနေရာမှ အမြင်မှန်သို့ ပြောင်းလဲလာပုံကို တင်ပြရာ၌ -"စင်စစ်မှာ ဆေးရုံကို ကျွန်တော်အမြင်မှားခဲ့ခြင်းသာဖြစ်သည်။ ခပ်လှမ်းလှမ်းမှနေ၍ တွေးချင်ရာတွေး၍ သတိရချင်ရာရနေခြင်းသာ ဖြစ်သည်။ သူနှင့် နဖူးတွေ့ဒူးတွေ့ တွေ့၍၊ သူ့ကို စစ်ကြည့်၍ သူ့အကြောင်းကို တွေးကြည့်သော အခါမှ အသိပြောင်းလာသည်" ဟု ရေးသားခဲ့သည်။ ဝါကျနစ်ကြောင်းတွင် ဝါကျတစ်ကောင်းစီ၌ **၍** ကိုနစ်ကြိမ်ဆက်တိုက် သုံးထားသည်။ '၍' ကို ထပ်ဆင့်သုံးလိုက်ခြင်းဖြင့် အတွေးမှားနေစဉ်ကလည်း အမှားကို တွေးပြီးရင်း ထပ်တွေးသည့်သဘော နိုင်မာလာသည်။ အတွေးမှန်သို့ ပြောင်းသွားသောအခါတွင် အမှန်ကို သိလိုက်သည်နှင့် လျင်လျင်မြန်မြန် အတွေးမှန်သို့ ကူးပြောင်းသွားသည့် စိတ်အစဉ်၏ ရွေ့လျားမှု မြန်ဆန်ပုံကို ပေါ်လာစေသည်ဟု ထင်မိပါသည်။ ပထမနေ့အထိ ဆေးရုံကို ဒုက္ခဟုစွဲနေပုံကို ဖော်ပြရာ၌လည်း "ထို့ကြောင့် ဆေးရုံကို မြင်တိုင်း ရောဂါကို တွေးမိ၍၊ ဒုက္ခကို သတိရ၍၊ ဒုက္ခဟုစွဲ၍၊ ဒုက္ခဟုယူချင် သော စိတ်သည် ပထမနေ့တွင်



http://mmteashop.com

မပြောင်းနိုင်သေး” ဟု ရေးသားခဲ့သည်။ ထိုဝါကျ၌လည်း ဝါကျတွင်း စကားစုများကို ပုံစံတူပြု၍ ပုံစံတူ ဟန်ချက်ညီ ဝါကျအဖြစ် ဖန်တီးထားရာတွင် အသုံးပြု စကားလုံး **၍** ကိုပါ မပြောင်းဘဲ ထပ်တလဲလဲ သုံးစွဲခဲ့သည်။ ပုံစံတူ စာစုများလာသည်နှင့်အမျှ စာရေးသူ၏ ဆေးရုံနှင့်ပတ်သက်လျှင် ဒုက္ခဟုချည်း စွဲနေသော အစွဲသည်လည်း ထပ်ကာထပ်ကာ ထင်ဟပ်လာသည်။

စာရေးသူ၏ ဒုက္ခအစွဲ လေးနက်ပုံသည် စာဖတ်သူ၏ စိတ်သို့ ကူးစက်လာစေပါသည်။ ‘၍’ ကို ထပ်တလဲလဲ သုံးခြင်းဖြင့် ဒုက္ခပြီးရင်းဒုက္ခဟုသာ မပြောင်းမလဲ စွဲမြဲခံစားနေရသော စိတ်အခြေအနေသည် ထင်းရှားလာပါသည်။

နွေဦးကျက်သရေ ရသစာတမ်းတွင်မူ နွားလွှတ်ပွဲကျင်းပရာ၌ ဘေးမဲ့နွားကြီးနှင့် အတူ လှည့်လည်လာသည်။ အတီး၊ အမှုတ်၊ အဆိုအကအဖွဲ့၏ အမှုအရာကို - “ နွားကြီး၏ အရှေ့တွင် ကိုဖေ၏ အက၊ ကွေး၍၊ ကော့၍၊ ယိမ်း၍၊ ယိုင်၍၊ ရှေ့ဆုံးက သွားသည်” ဟု သရုပ်ဖော် ရေးဖွဲ့ထားသည်။ ထိုဝါကျတွင် ၍ သမ္ဗန္ဓကို ဆက်တိုက်သုံးထားခြင်းဖြင့် ကွေးလိုက်၊ ကော့လိုက်၊ ယိမ်လိုက် နှင့် လျင်မြန်စွာ လှုပ်ရှားနေသော ကိုဖေ၏ ကဟန်သည် သရုပ်ပေါ်လာစေသည်။ အားရပါးရ မနားတမ်း ကနေသည့် လှုပ်ရှားဟန်ကို ထပ်တလဲလဲ သုံးထားသော ၍ အသုံးက ပို၍ မြန်ဆန်လာသည်ဟု ထင်လာစေသည်။

ဆရာဇော်ဂျီသည် **၍** ဆိုသည့် အသုံးပြုစကားလုံးကိုသာ ဝါကျတွင်း၌ ဆက်တိုက်သုံးသည် မဟုတ်။ **နှင့်** ဆိုသည် ပေါင်းစည်းမှုကို ဖော်ပြသော အသုံးပြု စကားလုံးကိုလည်း ဆက်တိုက်သုံးခြင်းဖြင့် အနက်ကို ထိရောက်စေပါသည်။ နွေဦးကျက်သရေ ရသစာတမ်းတွင် နွားလွှတ်ပွဲ လှည့်လည်လာပုံကို သရုပ်ဖော်တင်ပြရာ၌ “အိုးစည်ဝိုင်းအရှေ့တွင် ဘေးမဲ့နွားကြီး ပိတောက်ပန်းနှင့်။ သနပ်ခါးနှင့်၊ ကတ္တီပါနှင့်၊ ကောဇောနှင့်၊ ဣန္ဒြေကြီးနှင့်၊ သိက္ခာနှင့် တစ်လှမ်းချင်း လှမ်း၍ ပါလာသည်” ဟုရေးဖွဲ့ခဲ့ပါသည်။ **နှင့်** အသုံးပြု စကားလုံးကို ဆက်တိုက်သုံးပေးခြင်းဖြင့် နွားကြီး၏ အဆင်တန်ဆာ အားလုံးသည် တစ်ပေါင်း တစ်စည်းတည်း ဖြစ်လာပြီးလျှင် နွားကြီး၏



http://mmteashop.com

ကျက်သရေရှိ၍ တင့်တယ်သော သရုပ်သည် ပေါ်လာပါသည်။ **နှင့်** အသုံးကို ဆက်တိုက် သုံးခြင်းဖြင့် ဝါကျရှည် တစ်ကြောင်းအတွင်းရှိ စကားစုများ ပို၍ ဟန်ချက်ညီလာသည်။ ပို၍ ပြေပြစ်ချောမွေ့လာသည်။ နွားလှည်းပွဲ ကျင်းပသည့် မြန်မာတို့၏ စိတ်ထားအပေါ် အားရ ကျေနပ်နေသည့် စာရေးသူ၏ စကားသံကိုလည်း ကြားလာရပါသည်။ **နှင့်** ကို ဆက်တိုက် သုံးခြင်းဖြင့် ပေါင်းစည်းမှုအနက် ပိုပေါ်လာသည့်အပြင် စာရေးသူ၏ အားရကျေနပ်စိတ်နှင့် သူမြင်ခဲ့သော နွားလှည်းပွဲကို အားပါးတရ ခပ်သွက်သွက် ပြန်ပြောနေသည့် လေသံသည် စာဖတ်သူ၏ အကြားအာရုံသို့ ရောက်လာပါသည်။ စာရေးသူ၏ ကျေနပ်အားရသော လေသံမှတစ်ဆင့် နွားလှည်းပွဲ၏ မြင်ကွင်း စာဖတ်သူ၏ အမြင်အာရုံသို့ရောက်လာ ရပါတော့သည်။

ပြည်ထောင်စုနှင့်ကျွန်တော် ရသစာတတမ်းတွင် "မန္တလေးမြေပြင်မှ ပြင်ဦးလွင် ကုန်းမြင့်သို့၊ ပြင်ဦးလွင်ကုန်းမြင့်မှ ရှမ်းပြည်နယ် တောင်တန်းသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားရလေသည်" ဟုရေးသားထားသည်။ ထွက်ခွာရာပြပုဒ် **မှ** နှင့် ရှေ့ရှုရာပြပုဒ် **သို့** ကို ပုံစံတူ နှစ်ကြိမ် ထပ်သုံးခြင်းဖြင့် ပုံစံတူဟန်ချက်ညီဝါကျ ဖြစ်လာသည်။ ခရီးတစ်ဆင့်ပြီး တစ်ဆင့် လျင်မြန်စွာ ရွေ့လျားလာသည့် သရုပ်ထားစေသည်။

ခရီးလမ်းကို သရုပ်ဖော်ရာ၌လည်း - "တောတောင်ပေါက်လမ်းသည် တောင်ခန်းပန်းတွင် ဆံထိုးကဲ့သို့ ကောက်သည်။ ခရုပတ်ကဲ့သို့ လိမ်သည်။ မြစ်ကဲ့သို့ ကွေ့သည်။ မြွေကဲ့သို့ခွေသည်။ ထို့ကြောင့် ကျွန်တော်တို့၏ မော်တော်ကားသည် ကောက်ကာ၊ လိမ်ကာ၊ ကွေ့ကာ၊ ခွေကာ တက်သည့်အခါ တက်ရ၍ ဆင်းသည့်အခါ ဆင်းရသည်" ဟု ရေးဖွဲ့ထားသည်။ 'ကဲ့သို့' ဆိုသည့် စကားလုံးကို ပုံစံတူထား၍ ဟန်ချက်ညီ ဝါကျတိုများအဖြစ် တည်ဆောက်ထားသည်။ ပုံစံတူ ဟန်ချက်ညီဝါကျတို လေးများကြောင့် ကောက်၊ ကွေ့၊ လိမ်နေသည့်တောတောင် ပေါက်လမ်းခရီး၏ သွင်ပြင်ပုံပန်းသည် သရုပ်ထင်လာပါသည်။ ကား၏ လျင်မြန်စွာ ရွေ့လျားမှုနှုန်းနှင့်အညီ



http://mmteashop.com

လမ်းအဆင့်ဆင့်၏ သွင်ပြင်ပုံပန်း အမျိုးမျိုးသည်လည်း လျင်မြန်စွာ ပြောင်းလဲ ထင်ဟပ်လာစေသော ရေးဟန်ဖြစ်သည်။

ဆရာဇော်ဂျီသည် အသုံးပြစကားလုံးများကို ထပ်ကာထပ်ကာ သုံးခြင်းဖြင့် အနက်ကို ထင်ရှားလာစေသည်။ စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ယောင်မြင်ယောင် ဖြစ်စေသည်။ စာဖတ်သူ၏ စိတ်အာရုံကို တစ်ခုပြီးတစ်ခု ရွေ့လျားပြောင်းလဲလာစေသည်။ စာဟန်သွက်လက်၍ ချောမွေ့လာစေသည်။ အဆုံးသတ်ဝါကျတွင် တစ်ခုပြီးတစ်ခု ဖြစ်ပျက်ခြင်း အနက်ကိုပြသည်။ **ကာ** ဆိုသည့် အသုံးပြစကားလုံးကို ထပ်တလဲလဲ သုံးထားသည်။ **ကာ** နှင့် **၍** ကို အပြောင်းအလဲပြု၍ သုံးနိုင်သော်လည်း **ကာ** ကိုသာ ဆက်တိုက် သုံးထားသည်။ **ကာ** ကို ဆက်တိုက် သုံးသည့်အတွက် မော်တော်ကား၏ ကောက်ကာ၊ လိမ်ကာ၊ ကွေ့ကာ၊ ခွေကာဖြင့် တစ်နေရာပြီး တစ်နေရာ၊ ပုံစံအမျိုးမျိုးနှင့် ရွေ့လျားနေရပုံသည် စိတ်အာရုံနှင့် ထင်လာစေသည်။ ကား၏ အသွင် အမူအရာ အမျိုးမျိုးသည် လျင်လျင်မြန်မြန် ပြောင်းလဲနေပုံတို့ စာဖတ်သူ၏ စိတ်မျက်စိ၌ ဖျပ်ကနဲ၊ ဖျပ်ကနဲ ထင်လာအောင် **ကာ** ကို ဆက်တိုက် သုံးထားခြင်းဖြစ်သည်။ ပုံစံတူ ဟန်ချက်ညီ ဝါကျသဘောဆောင်၍ ပြေပြစ်ပြီး ချောမွေ့နေသည်။

အသုံးပြစကားလုံး **မှ** ကိုဆက်တိုက်သုံး၍လည်း ဝါကျအတွင်း စကားစုများ ဟန်ချက်ညီအောင် ဖွဲ့ပုံကို နွေဦးကျက်သရေ၌ "မတော်လောဘ အနှောင်အဖွဲ့မှ၊ မတော်ဒေါသ အနှောင်အဖွဲ့မှ၊ မတော်မာန အနှောင်အဖွဲ့မှ၊ ခပ်သိမ်းကုန်သော အဓမ္မ အနှောင်အဖွဲ့တို့မှ မြန်မာပြည်သည် ဘေးမဲ့နွားကြီးကဲ့သို့ လွတ်မြောက်ပါစေဟု ဆုတောင်းဖြစ်အောင် သတိလစ်၍ မနေချင်သောကြောင့် ဖြစ်ပါသည်" ဟု ရေးဖွဲ့ခဲ့သည်။ အနက်ပြ စကားစုများနှင့်အတူ အသုံးပြစကားလုံး **မှ** ကိုလည်း အကြိမ်ကြိမ် သုံး၍ ဟန်ချက်ညီအောင် ရေးထားသည့်အတွက် စာဟန်သည် ပြေပြစ်ခဲ့ညားနေသည်။ အလေးအနက်ထား၍ တွေးတောဆင်ခြင်ပြသည့် လေသံပေါ်သည်။ သတ္တဝါအများနှင့် မြန်မာပြည်သားတို့အား အနှောင်အဖွဲ့ခပ်သိမ်းမှ လွတ်မြောက်စေလိုသော စာရေးသူ၏



http://mmteashop.com

စေတနာလေသံကို စာဖတ်သူတို့ကြားယောင်လာရသည်။ **မှ** ဆိုသည် ထွက်ချာရာပြ စကားလုံးကို ထပ်တလဲလဲ သုံးခြင်းဖြင့် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်စေလိုသည့် စေတနာသည် တစ်စုတစ်စည်းတည်း ပေါင်းမိကာ အင်ပြည့်အားပြည့် သဘောဆောင် လာသည်ဟု ထင်မိပါသည်။

http://mmteashop.com

## ၈။ အနက်ပြစကားလုံးအသုံး

အသုံးပြစကားလုံးကဲ့သို့ သဒ္ဒါသဘောအရ အနက်ပေါ်လာအောင် သုံးစွဲရသော စကားလုံးများသည်ပင် ဆရာဇော်ဂျီ၏ ဝါကျထဲသို့ ရောက်သွားသောအခါ ထူးခြား ဆန်းသစ်နေတတ်သည်။ အသုံးပြစကားလုံး ၍၊ မှ၊ နှင့်၊ ကာ စသည်တို့ကို အပြောင်းအလဲနှင့် သုံးမှ ဝါကျပြေပြစ် ချောမွေ့မည်၊ ကြံ့ခိုင်မည်ဆိုသော်လည်း အသုံးပြစကားလုံး တစ်လုံးထဲကိုပင် ဝါကျတစ်ကြောင်းအတွင်း၌ အကြိမ်ကြိမ် ထပ်သုံးခြင်းဖြင့် အနက်ကို ထိရောက်စေသည်။ အသံကို ကြားလာစေသည်။စာရေးသူ ပြောပြနေသည့် မြင်ကွင်းရွေ့လျားမှုကို မြင်လာစေသည်။ ဝါကျကို ဟန်ချက်ညီသွား စေခြင်းဖြင့် ချိုသာပြေပြစ်စေသည်။ အတွေးရော အရေးပါ သွက်သွက်လက်လက် ထက်ထက်မြတ်မြတ် ရှိလာစေကါသည်။ အသုံးပြစကားလုံးများကို အလွယ်တကူ ဝါကျဖြစ်ရုံမသုံးဘဲ မိမိတင်ပြမည့်စိတ်ကူးနှင့် လိုက်ဖတ်စေရန်နှင့် စိတ်ကူးသရုပ်ကို ဖော်ထုတ်ရာတွင် အထောက်အပံ့ဖြစ်အောင် သုံးတတ်ပါပေသည်။

အသုံးပြစကားလုံးကိုပင် အလေးထား၍ ရွေးချယ်သုံးနှုန်းခဲ့သော ဆရာကြီး အနေနှင့် ဆိုလိုချက်များပေါ်လွင်လာအောင် ပါဝင်ရသော အနက်ပြ စကားလုံးများကို သုံးရာ၌မူ ပို၍ပင် အကြောင်းအရာနှင့် လိုက်ဖက်အောင် ရွေးချယ်သုံးနှုန်းခဲ့ပေသည်။ ဆရာကြီး၏စာများ နှစ်သက်ဖွယ် ဖြစ်ရခြင်းအကြောင်းများထဲတွင် စကားအသုံးအနှုန်း ရွေးချယ်နိုင်မှု ဂုဏ်ရည်သည်လည်း အဓိကနေရာမှ ပါဝင်ပါသည်။ စကားလုံး ကောင်းသည်ဟု ဆိုရာ၌ သစ်လွင်လှပ၊ နရွခန့်ညားသည့် စကားလုံးများကို ရွေးသုံးခြင်း မဟုတ်ပါ။ စာရေးသူ၏ စိတ်ကူးကို ပုံဖော်နိုင်မည့် စိတ်ကူးနှင့် လိုက်ဖက်သော စကားလုံးများကို ရွေးသုံးတတ်ခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ စကားသုံးများသည် အချို့နေရာ၌ ခံ့နေတတ်သည်။ စာပေသုံး စကားများဖြစ်နေတတ်သည်။ စကားလုံး များသည် နနရွရွ ရှိနေတတ်သည်။ အချို့နေရာ၌ ပါဠိစကားလုံးများ တွဲသုံး၍ အခံ့အညား



http://mmteashop.com

ဖြစ်နေတတ်သည်။ အချို့နေရာ၌ အရပ်သုံးစကားဖြင့် စာဖတ်သူ၏ ခံစားမှုအာရုံဆီသို့ အလွယ်တကူ ရောက်အောင် ရေးသားတတ်သည်။

ကဗျာဝိုင်းစာဝိုင်းနှင့် ကျွန်တော် ရသစာတမ်းတွင် ဆွေးနွေးပွဲနှင့် လက်ဖက်ရည်ဝိုင်း မတူပုံကို တင်ပြသည့်အပိုင်း၌ ဆွေးနွေးပွဲ၏ သဘောကို - "ဆွေးနွေးပွဲဆိုသောစကား၌ နိုင်ငံရေးဆွေးနွေး သယောင်ယောင်၊ မစေ့စပ်ခင် အကဲခတ်စကား ပြောဆိုသယောင်ယောင် အနက်ထွက်သည်ဟုလည်း အောက်မေ့မိသည်။ ဣန္ဒြေကြီး၊ သိက္ခာကြီး၊ စည်းကမ်းကြီးနှင့် ပြောရဆိုရသယောင်ယောင် အနက်ထွက်သည် ဟုလည်း အောက်မေ့မိသည်" ဟု ရေးသားထားသည်။ ထိုဝါကျများတွင် "ဣန္ဒြေကြီး၊ သိက္ခာကြီး၊ စည်းကမ်းကြီး" ဟုရေးသားထားသည်။ ဣန္ဒြေအစား ဣန္ဒြေကြီး၊ သိက္ခာအစား သိက္ခာကြီးဟု ကြီးဆိုသည့် နာမဝိသေသနကို တွဲလိုက်သည့်အတွက် စာရေးဆရာ ဆိုလိုသည့် အနက်ပေါ်လွင် လာရုံသာမက လက်ဖက်ရည်ဝိုင်းကဲ့သို့ ပေါ့ပါးသော ဆွေးနွေးပွဲများကို နှစ်သက်သော်လည်း နိုင်ငံရေး ဆွေးနွေးပွဲကဲ့သို့သော ဆွေးနွေးပွဲမျိုးကို မနှစ်သက်သည့် ခံစားမှုပါလာသည်။ ဣန္ဒြေရှိသည်ဟု ပြောခြင်းသည် ရိုးရိုးအနက် ဆောင်သော်လည်း ဣန္ဒြေကြီးလိုက်တာဟု ပြောလိုက်လျှင် မနှစ်မြို့သည့်သဘော၊ ဟန်ဆောင်ကြီးကျယ်နေသည်ဟု မြင်ကာ သရော်လိုသည့်သဘောများ ပါဝင်လာသည်။ စာရေးသူ၏ မနှစ်သက်သော ခံစားမှုပါပေါ်လာအောင် စကားသုံးကို ရွေးသုံးထားသည်။ ဣန္ဒြေ၊ သိက္ခာဆိုသည့် ပါဠိစကားများကို သုံးခြင်းဖြင့် ဆွေးနွေးပွဲများတွင် ပါဝင်ကြသူများ၏ ဟိတ်ဟန်ကြီးသော အမူအရာနှင့် လိုက်ဖက်သွားသည်။ ဆိုလိုချက် ပို၍ ပေါ်လွင် လာသည်။ သရော်လိုသည့် ခံစားချက်ပါလာပါသည်။

ကဗျာဝိုင်း စာဝိုင်းနှင့်ကျွန်တော် ရသစာတမ်းတွင် - "ထိုဝိုင်းတွင် တစ်ခါတစ်ရံ ရာဇဝင်စိမ့်မြိုင်ကြီး၌ ခရီးသွားကြသည်။ တစ်ခါတစ်ရံ မျက်မှောက်ခေတ် စာပေ၏ မျက်နှာတွင် နံ့သာပန်းမန်ခြယ်ကြသည်။ တစ်ခါတစ်ရံ ရှေးဟောင်းစာပေ၏ အရိပ်၌နေ နားဝင်ခိုကြသည်။" ဟုရေးသားထားသည်။ ရာဇဝင် အကြောင်းအရာများသည် ပြောဆို



http://mmteashop.com

ဆွေးနွေး၍ မကုန်အောင် များပြားသည်။ ထုပြောသည်။ ထိုသဘောကို ရာဇဝင်စိမ့်မြိုင်ကြီးဟူ၍ ရူပကအလင်္ကာမြောက်သော အသုံးဖြင့် တင်ပြရေးသားခဲ့သည်။ ရာဇဝင်၏ သဘောသည် ကြီးကျယ်ခမ်းနားသွားသည်။ ခံ့ထည်သွားသည်။ လက်ဖက်ရည်ဝိုင်း၌ ဆွေးနွေးသောစကားတို့တွင် ကြီးကျယ်၍ တန်ဖိုးရှိသော စကားများ ပါဝင်သည်ဟု လက်ဖက်ရည်ဝိုင်း ထိုင်သူများဘက်မှ ဘက်လိုက်ပြောဆိုလိုသည့် စာရေးသူ၏ စေတနာမှ ပေါက်ပွားလာသော စကားသုံးဟု ဆိုနိုင်ပါသည်။

မျက်မှောက်ခေတ် စာပေ၏ မျက်နှာဟု သုံးလိုက်ခြင်းဖြင့် မျက်မှောက်ခေတ် စာပေနှင့် ပတ်သက်သည့် မြင်သာသောအချက်၊ မျက်နှာပန်းလှစရာအချက်၊ ဂုဏ်ယူစရာ အချက်များကို ဆွေးနွေးကြသည့် သဘောသက်ဝင်သွားသည်။

မျက်မှောက်ခေတ် စာပေဟု ရိုးရိုးမသုံးဘဲ မျက်နှာကို တွဲသုံးထားသည့်အတွက် မျက်မှောက်ခေတ် စာပေ၏ ဦးစားပေးထိုက်သော သဘောကိုလည်း ယူနိုင်သည်။ စကားလုံး တစ်လုံး တိုးလိုက်ခြင်းဖြင့် တွေးစရာအနက်များ ဝေဆာသွားသည်။ လက်ဖက်ရည်ဝိုင်းတွင် ဆွေးနွေးကြသည့် စာပေအကြောင်းအရာများ၏ တန်ဖိုးကို မြှင့်ပေးနိုင်သော စကားလုံးဖြစ်သည်။ "ဆွေးနွေးကြသည်" ဟုသာမန်မျှ မပြောဘဲ "နှံ့သာပန်းမန် ချယ်ကြသည်" ဟု သွယ်ဝိုက်၍ တင်စားသုံးနှုန်းထားသည်။ စကားသုံးသည် လှပခံ့ညား သွားသည်နှင့်အမျှ စာပေနှင့် ပတ်သက်၍ ဆွေးနွေးသည့် အကြောင်းအရာနှင့် ဆွေးနွေးသူတို့၏ တန်ဖိုးသည် ကြီးမြင့်သွားသည်။ မိမိတို့ ထင်ရာမြင်ရာကို အာရွှင်သလို လျှောက်ပြောနေကြခြင်း မဟုတ်။ မျက်မှောက်ခေတ်စာပေကို အပြုသဘောနှင့် ဝေဖန် ဆွေးနွေးနေခြင်းသာ ဖြစ်သည်။ မျက်မှောက်ခေတ်စာပေ ပိုမိုလှပ၍ တန်ဖိုးတက်လာစေရန် အပြုသဘော ဆွေးနွေးမှုများ ဖြစ်သည်ဟူသော သဘော သက်ရောက်လာစေသည်။

စာရေးသူသည် အတွေးအမြင် မျှတသူ ဖြစ်သည့်အလျောက် မျက်မှောက်ခေတ် စာပေအကြောင်း ဆွေးနွေးသူများကို အားပေးလိုသကဲ့သို့ ရှေးဟောင်းစာပေအကြောင်း ဆွေးနွေးသူများကိုလည်း အားပေးလိုသည်။ ရှေးဟောင်းစာပေဟု သာမန်မျှ မရေးဘဲ



http://mmteashop.com

ရှေးဟောင်းစာပေ အရိပ်ဟု သုံးလိုက်သည်။ ထိုအသုံးမှာ စာရေးသူ၏ ရှေးဟောင်းစာပေကို မြတ်နိုးသော စေတနာမှ ယိုစိမ့်လာခြင်း ဖြစ်သည်။

ထိုအသုံးမှာ စာရေးသူ၏ ရှေးဟောင်းစာပေကို မြတ်နိုးသော စေတနာမှ ယိုစိမ့်လာခြင်း ဖြစ်သည်။ ရှေးဟောင်းစာပေအကြောင်း ဆွေးနွေးသူတို့ကိုလည်း ချစ်ခင်စိတ် ရှိသည့်အလျောက် "ရှေးဟောင်း စာပေအရိပ်၌ နေနားခိုကြသည်" ဟုသုံးထားသည်။ "နေနားခိုကြသည်" ဟူသော အသုံးကြောင့် ရှေးဟောင်း မြန်မာစာပေ၌ ဘဝအမောပြေစရာ၊ ဘဝအတွက်၊ စာပေအသိတရားအတွက် အားကိုးအားထားပြုစရာများ ပါဝင်သည် ဆိုသည့်သဘော ဆီသို့ အနက်နွယ်သွားပါသည်။ ဆရာကြီးသည် သူချစ်သော လက်ဖက်ရည်ဝိုင်း (ဝါ) ကဗျာဝိုင်းစာဝိုင်း၏ တန်ဖိုးကို စာဖတ်သူတို့ မြင်လာအောင် ခံစားမှုမှ ပေါက်ဖွားလာသော စကားသုံး အခုံအညား၊ အလှအပ၊ အယဉ်အကျေးတို့ဖြင့် သုံးနှုန်းရေးသားခဲ့သည်ဟု ဆိုရပါမည်။

ဆရာကြီးသည် စကားသုံး အခုံအယဉ်ကို သုံးရာမှ လက်ဖက်ရည်ဝိုင်းတွင် ပါဝင်သော လူ့စရိုက်အမျိုးမျိုး၊ လူ့အမူအရာအမျိုးမျိုးကို စာဖတ်သူတို့ ထင်မြင်လာစေလိုသည်။ ထင်မြင်လာအောင် သရုပ်ဖော်ရာ၌ - "ထိုဝိုင်းတွင် မြောက်ပြောသူလည်း ပါသည်။ ချွန်းသူလည်းပါသည်။ ခပ်တည်တည်ပြောသူလည်းပါသည်။ စပ်ဖြဲဖြဲ ပြောသူလည်း ပါသည်။ ရယ်မောချေပ လိုက်သူလည်းပါသည်" ဟု သရုပ်ဖော် ရေးသားထားသည်။

ထိုနေရာ၌မူ "မြောက်ပြောသူ" "ချွန်းသူ" "ခပ်တည်တည်ပြောသူ" "စပ်ဖြဲဖြဲပြောသူ" ဆိုသည့် အရုပ်သုံးစကားများကို သုံးထားသည်။ အရုပ်သုံး စကားများကြောင့် စာဖတ်သူအနေနှင့် မိမိတို့နှင့် ရင်းနှီးပြီးဖြစ်သော လက်ဖက်ရည် ဝိုင်းများတွင် တွေ့ရမြင်ရလေ့ရှိသော လူ့အမူအရာ သွင်ပြင်အားလုံး ထင်ဟပ်လာပြီး ရယ်ချင်ပြုံးချင်၊ လက်ခံချင်လာပါသည်။ လက်ဖက်ရည်ဝိုင်းရှိ လူတို့၏ ဆွေးနွေးပုံကို - "တစ်ဦးက သုတတ်ကြောင်းပြချင်သဖြင့် သုတတ်သမျှ အန်ထုတ်သည်။ တစ်ဦးက



http://mmteashop.com

ပြုံးပြုံးပြုံးပြုံးနှင့် နားထောင်ရင်း ချက်ကောင်းကိုင်၍ တွယ်လိုက်သည်” ဟုရေးသား ထားပြန်သည်။ “ အန်ထုတ်သည်” “ ချက်ကောင်းကိုင်၍တွယ်လိုက်သည်” ဟူသော နေ့စဉ်သုံး၊ အရပ်သုံးစကားများကြောင့် လူ့စရိုက်များသည် ပို၍ ပေါ်လွင်လာသည်။ လက်ဖက်ရည်ဝိုင်းသည် ပို၍ အသက်ဝင်လာသည်။ ပို၍ ရုပ်လုံးပေါ်လာသည်။

လက်ဖက်ရည်ဝိုင်းတွင် ကဗျာကြောင်းစာကြောင်း ဆွေးနွေးရာမှ ရရှိလာသည့် အကျိုးတရားကို ဖော်ပြရာတွင်မူ -“ဤသို့ဖြင့် စာပေ၏ အနှစ်သာရသည် မြုပ်ရာမှ ပေါ်လာသည်။ ပေါ်ရာမှပျံတက်သည်။ တစ်နည်းအားဖြင့် လက်ဖက်ရည်ဝိုင်းသည် ဘဝပီတိ ရှာတည်းတစ်မျိုးပင် ဖြစ်လေသလောဟု ကျွန်တော်တွေးတော လာမိသည်။” ဟုရေးသား ထားသည်။ မြုပ်၊ ပေါ်၊ ပျံ ဆိုသည့် အသုံးများကြောင့် လက်ဖက်ရည်ဝိုင်းတွင် စာပေအကြောင်း ဆွေးနွေးမှု၏ အကျိုးသည် ထင်ရှားလာသည်။ “စာပေ၏အနှစ်သာရ” “ ဘဝပီတိရှာနည်း” ဆိုသည့် အသုံးများသည် လေးနက်သည်။ ခံ့ညားသည်။ လက်ဖက်ရည်ဝိုင်းတွင်ထိုင်ရင်း စာကြောင်းကဗျာကြောင်း ဆွေးနွေးရာမှ စာပေ၏ အနှစ်သာရကို ခံစားနိုင်သည်။ စာပေကပေးစွမ်းသည့် ဘဝပီတိကို ရနိုင်သည်ဆိုသည့် သဘောများကို ကျစ်လစ်သိပ်သည်းသည့် စကားသုံးဖြင့် တင်ပြနိုင်ခဲ့ပါသည်။

ဆေးရုံနှင့် ကျွန်တော် စာတမ်းတွင် ဆေးရုံနှင့်ပတ်သက်၍ အတွေးမှားခဲ့ပုံကို တင်ပြရာ၌ - “မစူးစမ်းမဆင်ခြင်ဘဲ တွေးချင်ရာလျှောက်တွေး၍၊ ပြောချင်ရာစွတ်ပြော၍၊ လုပ်ချင်ရာ လျှောက်လုပ်သော အကျင့်ဆိုးမျိုးကြောင့်သော်လည်း ဖြစ်ရသည်” ဟုရေးသား ထားသည်။ “ လျှောက်တွေး၊ စွတ်ပြော၊ လျှောက်လုပ်” ဆိုသည့် အရပ်သုံးစကားများကို နေရာတကျ သုံးထားသည့်အတွက် ဆေးရုံအပေါ် အတွေးမှားခဲ့သည့်အတွက် မိမိကိုယ်ကို အပြစ်တင်လိုစိတ်၊ ဒေါသစိတ်ဖြစ်နေသည့် ခံစားမှုပေါ်လွင်လာပါသည်။

အရပ်သုံးစကားများကို သုံးခြင်းဖြင့် ဆိုလိုချက် ပို၍ ပေါ်လွင်စေသည်။ ပုဂံမြို့ဟောင်းနှင့် ကျွန်တော်တွင် အာနန္ဒာဘုရား၏ မျက်နှာကျက်ခေါင်ကြောင်းအကြောင်း တင်ပြရာတွင် -“ ထိုခေါင်ကြောင်းသည် အာနန္ဒာဘုရားဖူး၏ မျက်စိကို ချူရန်ဖြစ်လေသည်။



http://mmteashop.com

ချုမိလျှင် ထိုမျက်စိကို မတ်ရပ်ဆင်းတုတော်၏ မျက်နှာတော်သို့ ပို့ပေးမည်ဖြစ်သည်။ ဤသို့ဖြင့် ထိုမျက်စိသည် မျက်နှာတော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်သည်" ဟုရေးသားထားသည်။ ဘုရားထူး၏ မျက်စိကို ဆွဲဆောင်သည်ဟု မသုံးဘဲ ချုသည်ဆိုသည့် နှုတ်ပြောစကားကြောင့် အာနန္ဒာခေါင်ကြောင်း၏ မဖြစ်မနေ ဖမ်းစား ညှို့ယူနိုင်သည့် သဘောသည် ထင်ရှားလာပါသည်။ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သည် ဟူသော အရပ်သုံးစကားကလဲ သိလွယ်မြင်လွယ်စေသည်။ ပုဂံမြို့ဟောင်းကို ရှေ့တည့်တည့်၌ မြင်လိုက်ရသည်ကိုပင် "ပုဂံမြို့ဟောင်းကို ပက်ပင်းပါ မြင်ရမည်ဟု ထင်မိသည်" ဟုအရပ်သုံးစကားဖြင့် တင်ပြခဲ့ပါသည်။

ရွှေပြည်စိုးနှင့် ကျွန်တော်တွင် ရွှေပြည်စိုးဝတ္ထုကို ပြန်လည်ပုံနှိပ်ချိန်တွင် စာရေးသူ အနေနှင့် စာပေအဖတ်အရှု အတော်ပင်များနေခဲ့ပေပြီ။ ထိုအကြောင်းကို တင်ပြရာ၌ - "ရွှေပြည်စိုးကို ပြန်လည် ပုံနှိပ်သောအခါ ကျွန်တော့်မှာ လူလားမြောက်၍ အလိုက်အထိုက် စာဝါးဝနေနှင့်လေပြီ" ဟု လည်းကောင်း၊ "ကာလပေါ် ဝတ္ထု ခပ်များများ ဖတ်ရှုဖူးပြီ၊ ထို့ပြင် လူဝါးလည်း အတန်အသင့် ဝနေနှင့်ပြီ" ဟု လည်းကောင်း အရပ်သုံးစကားများနှင့် သုံးနှုန်းရေးသားခဲ့ပါသည်။ "လူဝါးဝ၊ စာဝါးဝ" ဆိုသည့် အရပ်သုံးစကားများကြောင့် ရွှေပြည်စိုးဝတ္ထု ပထမအကြိမ် ပေါ်ထွက်လာစဉ်က လောကအတွေ့ အကြုံ၊ စာပေအတွေ့အကြုံ နည်းပါးသူ၏ အနေအထားနှင့် ဒုတိယအကြိမ် ပုံနှိပ်သောအခါတွင် စာပေအတွေ့အကြုံ၊ လောကအတွေ့အကြုံရှိလာသည့် အနေအထားသည် ကွဲပြား ခြားနားစွာ ပေါ်လွင်လာပါသည်။ အရပ်သုံးစကားများကို နေရာတကျ သုံး၍လည်း ဆိုလိုချက်ကို ပေါ်လွင်စေပါသည်။

ဆရာဇော်ဂျီသည် အကြောင်းအရာကိုလိုက်၍ ထိရောက်သော စကား အသုံးအနှုန်းကို ရွေးချယ်ရာ၌ ထက်မြက်လှသည်။ ပြည်ထောင်စုနှင့် ကျွန်တော်တွင် - "ထို့ကြောင့် ကျွန်တော့်သမီးငယ်သည် သွေးတူသားတူ တိုင်းရင်းသား၊ တစ်မြေထဲနေ တစ်ရည်တည်းသောက် တိုင်းရင်းသား၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွား



http://mmteashop.com

တိုင်းရင်းသားတို့ကို လေးစားချစ်ခင်တတ်ဖို့ လိုပေသေးသည်။ သူတို့နှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ဖို့ လိုပေသေးသည်" ဟု ရေးဖွဲ့ထားပါသည်။ တိုင်းရင်းသား အချင်းချင်း သွေးရင်းသားရင်းဖြစ်၍ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်သင့်ပုံကို "သွေးသောက် တိုင်းရင်းသား" "တစ်မြေထဲနေ တစ်ရေတည်းသောက် တိုင်းရင်းသား" "တစ်လှေနည်း တစ်ခရီးတည်းသွား တိုင်းရင်းသား" "တစ်စိတ်တစ်ဝမ်းတည်း" ဟူသော အနက်ချင်း တူသည့် စကားသုံးအမျိုးမျိုးကို ပြောင်းသုံး၍ လေးနက်ထင်ရှားလာအောင် ရေးသား ထားပါသည်။

လွတ်လပ်ခြင်း၏ သဘောကို တင်ပြရာ၌ နွေဦးကျက်သရေ ရသစာတမ်းတွင် - "မတော်လောဘ အနှောင်အဖွဲ့မှ၊ မတော်ဒေါသ အနှောင်အဖွဲ့မှ၊ မတော်မာန အနှောင်အဖွဲ့မှ ခပ်သိမ်းကုန်သော အစမွှအနှောင်အဖွဲ့တို့မှ မြန်မာပြည်သည် ဘေးမဲ့နွားကြီးကဲ့သို့ လွတ်မြောက်ပါစေဟု ဆုတောင်းဖြစ်အောင် သတိလစ်၍ မနေချင်သောကြောင့် ဖြစ်ပါသည်" ဟုရေးသားခဲ့ပါသည်။ မတော်လောဘ၊ မတော်ဒေါသ စသည့် ပါဠိနှင့်မြန်မာ စကားလုံးကို တွဲသုံးလိုက်ခြင်းဖြင့် စာဟန်သည် ခံ့ညားသွားပါသည်။ လွတ်လပ်ခြင်းကို တရားသဘောနှင့် ယှဉ်၍တွေးပြသော စာရေးသူ၏ နက်ရှိုင်းသောအတွေးနှင့် လိုက်ဖက်သည့် ရေးဟန်ဖြစ်လာစေရန် ဆီလျော်လိုက်ဖက်သော စကားသုံးများက ထောက်ကူ ပံ့ပိုးထားပါသည်။

ဆရာဇော်ဂျီ စကားသုံးများသည် နှလုံးသားခံစားချက်မှ စီးဆင်း စိမ့်ယိုလာခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နွေဦးတွင် မြင်ရလေ့ရှိသော ရေချမ်းစင် အလှူဒါနကို ဆရာကြီး မြတ်နိုးချစ်ခင်သည်။ မြန်မာ့စိတ်ကို ဖော်ပြသည့် အမှုအရာဖြစ်၍ ကျက်သရေရှိလှသည်ဟု ခံယူသည်။ ထိုသို့သော မြတ်နိုးလေးစားသည့် ခံစားမှုဖြင့် - "ထိုအမှုအရာမျိုးသည် နွေဦးကျက်သရေ တစ်ခုဖြစ်လေသည်။ ထိုအမှုအရာမျိုးကို မြန်မာနိုင်ငံသားတို့၏ ရေချမ်းစင်ယဉ်ကျေးမှုဟု ခေါ်ထိုက်လေသည်။ တစ်ဖန် လူထုအတွက် လူထုကပြုနိုင်သော အမှုအရာမျိုး ဖြစ်သဖြင့် လူထုယဉ်ကျေးမှုဟူ၍လည်း ဆိုနိုင်လေသည်" ဟု



http://mmteashop.com

ရေးသားခဲ့သည်။ နွေဦးကျက်သရေဟု ရေချမ်းစဉ်ကို သုံးလိုက်ချင်းသည် ခံစားမှုမှ ပေါက်ပွားလာသော တင့်တယ်ခံ့ညားး၍ မြတ်နိုးစရာကောင်းသော စကားသုံးဖြစ်သည်။ ရေချမ်းစင်များကို မြန်မာပြည် အနှံ့အပြား၌ တွေ့မြင်နေကြ ဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှု တစ်ရပ်၊ လူထုယဉ်ကျေးမှုတစ်ရပ်ဟု မြင့်မြင့်မားမား ခံစားတွေးတောသည့် အဆင့်သို့ မရောက်ခဲ့ပေ။ ဆရာကြီးကမူ မြန်မာ့ပတ်ဝန်းကျင်၌ မြင်တွေ့နေရသော အသေးအဖွဲ၊ အညတရ အရာများကို အလေးအနက်ထား၍ ခံစားရှုမြင်သည်။ မြန်မာတို့၏ မြင့်မြတ်သော နှလုံးသားမှ ပေါက်ပွားလာသည့် အလှုဆုံး၊ အယဉ်ကျေးဆုံးအရာများဟု ခံစားရှုမြင်သည်။ ထိုသဘော၊ ထိုခံစားမှုဖြင့် "ရေချမ်းစင်ယဉ်ကျေးမှု၊ နွားလွှတ်ပွဲယဉ်ကျေးမှု၊ လူထုယဉ်ကျေးမှု" ဟု ခံ့ညားထည်ဝါသော စကားသုံးများအဖြစ် ချီးမြှင့်ဖန်တီးခဲ့ပါသည်။

ဆရာကြီး၏ ဝမ်းမြောက်ကျေနပ်သည့် ခံစားမှုမှ ပေါက်ဖွားလာသော စကားသုံးများကို တွေ့ရသကဲ့သို့ ကိုယ့်လူမျိုးအပေါ် အားမလို အားမရ၊ မချင့်မရဲဖြစ်သည့် ခံစားမှုမှ ပေါက်ဖွားလာသည့် အတွေးနှင့် ခံစားမှု ထင်ဟပ်နေသော စကားသုံးများလဲ ရှိပါသည်။ ဘိလပ်သား၊ အနောက်နိုင်ငံသားတို့သည် တီထွင်မှု အမျိုးမျိုးကို ကြိုးစားလုပ်ကိုင်၍ မြေရှိုးမိုးပျံနေကြသည်။ ရွှေမိုးငွေမိုးရွာနေကြသည်။ မြန်မာတို့မှာ ပြဒါးသေတစ်ပြည်ဝ၊ သံသေတစ်ဆွေဝနှင့် အပြောကောင်းနေဆဲသာရှိသည်။ အခြားနိုင်ငံသား တို့၏ အောင်မြင်မှုကို အတုယူစေလိုသည်။ ဘိလပ်သားတို့က သံကိုအရည်ကြို၍ အခိုင်အခံ့ ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေစဉ်တွင် မြန်မာတို့က သံလည်း မြန်မာတို့က သံလည်း သခ်ါရပါပဲ သခ်ါရကို လက်ကိုင်ထားနေကြသည့်အတွက် ပို၍ မချင့်မရဲဖြစ်လာရသည်။

ထိုခံစားမှုနှင့် ကောက်ရိုးသခ်ါရ၊ သံသခ်ါရစာတမ်းတွင် - "ကောက်ရိုးလည်း အနိစ္စသခ်ါရ တရားနှင့်မကင်း။ သံလည်း အနိစ္စသခ်ါရ တရားနှင့်မကင်း" သို့ရာတွင် မကင်းသည်ချင်း တူကြပါသော်လည်း ကောက်ရိုးသည် အပျက်လွယ်သည်။ သံသည်



http://mmteashop.com

အပျက်မလွယ် တာရှည်ခံသည်။ ဘိလပ်သားတို့၏ သင်္ခါရကား ကောက်ရိုးသင်္ခါရမျိုးမဟုတ်၊ သံသင်္ခါရမျိုးဟု ကျွန်တော်ဆိုလိုချင်သတည်း” ဟုရေးသားခဲ့ပါသည်။

မိမိနိုင်ငံနှင့် လူမျိုးကို ကြီးပွားတိုးတက်စေလိုသော စေတနာမှ ပေါက်ဖွားလာသော ကောက်ရိုးသင်္ခါရ၊ သံသင်္ခါရဆိုသည့် ဝေါဟာရအသုံးသည် ဆန်းသစ်လှပါသည်။ ဆန်းသစ်သည်နှင့် အမျှ နက်ရှိုင်းသော အတွေးအမြင်တို့သည် အနက်၌ တွဲဖက်ပါဝင်နေပါသည်။ မိမိလူမျိုးအား စေတနာထားသည့်အလျောက် အားမလိုအားမရဖြစ်နေသည့် ခံစားမှုဖြင့် မွေးဖွားပေးလိုက်သော နက်နဲသိမ်မွေ့သည့် ဝေါဟာရအသစ်အဆန်း ဖြစ်ပါသည်။ ထိုစာတမ်းကို တစ်ကြိမ်ဖက်မိရုံနှင့် တစ်သက်မမေ့နိုင်လောက်အောင် အသိအမြင်လင်းပွင့်စေသည်နှင့်အမျှ စွဲလန်းအောက်မေ့နေစေသည့် စကားသုံးဖြစ်ပါသည်။ အလှမ်းချင်း အနက်ချင်းဝေးလှသော ကောက်ရိုးနှင့်သင်္ခါရ၊ သံနှင့် သင်္ခါရကို ယှဉ်တွဲ၍ သုံးတတ်သည့် စိတ်ကူးမှာလည်း ထက်မြက်လှပါတော့သည်။

ဆရာဇော်ဂျီသည် အတွေးထက်မြက်သည်နှင့်အမျှ အရေးထက်မြက်သူ ဖြစ်ပါသည်။ အရေးထက်မြက်ရန် ဝါကျအမျိုးမျိုးကို ထိရောက်၊ မှန်ကန်အောင် တည်ဆောက်နိုင်သော ဝါကျလက်သမားဖြစ်သကဲ့သို့ စကားလုံးအမျိုးမျိုးကို လှပခန့်ထည်၍ လိုက်ဖက်အောင် တန်ဆာဆင် ခြယ်မှုန်းတတ်သော စကားသုံး ပန်းချီ ဆရာလည်း ဖြစ်ပါတော့သည်။

http://mmteashop.com

## ၉။ ယေဘုယျနှင့်ဝိသေသစကားလုံးများ

စကားပြေရေးသားရာတွင် စာရေးသူ၏ ဆိုလိုချက်ပေါ်လွင်စေရန် စကားလုံးများကို အမှီပြု၍ ရေးဖွဲ့ရသည်။ စကားလုံးများတွင် အသုံးပြုစကားလုံးများကို သဒ္ဒါနည်းမှန်ကန်စေရန် နေရာတကျ သုံးနှုန်းရန် လိုအပ်သကဲ့သို့ အနက်ပြ စကားလုံးများကိုလည်း အကြောင်းအရာနှင့် လိုက်ဖက်အောင်နေရာတကျ သုံးနှုန်းရန် လိုအပ်ပါသည်။ အနက်ပြ စကားလုံးများတွင်လည်း အကြောင်းအရာ၊ အရာဝတ္ထုတို့ ထူးခြားပေါ်လွင်စေရန်နှင့် စာရေးသူ ဆိုလိုချက် တိကျပေါ်လွင်စေရန် ဝိသေသစကားလုံးများကို ရွေး၍ သုံးရပြန်ပါသည်။ မြစ်ချောင်းတစ်လျှောက်ကို ရေလမ်းဟုသုံးလျှင် ယေဘုယျ သဘော ဆောင်ပါသည်။ မြစ်လမ်း၊ ချောင်းလမ်း (ဝါ) ချောင်းရိုးဟုသုံးလျှင် ဝိသေသ အနည်းငယ် ဆန်လာပါသည်။ ဗေဒါလမ်းဟု သုံးလိုက်သောအခါ ပို၍ ဝိသေသဆန်လာပါသည်။

ယေဘုယျ သဘောမှ ကွာဟချက်များလာပါသည်။ မြစ် (ဝါ) ချောင်းရိုးတစ်လျှောက် ဗေဒါပင်များ ရေစီးနှင့်အတူ စုန်ချည်ဆန်ချည် မျောပါနေသောလမ်းဆိုသည့် ဝိသေသအနက် သဘော ဆောင်လာပါသည်။ စုန်ချည်ဆန်ချည် မျောပါနေသည့် အနက်သဘော ပေါ်လာသည်နှင့် ဘဝ၏ အတက်အကျ၊ အနိမ့်အမြင့်များကို တစ်လှည့်စီ စုန်ကာဆန်ကာ ရင်ဆိုင်ရင်း ရှင်သန်နေရသော ဘဝလမ်း၏ သဘောသည် တွဲဖက် အနက်အနေနှင့် စာဖတ်သူ၏ စိတ်အာရုံ၌ ထင်မြင်လာစေပါသည်။ ဝိသေသ စကားလုံးများသည် အနက်ကို ထူးခြားလာစေသည်။ ပေါ်လွင်လာစေသည်။ တွဲဖက်အနက်များ ပါဝင်လာစေရာမှ လေးတက်လာစေပါသည်။

အကောင်အထည်ပြ စကားလုံးများနှင့် သဘောပြ စကားလုံးများသည်လည်း ယေဘူယျသဘော၊ ဝိသေသသဘောနှင့် ဆက်စပ်နေပါသည်။ ယေဘူယျနှင့် ဝိသေသ စကားလုံးတို့နှင့် ပတ်သက်၍ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ စာအုပ်တွင် မောင်ခင်မင် (ဓနုဖြူ) က - "ထိုစကားလုံး နှစ်မျိုးသည် သူ့နေရာနှင့်သူ



http://mmteashop.com

အသုံးဝင်ပါသည်။ ခြုံငုံဖော်ပြရသည့် ကိစ္စမျိုးတွင် ယေဘုယျ သုံးစကားလုံးကို သုံးလေ့ရှိပြီး တစ်ခုစီ တစ်တန်းစီ သီးသန့်ဖော်ပြရသည့် ကိစ္စမျိုးတွင် ဝိသေသစကားလုံးကို သုံးလေ့ရှိပါသည်” ဟု ဆိုထားပါသည်။

ဆရာဇော်ဂျီ၏ စကားပြေ အရေးအသားကို လေ့လာလျှင် ဝါကျအမျိုးမျိုးကို နေရာတကျ သုံးစွဲတတ်ခြင်းနှင့် စကားလုံးများကို အကြောင်းအရာနှင့် ဆီလျော် လိုက်ဖက်ပြီး ဆိုလိုချက်ကို ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်း ပေါ်လာစေရန် ရွေးချယ်၍ သုံးနှုန်းတတ်ခြင်းတို့ကို တွေ့ရပါသည်။

ဆေးရုံနှင့် ကျွန်တော် ရသစာတမ်းတွင် ဆေးရုံနှင့် ဒုက္ခတွဲနေသည်ဟု ထင်မှတ်ကာ စွဲမြဲနေပုံသည် ခံစားမှုဖြစ်သည်။ စွဲမြဲနေသော အတွေးဖြစ်သည်။ စာရေးသူ၏ မမြင်သာသော စိတ်အစွဲကို မြင်သာအောင် ရှင်းလင်း တင်ပြလိုသည်။ ထို့ကြောင့် စာရေးသူက ရှေးဦးစွာ - “ ဤသို့ဖြင့် ဆေးရုံနှင့် ဒုက္ခတွဲနေသည်ဟု ထင်စရာဖြစ်လာသည်” ဟု ယေဘူယျသဘောဖြင့် တင်ပြခဲ့သည်။ ထိုသဘော ထင်ရှားလာစေရန် ဝိသေသ စကားလုံးများဖြင့် ရေးသားတင်ပြပုံကို - “လမ်းမမှ ပဲပြုတ် ဟစ်သံကိုကြားတိုင်း ပဲပြုတ်သည် ဒေါ်တိုးကို သတိရလိုက်သကဲ့သို့ ဖြစ်သည်။ နွားနို့ ဟစ်သံကိုကြားတိုင်း နွားနို့သည်ကုလား ဘာဘူကို သတိရလိုက်သကဲ့သို့ ဖြစ်သည်” ဟု တွေ့ရပါသည်။

ပဲပြုတ်သည် ဆိုလျှင် ယေဘူယျ စကားလုံးဖြစ်သည်။ ပဲပြုတ်သည် ဒေါ်တိုးဟု သုံးလိုက်ခြင်းဖြင့် ဝိသေသစကားလုံး ဖြစ်သွားသည်။ နွားနို့သည်ဟု သုံးမည့်အစား ဝိသေသစကားလုံး နွားနို့သည်ကုလား ဘာဘူကိုသုံးထားသည်။ ပဲပြုတ်ဟုအော်သံ၊ နွားနို့ဟု အော်သံကြားတိုင်း သတ်သတ်မှတ်မှတ်၊ သီးသီးသန့်သန့် စွဲမှတ်မိနေသော စိတ်သည် ဝိသေသစကားလုံးများကို သုံးထားသည့်အတွက် တစ်သီးတစ်ခြား ပေါ်လွင်လာပါသည်။ ထိုသို့ ပေါ်လွင်လာသည်နှင့်အမျှ စာရေးသူ အဓိကထား တင်ပြလိုသော ဆေးရုံအသံကြားတိုင်း ဒုက္ခဟု စွဲမှတ်နေမိသော ခံစားမှုသည် ထင်ရှား လာရပါသည်။တစ်နည်းအားဖြင့်ဆိုသော် မမြင်သာသော စိတ်အစွဲကို မြင်သာသော



http://mmteashop.com

အကောင်အထည်ပြ စကားလုံးများဖြစ်သည့် ပဲပြုတ်သည်၊ နွားနို့သည်တို့နှင့် ထင်ရှားအောင် ရေးပြခြင်းဟုလည်း ဆိုနိုင်သည်။

အကောင်အထည်ပြ စကားလုံးများကို ပဲပြုတ်သည်၊ နွားနို့သည်ဟု ယေဘုယျအသုံးနှင့် မရေးဘဲ ပဲပြုတ်သည် ဒေါ်တိုး၊ နွားနို့သည် ကုလားဘာဘူ ဟူ၍ ဝိသေသအသုံးများနှင့် ပို၍ ထင်ရှားအောင် ရေးသားတင်ပြဟန်ကို တွေ့ရပါသည်။ ယေဘုယျအသုံး၊ ဝိသေသအသုံးနှင့် သဘောပြစကားသုံး၊ အကောင်အထည်ပြ စကားလုံးတို့သည် ဆက်စပ်နေမိပါသည်။

ထိုစာတမ်းတွင်ပင် မော်တော်ကား၏ အရောင်အပေါ် စာရေးသူ၏ အမြင်ကို တင်ပြရာ၌ "အရောင်က သနားကမား" ဟုလည်းကောင်း၊ စိန်ပန်းပင်အကိုင်းကိုလည်း "သူ့အကိုင်းကယိုးဒယားဟန်လက်ထား" ဟု ဝိသေသစကားသုံးများနှင့် ရေးဖွဲ့ထားသည်။

အရောင်၊ အကိုင်းဆိုသည့် ယေဘုယျစကားလုံးများ အစား ဝိသေသ စကားလုံးများကို သုံးလိုက်ခြင်းဖြင့် စာရေးသူ၏ နှစ်သက်သည့် ခံစားမှုပါသော အမြင်ကို စာဖတ်သူတို့ သိမြင် ခံစားလာရသည်။ ကားအရောင်၊ အကိုင်းအနေအထားကို အကောင်အထည်ပြ စကားလုံးများနှင့် တွဲ၍ ဝိသေသပြုထားသည်။ ထိုသို့ ဝိသေသပြု ရေးဖွဲ့ထားသောကြောင့် စာရေးသူမြင်ခဲ့သော အရောင်၊ ပုံပန်းတို့သည် စာဖတ်သူ၏ စိတ်၌ တိကျပေါ်လွင်စွာ ထင်မြင်လာရသည်။

လောက၌ မမြဲသော သဘောတရားကို သခါရဟုခေါ်သည်။ မမြဲသော တရားချည်း ဖြစ်သော်လည်း တိုတောင်းသည့် ကာလအတွင်း ပျက်စီးတတ်သော သဘောနှင့် အချိန်ကြာရှည် တည်တံ့နေပြီးမှ ပျက်စီးတတ်သော သဘောဟု နှစ်မျိုး ရှိနေသည်။ မြန်မာတို့သည် ဖြစ်လျှင်ပျက်မှာဘဲဆိုသည့် အတွေးနှင့် အပျက်တို့သာ ရှု၍ အားထုတ်လိုစိတ် နည်းပါးကြသည်။ အနောက်နိုင်ငံသားတို့မှာမူ ပျက်တတ်သည့် သဘောကိုပင် ကြာရှည်ခံစေရန် သံမဏိနှင့်စီမံထုတ်လုပ်သည်။ တည်ဆောက်သည်။



http://mmteashop.com

ထိုသို့စိတ်ထား၍ ထိုသို့ပြုမူသည့် အတွက် အနောက်နိုင်ငံသားတို့၏ အပျက်တရားသည် ကြာရှည်ခံသော အပျက်တရားဖြစ်သည်။ ထိုအချက်များသည် သဘောတရားများ ဖြစ်သည်။ သခ်ါရသည် သဘောပြစကားလုံးဖြစ်သည်။ ထိုသဘောပြစကားလုံးကို အကောင်အထည်ပြ စကားလုံးများဖြစ်သည့် ကောက်ရိုး၊ သံ တို့နှင့် တွဲ၍ ကောက်ရိုးသခ်ါရ၊ သံသခ်ါရ သုံးလိုက်သောအခါ မြန်မြန်ပျက်လွယ်ချင်းသဘောနှင့် ကြာရှည်ခံပြီးမှ ပျက်သည့် သဘောနှစ်ခုသည် စာဖတ်သူ၏ စိတ်၌ ကွဲပြားခြားနားလာစေသည်။ သခ်ါရဆိုသည် ယေဘုယျသဘောကိုပင် ကောက်ရိုး သခ်ါရ၊ သံ သခ်ါရဟု ဝိသေသ စကားလုံးများ အသွင်သို့ ရောက်အောင် ဖန်တီးသုံးစွဲလိုက်ခြင်းဖြင့် ပျက်လွယ်သော သဘောနှင့် ကြာရှည် ခံပြီးမှ ပျက်သောသဘောနှစ်ခုသည် ပေါ်လွင်လာသည်။

ထိုသို့ ပေါ်လွင်လာသည်နှင့်အမျှ မြန်မာတို့၏ သခ်ါရကို ရှေ့တန်းတင်၍ ပြီးစလွယ် လုပ်တတ်သော စိတ်ဓာတ်နှင့် အနောက်နိုင်ငံသားတို့၏ အပျက်တရားကို ဆန့်ကျင်၍ ကြာရှည်ခံအောင် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သော စိတ်ဓာတ်တို့ သည်လည်း ကွဲပြားခြားနားစွာ ထင်မြင်လာစေသည်။ ထိုအချက်နှစ်ရပ် ကွဲပြားလာသည်နှင့် အမျှ တိုးတက်နေသော ဘိလပ်သားတို့၏ နည်းစနစ်ကို အတုယူခြင်းဖြင့် မြန်မာတို့အား ကြီးပွားတိုးတက်စေလိုသော စာရေးသူ၏စေတနာသည်လည်း ထင်ရှားလာရပါသည်။

စိတ်၊ စေတနာတို့သည် သဘောပြစကားလုံးများ ဖြစ်သည်။ ယေဘုယျ သဘောကိုလည်း ဆောင်သည်။ ထိုသဘောတို့သည် မမြင်သာသော်လည်း နွေဦးပေါက်၌ ပေါ်ထွက်လာသော ရွက်သစ်ရွက်နများကိုမူ မြင်သာသည်။ ထိုရွက်သစ်ရွက်နများ ထွက်ရာ ငုစပ်ပင်အောက်က ရေချမ်းစင်များမှာလည်း မြင်သာသည်။ ထိုရွက်သစ်ရွက်နများ ထွက်ရာ ငုစပ်ပင်အောက်က ရေချမ်းစင်များမှာလည်း မြင်သာသည်။ ပူပြင်းသော နွေရာသီတွင် ခရီးသွားတို့ ရေငတ်မွတ်မှုကို ပျောက်စေလိုသော စေတနာဖြင့် နွေရောက်တိုင်း သစ်ပင်ရိပ်အောက်၌ ရေချမ်းစင်ကို ထားလေ့ရှိကြသည်။ ရေချမ်းစင်သည် နွေဦး ရောက်တိုင်း ရွက်သစ်ရွက်နများကဲ့သို့ အသစ်အသစ် ဖြစ်ပေါ်လာသည့် မြန်မာတို့၏



http://mmteashop.com

စိတ်သစ်၊ စေတနာသစ်များ၏ သင်္ကေတဖြစ်သည်။ ထိုသို့သော ခရီးသွားတို့အား ရေငတ်ပြေစေလိုသည့် စိတ်စေတနာဆိုသည့် သဘောပြစကားလုံးကို ရေချမ်းစင်ဆိုသည့် အကောင်အထည်ပြ စကားလုံးနှင့် ထင်ရှားအောင်ပြသည်။

စိတ်၊ စေတနာတို့သည် ယေဘုယျသဘောလည်း ဖြစ်သည်။ "စိတ်သစ်စိတ်နု၊ စေတနာသစ်၊ စေတနာနု" ဟု ဝိသေသစကားလုံးများကို သုံးလိုက်ချင်းဖြင့် နွေဦးပေါက်တိုင် မရိုးနိုင်သည့် စိတ်စေတနာအသစ်တို့ဖြင့် ရေချမ်းစင်ကို တည်ဆောက်ထားပေးသော မြန်မာတို့၏ စိတ်စေတနာသည် ပေါ်လွင်လာပါသည်။ နွေရောက်တိုင်း မမေ့မလျော့၊ နုသစ်သော စိတ်စေတနာတို့ဖြင့် ဖနခတီးထားသော မြန်မာတို့၏ စိတ်စေတနာ အလှသည် လန်းဆန်းသစ်လွင်လာသည်။ လေးနက်လာသည်။

ထိုပြင် ရေချမ်းအိုးကို တင်ပြရာ၌ - "သစ်ကိုင်းမှ ဆိုင်းကြိုးဖြင့် တွဲလဲ ခိုနေတတ်သော ရေချမ်းအိုးဖြစ်သည်။ မိန်းမချော၊ မိန်းမလှဒန်းစီးနေသည်နှင့်ပင် တူလေသည်။" ဟု လည်းကောင်း၊ "အမိသည် သူ၏ခါးစောင်းတွင် သားငယ်ကို ခါးထစ်ခွင် ချီထားသည်နှင့်ပင် တူလေသည်" ဟု လည်းကောင်း ရေးသားခဲ့သည်။ ရေချမ်းအိုး တည်ထားပေးသည့် မြန်မာ့စေတနာကို မြင်သာသော အကောင်အထည်ပြ စကားလုံးများနှင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။ ယေဘုယျသဘောထက် သာလွန်ထင်ရှားလေးနက် လာစေရန် ဝိသေသစကားလုံးများကို သုံးထားသည်။ "အိုး" သည် ယေဘုယျ စကားလုံးဖြစ်သည်။ "ရေချမ်းအိုး" ဟု ဆိုလိုက်သောအခါ ဝိသေသ စကားလုံး ဖြစ်သွားသည်။ ခရီးသွားတို့၏ ရေငတ်မွတ်မှုကို ပြေစေသည်။ ရင်ကိုအေးမြစေသည့် သဘောများပါလာသည်။ ရေချမ်းအိုးဆိုသည့် ဝိသေသစကားလုံးကြောင့် ရေချမ်းအိုး တည်ထားပေးသူ စေတနာရှင် မြန်မာတို့၏ စိတ်အလှသည် တွဲဖက်အနက်အနေနှင့် ခိုတွဲ၍ပါလာသည်။

ရေချမ်းအိုး၏ တည်နေပုံ အနေအထားကို "မိန်းမချော၊ မိန်းမလှ ဒန်းစီးနေသည်နှင့်ပင် တူလေသည်" ဟု ဆိုရာ၌ အကောင်အထည်ပြစကားလုံးများနှင့်



http://mmteashop.com

ဝိသေသ စကားလုံးဖြစ်သည်။ ဒန်းစီးသည်နှင့်တူသည်ဆိုသော စကားသည် ထပ်ဆင့်၍ ဝိသေသ ပြုထားခြင်းဖြစ်သည်။ ခိုင်းနှိုင်းပြထားသည့် ဝိသေသ စကားလုံးများကြောင့် ရေချမ်းစင်သည် လှလာသည်။ အမှန်မှာ သာမန်အိုးတစ်လုံး၌ ရေထည့်၍ ဆွဲထားခြင်း ဖြစ်သော်လည်း ဝိသေသစကားလုံး၊ အကောင်အထည်ပြ စကားလုံးများနှင့် ရေးဖွဲ့ပြထားသောကြောင့် စာဖတ်သူတို့၏ စိတ်အာရုံတွင် လှလာသည်ဟုထင်ရသည်။ စေတနာအလှနှင့် ယှဉ်၍မြင်လာခြင်းဖြစ်ပါသည်။ ဝိသေသစကားလုံးများကိုသုံးခြင်းဖြင့် သရုပ်ပေါ်လွင် လာစေသည်။ ထင်ယောင်မြင်ယောင်လာစေသည်။ စိတ်အမူအရာသည် ရုပ်အမူအရာ၌ ရောထွေးထင်ဟပ်လာစေသည်။

"အမိသည် သူ၏ခါး စောင်းတွင် သားငယ်ကို ခါးထစ်ခွင် ချီထားသည်နှင့်ပင် တူလေသည်" ဟူသော အဖွဲ့၌ ရေချမ်းစင်၏ အနေအထား ပို၍ ပေါ်လွင်လာစေရန် အကောင်အထည်ပြ စကားလုံး၊ ဝိသေသ စကားလုံးများဖြင့် ထပ်ဆင့် ရေးသားလိုက်ခြင်း ဖြစ်သည်။ အကောင်အထည်ပြနှင့် ဝိသေသစကားလုံးတွင် မေတ္တာသဘော ပါဝင်နေသည့် အတွက် ရေချမ်းစင်တွင်လည်း မြန်မာတို့၏ မေတ္တာသဘောသည် ထင်ဟပ်လာပါသည်။ ဝိသေသစကားလုံးများကို သုံးလိုက်ခြင်းဖြင့် သရုပ်ပေါ်လွင် လာစေရုံသာမက စာရေးသူက စာဖတ်သူထံသို့ အရောက်ပို့ပေးလိုသော ခံစားချက်သည်လည်း တွဲဖက်အနက်အနေနှင့် ပါဝင်လာတတ်ပါသည်။

ရေချမ်းစင် တည်ပေးခြင်းနှင့် ရေချမ်းစင်ကိုပင် စေတနာအလှကို ဖော်ပြနေသည့် အတွက် ကျက်သရေဖြစ်ပေသည်ဟု စာရေးသူက ဂုဏ်တင်ရေးဖွဲ့ထားရာ၌ ကျက်သရေ ဆိုသည့် ယေဘုယျစကားလုံးကို နွေဦးကျက်သရေဟူ၍ ဝိသေသစကားလုံးအဖြစ် တီထွင် သုံးစွဲခဲ့သည်။ ဝိသေသစကားလုံးအနေနှင့် စကားသုံး လှပခံ့ညားပြီး ကျက်သရေ ရှိလာစေပါသည်။ နွေရာသီ၌ လိုအပ်ချက်အဖြစ် ဖြည့်ဆည်းတည်ဆောက်ပေးသည့် သဘောသည်လည်း ထင်ရှားလာပါသည်။ ယဉ်ကျေးမှုသည် သဘောပြစကားလုံး ဖြစ်သည်။ ယင်းကို ရေချမ်းစင်ဟူသော အကောင်အထည်ပြ စကားလုံးနှင့်တွဲ၍ ရေချမ်းစင်

http://mmteashop.com

ယဉ်ကျေးမှုဟု သုံးလိုက်သော အခါတွင် ဝိသေသစကားလုံးဖြစ်သွားသည်။ ရေချမ်းစင်နှင့် ရေချမ်းစင်ကို ဖန်တီးပေးသော မြန်မာတို့၏ စေတနာသည်လည်း ခမ်းနား ထည်ဝါသွားပါသည်။ ယဉ်ကျေးမှုဆိုသည့် သဘောပြ စကားလုံးသည်လည်း အနက်ပေါ်လွင် လာပါသည်။ သူတစ်ပါး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုသော စေတနာစိတ်သည် ယဉ်ကျေးခြင်းပင် ဖြစ်သည်ဟု စာဖတ်သူတို့ နားလည် သဘောပေါက်လာစေပါသည်။

"လူထုအတွက် လူထုကပြုနိုင်သော အမှုအရာဖြစ်သဖြင့် လူထု ယဉ်ကျေးမှု ဟူ၍လည်း ဆိုနိုင်လေသည်" ဟူသော အရေးအဖွဲ့တွင် ယဉ်ကျေးမှုဆိုသည့် ယေဘုယျ သဘောကို လူထုယဉ်ကျေးမှုဆိုသည့် ဝိသေသစကားသုံးအဖြစ် တီထွင် ရေးသား လိုက်သည်။ ယဉ်ကျေးမှုဆိုလျှင် ခက်ခဲနက်နဲသည်။ ဆောင်ရွက်ရန် အပန်းကြီးမည်ဟု ထင်ထားသူများအား လူထုအတွက် လိုအပ်ချက် အဆင်ပြေအောင် လူထုကပင် ဖြည့်ဆည်း ပေးခြင်းသည်လည်း ယဉ်ကျေးမှုဆိုသည့် ခမ်းနား၍ သီးသန့်ဆန်သော ယေဘုယျ စကားလုံးကို လူထုယဉ်ကျေးမှုဟု ဝိသေသပြုရေးသားလိုက်ခြင်းဖြင့် သီးသန့် မဆန်တော့ပေ။ မခက်ခဲတော့ပေ။ လူတိုင်းစေတနာရှိလျှင် ဆောင်ရွက်နိုင်သော မြတ်နိုးဖွယ် လုပ်ရပ်တစ်ခုဟု နားလည်လာစေပါသည်။ ထိုနည်းဖြင့် အချို့သော ယေဘုယျ စကားလုံးများကို ဝိသေသပြုလိုက်ခြင်းဖြင့် စာဖတ်သူတို့နှင့် ပို၍ ရင်းနှီးသွားစေသည် ကိုလည်း တွေ့ရပါသည်။

နွားလှည်းတပ်ပွဲကို နွားလှည်းတပ်ပွဲယဉ်ကျေးမှုဟု သုံးလိုက်သောအခါ ယဉ်ကျေးမှု၏ သဘောသည် သီးသန့် သဘောဆောင်လာသည်။ အခြားယဉ်ကျေးမှုတို့မှ သီးခြား ခွဲထွက်လာသည်။ နွားလှည်းတပ်ပွဲဆိုသည့် ဝိသေသစကားလုံးကို ယဉ်ကျေးမှုဆိုသည့် ယေဘုယျ စကားလုံးဖြင့် ပေါင်းစပ်လိုက်ခြင်းဖြင့် ဝိသေသစကားလုံးအသွင်သို့ ပြောင်းသွားသည်။ နွားလှည်းတပ်ပွဲဆိုသည့် ဝိသေသစကားလုံးသည် ယဉ်ကျေးမှုဆိုသည့် သဘောပြ စကားလုံးကြောင့် ပို၍ ကြီးကျယ်ခန်းနား သွားပြန်သည်။ နွားလှည်းတပ်ပွဲ



http://mmteashop.com

ယဉ်ကျေးမှုဟု ဝိသေသစကားလုံးဖြင့် ထပ်ဆင့်သုံးလိုက်သောအခါ သဘောပြစကားလုံး၏ စွမ်းအားကြောင့် အမြင်အာရုံသက်သက်မှ စိတ်သိအာရုံသို့ တစ်ဆင့်မြင့်သွားစေသည်။

မြန်မာတို့၏ သူတစ်ပါးအသက်ကို ကိုယ်ချင်းစာစိတ်ဖြင့် ညှာတာသနားကာ ဇီဝိတဒါန ပြုလေ့ရှိသော မြင့်မြတ်သည့်စိတ်သည် စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ဟပ်လာစေသည်။ သာမန်အားဖြင့် အမှုမဲ့အမှတ်မဲ့ သဘောထားကြသော အရာများ၊ အပြုအမူများ အပေါ်တွင် အလေးအနက် တန်ဖိုးထားစေလိုသော စာရေးသူ၏ စေတနာကိုလည်း ထိုဝိသေသအသုံးများကြောင့် စာဖတ်သူတို့ နားလည်လာရသည်။

ပုဂံမြို့ဟောင်းနှင့် ကျွန်တော်ရသစာတမ်းတွင် ပန်းရံပုံဆိုသည့် ဝိသေသအသုံးကို တွေ့ရသည်။ ပုံဆိုသည့် ဝေါဟာရက ပန်းရံဆိုသည့် ယေဘုယျ အသုံးကို ထိရောက်စွာ ဝိသေသပြုထားသည်။ ပုဂံခေတ် ပန်းရံပညာရှင်တို့၏ လက်ရာများ၏ အနုအလှ၊ အခံ့အသန့်နှင့် ခေတ်အရိပ် ထင်ဟပ်အောင် ဖန်တီးနိုင်မှုဆိုသည့် အနုပညာအစွမ်းများ အားလုံးကို ခြုံငုံဖော်ပြနိုင်သည်။ ကျစ်လစ်သိပ်သည်း၍ ထိရောက်သည့် ဝိသေသအသုံး ဖြစ်သည်။ ပန်းရံပုံဆိုသည့် ဝိသေသစကားလုံးသည် ဝါကျတစ်ကြောင်းလုံးတွင်ပါသော နာမဝိသေသနပုဒ်စုများ အားလုံး၏ အချုပ်ဖြစ်သည်။

အဆိုပါဝါကျ၌ - "ရွှေတိဂုံစေတီ၏ ပုံတော် ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ စိတ်ချမ်းမြေ့ဖွယ် ဖြစ်ခြင်းတို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထိုတိုင်းသူ ပြည်သား တို့၏ သဘောကိုလည်းကောင်း၊ ထိုမင်း၏ သဘောကို လည်းကောင်း၊ မလွန်ဆန် နိုင်သော ပန်းရံပုံတို့၏ လက်ရာပင်ဖြစ်လေစွ" ဟု ရေးသားထားရာ ပန်းရံပညာရှင် တို့ကို အထူးပြုထားသော နာမဝိသေသနပုဒ်များစွာ ပါဝင်သည်။ ထိုဝိသေသအဖွဲ့ များကြောင့် ရှေးခေတ်ပန်းရံ ပညာရှင်တို့၏ အဆင့်အတန်းသည် ပို၍ ခံ့ညား ထည်ဝါလာသည်။ အတိတ်ခေတ် မြန်မာတို့၏ စည်းလုံးညီညွတ်မှု သဘောသည်လည်း ပေါ်လွင်လာသည်။



http://mmteashop.com

ပြည်ထောင်စုနှင့် ကျွန်တော် ဆောင်းပါးတွင် "ကျွန်တော်တို့ နိုင်ငံသည် ယခုအခါတွင် လွတ်လပ်သောနိုင်ငံဘဝကို ရခဲ့ပြီ" ဟု လွတ်လပ်ရေး၏ အကြောင်းကို ယေဘုယျ တင်ပြသည်။ ထိုမှတစ်ဆင့် လွတ်လပ်ရေး၏ သဘော ပို၍ ထင်မြင်လာစေရန် အကောင်အထည်ပြ စကားလုံးများကိုသုံးကာ - "ကိုယ့်အလံနှင့်၊ ကိုယ့်တံဆိပ်နှင့်၊ ကိုယ့်သမ္မတနှင့်၊ ကိုယ့်ပါလီမန်နှင့်၊ ကိုယ့်အစိုးရ နှင့်၊ ကိုယ့်စစ်တပ်နှင့် ဖြစ်နေပြီ" ဟု ထပ်ဆင့်ရေးသားခဲ့သည်။ အဆိုပါ အလံ၊ တံဆိပ်၊ သမ္မတ စသော အကောင်အထည်ပြ စကားလုံးတိုင်း၏ ရှေ့တွင် "ကိုယ့်" ဆိုသည့် စကားလုံးကို တွဲဖက်ရေးသားလိုက်ခြင်းဖြင့်" ကိုယ့်အလံ၊ ကိုယ့်တံဆိပ်၊ ကိုယ့်သမ္မတ၊ ကိုယ့်ပါလီမန်၊ ကိုယ့်အစိုးရ၊ ကိုယ့်စစ်တပ်" တို့သည် ဝိသေသ စကားလုံးများ ဖြစ်လာပါသည်။

မိမိတို့၏ ပိုင်ဆိုင်မှုကို အထူးပြုလာကြပါသည်။ လွတ်လပ်ပြီဆိုသည်နှင့် အရာရာ တိုင်းသည် နိုင်ငံသားများပိုင် ဖြစ်လာသည် နှင့်အမျှ ဘဝ၏ လုံခြုံမှုကို ရလာသည့် သဘော၊ လွတ်လပ်စွာခံစားနိုင်ခွင့် ရှိလာသည့်သဘောတို့ ထင်ရှား လာပါတော့သည်။ ဝိသေသ စကားလုံးများကြောင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုး၏ အနှစ်သာရသည် ထင်ရှားလာပါသည်။ ဇာတိမာန် စိတ်ဓာတ်တက်ကြွလာစေပါသည်။

တိုင်းရင်းသားတို့သည် ယခင်က ကိုယ့်ယိမ်းနှင့်ကိုယ်ကပြခဲ့ရာမှ လွတ်လပ်ရေး နေ့တွင် တိုင်းရင်းသားအားလုံး စုပေါင်း၍ ကပြကြသည်။ စည်းလုံးညီညွတ်မှု၏ သင်္ကေတ အဖြစ် စုပေါင်း၍ ကသောယိမ်းကို စာရေးသူ အလွန်အားရခဲ့သည်။ ထိုယိမ်းသည်သာ တကယ့် ပြည်ထောင်စုယိမ်း ဖြစ်သည်ဟု ခံယူကာ အားရတက်ကြွခဲ့သည်။

ထိုခံစားမှုကို ပေါ်အောင် ယိမ်းဆိုသည့် ယေဘုယျစကားလုံးကို - "ထို့ကြောင့် ဤပြည်ထောင်စု ယိမ်းသည် မြန်မာနိုင်ငံသမိုင်းတွင် ပထမယိမ်း၊ တကယ့်ယိမ်း၊ သဲ့ယိမ်း၊ အမဲ့ယိမ်း၊ ယိမ်းတကာ့ယိမ်း၊ ယိမ်းဆိုမှယိမ်း ဖြစ်ပါပေသည်" ဟု ဝိသေသ စကားလုံး အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့သည်။ ပြည်ထောင်စုသား အချင်းချင်း သွေးစည်းမှု၏ သင်္ကေတအဖြစ် စုပေါင်းကသော ယိမ်းကို ကြည့်၍ အားရကျေနပ်နေသည့် ခံစားမှုကို ဆက်တိုက်

http://mmteashop.com

သုံးထားသည့် ဝိသေသစကားလုံး အမျိုးမျိုးက ဖော်ပြနိုင်ခဲ့သည်။ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု အဓိကကျသည် ဟူသော အတွေးကို ဝိသေသပြုထားသော ယိမ်းအမျိုးမျိုးဖြင့် ထင်ဟပ်ပြထားပါသည်။ သူတို့ ညီနောင်နှင့် ကျွန်တော် ဆောင်းပါးတွင် ကံရာဇာငယ်၏ တစ်ညတွင်းနှင့် အပြီးဆောက်ထားသော မဏ္ဍပ်ကို စာရေးသူက "စိတ်ကူးယဉ်မဏ္ဍပ်၊ ဖြစ်ကတပ်ဆန်း မဏ္ဍပ်၊ ရုပ်ပြမဏ္ဍပ် ဟူ၍ ဝိသေသစကားလုံး အမျိုးမျိုးနှင့် ရေးဖွဲ့ခဲ့သည်။ အဆိုပါ ဝိသေသစကားလုံး အမျိုးမျိုးကြောင့် ကံရာဇာငယ်၏ အဖြစ်ဆောက်ထားသည့် မဏ္ဍပ်၏ ရုပ်လုံးသည် ပေါ်လွင်လာရုံသာမက ကံရာဇာ၏ အာဂကာအတွက် ပရိယာယ်မာယာ သုံးတတ်သော စရိုက်အပေါ် ရှုတ်ချလိုသည့် စာရေးသူ၏ ခံစားမှုသည်လည်း ပေါ်လွင်လာ ပါသည်။

ဆရာဇော်ဂျီသည် ယေဘုယျသဘောကို ဝိသေသစကားလုံးတို့ဖြင့် ဆက်စပ် မွမ်းမံ၍ နက်နဲသော အတွေးအသိကို စာဖတ်သူတို့ အလွယ်တကူ နားလည်ခံစားနိုင်အောင် အားထုတ်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

http://mmteashop.com

## ၁၀။ နှိုင်းယှဉ်အဖွဲ့

စာရေးဆရာတို့အတွက် စာရေးစရာတို့သည် ထွေပြားလှပါသည်။ လောက၏ အဖြစ်အပျက် အကြောင်းအရာ တို့သည် စာရေးသူအဖို့ စာရေး၍ မဆုံးနိုင်လောက်အောင် အဆုံးမဲ့ကျယ်ပြောလှပါသည်။ ရေးတတ်လျှင် စာဖြစ်နိုင်သည်ပင်။ စာရေးဆရာ အကြောင်းအရာ ထွေပြားသည်နှင့်အမျှ ထိုအကြောင်းအရာတို့ကို ပုံပေါ်အောင် ရေးဖွဲ့ သီကုံးရသည့် စာရေးခြင်း အတတ်ပညာသည်လည်း ပရိယာယ် ထွေပြားလှသည်ပင်။ ရေးဟန်ရေးနည်း အမျိုးမျိုးကို စာဖတ်ခြင်းအတွေ့အကြုံ၊ စာရေးခြင်းအတွေ့အကြုံပေါ်တွင် မူတည်၍ စာရေးဆရာတို့သည် ကျွမ်းကျင်လာကြပေသည်။ ဖြစ်စဉ်ပြ အရေးအသား သရုပ်ဖော် အရေးအသား၊ ဖွင့်ဆိုရှင်းပြအရေးအသား၊ ကြောင်းကျိုးပြအရေးအသားဟူ၍ အကြောင်းအရာကို လိုက်၍ ရေးနည်းအမျိုးမျိုးကို ရွေး၍သုံးရသည်။ ထို့အတူပင် ဝါကျတို၊ ဝါကျရှည်၊ မေးခွန်းဝါကျ ပုံစံတူဟန်ချက်ညီဝါကျများကိုလည်း နေရာတကျသုံး၍ စာအတွေးပေါ်၍ စာအလှဆင်နိုင်ရန် ရွေးချယ်ရေးသားကြရသည်ပင်။

စကားအသုံးအနှုန်းနှင့် ပတ်သက်လျှင်လည်း အသုံးပြုစကားလုံးများကို မှန်မှန်ကန်ကန် သုံးနိုင်ပြီးလျှင် အနက်ပြစကားလုံးများကို ဆီလျော်လိုက်ဖက်အောင် ရွေးချယ် သုံးနှုန်းကြရသည်။ စာရေးဆရာ၌ စာဖတ်ခြင်း၊ စာရေးခြင်း အတွေ့အကြုံအရ ဝေါဟာရစကားလုံးများစွာ အသင့်ရှိပြီးဖြစ်သော်လည်း မိမိစိတ်ကူးကို ပေါ်လွင်လာစေမည့် စကားလုံးမျိုးကို နေရာတကျ သုံးနိုင်စွမ်းရှိရပါမည်။ ထိုမျှနှင့်မကသေးပါ။ စာရေးဆရာ ဆိုလိုသော အကြောင်း ထင်ထင်ရှားရှား ပေါ်လာစေရန် အချို့နေရာများ၌ နှိုင်းယှဉ်မှု အဖွဲ့များကို ထည့်သွင်းရေးဖွဲ့ကြရပြန်သည်။

နှိုင်းယှဉ်မှုအဖွဲ့၏ သဘောမှာ တူညီချက်၊ ခြားနားချက်များ ထင်ရှားအောင် နှိုင်းယှဉ်ပြသော စာပိုဒ်မျိုးဖြစ်ပါသည်။ တူညီချက်ထင်ရှားစေလိုလျှင် တူညီမှု တစ်ခုခုရှိသော အကြောင်းအရာချင်းကို နှိုင်းယှဉ်ပြလေ့ရှိပါသည်။ နှိုင်းယှဉ်အဖွဲ့တွင်



http://mmteashop.com

တူညီချက်၊ ခြားနားချက်များကို နှိုင်းယှဉ်ပြရာ၌ တစ်ကျော့စီ၊ တစ်ကျော့စီ ယှဉ်ပြနိုင်သကဲ့သို့ အကြောင်းအရာတစ်ရပ်ကို အစအဆုံး ဖော်ပြပြီးမှ ယင်းနှင့်တူညီသော သို့မဟုတ် ခြားနားသော အကြောင်းအရာတစ်ရပ်ကို ဆက်လက်ဖော်ပြသည့်နည်းကိုလည်း သုံးလေ့ရှိပါသည်။ လောက၏ သဘာဝတရား၌ပင် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အနီးနှင့်အဝေး၊ အရှည်နှင့်အပု၊ အပိန်နှင့်အဝ စသည်ဖြင့် မတူညီမှုများရှိသည်။

စိတ်ပိုင်းဆိုင်ရာအရ ကြည့်လျှင်လည်း အချစ်နှင့်အမုန်း၊ ခွင့်လွှတ်ခြင်းနှင့် ရန်ငြိုး၊ ဒေါသနှင့် သည်းခံခြင်း စသည်ဖြင့် မတူညီကွဲပြားသော အရာများရှိသည်။ ထို့အတူပင် တူညီသော အရာများလည်း ရှိသည်။ အဖြူနှင့် အလင်း၊ အနက်နှင့်အမှောင်၊ ပညာရှိနှင့် သူတော်ကောင်း စသည်တို့ဖြစ်သည်။ လောက၏ အခြေခံတရားမှာ စိတ်ကောင်း စိတ်မြတ်နှင့် စိတ်ယုတ်တို့ဖြစ်သည်။ ထိုစိတ်နှစ်မျိုးကို အရင်းခံ၍ လောက၌ အချစ်၊ အမုန်း၊ လောဘ၊ ဒေါသ၊ မောဟ၊ စိတ်အမျိုးမျိုး ထွေပြားလာသည်။ ခွဲထွက်လာသည်။ စာရေးဆရာတို့ စိတ်ကူးကျင်လည်ရာ လူ့ဘောင်လောကသည် ချစ်ခြင်းကို အခြေခံ၍ ဖြစ်ရပ်အမျိုးမျိုး ပေါ်ထွက်လာသကဲ့သို့ အမုန်းကို အခြေတည်၍လည်း ဖြစ်ရပ်အမျိုးမျိုး ပေါ်ထွက်လာသည်။ ဝတ္ထုရေးသူတို့အနေနှင့် အချစ်နှင့် အမုန်းကို အခြေခံ၍ ဇာတ်လမ်းပေါင်း မြောက်မြားစွာ ဖန်တီးနိုင်ခဲ့ကြသည်။

လောက၌ အချစ်ချည်း ရှိသည်မဟုတ်၊ အချစ်နှင့်ချည်း အဆုံးသတ်သည် မဟုတ်၊ အမုန်းချည်း ရှိသည်မဟုတ်၊ အမုန်းနှင့်ချည်း အဆုံးသတ်သည်မဟုတ်။ အချစ်မှ အမုန်းသို့၊ အမုန်းမှ အချစ်သို့ အမျိုးမျိုးပြောင်းလဲလာခြင်းဖြင့် ဇာတ်လမ်းအပြောင်းအလဲ ဖြစ်လာရသည်။ သုခနှင့် ဒုက္ခသည်လည်း တစ်ပြန်တစ်လှည့်စီ ဖြစ်နေကြသည်။ သုခမှ ဒုက္ခသို့၊ ဒုက္ခမှ သုခသို့ ပြောင်းလဲ ဖြစ်ပေါ်နေခြင်းသည်ပင် လောကဓမ္မတာဖြစ်သည်။ လောကကို ကျယ်ပြန့်နက်ရှိုင်းစွာ ရှုမြင်၍ ဘဝ၏ ဒဿနကို ရှာဖွေဖော်ထုတ်ကြသော စာဆိုဆရာတို့ အနေနှင့် အချစ်၏ သရုပ်ကို ကိုယ်၊ နှုတ်၊ နှလုံး၊ အမှုအရာတို့ဖြင့် ပီပြင်စွာ ခြယ်မှုန်းရေးသား ပြနိုင်ရန်လိုသည်။ ထို့အတူပင် အမုန်း၏သရုပ်ကိုလည်း ပိုင်နိုင်စွာ



http://mmteashop.com

ရေးပြနိုင်ရမည်ပင်။ သုခနှင့်ဒုက္ခ၏ သရုပ်ကိုလည်း ခံစားရေးဖွဲ့နိုင်ရမည်ပင်။ စာရေးဆရာသည် တူညီသောအရာ၊ မတူညီသောအရာများကို နှိုင်းယှဉ်ပြခြင်းဖြင့် စာဖတ်သူတို့ အနေနှင့် ဆောင်သင့်ရှောင်သင့်သော လောကသဘော၊ လူ့သဘောများ ကိုလည်း ခံစားနိုင်ပေမည်။

စာရေးသူသည် ညှို့ယူဖမ်းစားသူ ဖြစ်သည်။ စာဖတ်သူတို့အား စိတ်ကူး အတတ်ပညာ၊ ရေးဖွဲ့မှုအတတ်ပညာတို့ဖြင့် မိမိအလိုသို့ ရောက်အောင် စည်းရုံးသိမ်းသွင်း သူလည်း ဖြစ်သည်။ မိမိက ချစ်သင့်သည်ဟု ယူဆသောအရာကို စာဖတ်သူတို့ အနေနှင့်လည်း ချစ်သင့်သည်ဟု ယူဆလာအောင်၊ မိမိက မုန်းသင့်သည်ဟု ယူဆသော အရာကို စာဖတ်သူတို့ အနေနှင့်လည်း မုန်းသင့်သည်ဟု ယူဆလာအောင် ညှို့ယူဖမ်းစားနိုင်စွမ်း ရှိတတ်ပါသည်။ ထိုသို့ဖြစ်စေရန် ဆိုလိုသည့် သဘောတစ်ခုကို စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ယောင်မြင်ယောင် ကြားယောင်လာအောင် ရေးပြရပါသည်။ ထိုသို့ရေးပြရာတွင် စာပိုဒ်လိုက်တူညီမှု၊ မတူညီမှုများကို နှိုင်းယှဉ်ရေးသားပြရုံသာမက ဝါကျတစ်ကြောင်း အတွင်း၌လည်း ဆိုလိုချက်ပိုပေါ်လာစေရန် တူညီသောအရာ အချင်းချင်းသော် လည်းကောင်း၊ မတူညီသောအရာနှင့်သော် လည်းကောင်း နှိုင်းယှဉ်ပြသည့် ရေးဖွဲ့နည်းကို သုံးရပါသည်။ ဆရာ ဇော်ဂျီသည် သူ၏ လောကအမြင်ကို စာဖတ်သူ နားလည် လက်ခံလာအောင် ရေးသားရာတွင် ထိုနည်းကိုသုံးတတ်ပါသည်။

ဆေးရုံနှင့်ကျွန်တော် ရသစာတမ်းတွင် ဆရာကြီးသည် ဆေးရုံသို့ရောက်စနေ့က ဆေးရုံကို အကြောက်လွန်နေသည်။ ဆေးရုံပတ်ဝန်းကျင် လောကတစ်ခုလုံးကို ဒုက္ခဟုချည်း မြင်နေသည်။ ယခင်ကကဲ့သို့ စိန်ပန်းပင်အကိုင်း၏ ဟန်၊ မော်တော်ကား၏ အရောင်တို့ အပေါ်တွင် အကောင်းအဆိုး ဝေဖန်ခံစားနိုင်စွမ်းမရှိတော့ပေ။ အရာရာတိုင်းကို ဒုက္ခဟုသာ မြင်နေခဲ့သည်။ ဆေးရုံပြင်ပ၌ရှိနေသူများ၊ လူနာလာမေးသူများကိုလည်း အရှိအတိုင်း မမြင်နိုင်တော့၊ ဆေးရုံတက်နေရသော လူနာဟူသည့်အစွဲနှင့် မည်သူနှင့်နှိုင်းနှိုင်း အားငယ်စိတ်များ၊ အဆိုးမြင်သဘောများ ဝင်နေခဲ့သည်။



http://mmteashop.com

ထိုသဘောကို ပေါ်လွင်စေရန် ယခင်ကအမြင်ကို - "လမ်းမ၌ မောင်းသွားသော မော်တော်ကားကို မြင်လျှင် အရောင်က သနားကမား၊ အယဉ်သား၊ တစ်ဖက်က စိန်ပန်းပင်ကိုမြင်လျှင် အကိုင်းက ယိုးဒယားဟန်လက်ထား၊ အလှသား။ ဆေးရုံဝင်းထဲသို့ ဝင်လာသောသူကို မြင်လျှင် ကိုယ့်ကဲ့သို့ လူနာအမေးအမြန်းလာသူ ဖြစ်ရမည်။ တော်ပါပေသည်။ ကျွန်တော့်တွင် မြင်မှုကြောင့် မြင်သိရှိသည်ဆိုလျှင် ထိုမျှသာဖြစ်သည်" ဟုရေးသားခဲ့သည်။ ထိုအဖွဲ့နှင့်ယှဉ်၍ ဆေးရုံရောက်ပြီး လူနာတစ်ယောက်အနေနှင့် အမြင်ကို - "ယခုမူ မော်တော်ကားကို မြင်ပါ၏။ အရောင်ကို သတိမရ။ စိန်ပန်းပင်ကိုပင် မြင်၏။ ယိုးဒယားဟန်ကို သတိမရ။ ဝင်လာသူကိုပင်မြင်ပါ၏။ လူနာအမေးအမြန်း လာသည်ကို သတိမရ။ သူတို့ လောကသည် လွတ်လပ်သောလောက၊ ချမ်းသာသော လောက၊ ငါ့လောကသည် အနှောင်အဖွဲ့ လောကဒုက္ခလောက။ ဤသို့လျှင် မဆီမဆိုင် တွေးလိုက်မိသည်" ဟု ရေးဖွဲ့ခဲ့ပါသည်။ ကြောက်စိတ်လွှမ်း၍ အရာရာကို ဒုက္ခဟုချည်း မြင်နေသောအမြင်၊ အလှကိုပင် အလှဟု မမြင်နိုင်တော့သော အမြင်ဖြင့် ယှဉ်၍ တင်ပြခဲ့ပါသည်။ ထိုသို့သော နှိုင်းယှဉ်အဖွဲ့ကြောင့် ဆေးရုံရောက် လူနာတစ်ယောက် အနေနှင့် ဆေးရုံကို ကြောက်ခဲ့ရသော ခံစားမှု၊ ဒုက္ခဟု စွဲခဲ့ရသော အစွဲသည် ထင်ရှားပေါ်လွင်လာပါသည်။

စာပိုဒ်လိုက် တစ်ကျော့စီရေးထားသည့် နှိုင်းယှဉ်အဖွဲ့ကို တွေ့ရသကဲ့သို့ - "သူတို့လောကသည် လွတ်လပ်သောလောက၊ ချမ်းသာသောလောက၊ ငါ့လောကသည် အနှောင်အဖွဲ့လောက၊ ဒုက္ခလောက" ဟူ၍ ဝါကျတစ်ကြောင်းထဲ၌ မတူညီသော သဘောနှစ်ခုကို နှိုင်းယှဉ်ရေးဖွဲ့ထားသည်ကိုလည်း တွေ့ရပါသည်။ ထိုနှိုင်းယှဉ်အဖွဲ့တွင် ကွဲပြားခြားနားသော နာမဝိသေသနပုဒ်များကို တွဲသုံး၍ မတူညီသော လောကနှစ်မျိုးကို ထင်ရှားစေသည်။

ဆေးရုံနှင့်ပတ်သက်၍ ဒုက္ခဟုချည်းစွဲနေရာမှ အတွေးခံယူချက် ပြောင်းသွားပုံကို တင်ပြရာ၌ - "ထိုတတိယနေ့ကို ကျွန်တော် မမေ့နိုင်ပါ။ အဘယ့်ကြောင့် ဆိုသော်

http://mmteashop.com

တတိယနေ့သို့ ရောက်ခါမှ ဆေးရုံသည် ဒုက္ခမဟုတ်၊ အရပ်တစ်ပါးမှ ရောက်လာကြသော ရောဂါတို့ကို တိုက်ခိုက်ချေမှုန်းရာ အရပ်သာဖြစ်၏။ ဒုက္ခချုပ်ငြိမ်းရာသို့ နည်းအမျိုးမျိုးဖြင့် ပို့ပေးနေသော မဂ်လမ်းကြောင်းတစ်မျိုးဖြစ်၏ဟု တတိယအတွေးကို ကျွန်တော် တွေးတတ်သောကြောင့် ဖြစ်သည်" ဟု ရေးဖွဲ့ခဲ့ပါသည်။ စာတမ်း၏ အစပိုင်းတွင် ဆေးရုံ မရောက်မီက လောကအလှအပေါ် အာရုံဝင်စားခဲ့သည်။ ဝေဖန် သုံးသပ်ခဲ့သည်။ ဆေးရုံပေါ် ရောက်သည်နှင့် အလှတရားကို မသိတော့။ အရာရာကို ဒုက္ခချည်းဟု မြင်နေခဲ့သည်။ ထိုမတူညီသည့် ခံစားမှုနှစ်ရပ်၊ အတွေးအမြင်နှစ်ရပ်ကို နှိုင်းယှဉ်အဖွဲ့များနှင့် ပြခဲ့သည်။ ဆေးရုံတက်ပြီး သုံးရက်မြောက်သောအခါ ဒုက္ခဟူသော အစွဲပျောက်၍ အတွေးပြောင်းလဲခဲ့သည်။

အတွေးပြောင်းလဲသည့် အဆင့်သို့ရောက်အောင် ဆေးရုံအတွေ့အကြုံအမျိုးမျိုးကို အကျိုးသင့်အကြောင်းသင့် တင်ပြခဲ့သည်။ ထို့နောက် အတွေး လုံးဝ ပြောင်းသွားပုံကို ထပ်ဆင့်တင်ပြခဲ့သည်။ စာပိုဒ်တစ်ကျော့စီ၊ တစ်လှည့်စီမသွားသော်လည်း အဆုံးရောက်မှ အတွေးပြောင်းပုံကို ဖော်ပြသောအဖွဲ့သည် စာတမ်း၏အစပိုင်းမှ အတွေးနှင့် မတူညီသော နှိုင်းယှဉ်အဖွဲ့ပင် ဖြစ်ပါသည်။

နွေဦးကျက်သရေ ရသစာတမ်းတွင် ဆင်းရဲသည့် ကျေးလက် တောရွာနေများ ဖြစ်သော်လည်း စေတနာလှပုံ၊ သပ်သပ်ရပ်ရပ် ဝတ်စားထားသော မြို့ကြီးသား၊ ပညာတတ်များ ဖြစ်သော်လည်း ထိုသူတို့ကဲ့သို့ စေတနာအလှကို မပြသနိုင်သည့်အတွက် မိမိကိုယ်ကို လူယဉ်ကျေးဟု ဆိုရမည်ကို ရှက်မိပုံ စသည့်သဘောကို တင်ပြရာ၌ နှိုင်းယှဉ်အဖွဲ့များကို စာတစ်ပိုဒ်တည်း၌ တစ်ကျော့စီသုံးထားပါသည်။

အသွင်အပြင် အဝတ်အစား မလှသော်လည်း စေတနာလှပုံကို - "သူတို့ ဝတ်စားထားသည်မှာ ချည်ထည်တစ်ပတ်နွမ်းများသာ ဖြစ်သည်။ အလုပ်ကြမ်း လုပ်ကြသူများဖြစ်သဖြင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည်။ ရုပ်ရည်မှာ ချောသည် လှသည်ဟု မဆိုသာ။ သို့ရာတွင် သူတို့၏ ရေအလှူစေတနာ၊ ရေဝေအမှုအရာတို့ကြောင့်



http://mmteashop.com

ပေလားမသိ၊ သူတို့၏ ရုပ်ရည်သည် ဝမ်းသာစရာကောင်း၍၊ ကျေးဇူးတင်စရာကောင်း၍၊ ကြည်ညိုစရာ ကောင်းသည်ဟု ထင်မိသည်။ ထိုအခါက ကျွန်တော့်ကိုယ်ကို ကျွန်တော်ပြန်ကြည့်မိသည်။ ရုပ်အင်္ကျီ ဖြူဖြူစင်စင်နှင့်၊ ပိုးလုံချည်နှင့်၊ လက်ပတ်နာရီနှင့်၊ ဆီမွှေးလိမ်း ဘိုကေနှင့် ဖြစ်သည်။ ဤအခြင်းအရာတို့သည် ယဉ်ကျေးမှုလော၊ ဤသို့မေးကြည့်သည်။ ဤအခြင်းအရာတို့ကို ယဉ်ကျေးမှုဟု ဆိုလျှင် ထိုမိန်းမပျိုတစ်စု၏ အမူအရာသည် အဘယ်နည်း” ဟု နှိုင်းယှဉ်အဖွဲ့နှင့် တင်ပြခဲ့ပါသည်။

မတူညီသော နှိုင်းယှဉ်အဖွဲ့နှစ်မျိုးနှင့် တင်ပြပြီးမှ စာရေးသူက မေးခွန်းလေးများဖြင့် လမ်းခင်းကာ သူ၏ အတွေးနောက်သို့ စာဖတ်သူ လိုက်ပါလာအောင် စည်းရုံးခေါ်ဆောင်ထားသည်။ နှိုင်းယှဉ်အဖွဲ့သည် စာရေးသူ၏ အမြင်ကို စာဖတ်သူတို့စိတ်အာရုံ၌ ထင်မြင်လာအောင် စွမ်းဆောင်နိုင်သည်။ စာရေးသူ၏ အတွေးနောက်သို့ လိုက်ပါလာအောင် အကျိုးသင့်အကြောင်းသင့် ပြောရာ၌လည်း အထောက်အကူ ပြုနိုင်ပါသည်။

နှိုင်းယှဉ်အဖွဲ့များကို တစ်ကျော့စီ တင်ပြရာတွင် တူညီသော အချက်ရော မတူညီသည့် အချက်ပါ နှိုင်းယှဉ်ထားပုံကိုလည်း တွေ့ရပါသည်။ ပုဂံမြို့ဟောင်းနှင့် ကျွန်တော် ရသစာတမ်းတွင် ရွှေစည်းခုံစေတီနှင့် ရွှေတိဂုံစေတီတို့၏ သွင်ပြင်ပုံပန်းမတူပုံကို နှိုင်းယှဉ်ပြသကဲ့သို့ ရွှေစည်းခုံရော ရွှေတိဂုံပါ မင်းနှင့်ပြည်သူတို့ ပေါင်းစည်းညီညွတ်သော ခေတ်၏ သဘောကို နားလည်သည့် ပန်းရန်ပုံတို့က ခေတ်သရုပ်ကို ထင်ဟပ်အောင် တည်ဆောက်ထားခြင်း ဖြစ်သည် ဆိုသော တူညီသည့် အချက်ကိုလည်း နှိုင်းယှဉ်ပြထားပါသည်။ ရွှေတိဂုံစေတီ၏ သွင်ပြင်ပုံပန်းနှင့် တည်ဆောက်သူတို့၏ ခံစားမှုကို - “ရွှေတိဂုံစေတီ၏ပုံတော် ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ စိတ်ချမ်းမြေ့ဖွယ်ဖြစ်ခြင်းတို့သည် ထိုခေတ်၏ သဘောကိုလည်းကောင်း၊ ထိုတိုင်းသူပြည်သားတို့၏ သဘောကိုလည်းကောင်း၊ ထိုမင်း၏ သဘောကိုလည်းကောင်း မလွန်ဆန်နိုင်သော ပန်းရန်ပုံတို့၏ လက်ရာပင်ဖြစ်လေစွ” ဟု ရေးဖွဲ့ခဲ့သည်။ ရွှေစည်းခုံစေတီ၏ သွင်ပြင်ပုံပန်းနှင့် တည်ဆောက်သူ ပန်းဂုန်ပုံ ပညာရှင်တို့၏ ခံစားမှုကို - “ထို့ကြောင့် မုဒ်ဦးခြသေ့ရုပ်

ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်းတို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထိုတိုင်းသူပြည်သား တို့၏ သဘောကိုလည်းကောင်း၊ ထိုမင်းနစ်ပါးတို့၏ သဘောကို လည်းကောင်း၊ မလွန်ဆန်နိုင်သော ပန်းရန်ပုံတို့၏ လက်ရာပင် ဖြစ်လေစွ။ ရွှေစည်းခုံ စေတီ၏ ပုံတော် ကြံ့ခိုင်ခြင်း၊ ထက်မြက်ခြင်း၊ တက်ကြွအားရဖွယ်ဖြစ်ခြင်း သည်လည်း ထိုသို့သော ပန်းရန်ပုံတို့၏ လက်ရာပင်ဖြစ်လေစွ” ဟု ရေးဖွဲ့ခဲ့ပါသည်။

ရွှေတိဂုံနှင့် ရွှေစည်းခုံကို နှိုင်းယှဉ်အဖွဲ့များဖြင့် တင်ပြရာ၌ တူညီသော အချက်ကိုလည်း နှိုင်းယှဉ်ပြသည်။ မတူညီသောအချက်ကိုလည်း နှိုင်းယှဉ်ပြသည်။ မတူညီသည့် နှိုင်းယှဉ်အဖွဲ့များကြောင့် ရွှေတိဂုံနှင့် ရွှေစည်းခုံစေတီတို့၏ခေတ် ကွာခြားသည့် အလျောက် သွင်ပြင် ပုံပန်းကွာခြားသည့်သဘောသည် ပေါ်လွင်လာသည်။ တူညီသည့် နှိုင်းယှဉ်အဖွဲ့များကြောင့် ရွှေတိဂုံတည်သော ခေတ်သည် စစ်မက်ငြိမ်းချမ်း သည်။ တည်ထားကိုးကွယ်သူ ရှင်စောပုဘုရင်မကြီးသည်လည်း တရားဓမ္မနှင့် ချမ်းမြေ့ငြိမ်းချမ်း နေသည်။ မင်းနှင့်ပြည်သူတို့သည် ကြည်ဖြူလက်တွဲ၍ ငြိမ်းချမ်းရေး၏ အရသာကို မျှဝေခံစားနေသော ခေတ်ဖြစ်သည်။ ပြည်သူထဲက ပြည်သူဖြစ်သော ပန်းရန်ပညာရှင် အကျော်အမော်တို့သည်လည်း ငြိမ်းချမ်းသောခေတ်တွင် ငြိမ်းချမ်းသော ခံစားမှုဖြင့် ပြေပြစ်နွဲ့နှောင်းသော အနုပညာအလှကို ဖန်တီးယူခဲ့ကြသည် ဟူသော သဘောသည် တွဲဖက်အနက်အဖြစ် ထင်ရှားလာသည်။

ရွှေစည်းခုံကို တည်ဆောက်သော အနော်ရထာ၊ ကျန်စစ်သားတို့၏ ပုဂံတစ်ခေတ်သည် လူသစ်တည်၍ ပြည်သစ်ဆောက်နေရသော ခေတ်ဖြစ်သည်။ ဘာသာ၊ စာပေ ထွန်းကားရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေရသောခေတ်ဖြစ်သည်။ ပျူ၊ မွန်၊ မြန်မာနှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးကို အားထုတ်နေရသော ခေတ်ဖြစ်သည်။ ထိုသို့ မင်းနှင့်ပြည်သူ ကြည်ဖြူလက်တွဲ၍ နိုင်ငံတော်ကို တည်ဆောက် နေရသော ခေတ်တွင် ခွန်အားပြည့်ဖြိုးမှု၊ ထက်မြက်မှု စွမ်းအားများသည် ပြည်သူပြည်သား

http://mmteashop.com

တိုင်း၌ ရှိနေကြသည်။ ရွှေစည်းခုံကို တည်ဆောက် ဖန်တီးခဲ့သော ပန်းရန်ဆရာ အကျော်အမော်တို့၏ ရင်တွင်း၌လည်း ရှိနေသည်။

ထိုခံစားမှုဖြင့် ခေတ်၏ တက်ကြွမှု၊ ထက်မြက်မှု အရိပ်များကို ထင်ဟပ်နေအောင် ရွှေစည်းခုံကို တည်ထားခဲ့ခြင်း ဖြစ်သည်ဆိုသော တွဲဖက်အနက်သဘောသည်လည်း ထင်ဟပ်လာပါသည်။ အဆိုပါ နှိုင်းယှဉ်အဖွဲ့များကြောင့် စေတီတော်နှစ်မျိုး၏ သွင်ပြင်ပုံပန်း မတူညီမှုသဘော ပေါ်လာသည်။ ခေတ်နှင့်ခေတ်၏ ခံစားချက်ချင်း မတူညီမှုသဘော ပေါ်လာသည်။ မည်သည့်ခေတ်တွင်မဆို မင်းနှင့်ပြည်သူ၏ ခံစားချက်၊ ယုံကြည်ချက်ချင်း တူညီသည့် ပေါင်းစည်းညီညွတ်မှုသဘော ပေါ်လာသည်။ ခေတ်အဆက်ဆက် မင်းနှင့်ပြည်သူသည် အေးအတူ ပူအမျှ နိုင်ငံကို တည်ဆောက်ခဲ့သည့်သဘောသည် ထင်ရှားလာသည်။ အတိတ်ခေတ်များက မင်းနှင့်ပြည်သူ ပေါင်းစည်းညီညွတ်ခဲ့သည် ဟူသော တူညီသည့် သဘောသည်လည်း ထင်ရှားလာသည်။

အနုပညာရှင်တို့သည် မိမိတို့ အနုပညာလက်ရာများကို ဖန်တီးရာ၌ ခေတ်အပေါ် ခံစားမှုနှင့် ဖန်တီးခဲ့ခြင်း ဖြစ်သည်ဆိုသော သိမ်မွေ့နက်နဲသည့် အနုပညာဖန်တီးမှု သဘောတရားကိုလည်း စာဖတ်သူတို့ တဖြည်းဖြည်း နားလည်ခံစားလာရသည်။ ရွှေတိဂုံ၊ ရွှေစည်းခုံ စေတီတော်တို့သည် ယနေ့ခေတ်တိုင် မြန်မာနိုင်ငံ၏ ကျက်သရေ ဆောင်လျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ခေတ်၏ ညီညွတ်မှုကြောင့် ဖြစ်သည်။ စည်းရုံးညီညွတ်မှု အသိဖြင့် မျက်မှောက်ခေတ်နိုင်ငံသားတို့အနေနှင့် ခေတ်ကို ဆက်လက် တည်ဆောက်ကြပါဟု တိုက်တွန်းလိုသော စာရေးသူ၏ စေတနာသည်လည်း နှိုင်းယှဉ် အဖွဲ့ကောင်းများမှ တစ်ဆင့် စာဖတ်သူ၏ စိတ်အာရုံသို့ ထင်ဟပ်လာစေပါသည်။

နှိုင်းယှဉ်အဖွဲ့များတွင် စာရေးသူ၏ အနုပညာလက်ရာများ အပေါ်ခေတ်နှင့် ယှဉ်၍ ခံစားတွေးမြင်မှုများကို တွေ့လာရသည်။ စာရေးသူ၏ ပုဂံနှင့်အင်းဝခေတ် မင်းနှင့် ပြည်သူတို့၏ ပေါင်းစည်းညီညွတ်မှုအပေါ် အံ့ဩစိတ်၊ ဂုဏ်ယူစိတ်၊ ချီးကျူးလေးစားလို စိတ်ဆိုသည့် ခံစားမှုများ ပေါ်လွင်လာအောင် ရေးသားထားသည်။ ထိုခံစားမှု လေသံကို



http://mmteashop.com

ဝါကျအသံအဖြစ် ကြားနိုင်အောင် ရေးဖွဲ့နိုင်ခဲ့သည်။ ပုံစံတူစကားစုများ ပါဝင်သော ဝါကျရှည်များကို ဟန်ချက်ညီအောင် ဖွဲ့ထားသည်။ "ပန်းရနံ့ပျံတို့၏ လက်ရာပင်ဖြစ်လေစွ" ဟူသော ဝါကျအဆုံးသတ်များက အံ့ဩသည့်လေသံကို ပေါ်လွင်စေပါသည်။

ဝါကျရှည် တစ်ကြောင်းတည်း၌လည်း မတူညီသည့် နိုင်းယှဉ်အဖွဲ့များကို ထည့်သွင်း၍ ရေးသားထားဟန်ကို - "စင်စစ် ရွှေတိဂုံသည် ဗိသုကာပညာတွင် အယဉ်အနသဘောဖြင့် သပ္ပာယ်၍ ရွှေစည်းခုံသည် အခံ့အသန့်သဘောဖြင့် သပ္ပာယ်သည်ဟု မဆိုကောင်းဆိုကောင်း ဆိုလိုချင်ပါတော့သည်" ဟုတွေ့ရပါသည်။ မတူညီသည့်သဘောကို အယဉ်အနနှင့် အခံ့အသန့်ဆိုသည့် စကားလုံးများနှင့် ဖော်ပြသည်။ ထိုသို့မတူညီသော်လည်း သပ္ပာယ်မှု ရှိသည်ဟူသော အချက်မှာမူ တူညီသည့်သဘောကို ဆောင်ပါသည်။

ရွှေပြည်စိုးနှင့် ကျွန်တော် ဝတ္ထုတွင် နိုင်းယှဉ်အဖွဲ့ကို သုံးထားပါသည်။ ထိုရသစာတမ်းမှာ စာပေကို နှစ်သက်သည်ဆိုရာ၌ အသက်အရွယ်၊ ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံ အနေအရင့်ပေါ်တွင် မူတည်၍ နှစ်သက်သည့်အချက်များ ကွဲပြားလာပုံကို ရေးသားတင်ပြထားသည်။ စာပေနှင့်စာဖတ်သူတို့နှင့် ဆက်စပ်နေသော စာပေသဘောတရား ဆိုင်ရာ ဆွေးနွေးတင်ပြမှုစာတမ်းဖြစ်သည်။ ဦးလတ်၏ ရွှေပြည်စိုးဝတ္ထု တစ်ခုတည်းပေါ်တွင် အသက်အရွယ်နှင့် အတွေ့အကြုံကိုလိုက်၍ နှစ်သက်သည့် အခန်း၊ နှစ်သက်သည့်အချက် ကွာခြားပုံကို စာရေးသူ၏ ကိုယ်တွေ့အတွေ့အကြုံဖြင့် ရှင်းပြထားပါသည်။

စာရေးသူ ကျောင်းသားဘဝတွင် ရွှေပြည်စိုးဝတ္ထုမှ ဗဟုသုတများ၊ ချစ်ခန်းကြိုက်ခန်းများကို ဦးလေးဖြစ်သူမှတစ်ဆင့် ကြားသိပြီးလျှင် ဖတ်ချင်စိတ်ဖြစ်ပေါ်နေခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့သည့် အသက်အရွယ်နှင့် အခြေအနေကို - "ကျွန်တော်၏ ဦးလေးသည် ထိုအခါက ဘိုဆံတောက်ဖြီး၍ ကတ္တီပါအလှရည် လိမ်း၍ သူနေ့တိုင်း လမ်းလျှောက်ဟန် ဓာတ်ခုတ်နေသောအရွယ်သို့ ရောက်နေပြီးဖြစ်သဖြင့်

ထိုစကားတို့ကို သူမြိန်ရည်ရှက်ရည် ပြောတတ်ပါသည်။ ကျွန်တော့်မှာလည်း ထိုအခါက ဘိုဆံတောက် ထားအုံ့ဆဲဆဲ အရွယ်သို့ရောက်နေပြီဖြစ်ပြန်ရာ ထိုစကားတို့ကို မြိန်ရည်ရှက်ရည်ပင် နားထောင် တတ်ပါသည်။ နားထောင်ရင်း ရွှေပြည်စိုးကို တတောင့်တတ ဖြစ်ခဲ့လေသည်” ဟု ရေးသားတင်ပြခဲ့ပါသည်။

လူပျိုနှင့် လူပျိုပေါက်အရွယ်တို့၏ စိတ်အမူအရာကို ရုပ်အမူအရာများဖြင့် ရေးပြထားသည်။ လှချင်ပချင်သည်။ မိန်ကလေးများက စိတ်ဝင်စားစေချင်သည်။ အချစ်အကြိုက် အကြောင်းများကို ပြောချင်သည်။ နားထောင်ချင်သည် ဆိုသော စိတ်လှုပ်ရှားမှုများနှင့် လိုက်ဖတ်ညီညွတ်စွာ ဝတ္ထုကိုကြိုက်ခဲ့ပုံကို သရုပ်ပေါ်၍ အကျိုးသင့်အကြောင်းသင့် ဖြစ်လာအောင် သရုပ်ဖော်ရေးသား ပြသည်။ မြိန်ရည်ရှက်ရည် ဆိုသည့် အရပ်သုံးစကားကြောင့် လူပျိုပေါက်အရွယ်၏ စိတ်လှုပ်ရှားမှု၊ တောင့်တမှု များသည် ပေါ်လွင်နေသည်။ ရွှေပြည်စိုးဝတ္ထုကို ဒုတိယအကြိမ် ပုံနှိပ်သောအခါတွင် အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ စာပေအတွေ့အကြုံ ရင့်ကျက်နေသည့် အနေအထားကို - “ရွှေပြည်စိုးကို ပြန်လည် ပုံနှိပ်သောအခါ ကျွန်တော်မှာ လူလားမြောက်၍ အလိုက်အထိုက် စာဝါးဝလေနင့်လေပြီ။ လောကုတ္တရာရေးဆိုင်ရာကျမ်း အတန်အသင့် ဖတ်ရှုဖူးပြီ။ မှန်နန်းရာဇဝင် အတန်အသင့် ဖတ်ရှုဖူးပြီ။ ပျို့အလင်္ကာ အတန်အသင့် ဖတ်ရှုဖူးပြီ။ နန်းတွင်းဇာတ် အတန်အသင့် ဖတ်ရှုဖူးပြီ။ ကာလပေါ်ဝတ္ထု ခပ်များများ ဖတ်ရှုဖူးပြီ။ ထို့အပြင် လူဝါးလည်း အတန်အသင့် ဝနေနင့်ပြီ” ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။

စာပေအတွေ့အကြုံ ရင့်ကျက်လာပုံကို ပုံစံတူ ဟန်ချက်ညီ ဝါကျတိုအဖွဲ့များဖြင့် ရေးသားခဲ့သည်။ “အတန်အသင့် ဖတ်ရှုဖူးပြီ” ဆိုသည့် ကြိယာပုဒ်စုတို့ ပုံစံတူထားပြီး လောကုတ္တရာ ဆိုင်ရာကျမ်း၊ မှန်နန်းရာဇဝင်၊ နန်းတွင်းဇာတ်၊ ကာလပေါ်ဝတ္ထုဆိုသည့် ရှေ့မှ နာမ်ပုဒ်စုများကို အပြောင်းအလဲလုပ်ပေးခြင်းဖြင့် ဝါကျချင်း ဟန်ချက်ညီလာသည်။ အပြိုင်အဖွဲ့သဘောသက်ဝင်လာသည်။ ပုံစံတူ ဟန်ချက်ညီဝါကျများကြောင့် စာရေးသူ၏



http://mmteashop.com

စာပေနန့်စပ်မှု သဘောသည် ထင်ရှားလာပါသည်။ အသက်အရွယ်အလိုက် တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့် ဖတ်ရှုလာသည့်သဘော ပေါ်လွင်လာသည်။

ထိုသို့သော မတူညီမှုကိုပြသည့် နှိုင်းယှဉ်အဖွဲ့များကို တင်ပြပြီးမှ စာပေ တစ်အုပ်တည်းကိုပင် ကြိုက်ပုံကြိုက်နည်း ပြောင်းလာပုံကို - " ဇာတ်နိပတ်၊ ပုံပြင်ကို သိချင်လျှင် ပင်ရင်းကျမ်းများကို ဖတ်ရှုရသည်က ပို၍ကောင်းပါသည်။ ရာဇဝင်ကို သိချင်လျှင်လည်း ထိုနည်းအတိုင်းပင်။ ပျို့၊ ကဗျာ၊ အလင်္ကာတို့ကို သိချင်လျှင်လည်း ထိုနည်းအတိုင်းပင်" ဟု ရေးသားခဲ့သည်။ ရွှေပြည်စိုးဝတ္ထုတွင်ပါသော ရာဇဝင်၊ ပုံပြင်၊ ကဗျာလင်္ကာတို့ကြောင့် ကြိုက်သည့်စိတ် မရှိတော့ကြောင်း ထင်ရှားအောင် တင်ပြခဲ့သည်။

အသက်အရွယ်အလိုက် စာပေအတွေ့အကြုံ ခြားနားလာသည်နှင့်အမျှ စာတစ်အုပ်ပေါ်၌ နှစ်သက်မှု၊ တန်ဖိုးထားမှု ကွာခြားလာပုံကို - " ပတ်ဝန်းကျင်လောကကို မြင်တတ်သော မျက်စိရှိသူလည်း မြင်သည်။ ပတ်ဝန်းကျင်လောကကို ကြားတတ်သော နားရှိသသူလည်း ဖြစ်သည်။ ပတ်ဝန်းကျင်လောက၏ အကျိုးအပြစ်ကို ဆင်ခြင်တတ်သော စိတ်ရှိသသူလည်း ဖြစ်သည်။ ပတ်ဝန်းကျင်လောကကို ချစ်ခင်တတ်သော စေတနာရှိသူလည်း ဖြစ်သည်။ " ထိုမျက်စိ၊ ထိုနား၊ ထိုစိတ်၊ ထိုစေတနာတို့ကို ကျွန်တော် အဖိုးမဖြတ်နိုင်ပါ။ ဦးရာကျော်တို့ ဇာတ်ထုပ်သည် ထိုမျက်စိ၊ ထိုနား၊ ထိုစိတ်၊ ထိုစေတနာတို့ဖြင့် ပြန်ပြောထားသော ဇာတ်ထုပ်ဖြစ်လေသည်။ ထိုဇာတ်ထုပ်သည် ရွှေပြည်စိုး၌ ရှိနေဘိ၏။ ထို့ကြောင့် ကျွန်တော့်စာအုပ်တွင် ရွှေပြည်စိုး အမြဲလိုလိုရှိနေခြင်း ဖြစ်လေသည်။ တလောကပင် ကျွန်တော့်စာအုပ်စင်၌ ရွှေပြည်စိုးကို မမြင်မိဖြစ်ပြန်ရာ အစားဝယ်၍ ထည့်ထားလိုက်ရပြန်ပါသတည်း" ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။

ဦးလတ်၏ ပတ်ဝန်းကျင်လောကကို မြင်တတ်၊ ကြားတတ်၊ ဆင်ခြင်တတ်သော စိတ်ဖြင့် ဒိဋ္ဌလောကကို ထင်ဟပ်ထားသော ဝတ္ထုဖြစ်၍ နှစ်သက်လာရသည့်သဘောကို နှိုင်းယှဉ်အဖွဲ့များကို အခြေခံ၍ ရှင်းလင်းတင်ပြထားပါသည်။ လောကကို ထင်ဟပ် ရေးဖွဲ့သော စာသည်သာ စာကောင်းပေကောင်း ဖြစ်သည်။ ရွှေပြည်စိုးဝတ္ထုတွင်



http://mmteashop.com

လောကီလောကုတ္တရာ ဗဟုသုတနှင့် အချစ်အလွမ်းကို ဖွဲ့ထားသော အခန်းများကိုသာ နှစ်သက် မက်မောခဲ့ရာမှ ကွဲပြားခြားနားစွာ အတွေးအမြင် ခံယူချက်ပြောင်းလာရပုံကို သိမ်သိမ်မွေ့မွေ့နှင့် စာဖတ်သူအား စည်းရုံးခေါ်ဆောင်နိုင်ခဲ့သည်။ ထိုသို့ဖြစ်အောင် အရွယ်နှင့်အကြိုက်ကို တွဲ၍ မတူညီသော နှိုင်းယှဉ်အဖွဲ့များကို အခြေခံရေးဖွဲ့ထားသည့် အတွက် အကျိုးသင့်အကြောင်းသင့် ဖြစ်လာပါသည်။

ပထမအကြိမ်ပုံနှိပ်စဉ်က တစ်ဆင့်ပြောစကားများနှင့် ဗဟုသုတနှင့် ချစ်ခန်း ကြိုက်ခန်းများကို နှစ်သက်ခဲ့သည်။ ဒုတိယအကြိမ်ပုံနှိပ်သောအခါတွင်မူ စာရေးသူ၏ လောကအမြင်၊ အကြားဖြင့် ဒိဋ္ဌလောကကို ထင်ဟပ်ရေးဖွဲ့နိုင်မှုသဘောအထိ နားလည် ခံစားနိုင်ခဲ့ပြီ ဖြစ်သည်။ စာပေအတွေ့အကြုံ ရင့်ကျက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင် လောကကို ထင်ဟပ်ရေးဖွဲ့ထားသည့်အတွက် ကြိုက်နှစ်သက်ခဲ့သည်။ မတူညီသော ခံစားမှုနှင့် အမြင်နှစ်ခုကို နှိုင်းယှဉ်အဖွဲ့များဖြင့် တင်ပြထားပါသည်။ အကောင်းအဆိုး၊ အနုအရင့် ယှဉ်တွဲနေသော လောကတွင် ထိုခြားနားသော ကိုယ်၊ နှုတ်၊ နှလုံး အမူအရာများကို စာဖတ်သူ၏ စိတ်အာရုံတွင် ထင်မြင်လာအောင် အားထုတ်ရာတွင် နှိုင်းယှဉ်အဖွဲ့များသည် အရေးပါသည်ဟု ဆိုရပါမည်။

http://mmteashop.com

## ၁၁။ အလင်္ကာအသုံး

စကားပြေရေးသားခြင်းသည် စာရေးသူ၏ စိတ်ကူးကို စာဖတ်သူသို့ အရောက် ပို့ဆောင်ခြင်းဖြစ်၍ စာဖတ်သူ၌ သိလွယ်၊ မြင်လွယ်၊ ခံစားလွယ်အောင် အားထုတ်ရမည် ဖြစ်ပါသည်။ အပြောကောင်းသူသည် ပုံပြင်၊ သာဓကလေးများဖြင့် မိမိအလိုသို့ ရောက်အောင် စည်းရုံးပြောဆိုရသကဲ့သို့ စကားပြေရေးသားသူသည်လည်း ပုံပြင် သာဓကလေးများ သာမက အလင်္ကာများကိုပါ နေရာတကျသုံးစွဲ၍ စာဖတ်သူ၏ စိတ်အာရုံ၌ ထင်မြင်လာသည်အထိ ဖန်တီးရပါသည်။ အလင်္ကာသည် စာရေးသူ၏ ဆိုလိုချက်ကို ထင်ရှားပေါ်လွင်လာစေသည်။ အလင်္ကာသည် ကဗျာ၏ အဆင်တန်ဆာ ဖြစ်သကဲ့သို့ စကားပြေ၏ အဆင်တန်ဆာလည်း ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် သူ၏ ရသစာတမ်းများတွင် အလင်္ကာများကို ဆီလျော်လိုက်ဖက်အောင် သုံး၍ ဆိုလိုချက်ပေါ်လွင်အောင် ရေးသားလေ့ရှိပါသည်။

ဆေးရုံနှင့် ကျွန်တော် ရသစာတမ်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဗိသုကာဟန်သည် ၂၀ ရာစုခေတ်ဦးဟန် ဖြစ်သော်လည်း တစ်မျိုး ခန့်ညားနေသည်ဟု ဆရာကြီး ထင်မြင်သည်။ သူ့အမြင်ကို စာဖတ်သူ၌လည်း မြင်လာစေရန် - " ဘီးဆံပတ်နှင့်၊ မဟာနဖူးနှင့်၊ ပဝါရှည်နှင့်၊ ရင်ဖုံးအင်္ကျီလက်ပွနှင့်၊ အချိတ်ထဘီနှင့်၊ ပုသိမ်ထီးနှင့် ခံ့ခံ့ညားညား ဝတ်ဆင်ထားသော ယခင်ခေတ် မြန်မာအမျိုးသမီးကြီးကဲ့သို့ ဖြစ်သည်" ဟု ဥပမာအလင်္ကာဖြင့် ရေးသားတင်ပြထားပါသည်။ သက်မဲ့ဆေးရုံ၏ သွင်ပြင်ပုံပန်းနှင့် အခံ့အညားကို ရှေးခေတ်မြန်မာအမျိုးသမီးတစ်ဦး ခံ့ညားထည်ဝါသော အဆင်အပြင်၊ သွင်ပြင်ပုံပန်းနှင့် နှိုင်းယှဉ်ပြပုံမှာ စိတ်ကူးထူးခြားလှပါသည်။

မည်သို့မျှ မျှော်လင့်မထားသော ဥပမာအလင်္ကာဖြစ်ပါသည်။ အနှိုင်းခံနှင့်အနှိုင်းမှာ အလှမ်းကွာသည့် အတွက် အလင်္ကာသည် ပို၍ ထက်မြက်နေပါသည်။ ခံ့ခံ့ညားညား၊ တည်တည်ငြိမ်ငြိမ်နှင့် ကျက်သရေရှိသော ဆေးရုံကြီး၏ အသွင်သည် ထင်ရှားလာပါသည်။



http://mmteashop.com

၂၀ ရာစုခေတ် ဦးပိုင်း၏ လက်ရာ ရေးကျသောဟန်ပေါ်လာသကဲ့သို့ မြန်မာ့ရေမြေနှင့် လိုက်ဖက်၍ တင့်တယ်ခံ့ညားသော သဘောကိုလည်း ထင်မြင်လာစေပါသည်။ မြန်မာဆန်ခြင်း၊ ခံ့ညားခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်း၊ ကျက်သရေရှိခြင်းဆိုသော ဆေးရုံကြီး၏ ဂုဏ်ရည်များသည် ယခင်ခေတ်မြန်မာအမျိုးသမီး၏ သွင်ပြင်နှင့် ဆင်ယင် ထုံးဖွဲ့မှုကို အနုစိတ် ခြယ်မှုန်းပေးလိုက်ခြင်းဖြင့် စာဖတ်သူ၏ အာရုံ၌ ထင်ဟပ်စေပါသည်။ နေရာတိုင်းတွင် မြန်မာ့စိတ်၊ မြန်မာ့ခံစားမှုဖြင့် ရှုမြင်တတ်သော ဆရာကြီး၏ ကိုယ်ရည် ကိုယ်သွေးသည်လည်း ထိုအလင်္ကာ၌ ထင်ဟပ်နေပါသည်။

ဆေးရုံတက်နေသော လူနာတစ်ဦး၏ သွင်ပြင်ပုံပန်းကိုတင်ပြရာ၌ - "ခုတင် တစ်ခုတွင် လူနာတစ်ဦး၏ နာခေါင်းတွင်းသို့ ရာဘာပြွန်ငယ်သွင်းထားသည်။ ပြွန်ငယ် ပြုတ်မကျ ကွာမကျအောင် ပြွန်ငယ်ကိုအုပ်လျက် မျက်နှာ၏ ထိုနေရာ၊ ဤနေရာတို့၌ ပလတ်စတစ်ကပ်ထားသည်ဖြစ်ရာ သူ့မျက်နှာသည် ရွှေတိဂုံဘုရား စောင်းတန်းမှာ ရောင်းသော ဘီလူးခေါင်းနှင့် တူတော့သည်" ဟု ဥပမာပေး၍ ရေးသားတင်ပြထားပါသည်။ စာဖတ်သူ မျှော်လင့်မထားသော ဥပမာအလင်္ကာပင် ဖြစ်ပါသည်။ သို့ရာတွင် ဆရာကြီး၏ အမြင်စူးရှပုံကို နှစ်သက်လက်ခံမိကြမည်ပင် ဖြစ်ပါသည်။ ပင်ပန်းကြီးစွာ နာကျင်ခံစားနေရသည်။ မသက်မသာ လူမမာ၏ သွင်ပြင် ပုံပန်းကို သရုပ် ပေါ်လွင်မှုလည်းရှိ၊ ရယ်ရယ်မောမောနှင့် ပေါ့ပေါ့ပါးပါးလည်း ဖြစ်အောင် အလင်္ကာ ရွေးချယ်သုံးနှုန်းပုံမှာ ချီးကျူးဖွယ်ဖြစ်ပါသည်။ အနိဋ္ဌာရုံမြင်ကွင်းကိုပင် ရယ်မောရွှင်ပြုံးဖွယ် ဖြစ်အောင် ဥပမာပေး ခိုင်းနှိုင်းခဲ့ပါသည်။

ဆေးရုံတွင် အနီဝတ်ဆရာမလေးများ အဆက်မပြတ် ပြေးလွှားကာ တာဝန် ထမ်းဆောင်ကြပုံ မြင်ကွင်းကို သရုပ်ဖော်တင်ပြရာ၌လည်း - "နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် သူတို့သည် လူနာဆောင်ခန်းမတွင် ပျားပန်းခတ် သကဲ့သို့ ပျံသန်းနေကြရသည်။ သူတို့ဆေးခန်းမှ လူနာဆောင်ခန်းမသို့ လူနာဆောင်ခန်းမမှ သူတို့ဆေးခန်းသို့ ရက်ကန်းရှယ်သကဲ့သို့ အခေါက်ခေါက်အခါခါ ကူးချည်သန်းချည်



http://mmteashop.com

ပြုနေကြရသည်” ဟု ရေးသားထားပါသည်။ ထိုသရုပ်ဖော်အဖွဲ့တွင် အနီဝတ်ဆရာမလေးများ၏ အဆက်မပြတ် ပြေးချည်လွှားချည်နှင့် လှုပ်ရှားနေရပုံ ထင်ရှားလာစေရန် ပျားပန်းခပ်သကဲ့သို့ ဟူသော ဥပမာအလင်္ကာဖြင့် တင်ပြခဲ့သည်။ လူနာဆောင်ခန်းမနှင့် သူတို့ဆေးခန်းကို အခေါက်ခေါက် အပြန်ပြန် ကူးသန်းသွားလာနေရသည့် လှုပ်ရှားမှု အမူအရာကို “ရက်ကန်းရှယ်သကဲ့သို့” ဟူသော ဥပမာအလင်္ကာဖြင့် ပိုမိုထင်ရှားစေခဲ့ပါသည်။

အလင်္ကာများသည် မဆန်းသစ်ပါ။ တွေ့နေမြင်နေကျ အလင်္ကာများသာ ဖြစ်ပါသည်။ သို့ရာတွင် အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်၍ အကြောင်းအရာ ပိုမိုပေါ်လွင် လာစေရန် ထောက်ကူပံ့ပိုးပေးနိုင်သော ဥပမာအလင်္ကာများဖြစ်ပါသည်။ ဆေးရုံအမှုထမ်းများ၏ တံ့မြက်လှည်း၊ ကြမ်းတိုက်လုပ်ငန်း များကို အဆက်မပြတ် ဆောင်ရွက်နေကြပုံကို - “ သူတို့ကို ကြည့်ရသည်မှာ စက်ခုတ်နေသကဲ့သို့ ဖြစ်သည်” ဟု ဥပမာပေး ခိုင်းနှိုင်းရေးသားခဲ့သည်။ စက်ခုတ်နေသကဲ့သို့ ဆိုသည့် ဥပမာအလင်္ကာကြောင့် ဆေးရုံအမှုထမ်းများ၏ လုပ်ငန်းတာဝန်ကို မရပ်မနားဆောင်ရွက်မှု၊ လှုပ်ရှားမှု မြန်ဆန်ပုံမြင်ကွင်းများသည် ထင်မြင်လာရပါသည်။

နေ့လည်လောက်တွင် လူနာဆောင်ခန်းမသို့ ဆရာဝန်ကြီးများ ရောက်လာကြသည်။ သူတို့ ခွဲစိတ်ကုသထားသော လူနာများကို မေးမြန်း အကဲခတ်ကြသည်။ သူတို့ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့်မို့ လူနာများမှာ မျက်စိလည်ကြရသည်။ သူတို့ဘယ်က ထွက်လာ၍ ဘယ်ဘက်ဝင်သွားသည်ကို မသိနိုင်ဖြစ်၍ အံ့ဩခြင်းဖြစ်ကြရသည်။ ဆရာဝန်ကြီးများမှာ ခွဲစိတ်ခန်းဝင်ရ၊ လူနာများကို ကြည့်ရနှင့် လှစ်ခနဲ၊ လှစ်ခနဲ သွက်လက်လျင်မြန်စွာ လှုပ်ရှားနေကြရဟန်ကို စာရေးသူက - “ကျိုက်ထီးရိုးတောင် အလမ်းအကွေ့၌ ဒေါက်ချာဆောင်းရသေ့ကြီး လှစ်ခနဲပေါ်လာ၍ လှစ်ခနဲပျောက်သွားသကဲ့သို့ ဖြစ်သည်။ ပင်လယ်ကူးသင်္ဘောကြီး၏ ကုန်းပတ်တွင် သင်္ဘောကပ္ပတိန်ကြီး ဤဘက်မှ ရုတ်ချည်း



http://mmteashop.com

ပေါ်လာ၍ ထိုဘက်တွင်ရုတ်ချည်း ပျောက်သွားသကဲ့သို့ ဖြစ်သည်" ဟု ဥပမာပေး ရေးဖွဲ့ထားသည်။

ထိုဥပမာအလင်္ကာများကြောင့် ဆရာဝန်ကြီးများ၏ ခွဲစိတ်မှု၊ လူနာကြည့်ရှုမှု တာဝန်များကို သွက်လက်စွာ လုပ်ရှားဆောင်ရွက်နေမှုသဘောသည် ပေါ်လွင်လာပါသည်။ အလှမ်းကွာသော ဥပမာအလင်္ကာကို ထူးထူးခြားခြား ရွေးသုံးနိုင်သည့် စိတ်ကူးမှာ လေးစားဖွယ် ဖြစ်သည်။ ဆရာကြီးသည် ဘဝအတွေ့အကြုံ၊ အကြားအမြင်မှန်သမျှကို အတွေးအသိထဲ၌ စုစည်းထားပြီး လိုအပ်သည့်အချိန်တွင် နေရာတကျ သုံးတတ်သူ ဖြစ်ပါသည်။ ထိုဥပမာအလင်္ကာ များကြောင့် ဆရာဝန်ကြီးများ၏ စွမ်းဆောင်ချက်၊ စေတနာနှင့် ဂုဏ်ရည်တို့သည် ထင်ရှားလာပြီး ကြည်ညိုလေးစားဖွယ် ဖြစ်လာပါသည်။ ဆရာဝန်ကြီးများ၏ စွမ်းဆောင်ချက်များကို တွေ့မြင်ပြီး ကြည်ညိုလေးစားစိတ်မှ ပေါက်ပွားလာစေသော အလင်္ကာဖြစ်ပါသည်။

နွေဦးကျက်သရေ ရသစာတမ်းတွင် နွေဦး၌ မြင်တွေ့ရလေ့ရှိသော ရေချမ်းအိုးကို- "သစ်ကိုင်းမှ စိုင်းကြိုးဖြင့် တွဲလဲခိုနေတတ်သော ရေချမ်းအိုးဖြစ်သည်။ မိန်းမချော၊ မိန်းမလှ ဒန်းစီးနေသည်နှင့်ပင် တူလေသည်" ဟုဥပမာအလင်္ကာဖြင့် သရုပ်ဖော်ရေးသားခဲ့သည်။ ရေချမ်းအိုး၏ အလှ၊ ရေချမ်းအိုး ကုသိုလ်ရှင်၏ စေတနာအလှတို့ကို ထင်ဟပ်စေသော ဥပမာအလင်္ကာဖြစ်သည်။ ရုပ်အမူအရာနှင့် ခိုင်းနှိုင်းပြသော်လည်း စိတ်အမူအရာအလှကိုပါ အာရုံပြုမိစေသည့် အလင်္ကာဖြစ်ပါသည်။ ထို့ပြင် ရေချမ်းအိုးကိုပင် - "တစ်ဖန် အညာဒေသများတွင် ထနောင်းပင်ခွ ကောင်းကောင်းရှိလျှင် ခွကြား၌ သူရှိတတ်သည်။ အမိသည် သူ၏ ခါးစောင်းတွင် သားငယ်ကို ခါးထစ်ခွင် ချီထားသည်နှင့်ပင် တူလေသည်" ဟု ဥပမာပေးရေးသားခဲ့ပြန်သည်။ ထိုဥပမာသည်လည်း မြင်သာသော ရုပ်အမူအရာကို ဖော်ပြသည့် ဥပမာအလင်္ကာပင် ဖြစ်သော်လည်း မမြင်သာသည့် ရေကုသိုလ်ရှင်တို့၏ စိတ်အမူအရာကိုပါ အာရုံသက်ရောက်စေသည့် အလင်္ကာဖြစ်ပါသည်။ အမိနှင့်သားကို ယှဉ်တွဲ၍ အမိသည်သားကို ခါးစောင်းတွင် ခါးထစ်ခွင်ချီထားသကဲ့သို့ဟု သုံးလိုက်ခြင်းဖြင့်



http://mmteashop.com

ရေကုသိုလ်ရှင်နှင့် ကုသိုလ်ခံယူသူတို့၏ အပြန်အလှန် မေတ္တာအေးရိပ်နှစ်မျိုးကို ပေါင်းစည်းထင်ဟပ်လာစေသော ဉပမာအလင်္ကာဟုလည်း ဆိုနိုင်ပါသည်။ ဆရာကြီး၏ အလင်္ကာအသုံးတွင် တိုက်ရိုက်အနက်သဘောသာမက တွဲဖက်အနက်သဘောများစွာ ပါဝင်နေသည့်အတွက် အာရုံခံစားမှုအမျိုးမျိုးကို ဖြစ်ပေါ်စေသည့် ဉပမာအလင်္ကာ နိမိတ်ပုံကောင်းဟုဆိုနိုင်ပါသည်။

ပြည်ထောင်စုနှင့် ကျွန်တော် ရသစာတမ်းတွင် ဘော်ကြိုဘုရားပွဲသို့သွားရာလမ်းကို သရုပ်ဖော်ရာ၌- "တောတောင်ပေါက်လမ်းသည် တောင်ခါးပန်းတွင်ဆံထိုးကဲ့သို့ ကောက်သည်၊ ခရုပတ်ကဲ့သို့ လိမ်သည်။ မြစ်ကဲ့သို့ ကွေ့သည်၊ မြွေကဲ့သို့ ခွေသည်" ဟု ဉပမာအလင်္ကာများဖြင့် စာဖတ်သူ၏ အမြင်အာရုံ၌ ထင်ဟပ်လာအောင်ရေးဖွဲ့ထားသည်။ ကောက်၊ လိမ်၊ ကွေ့၊ ခွေ ဆိုသည့် ကြိယာများရှေ့တွင် လိုက်ဖက်သောဆံထိုး၊ ခရုပတ်၊ မြစ်၊ မြွေ ဆိုသည့် လိုက်ဖက်သည့် ဉပမာအလင်္ကာများဖြင့် တန်ဆာဆင်ရေးသား လိုက်ခြင်းဖြင့် ကောက်ကာ၊ လိမ်ကာ၊ ကွေ့ကာ၊ ခွေကာ ဖြင့် တက်ရ၊ ဆင်းရသည့်တောတောင်ပေါက်လမ်း၏ သရုပ်သည် မြင်သာလာပါသည်။ ဉပမာအလင်္ကာများသည်ဆီလျော် လိုက်ဖက်မှုရှိသည်။ အလင်္ကာများကို ဆက်တိုက်သုံးသော်လည်း မရိုးရမထပ်ရအောင်သုံးနိုင်သည်။ မရိုးမထပ်ဘဲ ပုံစံချင်းတူသော အလင်္ကာများကြောင့်ဝါကျတိုများသည် အလိုလိုပုံစံတူလာသည်။ ဟန်ချက်ညီလာသည်။ အကွေ့အကောက်အခွေအလိမ်ပေါသော လမ်းကို လျှင်မြန်စွာ ဖြတ်သန်းရွေ့လျားနေသော ကား၏လှုပ်ရှားမှုသည်လည်း ထင်မြင်လာရပါသည်။

ဆရာကြီး၏ ရသစာတမ်းများတွင် ဉပမာအလင်္ကာ အသုံးများသည်။ ရူပကအလင်္ကာနှင့် ဝက်ဝုတ္တိ အလင်္ကာအသုံးနည်းသည်။ ကဗျာဝိုင်းစာဝိုင်းနှင့်ကျွန်တော်တွင် "ရာဇဝင်စိမ့်ကြီး မြိုင်ကြီး" ဆိုသည့် ရူပကအလင်္ကာ အသုံးကိုတွေ့ရပါသည်။ ရာဇဝင်၌နှင့် စိမ့်ကြီးမြိုင်ကြီးကို ထပ်တူပြု သုံးစွဲလိုက်ခြင်းဖြင့် ရာဇဝင်သမိုင်းကြောင်းတို့၏ ထူထပ်များပြားပုံ၊ ရာဇဝင်၏ အရိပ်သည် ခိုနားဖွယ်ကောင်းပုံ၊



http://mmteashop.com

ခိုနားစရာ အကြောင်းအရာ များပြားပုံ ဆိုသည့် သဘောများ ပေါ်လွင်လာပါသည်။ ရာဇဝင်၏ သဘောသည် ပြော၍၊ ဆွေးနွေး၍၊ လေ့လာ၍ မကုန်နိုင်အောင် များပြားလှသည်။ နိုင်ငံရေးကိုလဲ မြင်နိုင်သည်။ အတိတ်ခေတ် နိုင်ငံရေးကိုဆင်ခြင်၍ မျက်မှောက်နှင့် အနာဂတ်၏ နိုင်ငံရေးကို ပြုပြင်နိုင်သည်။ ဖန်တီးစီမံနိုင်သည်။ နိုင်ငံအမော ဘဝအမောပြေနိုင်သည်။ ရာဇဝင်ထဲတွင် လူ့သဘော လူ့သဘာဝများပါဝင်သည်။ လူမှုရေး သဘောကို စောကြောနိုင်သည်။

အတိတ်ခေတ် လူမှုရေးကို မြင်၍ မျက်မှောက်နှင့် အနာဂတ် လူမှုရေးဘဝများကို ဆင်ခြင်နိုင်သည်။ ဘဝအမောပြေနိုင်သည်။ စီးပွားရေးတွင်လဲ ထို့အတူပင် ဖြစ်သည်။ ရာဇဝင် စိမ့်ကြီးမြိုင်ကြီးဟူသော ရူပကအလင်္ကာကို သုံးလိုက်ခြင်းဖြင့် ရာဇဝင်သည် အလွန်ကြီးကျယ်ခမ်းနားသွားသည်။ ကျယ်ပြန့်နက်ရှိုင်းသွားသည်။

"မျက်မှောက်ခေတ်မှာ စာပေ၏မျက်နှာ" ဟူသောအသုံးမှာ ဝင်္ကဝုတ္တိ အလင်္ကာမြောက်သည်။ မျက်မှောက်ခေတ် စာပေ၏ မြင်သာထင်သာ၍ အရေးပါသော စာပေများဟု ဆိုလိုရာရောက်သည်။ "နံ့သာပန်းမန်ခြယ်ကြသည်" ဟူသော အရေးအသား မှာလည်း ဝင်္ကဝုတ္တိအလင်္ကာ မြောက်ပါသည်။ မျက်မှောက်ခေတ်စာပေ၏ အရေးပါသော စာပေအခန်းကဏ္ဍများ အကြောင်းကို ဆွေးနွေးကြ၊ ပြောဟောကြသည်ဟု တိုက်ရိုက် မရေးဘဲ "နံ့သာပန်းမန်ခြယ်ကြသည်" ဟု သွယ်ဝိုက် ရေးဖွဲ့ထားသည်။ နံ့သာ ပန်းမန်ခြယ်သည် ဟူသော ဝင်္ကဝုတ္တိအလင်္ကာအသုံးက ကဗျာဝိုင်းစာဝိုင်းတွင် ဆွေးနွေး သူများသည် မျက်မှောက်ခေတ်စာပေကို ပိုမိုတင့်တယ် ဖွံ့ဖြိုးတိုးတက်လာစေရန် အပြုသဘောနှင့် ဆွေးနွေးကြသည့်သဘော သက်ဝင်လာပါသည်။ မျက်မှောက်ခေတ် စာပေ၏ မျက်နှာဟူသော အသုံးကြောင့် မျက်မှောက်ခေတ် စာပေ အခြေအနေသည် နိုင်ငံ အတွက် အရေးပါသည်။ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကျက်သရေ ဖြစ်သည်ဆိုသော အရေးပါမှု၊ ထည်ဝါခန့်ညားမှုသဘောများ သက်ဝင်လာပါသည်။



http://mmteashop.com

ဆရာကြီးသည် အလင်္ကာအသုံးများကို အများအပြား မသုံးသော်လည်း သုံးသမျှ အလင်္ကာများသည် အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်ပြီးလျှင် အကြောင်းအရာကို ထင်ရှားစေသည့် အလင်္ကာကောင်းများ ဖြစ်သည်ဟု ဆိုရပါမည်။

http://mmteashop.com

## အခြားရသစာတမ်းများ၏ တွေးဟန်နှင့်ရေးဟန်

### ၁၂။ ရသစာတမ်းရှင်တို့၏ ကိုယ်ရည်ကိုယ်သွေးနှင့်ရေးဟန်

ရသစာတမ်း၏ သဘောလက္ခဏာများထဲတွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ပေါ်နေခြင်းဆိုသည့်အချက် ပါဝင်ပါသည်။ စာရေးသူ၏ စိတ်နေသဘောထားသည် သူတွေးသော၊ သူရေးသော ရသစာတမ်းတွင် ထင်ဟပ်နေခြင်းကို ဆိုလိုပါသည်။ စာရေးသူ၏ ခံစားချက်၊ စာရေးသူ၏ သဘောထားအမြင်များကို တွေ့ရတတ်ပါသည်။ ထိုသို့သော စာရေးသူ၏ စိတ်နေသဘောထား၊ ခံစားမှု (ဝါ) ကိုယ်ရည်ကိုယ်သွေးတို့ကို စာဖတ်သူတို့ အနေနှင့် သူ၏ အတွေးမှတစ်ဆင့် သိရသည်။ သူ၏အတွေးကို သူ၏ ရေးဟန်မှတစ်ဆင့် သိရပါသည်။ ရသစာတမ်း တစ်စောင်တွင် စာရေးသူ၏ အတွေး ခံစားမှုနှင့် ရေးဟန်တို့သည် အပြန်အလှန် အထောက်အကူပြု၍ ပံ့ပိုး ပေးနေကြသောကြောင့် ဖြစ်ပါသည်။ အတွေးကောင်း၍ နှစ်သက်ဖွယ်ဖြစ်ရသကဲ့သို့ အရေးကောင်း၍လည်း နှစ်သက်ဖွယ်ဖြစ်ရပါသည်။

ဆရာကြီးဇေယျသည် မြန်မာမှုကို အထူးချစ်ခင်မြတ်နိုးသူဖြစ်သည်။ မြန်မာမှုနှင့် ပတ်သက်လာလျှင် ကြီးကျယ်ခမ်းနား ထင်ရှားသော အရာများအပေါ်တွင် စိတ်ဝင်စား သကဲ့သို့ အသေးအဖွဲအရာများအပေါ်၌လည်း စိတ်ဝင်စားသည်။ မြန်မာ့ကျေးလက်၏ သဘာဝ၊ အလှတန်ဖိုးများကို လေးလေးနက်နက် တွေးမြင်ခံစားပြသည်။ ကျေးလက် ပတ်ဝန်းကျင်တွင် တွေ့ရပြီး မည်သူကမျှ အလေးမထား စာမဖွဲ့သည့် ကန်စွန်းနွယ်၊ ကောက်ရိုးနွယ်လေးများ၏ တန်ဖိုးကို ရှာဖွေ၍ စာဖွဲ့ပြသည်။ ကောင်ရိုးနွယ်လေး၏ လောကဓံကြမ်းကို ခံနိုင်မှု၊ အရိုးဆုံးနှင့် အလှဆုံးဖြစ်မှုတို့ကို ခံစားရေးဖွဲ့ပြခဲ့သည်။

မိဘမဲ့ကဗျာလေးများ စာတမ်းတွင် - "ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က လွမ်းအောင်ကူချွဲ၊ ပန်းတော်ဖြူ၊ ပင်မြက်မြေစာထူလှတယ်၊ ဖိုးတောင်သူ့တဲ" ဟူသော

ရေးသူ အမည်မသိသည့် ကဗျာလေးများ၏ အလှနှင့်ရသတန်ဖိုးကို သူခံစားတွေးမြင်သလို ရေးဖွဲ့ပြထားသည်။

ထိုကဗျာလေးကို ရေးဖွဲ့အပြီး - "ထိုအချိန်သည် နှစ်ပေါင်းတစ်ရာကျော် ကလည်း ဖြစ်နိုင်၏။ နှစ်ရာကျော်ကလည်း ဖြစ်နိုင်၏။ နေရာမှာ ပုဂံတွင်လည်း ဖြစ်နိုင်၏။ မန္တလေးတွင်လည်း ဖြစ်နိုင်၏။ ရွှေဘိုတွင်လည်း ဖြစ်နိုင်၏။ ထိုသူ၏ အမည်သည် မောင်ဖြူလည်း ဖြစ်နိုင်၏။ မောင်နီလည်းဖြစ်နိုင်၏" ဟု ပုံစံတူဟန်ချက်ညီ ဝါကျတိုလေးများနှင့် မထင်ရှားသော ကဗျာလေးများအပေါ် စိတ်ဝင်စား၊ တန်ဖိုးထားသော စိတ်ကို ဖော်ပြထားသည်။ "မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဤသာယာမှုကလေး ဖြစ်ပေါ်လျက် မည်သူ အရဖမ်း၍ ဤစာကလေးဆိုခဲ့သည်ကို ကျွန်တို့ မသိ။ တစ်ခါက ဤအခြင်းအရာလေး ဖြစ်ပေါ်ခဲ့၍ ဤစာကို လူတစ်ဦးစပ်ဆိုထားခဲ့သည်ကိုသာ တွေ့ရ၏။ ကျွန်ုပ်တို့ မသိရသော်လည်း ဤမျှအဖိုးတန်လှသော လောက သာယာပုံကလေးကား "ရေးသူအမည် မသိ" စာရင်းထဲမှ မိမဲ့ဘမဲ့ ကဗျာကလေး ဖြစ်သော်လည်း စာပေတည်း ဟူသော မြန်မာ့အမွေအနှစ်၌ သားကောင်းရတနာလေးတစ်ဦး ဖြစ်နေလေ၏" ဟုလည်း ထပ်ဆင့် ရေးသားတင်ပြထားသည်။

အများသူငါတို့ အလေးထားသော ပို့၊ မော်ကွန်း၊ ချေင်း စသည့် ဂန္ထဝင်မြောက် စာပေများကို ကျော်၍ မိဘမဲ့ကဗျာလေးများအပေါ် တန်ဖိုးထားသည့် စိတ်သည် ပေါ်လွင် နေပါသည်။ ဆရာကြီး၏ အရိုးခံအလှကို မြတ်နိုးစိတ်နှင့် အရိုးခံစိတ်တို့သည် ထင်ဟပ် နေပါသည်။ မိဘမဲ့ကဗျာလေးများ စတင်ပေါက်ပွားလာမည့် နေရာများကို ဝါကျတို လေးများနှင့် ကြံဆပြထားသည့်အတွက် ကဗျာလေးများ၏ မိဘမဲ့မှုသည် ထင်ရှား လာပါသည်။ သက်မဲ့ကဗျာလေးသည် သက်ရှိလူသားပမာ အသက်ဝင်လာသည်။ ကရုဏာသက်စရာ ဖြစ်လာသည်။ အခံ့အထည် မပေါက်ပွားရသော်လည်း ရသတန်ဖိုး မြင့်မားပုံကို "စာပေတည်းဟူသော မြန်မာ့အမွေအနှစ်၌ သားကောင်းရတနာတစ်ဦး ဖြစ်နေလေ၏" ဟူသောအရေးက ပေါ်လွင်လာစေပါသည်။



http://mmteashop.com

စာပေ၏ ရသတန်ဖိုးကို ခံစားရန်မှာ မင်းစိုးရာဇာ အထက်လွှာ အသိုက်အဝန်း သက်သက် မဖြစ်သင့်။ ပြည်သူလူထုအများစုအတွက် ဖြစ်ရမည်ဟု ခံယူသည်။ ပြည်သူ့စာပေသည်သာ တန်ဖိုးအကြီးမြတ်ဆုံး ဖြစ်ထိုက်သည်ဟု နှလုံးသွင်းသည်။

ထိုသို့သောအတွေးကို - "ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းလင်္ကာကြီးသည် လေးနက်လှ၏။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့ကြီးသည် ခမ်းနားလှ၏။ တောင်ငူမင်း၏ စာတော်ရတုများသည် ဆန်းကြယ်လှ၏။ ပေထက်တင်ထားကြ၏။ စာအုပ်ကြီးများ ရိုက်နှိပ်လုပ်ဆောင်ထားကြ၏။ သို့သော် ထိုစာကြီးပေကြီးများကို လေ့လာကျက်မှတ်သူ လူအနည်းငယ်တို့သာ သိကြ၏။ လူထုလက်သို့မရောက်ကြချေ။" "မိဘမဲ့ပစာတေလေ၊ စာကြမ်းပိုးလေးများကား လူထု၏ လက်တွင်ရှိကြ၏" အဖိုးတန်မထားကြသော်လည်း လူထု၏ အချီအပွေ့ကိုခံကြရ၏။ လူထု၏ အချစ်ကို ခံကြရ၏။ သေးပင်သေးသော်လည်း စာတကာ့စာတွင် ဤစာထက် ဘဝကောင်းသော စာရှိပါသေးသလော" ဟု ရေးဖွဲ့ခဲ့သည်။ ထိုအရေးအဖွဲ့အရ ဆရာဇေယျ၏ အညတရများအပေါ်တွင် အလေးထား၍ နိမ့်ကျသူကို မြှင့်တင်ပေးလိုသော စေတနာ၊ အညတရလေးများ၌လည်း တန်ဖိုးအနှစ်သာရ ရှိသည်ဟူသော အတွေးများကို သိရပါသည်။

"မိဘမဲ့ စာတေလေ၊ စာကြမ်းပိုးကလေးများ" ဟူသော အသုံးအနှုန်းများကြောင့် ရေးသူအမည်မသိဘဲ နှစ်ကာလများစွာ မြန်မာ့မြေ၌ ရှင်သန်ရင့်ကျူးနေကြရသော ကဗျာလေးများ၏ ဘဝသည် ကရုဏာသတ်စရာဖြစ်လာပါသည်။ ထိုကဗျာလေးများ အပေါ်တွင် ထားရှိသော ဆရာကြီး၏ ကရုဏာစိတ်ကိုလည်း မြင်ရပါသည်။ လူထု၏ နှစ်သက်ခြင်း၊ သီကျူးခြင်းခံရပုံကို "လူထု၏ အချီအပွေ့ကို ခံကြရ၏။ လူထု၏ အချစ်ကိုခံကြရ၏" ဟူသော အသုံးအနှုန်း အရေးအဖွဲ့များကြောင့် ပို၍ နှစ်သက်ဖွယ် ဖြစ်လာသည်။ မိဘမဲ့ကဗျာလေးများ၏ ဘဝသည် ပို၍ တန်ဖိုးတက်လာသည်။ ပို၍ နွေးနွေးထွေးထွေး ရှိလာသည်။ လူထုကြားတွင် ပျံ့လွင့်နေသော ကဗျာလေးများ၏ ဘဝသည် နေချင့်စဖွယ်ဖြစ်လာပါသည်။ စကားအသုံးအနှုန်း လိုက်ဖက်မှုသာမက ပုံစံတူ

http://mmteashop.com

ဟန်ချက်ညီဝါကျတိုများ၏ အစွမ်းလည်း ပါဝင်ပါသည်။ မိဘမဲ့ကဗျာလေးများဆိုသည့် အသုံးသည် ထူးခြားလေးနက်လှသည့်အတွက် ကရုဏာသက်စရာ ဖြစ်လာပါသည်။

ဆရာဇေယျကဲ့သို့ပင် ဆရာမင်းသုဝဏ်သည်လည်း မြန်မာ့ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို နှစ်သက်မြတ်နိုးတန်ဖိုးထားသူ ဖြစ်ပါသည်။ ထိုစိတ် ထိုခံစားမှုကို လူလည်းတစ်ထွေ၊ ရေလည်းတစ်ခြား စာတမ်းတွင် တွေ့ရပါသည်။ ထို့ထက် ပို၍ "အိုးစည်သံ" စာတမ်းတွင် ဆရာကြီး၏ စိတ်ဓာတ်အရိပ်သည် ထင်ဟပ်နေပါသည်။ အိုးစည်သံနှင့်မြန်မာသည် အစဉ်တွဲလျက် တစ်သွေးတည်းတစ်သားထဲကျနေသည်ဟု ဆရာကြီးခံစားရှုမြင်သည်။ အိုးစည်သံသည် မြန်မာ့အသံ၊ မြန်မာ့ဟန်ဖြစ်သည်ဟု ခံယူသည်။ အတွေး မြန်မာဆန်သည်နှင့်အမျှ အရေးကလည်း အတွေးကို ပံ့ဖော် ပေးနိုင်သည်။

ငယ်စဉ်က အိုးစည်တီး၍ ပျော်ခဲ့ကြပုံကို - "ရှမ်းဗေထုံ၊ မီးဆာလုံ့၊ မီးဆာလုံ့၊ ရှမ်းဗေထုံ" ဟု ဟစ်အော်ကြွေးကြော်ရင်း မျက်စိက မိုးကိုမျှော်၍၊ လက်ကအိုးစည်ကို ထုလျက် ကျွန်တော်တို့သည် ငယ်စဉ်အခါက ပျော်ပါးခဲ့ကြ၏ ရွာလမ်းမတွင် ကျွန်တော်တို့၏ အိုးစည်သံနှင့် တေးသံတို့သည် သူ့သာ ငါနိုင် ပြိုင်ဆိုင်ခဲ့ကြ၏။" ဟု စာဖတ်သူ၏ စိတ်အာရုံတွင် မြင်ယောင်၊ ကြားယောင်လာအောင် သရုပ်ဖော်အဖွဲ့ဖြင့် တင်ပြခဲ့သည်။ နေ့ရောညပါ မကျန် အိုးစည်တီး၍ ကကြခုန်ကြ ပျော်ပါးခဲ့ကြသည်ကို- "သစ်ရိပ် ကောင်းကောင်းမှနေ၍ ကျွန်တော်တို့သည် အိုးစည်သံနှင့် တေးသံတို့ဖြင့် နေမင်းကို ပူဇော်ခဲ့ကြ၏။ တလင်းပြောင်ပြောင်မှနေ၍ လမင်းကို ပူဇော်ခဲ့ကြ၏။ နေမင်းလမင်းတို့ ပေးသောဆုတွင် ခိုလှုံလျက် ကျွန်တော်တို့သည် ခုန်ပေါက်သီကကာ ပျော်ပါးခဲ့ကြ၏။ ကျန်းမာခဲ့ကြ၏။ သန်စွမ်းခဲ့ကြ၏။ ထိုသို့ဖြင့် အမိနို့ရည်သည် ကျွန်တော်တို့၏ သွေးသားနှင့် ရောနှောပေါင်းစပ်နေသကဲ့သို့ အိုးစည်သံ တေးသံ တို့သည်လည်း ကျွန်တော်တို့၏ အသွေးအသားနှင့် ရောနှောပေါင်းစပ်လျက် ရှိလေတော့သည်။" ဟု ရေးဖွဲ့တင်ပြထားသည်။



http://mmteashop.com

ဆရာဇေယျကဲ့သို့ပင် ဆရာမင်းသုဝဏ်သည်လည်း မြန်မာ့ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နှစ်သက်မြတ်နိုးတန်ဖိုးထားသူ ဖြစ်ပါသည်။ ထိုစိတ် ထိုခံစားမှုကို လူလည်း၊ တစ်တွေ၊ ရေလည်းတစ်ခြား စာတမ်းတွင် တွေ့ရပါသည်။ ထို့ထက် ပို၍ "အိုးစည်သံ" စာတမ်းတွင် ဆရာကြီး၏ စိတ်ဓာတ်အရိပ်သည် ထင်ဟပ်နေပါသည်။ အိုးစည်သံနှင့်မြန်မာသည် အစဉ်တွဲလျက် တစ်သွေးတည်း တစ်သားထဲကျနေသည်ဟု ဆရာကြီး ခံစားရှုမြင်သည်။ အိုးစည်သံသည် မြန်မာ့အသံ၊ မြန်မာ့ဟန်ဖြစ်သည်ဟု ခံယူသည်။ အတွေးမြန်မာဆန်သည်နှင့်အမျှ အရေးကလည်း အတွေးကို ပံ့ဖော် ပေးနိုင်သည်။ ငယ်စဉ်က အိုးစည်တီး၍ ပျော်ခဲ့ကြပုံကို - "ရှမ်းဗေထုံ၊ မီးဆာလှုံ၊ မီးဆာလှုံ၊ ရှမ်းဗေထုံ" ဟု ဟစ်အော်ကြွေးကြော်ရင်း မျက်စိက မိုးကိုမျှော်၍၊ လက်ကအိုးစည်ကို ထုလျက် ကျွန်တော်တို့သည် ငယ်စဉ်အခါက ပျော်ပါးခဲ့ကြ၏။ ရွာလမ်းမတွင် ကျွန်တော်တို့၏ အိုးစည်သံနှင့် ဗေးသံတို့သည် သူသာ ငါနိုင် ပြိုင်ဆိုင်ခဲ့ကြ၏။" ဟု စာဖတ်သူ၏ စိတ်အာရုံတွင် မြင်ယောင်၊ ကြားယောင်လာအောင် သရုပ်ဖော် အဖွဲ့ဖြင့် တင်ပြခဲ့ပါသည်။

နေ့ရောညပါ မကျန်အိုးစည်တီး၍ ကကြခုန်ကြ ပျော်ပါးခဲ့ကြသည်ကို - "သစ်ရိပ် ကောင်းကောင်းမှနေ၍ ကျွန်တော်တို့သည် အိုးစည်သံနှင့် ဗေးသံတို့ဖြင့် နေမင်းကို ပူဇော်ခဲ့ကြ၏။ တလင်းပြောင်ပြောင်မှနေ၍ လမင်းကို ပူဇော်ခဲ့ကြ၏ နေမင်းလမင်းတို့ ပေးသောဆုတွင် ခိုလှုံ့လျက် ကျွန်တော်တို့သည် ခုန်ပေါက်သီကကာ ပျော်ပါးခဲ့ကြ၏။ ကျန်းမာခဲ့ကြ၏။ သန်စွမ်းခဲ့ကြ၏။ ထိုသို့ဖြင့် အမိန့်ရှည်သည် ကျွန်တော်တို့၏ သွေးသားနှင့် ရောနှောပေါင်းစပ်နေသကဲ့သို့ အိုးစည်သံ ဗေးသံတို့သည်လည်း ကျွန်တော်တို့၏ အသွေးအသားနှင့် ရောနှောပေါင်းစပ်လျက် ရှိလေတော့သည်။" ဟု ရေးဖွဲ့တင်ပြထားသည်။ "နေမင်းကိုပူဇော်ခဲ့ကြ၏။ လမင်းကိုပူဇော်ခဲ့ကြ၏။" ဟူသော အဖွဲ့ကြောင့် အိုးစည်တီး၍ နေ့နေ့ညည ကခုန်ခဲ့ကြခြင်းသည် ခမ်းခမ်းနားနား ဖြစ်လာသည်။ အိုးစည်သံ၏ အခန်းကဏ္ဍသည် ပို၍ အရေးပါ အရာရောက်လာသည်။



http://mmteashop.com

"ပျော်ပါးခဲ့ကြ၏။ ကျန်းမာခဲ့ကြ၏။ သန်စွမ်းခဲ့ကြ၏"ဟူသော သွက်လက်သော ဝါကျတို ရေးဟန်ကြောင့် အိုးစည်တီးသူတို့၏ လှုပ်ရှားဟန်သည် ပို၍ မြူးမြူးကြွကြွ ဖြစ်လာသည်။ အိုးစည်နှင့် အိုးစည်သံသည် မြန်မာ့နလုံးသားကို ရွှင်မြူးစေနိုင်စွမ်းရှိပုံ၊ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာခဲ့ပုံတို့သည် ပေါ်လွင်လာပါသည်။

အမိန့်ရှည်ကဲ့သို့ပင် အိုးစည်သံသည် ကျွန်တော်တို့၏ အသွေးအသားနှင့် ရောနှော ပေါင်းစပ်လျက် ရှိသည်ဟူသော ဥပမာအလင်္ကာကို သုံးထားသည့်အရေးအဖွဲ့က ထိမိ ပြောင်မြောက်လှသည်။ အိုးစည်သံနှင့်မြန်မာ၊ မြန်မာနှင့် အိုးစည်သံတို့၏ ခွဲခြားမရအောင် ရောနှော ပေါင်းစပ်နေမှု၊ အိုးစည်သံကို မြန်မာတို့အနေနှင့် အသွေးထဲအသားထဲကပင် စိမ့်ဝင် နှစ်သက်နေမှုသဘောများသည် ခံ့ခံ့ညားညား၊ ထင်ထင်ရှားရှား ဖြစ်လာပါသည်။

သီတင်းကျွတ်လျှင် အလှူပွဲလမ်းများနှင့်အတူ အိုးစည်သံကို စ၍ ကြားရလေ့ ရှိသည့် မြန်မာ့မြေပေါ်မှ မြန်မာ့တေးသံကို - "ရွာထိပ်မှလည်း ပေါ်ထွက် လာသည်။ ရွာ့တောင်မှလည်း ပေါ်ထွက်လာသည်။ ရွာမြောက်မှလည်း ပေါ်ထွက်လာသည်။ ရွာကလေးတွင် အိုးစည်သံသည် မိုးမွှန်လေပြီ။ ညဦးလာရောက် မုန့်ဆန်းထောင်း လက်ဆုံသံသည် အိုးစည်သံနှင့် သမီးမောင်နှံပမာ ဘုရားသွားကျောင်းတက်အတူ ထွက်ပေါ်လာလေသည်။ အိုးစည်သံသည် ပုလွေ နှင့် မောင်းတို့ကိုလည်း အဖေါ်ခေါ်ခဲ့ကြသေးသည်" ဟု ရေးဖွဲ့ခဲ့သည်။ ရွာ၏ နေရာအနှံ့မှ အိုးစည်သံများ ပေါ်ထွက် လာသည်ကို ဝါကျတစ်ကြောင်းတည်း၌ ပေါင်းဖွဲ့မရေးဘဲ ရွာထိပ်၊ ရွာတောင်၊ ရွာမြောက်ဟူ၍ နေရာကွဲပြားသည့် အလျောက် ပုံစံတူဟန်ချက်ညီဝါကျတိုလေး တစ်ကြောင်းစီ ခွဲ၍ ရေးသားထားသည်။ ထိုသို့ ခွဲ၍ရေးလိုက်ခြင်းဖြင့် နေရာအနှံ့မှ ပေါ်ထွက်လာမှု သဘောသည် ထင်ရှားလာသည်။ အားရတက်ကြွဖွယ် အိုးစည်သံများနှင့် လိုက်ဖက်အောင် ရေးဟန်လည်း သွက်လာပါသည်။ အိုးစည်သံနှင့် မုန့်ဆန်းထောင်း လက်ဆုံသံတို့ အတူထွက်ပေါ်နေပုံကို - "သမီးမောင်နှံ့ပမာ၊ ဘုရားသွား ကျောင်းတက်



http://mmteashop.com

အတူ ထွက်ပေါ်လာလေသည်” ဟု ဥပမာအလင်္ကာဖြင့် တင်ပြလိုက်သောအခါ ဆိုလိုချက်ပို၍ ပေါ်လွင်လာပါသည်။

အလှူအတွက် မုန့်ဆန်းထောင်းသံသည် မြန်မာမှုတေးသံဖြစ်သည်။ အိုးစည်သံသည်လည်း မြန်မာမှုတေးသံဖြစ်သည်။ မြန်မာကျေးလက်တွင် မြန်မာ့ဓလေ့ ယဉ်ကျေးမှုတေးသံနှစ်ခု ပေါင်းစပ်၍ သာယာမြိုင်ဆိုင်နေသည့် သရုပ်သည် ထင်ရှားလာသည်။ ပရိတ်သတ်၏ စိတ်အာရုံတွင် ထင်ဟပ်လာပါသည်။ ထိုအတွေး၊ ထိုအရေးများသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအပေါ်တွင် အမှုမဲ့အမှတ်မဲ့ မထားဘဲ အလေးအနက်တန်ဖိုးထား ခံစားတတ်သည့် ဆရာကြီးမင်းသုဝဏ်၏ ကိုယ်ရည်ကိုယ်သွေး၊ စိတ်နေသဘောထားမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ ထိုအသံနှစ်ခု ပူးပေါင်း ပေါ်ထွက်လာပုံကို - “ဘုရားသွားကျောင်းတက်အတူ ထွက်ပေါ်လာလေသည်” ဟု ရေးသားခဲ့ပြန်သည်။ မြန်မာ့ယဉ်ကျေးမှု တေးသံနှစ်ခု၏ ပေါင်းစည်းမှုကို မြန်မာအဆန်ဆုံး မြန်မာ့ဓလေ့ စကားသုံးနှင့် တင်စားသုံးနှုန်းလိုက်သည့်အတွက် မြန်မာ့အသံ မြန်မာ့ဟန် ပို၍ပီသလာရပါသည်။

တပို့တွဲလ ထမနဲထိုးရာတွင်လဲ အိုးစည်သံပါဝင်ပုံ၊ မြန်မာတို့၏ စိတ်နှလုံးကို အိုးစည်သံက လွှမ်းမိုးနိုင်စွမ်းရှိပုံတို့ကို - “ထမနဲထိုးသောသူများ၊ ဝေသောသူများ၊ စားသောသူများသည် အိုးစည်သံဖြင့် ကရတော့မလိုလို၊ ခုန်ရတော့မလိုလို၊ တရှိုးရှိုးတရွရွ ဖြစ်ကြကုန်၏။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလဆီတွင် လွှတ်ခဲ့သောမီးပုံးပျံကြီးများ မှိုင်းဝေသောအခါ တရွရွ တလှုပ်လှုပ် ဖြစ်နေသည်နှင့် တူလေတော့သည်” ဟု သရုပ်ဖော်အဖွဲ့ကောင်း၊ နိမိတ်ပုံအဖွဲ့ကောင်းများဖြင့် တင်ပြခဲ့သည်။ နွေရာသီ တန်ခူးလသင်္ကြန်တွင်လည်း အိုးစည်သံကိုကြားရပြန်သည်။ မြန်မာတို့၏ ပျော်ပွဲရွှင်ပွဲတိုင်းတွင် အိုးစည်သံမပါလျှင် မပြီးပေ။ မြန်မာတို့သည် အိုးစည်တီးမှုတ်ကခုန်နေရလျှင် နေပူ၊ လေပူကိုလည်း မမှုနိုင်ပုံကို - “ထိုအချိန်ကား နွေခေါင်ခေါင်တည်း။ ရေလည်းပူ၏။ လေလည်း ပူ၏။ သစ်ပင်တို့သည်လည်း ကြိုးတိုကြိုးတဲနှင့် ခပ်မွဲမွဲပင်ရှိကြ၏။



http://mmteashop.com

ရွာလမ်းတို့သည် ဖုတ်တထောင်းထောင်းနှင့် ဖြစ်လေသည်။ အထက်ပူ၊ အောက်ပူ၊ ရှေ့ပူ၊ နောက်ပူ၊ ဝဲယာနှစ်ဖက်လည်းပူသော တန်ခူးလအပူထဲတွင် အိုးစည်အသံ စီညံညံသည် ရွာရိုးတွင်မြည်ဟိန်းပြန်သည်။ သကြ်န်ထမင်းကျွေးသော အိမ်ရှေ့ဆီကလည်း မြည်၏။ လှူမျောက်ပွဲဆီကလည်း မြည်၏။ ဘေးမဲ့နွားကြီးအတွက် အလှူခံသည့် ဆွဲလည်းကလည်းမြည်၏" ဟု သရုပ်ဖော် ရေးဖွဲ့ခဲ့သည်။ "အထက်ပူ၊ အောက်ပူ၊ ရှေ့ပူ၊ နောက်ပူ၊ ဝဲယာနှစ်ဖက်လည်းပူသော တန်ခူးလအပူထဲတွင် အိုးစည်အသံ စီညံညံသည် ရွာရိုးတွင် မြည်ဟိန်းပြန်၏" ဟူသော အဖွဲ့တွင် ပုံစံတူ အဖွဲ့များပါသော ဝါကျရှည်ကို သုံးထားသည်။

ဝါကျရှည် တစ်ကြောင်းတည်းတွင် အထက်ပူ၊ အောက်ပူစသော ပုံစံတူအဖွဲ့များ ထည့်သွင်း တည်ဆောက်ထားသောကြောင့် နွေအပူ၏ သဘောသည် စုစုစည်းစည်းနှင့် အင်အားကြီးမားလာသည်။ ထိုအပူကို မမှုဘဲ အိုးစည်သံနှင့်အတူ ပျော်နေကြသည်။ မြန်မာတို့၏ စိတ်သရုပ်သည်လည်း ထင်ရှားလာပါသည်။ ဝါကျရှည်ဖြစ်သော်လည်း ပုံစံတူ အဖွဲ့များကြောင့် စာဟန်သည် သွက်နေသည်။ အိုးစည်ဝိုင်း၏ လှုပ်ရှားမှုသည်လည်း စာဖတ်သူ၏ အာရုံတွင် သွက်သွက်လက်လက် မြိုင်မြိုင်ဆိုင်ဆိုင် ထင်ဟပ်လာသည်။ "လှူမျောက်ပွဲဆီကလည်း မြည်၏။ ဘေးမဲ့နွားကြီးအတွက် အလှူခံသည့်ဆီကလည်း မြည်၏" ဟူသော ပုံစံတူ ဟန်ချက်ညီဝါကျတိုများဖြင့် စာပိုဒ်ကို အနားသတ်ထားသည်။ နေရာအနှံ့တွင် မြည်ဟိန်းနေသော အိုးစည်သံ၏ သရုပ်သည် ပို၍ မြိုင်မြိုင်ဆိုင်ဆိုင်၊ မြူးမြူးကြွကြွ ဖြစ်လာရပါသည်။

အိုးစည်သံနှင့် မြန်မာတို့၏ တစ်နှစ်ပတ်လုံး ခွဲခြားမရသော သဘောကို ထင်ရှားအောင် ရေးပြပြီးနောက် စာရေးသူ၏ ထင်မြင်ချက်ကို "ဤသို့ဖြင့် ညိုသော အသားအရောင်သည် မြန်မာတို့၏ အမျိုးသားအရောင်ဖြစ်သကဲ့သို့ အိုးစည်သံသည်လည်း မြန်မာတို့၏ အမျိုးသားတူရိယာအသံ ဖြစ်လေသည်။ အိုးစည်သံကိုကြားရ၍ စိတ်မတုန်လှုပ်သော မြန်မာကား ရှားလေမည်။ ဤမြေမျက်နှာပေါ်တွင် အိုးစည်သံ မပျောက်သေးသမျှ မြန်မာအမျိုးတိမ်ကော ပျောက်ပျက်ရန် ခဲယဉ်းလေသည်။ "အိုးစည်၊



http://mmteashop.com

အိုးစည်၊ အိုးစည်သားဗျ။ လူရေ့၊ လူရေ့၊ လူရေခြားစ" ဟူသော ပျော်ရေးရွှင်ရေး လမ်းကြောင်း ကြီးသည် ဖြူးလျက်ပင် ရှိလေဦးတော့မည်တည်း" ဟု နိဂုန်းချုပ် တင်ပြခဲ့ပါသည်။ အိုးစည်သံစာတမ်းပါ အတွေးများသည် မြန်မာပြည်သားပီပီ မြန်မာ့မြေ၊ မြန်မာ့ဓလေ့ကို ချစ်သောဆရာကြီး၏ ရင်မှ ပေါက်ဖွားခဲ့ ခြင်းဖြစ်ပါသည်။ ဆရာကြီးသည် သူ့အချစ်ကိုပြ၍ စာဖတ်သူတို့ အချစ်ဖြစ်အောင် ဖြန့်ဝေထားသည်။ မြန်မာမှုကို ချစ်သော သူ့အချစ်သည် မြန်မာပြည်သူပြည်သားတိုင်း ချစ်သော ချစ်အပ်သော အချစ်အဖြစ် တင်ပြလိုသော စိတ်ဓာတ်သည် အထင်အရှား ထင်ဟပ်လျက် ရှိပါသည်။ ထိုစိတ်ဓာတ်ကို ချစ်စရာ၊ နှစ်သက်စရာကောင်းသော သွက်လက်မြူးကြွ၍ သရုပ်ပေါ်လွင်သော ရေးဟန်နှင့် ပို့ဆောင်ထားသည်ကို တွေ့ရပါသည်။

ဆရာဇော်ဂျီသည်လည်း မျိုးချစ်စာဆိုပီပီ မြန်မာမှုကို အလေးထားသည်။ နွေဦးကျက်သရေ စာတမ်းတွင် ရေကူသိုလ်ရှင်တို့၏ စေတနာနှင့် အပြုအမူကို လူထုယဉ်ကျေးမှုဟု ဂုဏ်ပြုခဲ့သည်။ နွေဦးတွင် သစ်ပင်များ၌ တွဲလောင်းချိတ်ထားသည့် ရေချမ်းအိုးများ၊ သစ်ပင်ရိပ်ရှိ ရေချမ်းစင်များကို နွေဦးကျက်သရေဟု တန်ဖိုးထား သုံးနှုန်းခဲ့သည်။ သူတစ်ပါးအသက်ကို ကယ်တင်လိုသော မြန်မာတို့၏ စေတနာကို နွားလှည်းပွဲကို သရုပ်ဖော်၍ ဂုဏ်ပြုရေးဖွဲ့ခဲ့သည်။ နွားလှည့်ပွဲနှင့် ယှဉ်တွဲလျက် ကုသိုလ်စိတ်နှင့် အပျော်စိတ်တို့ ပေါင်းဖွဲ့ညီညွတ်နေကြသည့် မြန်မာတို့၏အမူအရာကို -
"ရှုလော့။ နောက်ဆုံးက အိုးစည်ဝိုင်း။ အိုးစည်သံ၊ ပြွေသံ၊ လင်ကွင်းသံ၊ လက်ခုပ်သံ၊ သံချပ်သံတို့သည် မြည်၍လိုက်လာကြသည်။ အိုးစည်ဝိုင်းအရှေ့တွင် ဘေးမဲ့နွားကြီး။ ပိတောက်ပန်းနှင့် သနပ်ခါးနှင့် သိက္ခာနှင့်၊ တစ်လှမ်းချင်း လှမ်း၍ပါလာသည်။ နွားကြီး၏ အရှေ့တွင် ကိုဖေ၏ အကာ။ ကွေး၍။ ကော့၍၊ ယိမ်း၍၊ ယိုင်၍ ရှေ့ဆုံးကသွားသည်။ ဤသို့လျှင် မေတ္တာအမူအရာ၊ ကရုဏာအမူအရာ၊ ဝမ်းမြောက်သော အမူအရာတို့သည် လမ်းတကာတွင် စီတန်း လမ်းလျှောက်ကြလေသည်။ အမြတ်ဆုံးသော စီတန်း လမ်းလျှောက်ခြင်း မျိုးပေတည်း" ဟု ရေးဖွဲ့တင်ပြခဲ့သည်။



http://mmteashop.com

မြန်မာ့ယဉ်ကျေးမှု ဓလေ့များအပေါ်တွင် တန်ဖိုးထားသော စိတ်အရိပ်သည် ပေါ်လွင်နေပါသည်။ ထိုစိတ်အရိပ်ကို ပေါ်လွင်အောင် သွက်လက်၍ ပေါ်လွင်ပြည့်စုံသော သရုပ်ဖော်အဖွဲ့က ပံ့ပိုးထားသည်။ မြန်မာတို့၏ မြတ်နိုးစရာ ယဉ်ကျေးမှု အမူအရာများသည် သွက်လက်သော ရေးဟန်ကြောင့် လှုပ်ရှားသက်ဝင်နေပါသည်။

တိုက်စိုး၏ ကြေးစည်သံ ရသစာတမ်းတွင်လဲ ဆရာကြီး၏ မြန်မာမှုကို မြတ်နိုးလေးစားသော စိတ်ထားသည် ပေါ်လွင်နေပါသည်။ မြို့ကြီးပြကြီးတွင် လူတစ်ဦးနှင့်တစ်ဦး ဆုံတွေ့ရန် ခက်သည်။ အသိမိတ်ဆွေပင် ဖြစ်သော်လည်း တစ်ခါတစ်ရံမှ ဆုံတတ်ကြသည်။ ဆုံတွေ့ပြန်လျှင်လည်း ဘဝရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှား နေရသောကြောင့် အေးအေးဆေးဆေး စကားမပြောနိုင်ပေ။ တစ်ဖက်ခန်းနှင့်တစ်ဖက်ခန်းဖြစ်သော်လည်း ရင်းနှီးရန် အခွင့်အရေးမရှိပေ။ ထိုသို့သော ကြေးစည်သံစိတ်သုဉ်းရာ မြို့ပြ၏ လူနေမှုစနစ်နှင့် ခံစားမှုများကို ဖော်ပြပြီးနောက် ရှေးဦးမြန်မာ့ဓလေ့နှင့် ယှဉ်ပြသည်။ မြန်မာတို့၏ ပင်ကိုစရိုက်မှာ အနေရိုးသည်။ အလုပ်ရိုးသည်။ မြန်မာတို့၏ ရပ်ရွာသားများ၊ ဆွေမျိုးသားခြင်းများနှင့် ရင်းနှီးစွာ နေထိုင်လေ့ရှိကြသည်။ ကောက်ပင်စိမ်းလဲ့များ ကြားတွင် အလုပ်လုပ်ရင်း စိတ်ချမ်းသာမှုကို အလေးထားကြသည်။ လင်းအားကြီး အချိန်တွင် ဘုရားဝတ်ပြု၊ ဆီမီးထွန်း၊ သောက်တော်ရေချမ်းကပ်ပြီး အမျှဝေလေ့ရှိကြသည်။ အမျှဝေပြီးလျှင် ကြေးစည်သံကို ကြားရတတ်သည်။ ထိုသို့သော မြန်မာ့ယဉ်ကျေးမှု ဓလေ့နှင့် နေထိုင်ကြပုံကို -"ကြေးစည်သံ၏ နောက်ကွယ်တွင် မြန်မာ့ရိုးရာ အမူအရာကို မြင်တွေ့နိုင်လေသည်။ ရိုးရာဓလေ့နှင့် ဖက်လှဲတကင်းနေခဲ့သော မြန်မာသည် ဝမ်းကျောင်းရေး သက်သက်တွင် အာရုံမထား၊ ဆူညံမစဲ တသဲသဲနေရသောဘဝမျိုး၌ မပျော်ပိုက်။ သူ့အနေရိုးသည်။ သူ့အလုပ်ရိုးသည်။ သူ့အမူအရာမှန်သမျှ ကြည့်ရ ရှင်းသည်။ သူသည် သူ့သားချင်း၊ သူ့ရပ်ရွာနှင့် လက်ပွန်းတတီးပေါင်းချင်သည်။ အလုပ်ချင်းဖက်၊ စိတ်ချင်းဖက်၍ ဘဝတစ်သက်တာကို ကုန်ချင်သည်။ လယ်ထွန် ကောက်စိုက် အလုပ်၊ တိုင်ထူတဲဆောက်အလုပ်၊ လှူမှုတန်းမှ အလုပ်တို့တွင် လက်စား လိုက်တတ်၊ တစ်ဖက်တစ်လှည့် ကူတတ်သည်။" ဟုရေးဖွဲ့တင်ပြထားသည်။ အချင်းချင်း



http://mmteashop.com

ချစ်ခင်ရင်းနှီးမှု၊ အေးချမ်းမှုဖြင့် ရှင်သန်လိုသော မြန်မာ့စိတ်ဓာတ်၏ သင်္ကေတမှာ ကြေးစည်သံဖြစ်သည်။

ထိုသဘောကို ဆရာတိုက်စိုးက -"ကြေးစည်သံသာသာကြောင့် ကြားကြားသမျှ လူတို့၏ စိတ်သည် ကြည်၏။ ကြေးစည်သံနှင့်အတူပါလာသော မေတ္တာဓာတ်ငွေ့ကြောင့် ရှူရှိုက်သူတို့၏ နှလုံးသားသည် အေးချမ်း၏။ တစ်ဖန်ဝမ်းကျောင်းရေး ပေါ့ပါးသည့် အတွက်ကြောင့် ကြေးစည်သံ၌ သူတို့ အာရုံထားနိုင်ကြသည်။ ထို့ကြောင့် ကျွန်တော် ဆိုလိုက်တော့မည်။ အကြင်အရပ်သည် ကြေးစည်သံမှ ဆိတ်သုံးသည်ဖြစ်အံ့၊ ထိုအရပ်သည် မလျော့က်ပတ်သော အရပ်တည်း။"ဟု ရေးသားတင်ပြခဲ့သည်။ ဆရာတိုက်စိုးသည် မြန်မာ့ဓလေ့၊ မြန်မာ့ဘဝ၊ မြန်မာ့စိတ်ထားကို ကြေးစည်သံနှင့် အမှတ်လက္ခဏာပြုကာ မြတ်မြတ်နိုးနိုး ပုံဖော်ရေးဖွဲ့ထားပါသည်။ ထိုအတွေး၊ ထိုအရေးတို့သည် မြန်မာ့ဓလေ့ကို ချစ်မြတ်နိုး တန်ဖိုးထားသော စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြနေပါသည်။

ရသစာတမ်းရှင်တို့၏ စာတမ်းများတွင် စာရေးသူတို့၏ ကိုယ်ရည် ကိုယ်သွေး များသည် ပါဝင်နေမြဲဖြစ်ပါသည်။ ယခုဆောင်းပါးတွင် မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးသော ဆရာကြီးများ၏ စိတ်အရိပ်ပေါ်လွင်နေသည့်အတွေးနှင့် ထိုအတွေး ပေါ်လွင်စေရန် ထောက်ကူပံ့ပိုးထားသော ရေးဟန်များကို ဆွေးနွေးတင်ပြထားပါသည်။

http://mmteashop.com

## ၁၃။ ရသစာတမ်းရှင်တို့၏ စေတနာနှင့်ရေးဟန်

ရသစာတမ်း ဖန်တီးရှင်တို့သည် မိမိတို့၏ ဘဝအတွေ့အကြုံ၊ ခေတ်အတွေ့အကြုံပေါ်တွင် မူတည်၍ ခံစားမှုဖြစ်ပေါ်လာသည်။ အတွေးအမြင်ရလာသည်။ အတွေးအမြင်ကို စာဖတ်သူတို့အား ဖြန့်ဝေလိုသော စေတနာကိန်းအောင်းလာသည်။ စာရေးသူ၏ ခံစားမှု ပြင်းပြမှု၊ အတွေးအမြင်ထက်မြက်မှု၊ စေတနာထက်သန်မှုတို့မှ တစ်ဆင့် စာရေးသူ၏ ရေးဟန်သည် အလိုအလျောက် ဖြစ်ပေါ်လာပါသည်။ ရေးဟန်တွင် စာရေးသူ၏ ခံစားမှုမှ ပေါက်ဖွားလာသော စေတနာကို ပေါ်စေသည့် လေသံကို တွေ့ရသည်။

ရသစာတမ်းရှင်တို့သည် လောက၏ ဖြစ်ရပ်များအပေါ်တွင် အနုစိတ် ခံစားတတ်သူ၊ ရှုမြင်ဆင်ခြင်တတ်သူများ ဖြစ်သည်။ ခံစား၊ ရှုမြင်ဆင်ခြင်ရာ၌ အကောင်းဘက်၊ အလှဘက်တို့ ရောက်အောင် စေတနာဖြင့် ပဲ့ကိုင်၍ မိမိခံစားရှုမြင်စေခြင်သလို စာဖတ်သူတို့ ခံစားရှုမြင်တတ်လာအောင် အရေးအဖွဲ့ဖြင့် စည်းရုံးနိုင်စွမ်း ရှိသူများ ဖြစ်ပါသည်။ ဆရာဇေယျသည် အတွေးထက်မြက်၍ စေတနာပါသော ရသစာတမ်း များစွာကို ရှုထောင့်စုံမှ ရေးသားခဲ့သူဖြစ်ပါသည်။ ဆရာကြီး၏ "ကလောင်သွားနှင့် မှန့်ဟင်းခါး" ရသစာတမ်းတွင် စာရေးဆရာတို့တွင် ရှိသင့်ရှိထိုက်သော တာဝန်နှင့် ရည်မှန်းချက်များကို တင်ပြထားသည်။ စာရေးသူအနေနှင့် စာရေးဆရာဘဝကို နှစ်ခြိုက်ကျေနပ်စွာ ခံယူခဲ့သည်။ ကိုးနှစ်အတွင်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ သတင်းစာ ခေါင်းကြီး၊ တေးထပ်၊ ဒွေးချိုး၊ သံပေါက် စသည့်စာမျိုးစုံ စုစုပေါင်း ပုဒ်ရေ ၂၀၀၀ လောက်ရေးခဲ့သည်။ ထိုသို့ ရေးခဲ့ခြင်းအတွက် မည်မျှထိရောက်ခဲ့သနည်း၊ အကျိုးပြုခဲ့သနည်းဟူသော အချက်ကိုပြန်၍ ဆန်းစစ်ကြည့်သည်။ ဆရာကြီး ပီမိုးနင်း သည်လည်း နှစ်ပေါင်း နှစ်ဆယ်၊ အစိတ်အတွင်း စာမျိုးစုံကို တစ်နေ့မပြတ်ရေးခဲ့သည်။ ပီမိုးနင်း၏ စာပေကျေးဇူးသည် ကြီးမားလှသည်ဟု ဆိုခဲ့သည်။



http://mmteashop.com

အင်္ဂလန်ပြည်တွင် ဝိတိုရိယဘုရင်မကြီး လက်ထက်တွင် ပေါ်ထွန်းခဲ့သော ကာလိုင်း၊ ရပ်စကင်း၊ မောရစ် စသော ပညာရှိကြီးများ၏ စာများတွင် ရည်မှန်းချက်များ ရှိခဲ့ကြသည်။ ထိုစာရေးဆရာများ မတိုင်မီက အင်္ဂလန်ပြည်တွင် ချမ်းသာ ဆင်းရဲ အလွန်ကွာခြားကြသည်။ ထိုသို့ နှစ်မျိုးကွဲနေသော်လည်း အားလုံး အရုပ်ဆိုးလျက် ရှိကြသည်။ အဆိုပါအခြေအနေနှစ်ရပ်ကို ဆရာကြီးက "ဤသို့ မညီမမျှ လူနှစ်ပိုင်းကွဲနေသော်လည်း အားလုံးအရုပ်ဆိုးလျက် ရှိကြသည်။ ချမ်းသာသူများမှာ ငွေရဖို့၊ ဖိမ်ခံဖို့လောက်နှင့် အချိန်ကုန်နေသည်။ ဆင်းရဲသူများမှာ ဝမ်းဗိုက်ကလေးပြည့်ဖို့ အရေးနှင့် အချိန်ကုန်နေသည်။ ဤလောကကြီးကား နေပျော်အောင်လုပ်ရမည့် လောကကြီး၊ နလုံးမွေ့လျော်ပျော်ဖွယ်ရာ လုပတင့်တယ်အောင်ပြုရမည့် လောကကြီး ဖြစ်စေရမည်ဟု မည်သူမျှ စိတ်မကူးမိကြချေ။ ချမ်းသာသူကလည်း ချမ်းသာတွင်း၌ နစ်မွန်း၍၊ ဆင်းရဲသူကလည်း ဆင်းရဲတွင်း၌ နစ်မွန်းလျက်၊ အဝတ်အစား၊ အနေအထိုင်၊ အစစ အရုပ်ဆိုးဆိုးနှင့် နေကြလေသည်" ဟု ရိုးရိုးရှင်းရှင်းနှင့် စာဖတ်သူ နားလည်ခံစားလွယ်အောင် ရေးဖွဲ့တင်ပြခဲ့သည်။

ထိုသို့သော အရုပ်ဆိုးသည့် လောကကြီးကို ပြုပြင်ရန် စေတနာရည်ရွယ်ချက် ရှိသော စာရေးဆရာကြီး သုံးဦးက စာပေလက်နက်ဖြင့် ပြုပြင်အလှဆင်ယူပုံကို - "အဆိုပါ စာရေးဆရာကြီး သုံးဦးမှုကား ဤမျှနှင့် မတန်ရသေး။ အရုပ်ဆိုးသောဘဝကြီးသည် သဘာဝကျ လောကအခင်းအကျင်းနှင့် မကိုက်ညီ။ ဆင်းရဲချမ်းသာမရွေး အားလုံးအတွက် နလုံးမွေ့လျော်ပျော်ဖွယ်ရာ ဘဝကြီးဖြစ်စေရမည်ဟု ယူဆကြလေသည်။ ယူဆကြသည့်အတိုင်း ဝတ္ထုတွေ ရေးသည်၊ ဇာတ်တွေရေးသည်၊ ကဗျာလင်္ကာတွေ ရေးသည်၊ အမျိုးမျိုး ရေးကြသည်။ သို့သော် ၎င်းတို့ရေးသမျှကို သေသေချာချာလိုက်လျှင် ဤဘဝကြီးသည် ဆင်းရဲချမ်းသာ၊ မိန်းမ၊ ယောကျ်ား၊ လူတိုင်းအဖို့ လှပသောဘဝကြီး ဖြစ်ရမည်ဟူသော ရည်မှန်းချက်ကြီးသည် မြေညီညီတွင် ဧရာဝတီမြစ်ကြီး စီးဆင်းသကဲ့သို့ စင်းစင်းကြီးကြီး ထင်ရှားလျက် ရှိပေသည်"ဟု ဆက်လက် ရေးသားတင်ပြခဲ့ပါသည်။



http://mmteashop.com

တာဝန်သိ၍ စေတနာရှိသော စာရေးဆရာတိုင်းတွင် ရှိသင့်သောသဘောထားကို ကာလိုင်း၊ ရပ်စကင်း၊ မောရစ် စသော စာရေးဆရာကြီးများ၏ ခံယူချက်၊ စေတနာ၊ ကလောင်ဖြင့် ခေတ်ကို အကောင်းဘက် အလှဘက်သို့ ရောက်အောင် ပြုပြင်ပုံတို့ကို တင်ပြခဲ့သည်။ စာရေးဆရာတိုင်းတွင် ရှိသင့်သော စေတနာနှင့်တာဝန်ကို တင်ပြရာတွင် ရိုးရိုးရှင်းရှင်းနှင့် လျင်လျင်မြန်မြန်၊ လွယ်လွယ်ကူကူ သိစေလိုသည့် စေတနာအလျောက် ဝါကျများသည် ရိုးစင်းသည်။ ဝါကျတိုများဖြစ်သည့်အတွက် စာဟန်မှာ သွက်နေသည်။ "အရုပ်ဆိုးသောဘဝကြီး" "လောကအခင်းအကျင်း" "လူတိုင်းအဖို့လှပသောဘဝကြီး" "နလုံးမွေ့လျော် ပျော်ဖွယ်ရာဘဝကြီး" စသည်ဖြင့် အရိုးဆုံးနှင့် အပေါ်လွင်ဆုံး စကားလုံးများကို ရွေးသုံးခြင်းဖြင့် ထိုစာရေးဆရာတို့ ခေတ်မတိုင်မီ အင်္ဂလန်လောက၏ အခြေအနေနှင့် ထိုအခြေအနေကို ပြုပြင်ပြောင်းလဲလိုသော စာရေးဆရာတို့၏ စေတနာများသည် ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား ပေါ်လွင်လာရပါသည်။

ဆရာဇေယျသည် အနောက်တိုင်း စာရေးဆရာတို့၏ ခေတ်ကို ပြုပြင်ခဲ့သည့် စေတနာ ရည်ရွယ်ချက်ကို မြန်မာနိုင်ငံရှိ စာရေးဆရာတို့ အတုယူစေလိုသည်။ စာဖတ်သူ မြန်မာပြည်သူများလည်း စာပေ၏ တန်ဖိုးကို နားလည်စေလိုသည်။ စာကောင်းပေကောင်းသို့မဟုတ် စေတနာကောင်းမှ ပေါက်ပွားလာသော စာပေတို့သည် လူ့ဘဝ လူ့ဘောင်ကို ပြုပြင်ပြောင်းလဲ ပေးနိုင်စွမ်းရှိသည်ဟူသော အတွေးအသိ ကိန်းအောင်းလာစေလိုသည်။ ထို့ကြောင့် ဆရာကြီးက "ခေတ်ကို ပြုပြင်သော စာရေးဆရာများ မတိုင်မီ အင်္ဂလန်၏ အခြေအနေနှင့် စာရေးဆရာတို့၏ ပြုပြင်ပေးလိုသော စေတနာကို ဤသို့ ရည်မှန်းချက်ထားခဲ့ ကြသလောက်လည်း အောင်မြင်ခဲ့ ကြလေသည်။ ထိုဆရာကြီးများ ခေတ် မတိုင်မီက အင်္ဂလန်ပြည်တွင် အဝတ်အစား အဆင်အယင်မှစ၍ အားလုံးအရုပ်ဆိုး လေသည်။ သုံးရလျှင်ပြီးရော၊ စားဝလျှင်ပြီးရော၊ သဘောထားလျက် အရုပ်ဆိုးဆိုး ထဲတွင်ပင် နေထိုင်ခဲ့ကြလေသည်။ မိမိတို့ဘဝ အရုပ်ဆိုးကြောင့် မသက်သာကြောင်း မသိကြ၊ ကောင်းလျှင်ဘုရား၊ မကောင်းလျှင်လည်း ဘုရား၊ ဘုရားအပေါ်တွင် တာဝန်လုံးလုံး ဖို့ချလျက် အရုပ်ဆိုးထဲမွေး၍ အရုပ်ဆိုးထဲ သေကြလေသည်။

ထိုဆရာကြီးတို့ ခေတ်သို့ ရောက်သေသည့်အခါမှုကား ၄င်းတို့၏ ပောပြောရေးသား လုံ့ဆော်မှုအရ ဖွန်းကလေး ယောင်းမကလေးမှစ၍ လုလုပပ ပြုပြင်သုံးဆောင် လာခဲ့ကြရာမှ ယခုခေတ်တွင် နလုံးမွေ့လျော်ပျော်ဖွယ်ရာ ဘဝအလှ ဘဝအချောကြီးကို ရကြပေသည်" ဟူ၍ ရေးသားတင်ပြခဲ့သည်။

ထိုအရေးအသားတွင် ဝါကျရှည်အသုံးများသည်။ ဝါကျများသည် ပုံစံတူ ဟန်ချက်ညီ ဝါကျများလည်း မဟုတ်ပါ။ မည်သူမဆို နားလည် ခံစားလွယ်စေရန် အရိုးဆုံးနှင့် အရှင်းဆုံး ရေးသားတင်ပြထားသည့် ဖွင့်ဆိုရှင်းပြ အရေးအဖွဲ့သာဖြစ်သည်။ သို့ရာတွင် မြန်မာပြည်ရှိ စာရေးဆရာများနှင့် စာဖတ်သူတို့အား သိစေမြင်စေလိုသော စာရေးဆရာ၏ စေတနာအလျောက် ရေးဟန်သည် ရိုးရိုးရှင်းရှင်း သိလွယ်မြင်လွယ်သည်။ "သုံးရလျှင်ပြီးရော၊ စားဝလျှင်ပြီးရော သဘောထားလျက်" "ကောင်းလျှင်လည်း ဘုရား၊ မကောင်းလျှင်လည်း ဘုရား၊ ဘုရားအပေါ်တွင် တာဝန်လုံးလုံး ဖို့ချလျက် အရုပ်ဆိုးထဲမွေး၍ အရုပ်ဆိုးထဲသေကြကြလေသည်" ဟူသော အရေးအသားတွင် စိတ်လိုက်မာန်ပါ ပြောလိုသော စေတနာဇော လေသံပါသည်။ ထိုစေတနာလေသံကြောင့် အပြောစကားပြေဆန်သည်။ သို့ရာတွင် ဆိုလိုချက် အထူးပေါ်လွင်သည်။ အရုပ်ဆိုးထဲ မွေး၍ အရုပ်ဆိုးထဲသေ" ဟူသောအသုံးများသည် အတန်ငယ် ကြမ်းရှသယောင် ရှိသော်လည်း၊ ထိုအသုံးကြောင့်ပင် ခေတ်ကို ပြုပြင်သော စာပေများ မပေါ်မီက အင်္ဂလန်သားတို့၏ ဘဝအခြေအနေသည် ပို၍ ထင်ရှားလာပါသည်။ တာဝန်သိ၍ စေတနာပါသော စာရေးဆရာကြီးများကြောင့် ခေတ်အခြေအနေပြောင်းလာပုံကို "ယခုခေတ်တွင် နလုံးမွေ့လျော် ပျော်ဖွယ်ရာ ဘဝအလှ၊ ဘဝချောကြီးကို ရကြပေသည်" ဟူသော အရေးအသားမှာ အရိုးဆုံး ရေးထားသော်လည်း အသုံးအနှုန်းထိမိပြီးလျှင် စာပေကြောင့် ပြောင်းလဲလာသော ခေတ်အခြေအနေကို ထင်ဟပ်နိုင်စွမ်းရှိသည်။ ထိုသို့အားဖြင့် အင်္ဂလန်ပြည်ရှိ စာရေးဆရာကြီးများ၏ စေတနာရည်ရွယ်ချက်နှင့် စာပေ၏ အကျိုးအာနိသင်တို့ကို ထင်ရှားအောင်ပြပြီးနောက် မြန်မာစာရေးဆရာတို့အား စာရေးခြင်း ဘဝလုပ်ငန်း၌ ရည်ရွယ်ချက်ရှိရန် လိုအပ်ကြောင်း အကျိုးသင့် အကြောင်းသင့် စည်းရုံး



http://mmteashop.com

တင်ပြရာတွင် - "ဤသို့သော သက်သေ သာဓကများကို ကြည့်လျှင်၊ ကျွန်ုပ်တို့၏ တစ်သက်တာ လုပ်ငန်းများ၌ ရည်ရွယ်ချက်ရှိရမည်မှာ ထင်ရှားနေပေသည်" ဟူ၍ စာရေးဆရာ အဓိကပြောလိုသော ဦးဆောင်ဝါကျကို စာပိုဒ်၌ ရှေ့ဆုံးတွင်တင်၍ အသိပေး ရေးသားခဲ့သည်။

ထို့နောက်မှ ထိုအချက်ကိုပင် ထပ်ဆင့်၍ ဝိသေသပြုကာ၊ ဖွင့်ဆိုရှင်းပြရေးဟန်ကို - "စားရလျှင်ပြီးရော၊ ငွေရလျှင်ပြီးရော၊ အမည်ရလျှင်ပြီးရော၊ စာရေးရလျှင်ပြီးရော" ဆိုသော သဘောမျိုးနှင့် အမှုမဲ့အမှတ်မဲ့ ရေးသားနေကြလျှင် အားထုတ်ရကျိုး မနပ်ရှိချေမည်။ ကလောင်သွားတုံးရုံသာ ရှိကြမည်။ ဘယ်ခရီးကိုမျှ ရောက်ကြမည် မဟုတ်ချေ" ဟူ၍ စာရေးဆရာများအား တာဝန်သိစိတ်ဖြစ်ပေါ်လာအောင် တိုက်တွန်း လှုံ့ဆော် လိုသော စေတနာဓာတ်အဟုန်သည် အပြောဆန်သော ရေးဟန်၌ ထင်ဟပ် နေသည်။

ထိုသို့အားဖြင့် ဆရာဇေယျသည် စာရေးဆရာတို့အား စာရေးဆရာဘဝနှင့် အသက်မွေးလျှင် စာရေးဆရာ၏ တာဝန်ကိုကျေပွန်ရမည်။ ငွေရလျှင်ပြီးရော သဘောထား လျက် စာရေးနေလျှင် စာရေးဆရာအမည် မခံသင့်ပေ။ ဈေးတောင်းခေါင်းရွက်၊ မုန့်ဟင်းခါး တစ်ထမ်းနှင့် လမ်းတကာလည်၍ ရောင်းသောအလုပ်ကိုသာ လုပ်သင့်သည်ဟု တွေးမြင်ခံယူမိ ပုံကို - "ကိုယ့်တာဝန် ကိုယ်မသိ၊ ရေးရလျှင်ပြီးရော၊ တာဝန်ကင်း သဘောထားကြလျှင် လက်ထဲက ကလောင်ကလေးကို လမ်းဘေးက အမှိုက်ပုံထဲ ပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ ရောင်းခြင်းက ပို၍ သင့်မြတ်ပေလိမ့်မည်" ဟူ၍ တင်ပြခဲ့ပါသည်။

ထိုနိဂုံးချုပ် အရေးအသားသည် ကိုလိုနီခေတ် စာရေးဆရာများအပေါ်တွင် အားမလိုအားမရ ဖြစ်ကာ အသိစိတ် ကိန်းအောင်းလာစေလိုသော ဆရာကြီး၏ ကရုဏာ ဒေါသ ပါသည့် စေတနာမှ ပေါက်ပွားလာသည့် ရေးဟန်ဖြစ်ပါသည်။ ဝါကျဖွဲ့ဟန်၊ စကား အသုံးအနှုန်းတို့ကို အထူးတန်ဆာဆင်မထားသော်လည်း၊ စေတနာအလှက ဆရာကြီး၏



http://mmteashop.com

ရေးဟန်တွင် ထင်ရှားပေါ်လွင်နေသည်။ အရိုးဆုံးနှင့် အလှဆုံးဖြစ်နေသည်။ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့သော်လည်း ထိုစာပိုဒ်ကို တစ်ခါဖတ်မိရုံနှင့် မမေ့နိုင်လောက်အောင် အမှတ်တရဖြစ်နေစေသည့် ရေးဟန်ဖြစ်သည်။ စာရေးဆရာ တာဝန်မကျေပွန်လျှင် စာရေးဆရာဘဝနှင့် အသက်မွေးဝမ်းကြောင်း မပြုသင့်ကြောင်းကို တင်ပြရာ၌ ဝိသေသအဖွဲ့ဖြင့် ထင်ရှားစေသည်။ "ကလောင်ကလေးကို လမ်းဘေးက အမှိုက်ပုံထဲ ပစ်ထည့်၍ ပို၍သင့်မြတ်ပေလိမ့်မည်" ဟူသော အဖွဲ့သည် ဝိသေသအဖွဲ့ဖြစ်သည်။ စာဖတ်သူ၏ နှလုံးသားနှင့် ခံစားမှုဆီသို့ ဒိုးဒိုးဒေါက်ဒေါက်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် အသိတရားရသွားစေသော ရေးဟန်ဖြစ်သည်။ ထိုထင်ရှားသော ဝိသေသအဖွဲ့ရေးဟန်ကို ဆရာကြီးသည် စိတ်ကူးဉာဏ်နှင့် ဖန်တီးယူခြင်းဖြစ်မည်မထင်ပါ။ စေတနာဇောအဟုန်မှ အလိုလိုပေါက်ပွားလာသော ထိမိပြောင်မြောက်လှသည့် ရေးဟန်သာ ဖြစ်ပါလိမ့်မည်။

ဆရာဇေယျ၏ "လွတ်လပ်ရေးစာပေ" ရသစာတမ်းတွင်လည်း မြန်မာပြည်သူနှင့် စာရေးဆရာများသည် လွတ်လပ်ရေးမရမီက လွတ်လပ်ရေးကိုသာ အာရုံစူးစိုက်ခဲ့ကြသော်လည်း လွတ်လပ်ရေးရပြီးသည့် လွတ်လပ်ရေးခေတ်တွင်မူ လွတ်လပ်ရေးကို မေ့လျော့သွားခဲ့ကြသည်။ စာရေးဆရာများသည် လွတ်လပ်ရေးအကြောင်းကို မရေးဖွဲ့တော့ဘဲ အချစ်၊ အလွမ်း၊ အသည်းကွဲ၊ လူသတ်မှုနှင့် စုန်း၊ တစ္ဆေဝတ္ထုများကိုသာ ရေးသားနေကြသည်။ ထိုစာများကြောင့် လောကကြီးတစ်ခုလုံးသည် အမှောင်ကျသွားသည်။ စာဖတ်သူတို့မှာ စိတ်ဓာတ်အင်အားတက်မလာဘဲ ကျဆင်းသွားသည်။ ခေတ်အဆက်ဆက်တွင်လည်း ထိုသို့သော စာအနှ၊ စာအယဉ်များ၊ အသည်းကွဲစာများ လှမ်းမိုးလာသော အချိန်တွင် တိုင်းပြည်သည်ပျက်စီးခဲ့ကြရသည်။ ထို့ကြောင့် လွတ်လပ်ရေးခေတ် စာရေးဆရာတို့အနေနှင့် လွတ်လပ်ရေးစာပေများကို ရေးသားသင့်ကြောင်း အကြံပေးတိုက်တွန်းထားသည်။ ထိုရသစာတမ်းတွင်လည်း ဆရာဇေယျသည် လွတ်လပ်ရေးခေတ်ကို အကျိုးပြုသော စာပေထွန်းကားစေလိုသည့် စေတနာအလျောက် ရိုးရိုးရှင်းရှင်းနှင့် ပွင့်လင်းသော ထိမိသော ရေးဟန်နှင့် တင်ပြထားသည်ကို တွေ့ရပါသည်။



http://mmteashop.com

လွတ်လပ်ရေးမရမီက ပြည်သူတို့၏ စိတ်ဓာတ်ကို သရုပ်ဖော်ရာတွင် - "လွတ်လပ်ရေး မရမီက မြန်မာနိုင်ငံ လူတစ်ဝှမ်းလုံးသည် စားလည်းလွတ်လပ်ရေး၊ အိပ်လည်း လွတ်လပ်ရေး၊ အမိဝမ်းမှ မွေးဖွားစကလေးကလည်း လွတ်လပ်ရေး၊ သေသော အခါလည်း လွတ်လပ်ရေး၊ ကြွေးကြော်သံနှင့် သေကြသည်။ စာရေးဆရာများ၏ ကလောင်များတွင်လည်း လွတ်လပ်ရေးသာ ရှိပေသည်" ဟူ၍ ရေးသားတင်ပြခဲ့သည်။ ထိုအရေးအဖွဲ့တွင် "စားလည်းလွတ်လပ်ရေး၊ အိပ်လည်းလွတ်လပ်ရေး" စသည်ဖြင့် ပုံစံတူဟန်ချက်ညီ ဝါကျရှည်ဖြစ်သော်လည်း ဝါကျဖွဲ့စည်းဟန် လှပအောင် တမင် စိတ်ကူးဖြင့် ဖန်တီးထားခြင်းမဟုတ်ပေ။ စာရေးသူကိုယ်တိုင် မျက်မြင် အမြင်နှင့် ကိုယ်တိုင်ကြားခဲ့ရသော အကြားတို့ကို အရိုးဆုံး အရှင်းဆုံးပြန်ပြောနေခြင်းသာ ဖြစ်သည်။ စေတနာဇောနှင့် စေတနာအမောကြောင့် ရေးဟန်သည် အားပါနေသည်။ အင်ပြည့်အားပြည့် ဖြစ်နေသည်။ အလိုလို ဟန်ချက်ညီနေသည်။ အလိုလို နရီစည်းဝါး ကိုက်နေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ လွတ်လပ်ရေးစာပေကို မတွေ့ရသည့် သဘောကို ယေဘူယျသဘောမှ ဝိသေသသဘောပြု၍ သာဓကဖြင့် တင်ပြသည်။ လူပျိုကလေး တစ်ယောက်သည် အပျိုကလေးတစ်ယောက်ကို မရမီက အလွန်စွဲလန်းခဲ့ သော်လည်း ရပြီးသောအခါတွင် ငြီးငွေ့သွားသောသဘောကို ဆောင်သည်ဟု ကဗျာ အကိုးအကားနှင့် တင်ပြခဲ့ပါသည်။

လွတ်လပ်ရေးခေတ် စာရေးဆရာများးသည် လုံ့လဝီရိယနှင့် အတွေးအခေါ် ဘက်တွင် ကောင်းမွန်သော်လည်း စေတနာဘက်တွင် အားနည်းသည့်အလျောက် အကျိုးပြု စာပေများကို မရေးဘဲ ဖျော်ဖြေရေးစာပေများကိုသာ ရေးသားပုံကို တင်ပြရာ၌ လည်း- "အချစ်စာပေ၊ လိင်စာပေ၊ အိမ်ထောင်မှု၊ ဖေတော့မောင်တော့၊ နိုင်ငံရေး စာနီ၊ စာဖြူ၊ စိတ္တဇ၊ ကိုယ့်ဂုဏ်ကိုယ်ဖော်သူတော်ခုနှစ်ပါး၊ ထောင်အရသာ၊ ဘာအကွက်မှမကျန်၊ စာရေးဆရာ မဝင်ခဲ့သောအခန်းဟူ၍ မရှိ စုံလင်စွာ ရေးသားခဲ့ပေသည်။ သွေးမြေကျ အသက်စတေး အသည်းကွဲစာတွေကလည်း မနည်းလှပေ၊ လုံလောက်ရုံသာမက ရန်ကုန်မြို့ မဂိုလမ်းတစ်ဝိုက်၊ လမ်းဘေးပလက်ဖောင်း၊ တစ်မတ်ငါးမူးတန်းအရောက်



http://mmteashop.com

လျှံထွက်သွားအောင် များလှပေသည်” ဟု ရေးသားဖော်ပြခဲ့သည်။ ထိုအရေးအသား တွင်လည်း ထိုခေတ်စာပေ၏ အခြေအနေနှင့် လွတ်လပ်ရေးခေတ်စာရေးဆရာတို့၏ တာဝန်မဲ့မှုအပေါ်တွင် အားမလိုအားမရဖြစ်ကာ ကရုဏာဒေါသ ဖြစ်နေသည့် ဆရာကြီး၏ စိတ်ခံစားမှုကို ဆက်တိုက် ဖော်ပြထားသော စကားအသုံးအနှုန်း များက ဖော်ပြနေပါသည်။

တိုင်းပြည်အကျိုးကို ဦးမတည်ဘဲ “ငွေရလျှင်ပြီးရော” ဟူ၍ ရေးသားကြသူတို့၏ အသည်းကွဲ စာပေအပိုင်းတွင် ကျွမ်းကျင်ပုံကို ဆရာကြီးက - “အတွေးများကလည်း နှိုက်နှိုက်ချွတ်ချွတ် ရှိလှပေသည်။ စာသားကလည်းချော၊ အတွေ့အဆက်ကလည်း လိမ္မာ၊ ထွင်လုံးများကလည်း ညက်၊ ဖတ်မိလျှင် မလွှတ်နိုင်အောင် ကောင်းလှပါသည်။ အနုပညာသဘောဖြင့် ဂုဏ်မြောက်ကြပါသည်” ဟု ရေးသားခဲ့ပါသည်။ မလိုအပ်သည့် နေရာတွင် ကျွမ်းကျင်နေသော စာရေးဆရာများအား ထေ့ထေ့ငေါ့ငေါ့ တင်ပြရာတွင် “စာသားကလဲ ချော၊ အတွေ့အဆက်ကလည်း လိမ္မာ၊ ထွင်လုံးကလည်းညက်” စသည်ဖြင့် နရီသဘောပါအောင် ရေးဖွဲ့ထားပုံမှာ ဖန်တီးမှုမပါဘဲ ဖတ်၍ကောင်းနေပါသည်။

လွတ်လပ်ရေး ခေတ်တွင် ပေါ်ထွက်နေသော စာပေများတွင် ပါဝင်သည့် အကြောင်းအရာများကို တင်ပြရာ၌လည်း - “လင်ကွဲမယားကွဲ၊ အသည်းအူပြုတ်၊ ထိုးလိုက်ကြ၊ သတ်လိုက်ကြ၊ လိမ်လိုက်ကောက်လိုက်၊ စုန်းတွေကပြူစား၊ တစ္ဆေတွေကချောက်၊ နတ်တွေကပူး၊ အစိမ်းသရဲတွေကကပ်၊ ထမင်းငတ်၍ သေသူကသေ၊ ကြိုက်သူကိုမရ၍ သစ်ပင်မှာ ကြိုးတည်းပြီး ဖွဲ့ကြိုးချ၊ လောကကြီးတစ်ခုလုံး မကောင်းသမျှတွေကို အားပါးတရ ဖတ်ရသူတွေ မျက်ရည်ပင်လယ်စီးလောက်အောင် ဖွဲ့နွဲ့ရေးသား ကြသည်” ဟူ၍ ရေးဖွဲ့တင်ပြထားသည်။ ထိုအဖွဲ့သည် တစ်ကြိမ်ဖတ်မိရုံနှင့် စွဲမက်နစ်သက်ဖွယ် ဖြစ်သည်။ လွတ်လပ်ရေးခေတ် စာပေများ၏ သရုပ်ပေါ်လွင်လှသည်။ စာပေသဘောတရား အကြောင်းကို ပြောနေခြင်း၊ ခေတ်၏ စာပေကို ဝေဖန်သုံးသပ်နေခြင်း ဖြစ်သော်လည်း စာဟန်သည် လေးပင်ခြင်းမရှိ၊ ခံ့ညားအောင်လည်းမရေးပေ၊ အပြော စကားပြေ ဆန်ဆန် ရေးသားသည်။ ဆက်တိုက်သုံးနှုန်းထားသော စကားလုံးတိုင်းသည်



http://mmteashop.com

ထိုခေတ်စာပေ သဘောထားကို ထိထိမိမိပေါ်လွင်စေသည်။ "လင်ကွဲမယားကွဲ" "အသည်းအူပြုတ်" "ထိုးလိုက်ကြ သတ်လိုက်ကြ" "စုန်းတွေကပြုစား" "တစ္ဆေတွေက ချောက်" "အစိမ်းသရဲတွေကကပ်" ဟူသော အရေးအသားများသည် အပြောစကားပြေ ဆန်သော်လည်း နရီသဘောပါသည်။ နားစွဲသည်၊ ဖတ်၍ကောင်းသည်။ နားစွဲပြီး ဖတ်၍ကောင်းသည့်အတွက် ထိုခေတ်စာပေများ၏ သရုပ်သည် ပို၍ ထင်ရှားလာသည်။ ထိုအရေးအသားတွင် ဆရာကြီး ရွေးချယ်သုံးနှုန်းထားသော စကားလုံးများသည် အသိမ်အမွေ့ အလှအပများ မပါတော့ပါ။ ကဗျာမဆန် ကာရန်မကျပါ။ သို့ရာတွင် ဆိုလိုချက်ကို တိကျပေါ်လွင်စေသည်။ ဆိုလိုချက် တိကျပေါ်လွင်မှုသည်လည်း စကားပြေ၏ အင်အားတစ်ခုပင်ဖြစ်သည်။ လွတ်လပ်ရေးခေတ် ခေတ်စာပေများအပေါ် အားမလိုအားမရ ဖြစ်နေသော စေတနာခံစားမှု ထင်ဟပ်နေသည်။

ထို့နောက် ဆရာကြီးက ထိုစာများကို ဖတ်ခြင်းဖြင့် စာဖတ်သူတို့၏ ဆိုးကျိုး သက်ရောက်ပုံကို - "ဤစာများကို ဖတ်ပြီးသောအခါ လောကကြီးတစ်ခုလုံး အရောင်အလင်း ဟူ၍ လျှပ်တစ်ပြက်ကလေးမျှမရှိ၊ မှောင်ကြီးအတိ ကျနေလေသည်။ နဂိုက စိတ်ရှင်းနေပါလျက် ဖတ်ပြီးသောအခါ စိတ်ရှုတ်စရာတွေ တောင်ပုံရာပုံ ပေါ်၍ လာလေသည်။ နဂိုကအားတက်နေပါလျက် ရုတ်ခြင်း လျော့ကြသက်ဆင်း သွားရ လေသည်။ ဘဝနှင့် နီးစပ်ရမည်။ ဘဝအကြောင်းကို ဖော်ရမည်။ ဘဝစာပေ ဖြစ်စေရမည်ဟု တွင်တွင်ကြီး ပြော၍ရာကြသည်။ သို့သော်၄င်းတို့သည် ဘဝအကြောင်း မကောင်းသည့် အချက်ကိုသာ တွေးကြလေသည်ဟု" ကောက်ချက်ချပြထားပါသည်။

လွတ်လပ်ရေးရပြီး ၁၄ နှစ်ကြာခဲ့သော်လည်း ပြည်သူတို့အနေနှင့် ဘဝတိုးတက်မှု မရှိဘဲ လမ်းပျောက်နေခဲ့ကြသည်။ ထိုသို့ ဖြစ်ရခြင်းမှာ စာရေးဆရာများ၏ စိတ်ဓာတ်ကို အမှောင်ချထားသည့် အသည်းကွဲစာပေတို့ကြောင့် ဖြစ်သည်။ ထိုသဘောကို ဆရာကြီးက - "ရုပ်တကာ၊ ရွာတကာ၊ သွားလေရာရာတွင်၊ စိတ်ပျက်သောစကား၊ စိတ်အားလျော့သော စကားများ ကိုသာ ကြားရသည်။ ပြဿနာက သောင်းခြောက်ထောင်၊ ပညာရေး



http://mmteashop.com

ကမောက်ကမ၊ ရောင်းဝယ်ရေး ပြောင်းပြန်၊ အကျင့်စာရိတ္တ ခွက်ခွက်လန်၊ သီတာဒေဝီ ပျောက်၍၊ ရာမလက္ခဏာ ယိုးဒယား လေးကောက်ကြီး တကားကားနှင့် မျက်စိလည်နေ သကဲ့သို့ ဖြစ်နေသည်။ ဤသို့ ဖြစ်ရသည့်အကြောင်းတွင် ကျွန်ုပ်တို့ စာရေးဆရာများ၏ စိတ်ဓာတ်အမှောင်ချ၊ အသည်းကွဲစာပေတို့၏ အဖို့အစုသည် နည်းလှပေသည် မဟုတ်ချေ" ဟု ရေးသားတင်ပြခဲ့ပါသည်။

ခေတ်၏ သရုပ်ကို အခွံအညား အဖွယ်အရာစကားများဖြင့် မရေးဘဲ ခေတ်အခြေအနေမှန်ကို တိကျပေါ်လွင်စေသော စကားလုံးများကိုရွေး၍ သုံးထားသည်။ "ပြဿနာက သောင်းခြောက်ထောင်၊ ပညာရေးက ကမောက်ကမ၊ ရောင်းဝယ်ရေးက ပြောင်းပြန်၊ အကျင့်စာရိတ္တက ခွက်ခွက်လန်" စသည်ဖြင့် နာမ်များ၏ အနောက်မှ လိုက်သော ဝိသေသ စကားလုံးများသည် အထူးပင် ဆိုလိုချက်ကို တိကျပေါ်လွင်အောင် ပြောင်မြောက်လှပါသည်။ စကားလုံး ရွေးချယ်သုံးနှုန်းမှု ဆီလျော်လိုက်ဖက်လှသောကြောင့် ခေတ်၏ သရုပ်သည် ပေါ်လွင်နေသည်။ ထိုသို့ ထိမိပြောင်မြောက်သော စကားအသုံးအနှုန်းများသည် လွတ်လပ်ရေးခေတ် အခြေအနေကို ခံစားရှုမြင်ရင်း စိတ်ပျက်၊ စိတ်ဓာတ်ကျနေသည့် ခံစားမှုမှ ပေါက်ပွားလာသည်ဟု ဆိုနိုင်ပါသည်။ ခေတ်၏ အခြေအနေကို စကားလုံးများဖြင့် သရုပ်ဖော်ရုံသာမက ဝိသေသအဖွဲ့များကိုသုံး၍ "သီတာဒေဝီ ပျောက်၍ ရာမလက္ခဏာ ယိုးဒယား လေးကောက်ကြီး တကားကားနှင့် မော်ရုံတောမှာ မျက်စိလည်သကဲ့သို့ ဖြစ်နေပေသည်ဟူ၍" ထပ်ဆင့်တင်ပြလိုက်သော အခါတွင် ဆိုလိုချက် ထင်ရှားပေါ်လွင်ရုံသာမက စိတ်ပျက်စရာကောင်းသော ခေတ်အခြေအနေကို ရယ်ချင်ပြုံးခြင်စရာစိတ်များ ဖြစ်ပေါ်လာစေပါသည်။ ဆရာကြီးသည် ခေတ်ကို စိတ်ပျက်နေရာမှ ဥပမာပြရန် တွေးကြည့်ပုံမှာ အထူးလိုက်ဖက်ပြီးလျှင် ဟာသရသ မြောက်စေသော အလင်္ကာမျိုး ဖြစ်နေပါသည်။

မိမိဆိုလိုချက်ကို အကျိုးသင့်အကြောင်းသင့် ဖြစ်ရန်အတွက် မြန်မာစာပေတွင် သူဇာပျို့ကဲ့သို့ စာနစာယဉ်များ ထွန်းကားသောခေတ်တွင် တိုင်းပြည်ပျက်ခဲ့ပုံ၊ ရခိုင်ရာဇဝင်



http://mmteashop.com

တွင်လည်း ထို့အတူပင် ဖြစ်ခဲ့ပုံ၊ ရောမ၊ ပြင်သစ်၊ တရုတ်၊ အန္ဒိယပြည်များတွင်လည်း စာနများ ပေါ်ထွန်းပြီး လွတ်လပ်ရေးစာပေများ အားနည်းသောကြောင့် ပျက်စီးရကြောင်းကို သာဓကများပြ၍ အကျိုးသင့်အကြောင်းသင့် တင်ပြခဲ့သည်။ ဓားသွားထက် ကလောင်များ ထက်သည်ဟူသော စကားအရ စာရေးဆရာတို့၏ တာဝန်ကြီးမားပုံကို တင်ပြရာ၌ - "ဓားသွားထက်လျှင် လူတစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းလောက်သာသေနိုင်၏ ဂျာမနီ နာဇီ၊ အစ်ချမင်း၏ ဓားတွင် လူခြောက်သန်းမျှကိုသာ သတ်နိုင်ခဲ့သည်။ ကလောင် ထက်လျှင်မူကား လွတ်လပ်ရေးပျောက်၍ လူတစ်မျိုးလုံး သေနိုင်ပေသည်" ဟူ၍ ဝိသေသ အဖွဲ့များဖြင့် ထင်ရှားပေါ်လွင်အောင် ရေးသားတင်ပြခဲ့သည်။

လွတ်လပ်ရေးစာပေကို တန်ဖိုးထားသင့်ပုံကို- "စာပေလွတ်လပ်ရေးကို ကျွန်ုပ်တို့ တောင့်တရမည်။ မည်သူမျှ မထိပါးအောင် စုံစုံမက်မက် ပိုက်ဖက်ထိန်းသိမ်းထားရမည်။ သို့သော် လွတ်လပ်ရေး စာပေမရှိလျှင် စာပေလွတ်လပ်ရေးမရှိနိုင်၊ ဓားသွားထက် ချွန်ထက်သော ကလောင်များလည်း အဖျားတုံး၍ ကလောင်တုံးကြီးများ ဖြစ်သွားလိမ့်မည်။ ယနေ့မှစ၍ စာရေးဆရာများ၏ ကလောင်ဖျားတွင် လွတ်လပ်ရေးစာပေကို ပြန်လည် တည်ထားကြပါစို့။ ကျွန်ုပ်တို့အား ဝိုင်းဝန်း ညှဉ်းပန်းနေသော ပြဿနာ သောင်းခြောက်ထောင်ကို၊ လွတ်လပ်ရေး စာပေတည်းဟူသော စိတ်ဓာတ်ကြံ့ခိုင်ရေး သံလျက် ဓားဖြင့် ထွားထွားညက်ညက် ချေဖျက်သုတ်သင် ခုတ်ထွင်ရှင်းလင်းပစ်ကြပါစို့" ဟု အဆုံးသတ် ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် စာပေလွတ်လပ်ရေးကို မြတ်နိုးသင့်ပုံကို "စုံစုံမက်မက် ပိုက်ဖက်ထိန်းသိမ်း" ဆိုသည့် အနက်ချင်း ဆက်စက်မှုရှိသော စကားလုံးများကို ဝေဝေဆာဆာသုံး၍ လေးနက်အောင် ရေးသားခဲ့သည်။ "ဓားသွားထက် ချွန်ထက်သော ကလောင်များ" "အဖျားကျိုး၍ ကလောင်တုံးကြီးများ" ဟူသော နိမိတ်ပုံများဖြင့် လွတ်လပ်သောခေတ်တွင် လွတ်လပ်ရေးစာပေများ အစွမ်းထက်မြတ်ပုံ၊ လွတ်လပ်ရေး ဆုံးရှုံးသောအချိန်တွင် လွတ်လပ်ရေးစာပေများကို ရေးဖွဲ့နိုင်သည့် အခွင့်အရေး ကင်းမဲ့ပုံတို့ကို ပေါ်လွင်စေခဲ့ပါသည်။ သဘောပြစကားလုံးများကို



http://mmteashop.com

အကောင်အထည်ပြ စကားလုံးများဖြင့် ယှဉ်တွဲ၍ ထင်ရှားအောင်ရေးဖွဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

"လွတ်လပ်ရေးစာပေ" ရသစာတမ်း တစ်ပုဒ်လုံးတွင် ထိုခေတ်စာပေနှင့် စာရေးဆရာတို့ အပေါ်တွင် စိတ်ပျက်နေသော အားမလိုအားမရဖြစ်နေသော ဆရာကြီး၏ ဘဝအမောနှင့် စေတနာဇောများ ထင်ဟပ်နေသည့် ရေးဟန်ကို တွေ့ရသည်။ စာဖတ်သူများအား စာပေမှတစ်ဆင့် ရေးသားတင်ပြနေခြင်း သဘောထက် မျက်နှာချင်းဆိုင် တည့်တည့်ထိုင်၍ ဒိုးဒိုးဒေါက်ဒေါက် မကျေနပ်သမျှကို ရင်ဖွင့်ပြောဆိုနေသော စေတနာလေသံပါသည်။ စေတနာလေသံကို ပေါ်လွင်စေသည့် အရိုးဆုံး အရှင်းဆုံးနှင့် သွက်လက်ထက်မြတ်သော အပြောစကားပြေဆန်သည့် ရေးဟန်ဖြစ်သည်။ နိဂုံးချုပ်တွင်မူ ဆရာကြီးသည် ရှင်းလင်းတင်ပြပြီးဖြစ်၍ အတန်ငယ် ဘဝအမော ပြေသွားဟန် ရှိသည်။ စာရေးဆရာများအား တစ်စိတ်တစ်ဝမ်းတည်းဖြစ်ရန် လက်တွဲစည်းရုံး ခေါ်ဆောင်သည့်ရေးဟန်ကို- "လွတ်လပ်ရေးစာပေကို ပြန်လည် တည်ထားကြပါစို့" "လွတ်လပ်ရေး စာပေတည်းဟူသော စိတ်ဓာတ်ကြွနိုင်သော သန့်လျက်စားဖြင့် ထွားထွားညက်ညက် ချေဖျက်သုတ်သင် ခုတ်ထွင် ရှင်းလင်းပစ်ကြပါစို့" ဟူသော ရေးဟန်များက ဖော်ပြနေသည်။ တိုင်းပြည်၏ ပြဿနာများကို စာရေးဆရာများ အနေဖြင့် ဖြေရှင်းပေးစေလိုသော သဘောကို တင်ပြရာ၌ "ထွားထွားညက်ညက်" "ချေဖျက်သုတ်သင်" "ခုတ်ထွင်ရှင်းလင်း" စသည့် အင်အားပါသော အနက်ချင်း ဆက်စပ်မှုရှိသော စကားလုံးများဖြင့် သုံးနှုန်းရေးသားခဲ့သည်။ စာရေးဆရာများအား လက်တွဲခေါ်ယူ၍ အားသစ်အင်သစ် ဖြစ်ထွန်းလာသော ခံစားမှုပေါ်လွင်စေသည့်ရေးဟန် ဖြစ်ပါသည်။

ဆရာကြီးဇေယျ၏ ရေးဟန်သည် အဆင်တန်ဆာ အမွမ်းအမံမပါဘဲ စာဖတ်သူ၏ စိတ်နှလုံးကို ထိခိုက်စေသော ရေးဟန်ဖြစ်သည်။ စာရေးသူ၏ အလိုသို့ ချက်ချင်း လိုက်ပါလာအောင် စည်းရုံးနိုင်သော ရေးဟန်ဖြစ်သည်။ ထိုရေးဟန်သည် ဆရာကြီး၏



http://mmteashop.com

အနုပညာ စိတ်ကူးများမှ ပေါက်ပွားလာသည်ဆိုခြင်းထက် ဆရာကြီး၏ စေတနာမှ အလိုလိုဖြစ်တည် ပေါက်ပွားလာသည်ဟုသာ ဆိုချင်ပါသည်။

ရသစာတမ်း (ဝါ) စာတမ်းငယ် (ဝါ) အက်ဆေး၏ သဘောလက္ခဏာများထဲတွင် စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေ အရေးအဖွဲ့ဖြစ်ရမည်ဆိုသောအချက် ပါဝင်ပါသည်။ ရသစာတမ်းများတွင် စာရေးသူ၏ အတွေးအမြင်ကို အလေးထားလေ့ရှိသည် ဆိုသော်လည်း အချို့ရသစာတမ်းများတွင်မူ ထူးခြားဆန်းသစ်သော အတွေးမပါတတ်ပေ။ စာရေးသူ၏ အတွေ့အကြုံတစ်ရပ်ကိုပင် အနုစိတ် ရေးသားတင်ပြလေ့ရှိသည်ကို တွေ့ရတတ်ပါသည်။ မထူးခြားလှသော အတွေ့အကြုံဖြစ်သော်လည်း စာရေးသူ၏ ပတ်ဝန်းကျင် အပေါ် အမြင်စူးရှမှု၊ ထိုအမြင်ကို စာဖတ်သူ စိတ်အာရုံ၌ ထင်မြင်လာအောင် ရေးဖွဲ့နိုင်စွမ်း ရှိမှုတို့ကြောင့် ရသစာတမ်းသည် နှစ်သက်ဖွယ် ဖြစ်နေတတ်ပါသည်။ အရေးအဖွဲ့ဖြင့် ဆွဲဆောင်ထားသော ရသစာတမ်းဟု ဆိုနိုင်ပါသည်။

ထိုသို့သော ရသစာတမ်းများတွင် အတွေ့အကြုံ၊ မြင်ကွင်း စသည်တို့ကို အနုစိတ်ရေးဖွဲ့တင်ပြသော သရုပ်ဖော်အရေးအဖွဲ့သည် အဓိကကြပါသည်။ ဆရာကြီး ဦးမြင့်ကြည် (ဝါ) တက္ကသိုလ်မြတ်စိုး၏ "သုံးနာရီ" ရသစာတမ်းတွင် စာရေးသူ၏ စာမေးပွဲခန်းစောင့်သည့် အတွေ့အကြုံနှင့် စာမေးပွဲခန်းမြင်ကွင်းကို ရေးဖွဲ့ထားသည်။ စာမေးပွဲခန်းစောင့်သည့် အတွေ့အကြုံသည် မထူးဆန်းပေ။ ဆရာတိုင်းလိုလို ကြုံတွေ့ဖူးသည်။ ကျောင်းသားတိုင်းလိုလို ခံစားဖူးသည်။ သို့ရာတွင် အမှုမဲ့အမှတ်မဲ့ နေခဲ့ကြသည်။ ဆရာကြီးကမူ စာမေးပွဲဖြေဆိုသူ အသီးသီး၏ အမူအရာကို အနုစိတ် ရှုမြင်ခံစား ရေးဖွဲ့ပြထားသည်။ သရုပ်ဖော်အဖွဲ့ကောင်းများကြောင့် စာတမ်းတစ်စောင် လုံးသည် စာဖတ်သူ၏ စိတ်ကို စည်းရုံးစွဲဆောင်နိုင်စွမ်း အပြည့်အဝ ရှိနေပါသည်။

စာမေးပွဲဖြေဆိုနေသူတို့၏ စဉ်းစားနေဟန် အမျိုးမျိုးကို - "အလယ်နားမှာ တိုက်ပုံအင်္ကျီနှင့်သူငယ်မှာ ခေါင်းတလှုပ်လှုပ်နှင့် စဉ်းစားခန်းထုတ်နေ၏။ သူ့ကြည့်ရသည် မှာ ဉာဏ်များကို ကုပ်ခြစ်ထုတ်ယူနေသလိုပင်။ သူနှင့် မလှမ်းမကမ်းမှ ဆာရီဝတ်ကုလားမ



http://mmteashop.com

စဥ်းစားပုံကမူ တစ်မျိုးဖြစ်၏။ သူ့မျက်လုံးမှ မျက်နက်ကလေးမှာ ပင်ပေါင်ဘောလုံးကလေး ပမာ မျက်လုံးအိမ်၏ ဟိုဘက်ထောင့်မှ ဒီဘက်ထောင့် ခုန်ပျံနေ၏။ ဆံပင်ကျီးသိုက်နှင့် သူငယ်တစ်ယောက်ကား ဆီမန်းမန်းသလို နှုတ်ခမ်းတရွရွ။ ထောင့်နားက သူငယ်တစ်ဦးကမူ ၂ မိနစ်တစ်ခါလောက် နှာခေါင်းနှိုက်လေ့ရှိ၏။ ဤသည်လည်း စဥ်းစားပုံတစ်နည်းဟု မှတ်ယူဖွယ်ပင်။ အသက် ခပ်ကြီးကြီး သူငယ်တစ်ယောက်ထံ မောင်မြတ်စိုး ရောက်ခဲ့ပြန်၏။ သူကား ပါးမှအမွေးရှည်ကြီးတစ်ချောင်းကို ခပ်အေးအေးဆွဲရင်း စဥ်းစားနေပေသည်။ သူ့နောက်နားမှ သူငယ်မကလေးကိုကြည့်ပါဦး။ သူ့ခမျာ စဥ်းစားရခက်တိုင်း၊ ဖောင်တိန် ဖင်တွင် တပ်ထားသော အဖုံးကလေးကို ပါးစပ်ဖြင့် ငုံလေ့ရှိ၏" ဟု သရုပ်ဖော် ရေးဖွဲ့ထား ပါသည်။

စာမေးပွဲဖြေသူ ကျောင်းသား၊ ကျောင်းသူအမျိုးမျိုး၏ စဥ်းစားဟန် အမျိုးမျိုးကို အနုစိတ် သရုပ်ဖော်ထားသည်။ တစ်ဦးနှင့် တစ်ဦး အမူအရာ၊ မရိုးရ မထပ်ရအောင် သရုပ်ဖော်နိုင်သည်။ ခေါင်း၊ မျက်လုံး၊ နှုတ်ခမ်း၊ နှာခေါင်း၊ ပါး၊ ပါးစပ် စသည့် အင်္ဂါရပ် အမျိုးမျိုးပြောင်း၍ သရုပ်ဖော်ထားသောကြောင့် အမူအရာများသည် မထပ်ဘဲ စာဖတ်သူ၏ အာရုံ၌ အမူအရာ မြင်ကွင်းအမျိုးမျိုး ပြောင်းသွားသည်။ စာဖတ်သူတို့၏ စိတ်အာရုံသည် ဆရာကြီး ရေးချယ်ပြသည့် မြင်ကွင်းများနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါ သွားရသည့်အထိ ဆွဲဆောင်အားကောင်းသည့် သရုပ်ဖော်အဖွဲ့ ဖြစ်သည်။ ထို့အပြင် "သူ့မျက်လုံးမှ မျက်နက်ကလေးမှာ ပင်ပေါင်ဘောလုံးကလေးပမာ မျက်လုံးအိမ် "ဟိုဘက်ထောင့်မှ ဒီဘက်ထောင့် ခုန်ပျံနေ၏" ဟူသော အနုစိတ်သရုပ်ဖော်အဖွဲ့သည် သရုပ်ပေါ်လွန်းလှသည်။ မျက်လုံး၏ လှုပ်ရှားမှု မြင်ကွင်းကို ပေါ်အောင် ဖွဲ့နိုင်သည်။

စာဖြေသူ ကျောင်းသူလေး၏ အမူအရာကိုမူ "သူ့ခမျာ စဥ်းစားရခက်တိုင်း ဖောင်တိန်ဖင်တွင်တပ်ထားသော အဖုံးလေးကို ငုံလေ့ရှိသည်" ဟု ပါးစပ်၏ လှုပ်ရှားပုံ အမူအရာလေးကို ထူးထူးခြားခြား သရုပ်ဖော်ထားသည်။ စာမေးပွဲစောင့် အတွေ့အကြုံ ရှိခဲ့ဖူးသူများအနေဖြင့် တစ်ပြိုင်ထဲမှာပင် မိမိတို့ တွေ့ခဲ့ဘူးသော အမူအရာလေးများကို

ပြန်ပြောင်း သတိရပြီး ရယ်ချင်ပြုံးချင်ဖြစ်လာစေသည့် အရေးအဖွဲ့ကောင်းဖြစ်ပါသည်။ တစ်ဦးစီကို အနုစိတ် သရုပ်ဖော်ပြီးမှ ခြုံငုံ၍ - "ဤသို့ဖြင့် ဒူးနှံ့၍ စဉ်းစားသူ၊ မျက်မှောင်ကုပ်၍ စဉ်းစားသူ၊ မေးကိုပွတ်၍ စဉ်းစားသူ၊ မျက်နှာကျက်ကိုမျှော်ကာ စဉ်ဉသ်းစားသူနှင့် စုံလှစွာ၏" ဟု ပုံစံတူ ဟန်ချက်ညီအဖွဲ့များ ပါဝင်သော ဝါကျရှည် တစ်ကြောင်းတည်းတွင် အမူအရာ အမျိုးမျိုးကို စုစည်းရေးဖွဲ့၍ တင်ပြခဲ့သည်။ ဆရာကြီး၏ အမြင်အာရုံသည် ထောင့်စုံလှပါသည်။ အနုစိတ်မြင်နိုင်စွမ်း ထက်မြက်လှပါသည်။ မြင်သမျှကို သရုပ်ပေါ်အောင် သရုပ်ဖော်ရေးဖွဲ့နိုင်စွမ်း ထူးခြားလှပါသည်။ ထိုအမူအရာများသည် စာမေးပွဲခန်း ဖြေဆိုချိန် တစ်ချိန်တည်း တစ်ခန်းတည်း၌ တစ်ပြိုင်တည်း တွေ့ရခြင်း မဟုတ်သော်လည်း နှစ်ပေါင်းများစွာ ဆရာဘဝတွင် စာမေးပွဲခန်း အတွေ့အကြုံမြင်ကွင်းများကို စုစည်းပေါင်းစပ်၍ စာဖတ်သူတို့ စိတ်အာရုံကို စွဲငြိစေမည့် မြင်ကွင်းများကို ရွေးချယ်၍ တင်ပြခဲ့ဟန်တူပါသည်။

စာရေးသူသည် စာမေးပွဲခန်းတွင် မြင်တွေ့ရလေ့ရှိသည့် ဓလေ့စရိုက်အမျိုးမျိုးကို အနုစိတ် သရုပ်ဖော်ထားသည်။ ဖြေဆိုသူတို့အနေဖြင့် မူးလျှင်မော်လျှင် ရှူရန်အတွက် ရေမွှေး၊ ပရုပ်ဆီတို့ကို ဆောင်ထားဟန်ကိုလည်း - "ဤသို့ ဖြေသူတစ်ဦးစီထံ လိုက်လံ၍ ကတ်ပြားစစ်ဆေးစဉ် မိန်ကလေးများထံမှ အော်ဒီကလုံး ရေမွှေးနံ့ သင်းပျံ့ နေတတ်သည်ကို သတိပြုမိသည်။ အချို့မိန်းကလေးများမှာ ရေမွှေးဆွတ်ထားသော ပဝါဖြူလေးကို ရှေ့တွင်ချ၍ ဖြေနေကြသည်။ အချို့ခုံ၌ ပရုပ်ဆီဗူး (Vicks) များလည်း တွေ့ရသည်" ဟု စာဖတ်သူ၌ အမြင်အာရုံသာမက အနံ့အာရုံပါ ထင်ဟပ်လာအောင် ရေးဖွဲ့ခဲ့သည်။

စာဖြေသူတို့အနေဖြင့် ဗေဒင်၊ ယတြာအရ ဆော်ယူလာခဲ့ပုံကို - "အချို့ကလည်း စံပယ်၊ ဖွန်ဆိုသည့် ရင်အေးစေသည့် ပန်ကလေးများ ပန်ခဲ့ရှာသည်။ အချို့ကမူ ခေါင်း၌ ပန်းများသာမက ပန်းနှင့်ညှပ်၍ ကံ့ကော်ရွက်၊ သပြေရွက်၊ ဇီးရွက်၊ အုန်းရွက် စသည်တို့ကို ခပ်ဖွဖွထိုးလာကြသည်။ ဗေဒင်ယတြာကြောင့် ဆောင်ကြရသည့်ထင်" ဟု သရုပ်ဖော်



http://mmteashop.com

ရေးဖွဲ့ထားပါသည်။ စာရေးသူသည် အမြင်အာရုံများကို သရုပ်ဖော်ရာ၌လည်း လှုပ်ရှားနေသည့် အမူအရာကို မထပ်ရအောင် သရုပ်ဖော်နိုင်သည့်အပြင် တည်ငြိမ်နေသော မြင်ကွင်းကိုလည်း သရုပ်ပီပြင်အောင် ရေးဖွဲ့နိုင်စွမ်းရှိသည်။

စာရေးသူသည် စာမေးပွဲဖြေဆိုစ အချိန်တွင် စိတ်အေးအေးနှင့် စဉ်းစားနေသည့် အမျိုးမျိုးကို သရုပ်ဖော်ရေးဖွဲ့ပြီးနောက် ဖြေဆိုချိန် ကြာမြင့်လာသည်နှင့်အမျှ အရှိန်ရလာကာ အားရပါးရ အားယူဖြေဆိုနေကြသည့် အားယူပုံ အမူအရာ အမျိုးမျိုး ကိုလည်း သရုပ်ဖော်ရေးဖွဲ့ တင်ပြထားပြန်သည်။ စာဖြေသူတို့၏ စရိုက်အလိုက် အားယူဖြေဆိုပုံ အမူအရာအမျိုးမျိုးကို - "နှုတ်ခမ်းထောက်၍ အားယူရေးသူ၊ အံတကြိတ်ကြိတ် အားယူရေးနေသူ၊ ရှေ့တိုးနောက်ငင်ယိမ်း၍ အားယူရေးသူ၊ လျှာတစ်လစ် ပြူတစ်ပြူ တစ်ထုတ်ကာ အားယူရေးသူ အမျိုးစုံ တွေ့နိုင်၏" ဟူ၍ ဟန်ချက်ညီပုဒ်စုများ ပါဝင်သော ဝါကျရှည်တစ်ကြောင်း တည်းတွင် စုပေါင်းသရုပ်ဖော်ထားသည်။ ဆရာကြီး၏ သရုပ်ဖော်အဖွဲ့များသည် စာမေးပွဲခန်းများထဲတွင် အမှန်တကယ် တွေ့မြင်ရလေ့ရှိသော အမူအရာများဖြစ်သည်။

သရုပ်ဖော်ပုံမှာ အနုစိတ်ကျသည်။ သရုပ်ပီပြင်သည်။ စာမေးပွဲစောင့် အတွေ့အကြုံ မရှိသည့် စာဖတ်သူများ၏ အာရုံ၌ပင် ထင်ယောင်မြင်ယောင် လာစေမည့် အဖွဲ့များဖြစ်သကဲ့သို့ စာမေးပွဲစောင့် အတွေ့အကြုံ ရှိပြီးဖြစ်သော ဆရာ၊ ဆရာမများအဖို့မူ မိမိတို့ မြင်ခဲ့ဘူးသော အမူအရာ သရုပ်မှန်များကို မြင်ယောင်လာပြီးလျှင် ကျေကျေနပ်နပ် ပြုံးရယ်မိမည်ဖြစ်ပါသည်။

စာရေးသူသည် အချိန်ကို လိုက်၍ စာဖြေသူတို့ အမူအရာ အပြောင်းအလဲကို သရုပ်ဖော်နိုင်ခဲ့သည်။ နစ်နာရီတွင် လော့ (Log book) တောင်းသူများ၊ အဖြေစာရွက် လိုက်ပွဲ တောင်းသူများ၏ အမူအရာကို - "မတ်တပ်ထသူကထ၊ လက်ညှိုး ထောင်သူကထောင်၊ ပုတ်သင်ညိုလို ခေါင်းညိတ်သူကညိတ်၊ ခပ်တိုးတိုး ရွှတ်ရွှတ်ဟု ဆိုသူကဆို၍ လိုတာကို တောင်းကြကုန်၏" ဟု သရုပ်ဖော် ရေးဖွဲ့ထားသည်။



http://mmteashop.com

အမြင်အာရုံ၊ အကြားအာရုံတွင် တစ်ပြိုင်တည်း ခံစားနိုင်အောင် ရေးဖွဲ့နိုင်ခဲ့သည်။ စာမေးပွဲစောင့်သူ ဆရာ၏ အမူအရာနှင့် ခံစားမှုကို - "မောင်မြတ်စိုးခင်ဗျာ ဦးခေါင်းပတ်ချာယမ်း၍ မျက်စိကို ယန္တရားလှည့်ကာ နားကို အစွမ်းကုန်စွင့်ပြီး၊ ခြေကို အသွက်ဆုံးနှင့် နေရရှာသည်မှာ သနားစရာပင်" ဟု ရေးဖွဲ့ခဲ့ပြန်သည်။ စာမေးပွဲစောင့်ဖူးသူ ဆရာ၊ ဆရာမတိုင်း နားလည်ခံစားနိုင်သောအဖွဲ့ ဖြစ်သည်။

အချိန်စေ့သောအခါ အဖြေစာရွက်သိမ်းသူ ဆရာနှင့် စာဖြေသူတို့၏ အမူအရာကို - "အချိန်ပြည့်ခါနီးမှ ဟိုအပုဒ် ၁ ကြောင်း ၂ ကြောင်း လိုက်ဖြည့်။ ဒီအပုဒ် ၁ ကြောင်း၊ ၂ ကြောင်းလိုက် ဆက်လုပ်လေ့ ရှိသူများကို ရပ်ကြ၊ တော်ကြရန် လိုက်လံ နှိုးဆော်ရသေးသည်။ အချို့က ပေတေတေ။ တော်ပါရပ်ပါဟု မေတ္တာရပ်၊ အမိန့်ထုတ်နေ၍ မရ။ အဖြေစာအုပ်ကို ဆွဲယူမှထ၏။ ဤသည်ကိုပင် တတ်နိုင်သမျှ ကျကျမျက်စောင်းဖြင့်၊ ကောင်းကောင်းကြီး တုံ့ပြန် လိုက်သေးသည်။ အတော်ဆိုးသူများပင်" ဟု သရုပ်ဖော် ရေးဖွဲ့ခဲ့သည်။

ဒိဋ္ဌလောကရှိ လူ့သဘာဝ စရိုက်အမျိုးမျိုးကို ပီပီပြင်ပြင် ထင်ဟပ်နိုင်စွမ်းရှိသော သရုပ်ဖော်အဖွဲ့ဖြစ်၍ စာမေးပွဲခန်း တာဝန်ကျသူ။ ဖြေဆိုသူ အတွေ့အကြုံ ရှိခဲ့ဖူးသူတိုင်း ပြန်မြင်ပြန်တွေး၍ ခေါင်းညိတ်ကျေနပ်စေမည့် အရေးအဖွဲ့ဖြစ်သည်။ သရုပ်ဖော်အဖွဲ့များ၏ အဆုံးတွင် "သနားစရာပင်" "အတော်ဆိုးသူများပင်" စသည်ဖြင့် စာရေးသူ၏ ခံစားချက်၊ ထင်မြင်ချက်များဖြင့် အနားသတ်ထားလေ့ရှိပါသည်။

စာမေးပွဲခန်း အပြင်၏ မြင်ကွင်းနှင့် အသံကို - "အခန်းပြင်၌ကား လက်ပန်ပင် ဆက်ရက်ကျသည့်ပမာ ညည်းသူညည်း၊ တွားသူတွား၊ ကြွားသူကြွား၊ မော်သူမော်၊ ပျော်သူပျော်၊ မွဲသူမွဲ နှင့် တကယ့်ရှုမြင်ကွင်းပါပေ" ဟု ရေးဖွဲ့ပတင်ပြခဲ့ပါသည်။ ဆရာကြီး၏ သရုပ်ဖော်အဖွဲ့များသည် ဝါကျရှည်များဖြစ်လေ့ ရှိသော်လည်း စကားပြေကို သရုပ်လည်း ပေါ်၊ သွက်လည်းသွက်၊ လှလည်းလှ၊ ဟန်ချက်လည်းညီအောင်လည်း ရေးနိုင်သည့် အတွက် စာအရသာ ပေါ်လွင်လှပါသည်။



http://mmteashop.com

စာမေးပွဲခန်းမှ ထွက်ခွာသွားသူများ၏ အမူအရာကို တင်ပြရာ၌ - "ဖြေပြီး၍ အခန်းမှ ထွက်ခွာသွားသူကား နွေကြွေရွက်များပမာ တဖွဲဖွဲ၊ ရွှင်ရွှင်ပြပြ အားပါးတရ ထွက်ခွာသွားသူများ ရှိသလို ညှိုးငယ်ရင်လေး ခပ်ဖြည်းဖြည်း ထွက်ခွာသွား သူများလည်း ရှိသည်။ သူတို့ခြေလှမ်းများသည် ပို၍ မြင့်သော အတန်းဆီသို့ လှမ်းသလော။ မြို့ပတ်ရထားကဲ့သို့ ထွက်ခွာသွားရင်း ဘူတာသို့ ပြန်လည် ရွေ့ရှုလေသလော။ တက္ကသိုလ်မှ ခွာ၍ ပြင်ပသို့ ဦးတည်လေသလော မတွေးတတ်ချေ။" ဟု သရုပ်ဖော် ရေးဖွဲ့ထားပါသည်။

ဆရာတစ်ဦးအနေနှင့် စာမေးပွဲခန်း၌ သုံးနာရီ ကြုံတွေ့ရသောသူများကိုပင် မိမိတပည့်ရင်းများပမာ ရင်ဝယ် တွယ်ငြိတတ်သည့် သဘောသည် ထိုအဖွဲ့၌ ထင်ဟပ်နေသည်။ သူတို့၏ အမူအရာကိုကြည့်၍ သူတို့၏ အနာဂတ်ကို တွေးနေမိသည်။ သူတို့အတွက် စိုးရိမ်စိတ်ဝေဒနာ မသိမသာ တွယ်ငြိကျန်ခဲ့ပုံကို သွယ်သွယ်ဝိုက်ဝိုက် တင်ပြထားသည်။ ဆရာ့ဝေဒနာ၊ ဆရာ့ခံစားမှုပါ၍ ပိုမို နှစ်သက်ဖွယ်ဖြစ်လာရသည်။ ထိုအတွေး၊ ထိုခံစားမှုသည် ဆရာတိုင်း၏ အတွေး၊ ဆရာတိုင်း၏ ဝေဒနာပင် ဖြစ်သည်။

သဘောပြစကားလုံးများအစား ဝိသေသစကားလုံးများဖြင့် အားဖြည့်ထားသည်။ စာဖြေနေသူတို့၏ အမူအရာကို သရုပ်ဖော်နေစဉ်က မြူးမြူးသွက်သွက် ရှိသော ရေးဟန်သည် ပြောင်းလဲသွားသည်။ ဆရာ့သောက၊ ဆရာ့ဝေဒနာကြောင့် ရေးဟန်သည် ဆွေးဆွေးမြည့်မြည့် တွေးတွေးဆဆဟန်မျိုးဖြစ်လာသည်။ ဝါကျအသံပြောင်းလဲသွားသည်။

ဆရာကြီး ဦးမြင့်ကြည် (ဝါ) တက္ကသိုလ် မြတ်စိုးသည် သုံးနာရီ ရသစာတမ်းတွင် ဆရာတစ်ယောက်၏ သုံးနာရီအတွေ့အကြုံကို စာဖတ်သူတို့ နှစ်သက်ခံစားနိုင်စေရန် အရေးအဖွဲ့ဖြင့် ဆွဲဆောင်ထားသည်ကို တွေ့ရပါသည်။



http://mmteashop.com

## ၁၅။ ရသစာတမ်းများထဲမှ မေ့မရသောအတွေးများ

ရသစာတမ်း၏ သဘောမှာ စာရေးသူသည် သူ၏ ဘဝအတွေ့အကြုံ အကြားအမြင်ပေါ်၌ အာရုံခံစား၍ အတွေးအမြင် တစ်ခုရလာပုံကို စာဖတ်သူတို့အား ထပ်ဆင့်ရေးဖွဲ့ တင်ပြခြင်း ဖြစ်သည်။ လူသားသည် နေ့စဉ်နှင့်အမျှ ဘဝပတ်ဝန်းကျင်နှင့် ထိတွေ့ ဆက်ဆံရသည်။ သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့ ဆက်ဆံရသည်။ ထိုသို့ ထိတွေ့ခံစားရတိုင်း ခံစားမှုများ ဖြိုးခနဲ၊ ဖျက်ခနဲ ဖြစ်ပေါ်လေ့ရှိသည်။ ထိုခံစားမှုနှင့် တစ်ဆက်တည်းပင် ဆင်ခြင်တုံတရားများ ရှိလာတတ်သည်။ ထိုမှတစ်ဆင့် အတွေးသစ် အမြင်သစ်များ လင်းခနဲ လက်ခနဲ ဖြစ်ပေါ်လာတတ်သည်။ ထိုသဘောသည် လူသားတိုင်း၌ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသော်လည်း အချိန်အနည်းငယ်ကြာသည်နှင့်အမျှ မေ့ပျောက်သွားသည်။

စာရေးဆရာတို့မှာမူ နေ့စဉ်နှင့်အမျှ မကြာခဏ ဖြစ်ပေါ်လာသော ခံစားမှု အတွေးအမြင်များကို နှစ်ရှည်လများ ကြာရှည်ခံအောင် စာပေအရေးအဖွဲ့ဖြင့် မှတ်တမ်း တင်နိုင်စွမ်း ရှိပေသည်။ အာရုံခံစားမှုစွမ်းရည် ထူးခြားခြင်း၊ ဆင်ခြင်တုံတရားဖြင့် အတွေးအမြင် အသစ်အဆန်းများကို မွေးဖွားပေးနိုင်ခြင်း၊ ထိုအတွေးအမြင်တို့ကို အရေးအဖွဲ့ဖြင့် ကြာရှည်ခံအောင် ဖမ်းဆီးထိန်းသိမ်းထားနိုင်ခြင်း တို့သည် အခြားသူတို့ ထက် သာလွန်သော အရည်အသွေးများ ဖြစ်ပေသည်။

စာရေးဆရာတို့သည် ခံစားမှုအစွမ်းထက်မြတ်သည်။ အတွေးဆန်းသစ်သည်။ အတွေးနှင့် ခံစားမှုကို ပေါင်းဖွဲ့၍ ဝတ္ထု၊ ကဗျာ၊ ရသစာတမ်းများကို ရေးဖွဲ့ခဲ့ကြသည်။ ရသစာတမ်းအဖွဲ့ ပုံစံကို စာပေအဖွဲ့ ပုံစံများထဲတွင် အထူးပင် နှစ်သက်မိပါသည်။ ရသစာတမ်းရှင်တို့၏ အတွေးများသည် စာဖတ်သူအား မတွေးခဲ့ဘူးသော နှစ်သက်စရာ အတွေးသစ် အမြင်သစ်များကို ပေးစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်။ အချို့ရသ စာတမ်းများသည် တစ်ကြိမ်ဖတ်မိလျှင် နှစ်သက်ခြင်းရသနှင့် အတူ နှလုံးသားထဲသို့ စီးဆင်း

http://mmteashop.com

သွားပါသည်။ ထိုနှစ်သက်ခြင်းရသသည် စိမ့်စမ်းရေပမာ စာဖတ်သူ၏ နှလုံးသားကို အေးမြသန့်စင်သွားစေပါသည်။ အတွေးအသိအသစ်များကို သိလိုက်ရပြီးလျှင် တစ်သက်တာအတွက် စွဲမြဲနိုင်မှာသွားစေပါသည်။ မည်သည့်အခါမျှ မေ့မရအောင် စွဲကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာတိုက်စိုး၏ "အမှောင်" ရသစာတမ်းသည် အတွေးထူးခြားပါသည်။ ဆရာကြီး၏ အတွေးသည် လက်မှာမှ ရရှိခြင်းမဟုတ်ပါ။ အင်္ဂလိပ်သို့ သွား၍ ရှာဖွေစူးစမ်းခြင်းဖြင့် ရရှိခြင်းမဟုတ်ပါ။ ဤလောကထဲ၌ ရှိနေပြီးလျှင် နေ့စဉ်နှင့်အမျှ လူသားတိုင်းကြုံတွေ့ရသော အတွေ့အကြုံမှ ပေါက်ပွားလာခြင်းဖြစ်ပါသည်။ လူသားတို့သည် အလင်းကိုလည်း နှစ်ခြိုက်၍ အမှောင်ကို ကြောက်ရွံ့ကြသည်။ မီးပျက်သောညကို မနှစ်သက်ကြ။ ထိုသဘောကို စွဲမြဲခံယူထားသောကြောင့် လူ့ဘဝတွင် အကောင်းဘက်ကို အလင်းဟု မြင်၍ အဆိုးဘက်ကို အမှောင်ဟု မြင်တတ်ကြပါသည်။ အလင်း၏ အကျိုးတရားကို ရှုမြင်၍ အမှောင်၏ ဆိုးကျိုးကို ကြောက်ရွံ့ကြသည်။ ဆရာတိုက်ဆိုးကမူ အမှောင်၏ တန်ဖိုးကို တွေးခေါ်ဆင်ခြင်ပြထားပါသည်။

လူသားတို့သည် ငယ်စဉ်ကလေးဘဝကပင် အမှောင်ကို ကြောက်ကြသည်။ ထိုသို့ကြောက်ပုံကို စာရေးသူက - "အမှောင်ထဲတွင် ရှိနေသည့် အခါမူကား မိမိတစ်ကိုယ်တည်းပါလား ဟူ၍ ထင်လာမိသည်။ ကြောက်အားပိုလာလေသည်။ ကြောင်အိုပေမေးကလာရောက် ကိုက်မိလိမ့်မည်လား၊ ညဥ့်ဦးက ဘကြီးပြောပြသည့် ဖြူဖြူနှင့် တစ္ဆေဘီလူးကလာ၍ ဆွဲလိမ့်မည်လား၊ မိုးတွေကတဖြုန်းဖြုန်း ရွာချနေခိုက် ဒေဝေါကောင်လာလိမ့်မည်လား၊ အပေါ်မျက်နှာကျက်ကလည်း မလုံ၊ အောက်ကမ်းကလည်း မလုံ၊ ညာဘက်ကလည်း မလုံ၊ ဘယ်ဘက်ကလည်း မလုံ၊ ရင်ဖိုမိနေတော့သည်။" ဟု ရေးဖွဲ့တင်ပြခဲ့သည်။

ကလေးဘဝကို လွန်မြောက်လာသောအခါ လူတောထဲသို့ တိုးဝင်ခဲ့ရသည်။ ထိုသို့တိုးရင်းဝင်ရင်း လူ့အရေး၌ နစ်သထက်နစ်ခဲ့ရသည်။ ထိုအခါတွင် အမှောင်ကို



http://mmteashop.com

မကြောက်ရွံ့တော့ဘဲ အမှောင်ကို တောင်းတသည်အထိ စိတ်ပြောင်းခဲ့သည်ဟု တင်ပြခဲ့သည်။

ထိုအတွေးကို တင်ပြရာတွင် စာရေးသူသည် နေ့စဉ်ဘဝအတွေ့အကြုံနှင့် ယှဉ်၍ တင်ပြ ထားသည်။ လုပ်ငန်းခွင်တွင် အခြားသူများနှင့် ညှိနှိုင်းရသည်။ အလှူမင်္ဂလာပ်သို့ သွားလျှင်လည်း လူများရုပ်ရုပ်သဲသဲရှိ၍ မွန်းကျပ်လှသည်။ အလုပ်သွားရာ၌လည်း အချိန် မမှီမည်စိုး၍ သုတ်သုတ်ပျာပျာနိုင်လှသည်။ ထိုသို့သောစိတ်ရှုပ်စရာများကြောင့် ငြီးစီစီ ဖြစ်လာသည်။

ထိုအခါတွင် တစ်ကိုယ်တည်းနေလိုစိတ် ဖြစ်လာသည်။ တစ်ကိုယ်တည်း နေရာ၌လည်း အလင်းရောင်သည် စိတ်ကိုပျံ့လွင့်စေသည်။ အမှောင်တွင် မည်သည့် အာရုံမျှ မဝင်နိုင်၊ အမှောင်ထု လွှမ်းခြုံလာသည်နှင့်အမျှ စိတ်သည် တည်ငြိမ်လာသည်။ ကြည်လင်လာသည်။ လူတောတိုးရသော အချိန်ထက် မိမိကိုယ်ကိုယ်မိမိ ပို၍ ထင်ထင်ရှားရှား သိမြင်လာသည်။

အမှောင်တွင်း၌ စိတ်ငြိမ်အောင်နေခြင်းဖြင့် မိမိကိုယ်ကို ဆင်ခြင်လာနိုင်သည့် သဘောကို စာရေးသူက - "ငါ့ဘဝသည် မျှမျှတတ ရှိရဲ့လား၊ ငါအရေးတကြီး ထင်ခဲ့သမျှသည် တကယ်ပင် အရေးကြီးရဲ့လား၊ ငါသည် ဤနေရာ၌ ဒေါသထွက်သင့် ပါသလား၊ ဤပြဿနာတို့သည် ရှင်း၍ရှင်း၍ လာသည်" ဟု ရေးသား တင်ပြခဲ့ပါသည်။

ထို့ပြင် အမှောင်သည် စိတ်ကို တည်ငြိမ်စေနိုင်စွမ်း ရှိသည်နှင့်အမျှ အဖြေမှန်ကို ဖော်ထုတ်စဉ်းစားနိုင်သည်။ ဉာဏ်စွမ်းအားလုံးကိုလည်း ဖြစ်ပေါ်လာနိုင်ပုံကို ငယ်စဉ်က စကားထာဖြစ်စေ ပုစ္ဆာဖြစ်စေ ဝှက်ရာတွင် ခဏတစ်ဖြုတ် မျက်စိမှိတ်စဉ်းစားမှ အဖြေရလာပုံနှင့် အကျိုးသင့်အကြောင်းသင့် တင်ပြခဲ့ပါသည်။ စာတမ်း၏ အဆုံးတွင် စာရေးသူက ဉာဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ဓာတ်ပေါ်တွင် အမှီသဟဲ ပြုရမြဲ ဖြစ်လေသည်ဟု သူ၏ အတွေးသစ်အမြင်သစ်ကို တင်ပြခဲ့ပါသည်။



http://mmteashop.com

တစ်ကြိမ်ဖတ်မိရုံနှင့် ပတ်ဝန်းကျင်လောကကို အနံ့အပြားမြင်ယောင်ကာ စာတမ်းရှင်၏ အတွေးသည် မှန်ပါပေသည်ဟု စာနာစိတ်ဖြင့်ယှဉ်၍ မေ့မရလောက်အောင် စွဲလမ်းခဲ့ရသော ရသစာတမ်းမှာ အောင်သင်း၏ "မထင်ရှားသောကျေးဇူး" ဖြစ်ပါသည်။ ထိုစာတမ်းတွင် ပမာရွတ် လှည်းတန်း ရှောက်ပင်ခြံ၌ မီးလောင်ရာတွင် သားသမီးများကို ဦးစားပေး၍ လွတ်အောင် ကြိုးစားရသောကြောင့် အဖိုးတန်ပစ္စည်းများ ဆုံးရှုံးရသော မိခင်တစ်ဦး၏ ဖြစ်ရပ်ဖြင့် အစပျိုးထားသည်။

မိခင်တစ်ဦးအနေဖြင့် မိမိပစ္စည်းများ ဆုံးရှုံးရခြင်း၏ တရားခံမှာ သားသမီးများ ဖြစ်သည်ဟု မည်သည့်အခါမျှ စွပ်စွဲမည် မဟုတ်ဟု ဆိုခဲ့သည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ ဤလောကတွင် တရားခံ မဖော်ထုတ်နိုင်သော မှုခင်းများရှိကြောင်းကို ဆက်နွယ်၍ တင်ပြသွားသည်။ တရားခံရှာမရ၍ နစ်နာမှုများရှိသကဲ့သို့ မထင်ရှားသော ကျေးဇူးရှင်များလည်း ရှိသည်။ ထိုမထင်ရှားသော ကျေးဇူးရှင်များ၏ နစ်နာမှုများကို ဖော်ထုတ်၍ ကြည့်ချင်သည်ဟု စည်းရုံးစွဲဆောင်တင်ပြသည်။

ထိုမှတစ်ဆင့် မောင်ညီမသားချင်းများ၍ မိခင်တွင် ကိုယ်ခွဲလက်ခွဲမရှိသောကြောင့် ကျောင်းနေခွင့်မရဘဲ မီးဖိုချောင် ကလေးထိန်းအဖြစ် ဘဝတုံးသွားရှာသော အစ်မကြီးများကို ကျွန်တော် အလွန်သနားမိပါသည်ဟု တင်ပြထားရာ စာဖတ်သူတိုင်း၏ ရင်ကို လှုပ်ရှားသွားနိုင်သည့် အတွေး ဖြစ်ပါသည်။ မောင်ညီမများမှာ ပညာရဲရင့် ပွဲလယ်တင့်သော်လည်း ထိုအစ်မကြီးများသည် လူကြားထဲတွင် စကားပင် မပြောနိုင်ပုံ၊ မောင်ညီမများ၏ အဟိန်းအဟောက်ကို ခံရပုံကို တင်ပြခဲ့သည်။

စာရေးသူက - "သူ၏ စွန့်လွှတ်ခြင်း အနစ်နာခံခြင်းတို့ကို မည်သူကမှ အသိအမှတ် မပြုပါ။ သူကိုယ်တိုင်ကလည်း ပညာမတတ်၍ မပြောတတ်ရှာပါ" ဟု တင်ပြခဲ့ပါသည်။ ထိုသို့သော အစ်မကြီးများသည် လောက၏အနံ့အပြားတွင် အမြောက်အများ ရှိပါသည်။ ရှိနေဆဲလည်း ဖြစ်ပါသည်။ သို့ရာတွင် အမှုမဲ့အမှတ်မဲ့ နေခဲ့ကြသည်။ ကာယကံရှင် ကိုယ်တိုင်ကလည်း ထိုသို့ဆင်ခြင်တွေးဆမိမည် မဟုတ်ပေ။



http://mmteashop.com

စာရေးသူကမူ ထိုသို့သော အစ်မကြီးများအပေါ် နက်နက်ရှိုင်းရှိုင်း ခံစားတွေးမြင်ပြထားသည်။ စာရေးသူ တွေးပြလိုက်သောအခါမှသာ အမှန်တရား လင်းပွင့်ပြီး လောကအနှံ့အပြားရှိ ထိုအစ်မကြီးများအပေါ်တွင် စွဲမြဲနိုင်မာသော စာနာစိတ်များ ဖြစ်ပေါ်လာရသည်။ သူတို့ကိုယ်စား တစိမ့်စိမ့် နာကျင်ခံစားလာရပါသည်။ ခံစားမှုဝေဒနာနှင့်ယှဉ်၍ စာနာသိကို ပေးနိုင်သည့် ရသစာတမ်းဖြစ်ပါသည်။

ခနေဖြူ မောင်ခင်မင်၏ "လူဆိုသည်မှာ" ဆိုသည့် ရသစာတမ်းကို ဆရာဖြစ်ကာစ ၁၉၆၆- ၆၇ ခုနှစ်ခန့်တွင် စတင်၍ ဖတ်ရှုခဲ့ဖူးပါသည်။ ထိုစဉ်ကစ၍ပင် ယနေ့တိုင် အနှစ် ၄၀ ကျော်ခဲ့သော်လည်း စာတမ်းရှင်၏ အတွေးအသိကို မေ့မရနိုင်။ "လူတို့၏ သဘောမှာ မည်သည့် နေရာတွင်မဆို ကိုယ်နှင့်အနီးဆုံး မည်သို့ပတ်သက်နိုင်သည်ကို အရင်ဆုံး ကြည့်လေ့ရှိသည်။ နည်းနည်းပတ်သက်လျှင် နည်းနည်းအလျောက်၊ များများ ပတ်သက်လျှင် များများအလျောက် ဖက်တွယ်စွဲလန်းချင်တတ်သည်။ ငါ၊ ငါ့အမေ၊ ငါ့အဖေ ဟူသော ပုဂလိက စွဲလန်းမှုမျိုးမှသည် ငါတို့လူသားတွေ ဟူသော ကျယ်ပြန့်သည့် စွဲလန်းမှုမျိုးအထိ ရောက်လာတတ်သည်။ မိမိတစ်ဦးတည်းရပ်တည်၍ မရသောကြောင့် ထိုစွဲလန်းမှုမျိုးကို အခြေခံကာ လူအများနှင့် ပေါင်းသင်းဆက်ဆံရသည်။ မိမိသည်လည်း ထိုအများထဲတွင် ပါဝင်နေသည့်အတွက် အများနှင့် ပူးပေါင်းဆောင်ရွက်ရင်းဖြင့် ကိုယ့်အကျိုးပါ ပြီးမြောက်လေသည်" ဟု တင်ပြသည်။

လူသားသည် မိမိနှင့်ပတ်သက်ဆုံး အနီးစပ်ဆုံးလူကို စွဲမက်ရာမှ တဖြည်းဖြည်း လူအများနှင့် ပေါင်းသင်းဆက်ဆံတတ်လာသည်။ ထိုသို့ ဆက်ဆံရာမှ သူ့အကျိုး ကိုယ့်အကျိုး ရလာသည်။ ထိုသဘောသည် လူ့သဘောဖြစ်သည်။ ထိုအတွေးကိုတင်ပြရာ၌ အတွေးဆန်းသစ်ရုံ သာမက အတွေးဆီသို့ ရောက်အောင် တစ်ဆင့်ပြီးဆစ်ဆင့် စည်းရုံး တင်ပြထားသော စိတ်ကူးကောင်းမွန်၍ အမှတ်တရ ထင်ကျန်ရစ်ခဲ့ခြင်း ဖြစ်ပါသည်။

"လူဆိုသည်မှာ" စာတမ်းအစတွင် မောင်ခင်မင် (ခနေဖြူ) က သူများလင် သူများသား ကျားကိုက်လို့သေသေ၊ ပျိုတို့မောင် ရွှေရောင်ရစ်မင်းဖြစ်ပါစေ ဟူသော



http://mmteashop.com

ကဗျာနှင့်စထားသည်။ "ပထမတွင် မိန်းကလေး၏ အတ္တကို အပြစ်တင်မိခဲ့သည်။ ထို့နောက် စာရေးသူ၏အဒေါ်နှင့် တစ်ဖက်အိမ်က မိန်းမကြီးတို့ ရန်ဖြစ်ကြသည်။ မည်သူ လွန်မှန်းမသိဘဲ တစ်ဖက်အိမ်က အဒေါ်ကြီးကို မုန်းမလိုဖြစ်သွားသည်။ တစ်ဖန် စာရေးသူ၏ အမေနှင့်အဒေါ်တို့ ရန်ဖြစ်ကြပြန်သည်။ ထိုအခါတွင်မူ အမေ့ဘက်ကနာပြီး အဒေါ်အပေါ် မကျေနပ်မှုဖြစ်မိသည်။ အမေသည် အဒေါ်ထက် သွေးရင်းသည်။ ပို၍နီးသည်။ ထို့ကြောင့် အမေ့ဘက်ကနာခြင်းဖြစ်သည်ဟု တွေးမိလာသည်။ မိမိတွင်လည်း ကိုယ်နှင့်နီးစပ်ရာဟူသော အစွဲမျိုး ရှိမှန်းသိလာသောအခါ ကဗျာထဲက မိန်းမပျိုကို အပြစ်တင် စောမိသည့်အတွက် ရှက်သလိုဖြစ်သည်ဟု" ဖော်ပြထားသည်။

နီးစပ်ရာတွင် တွယ်တာတတ်သော စိတ်ကို အခြေခံ၍ ငါ့အဖေ၊ အမေ၊ ငါ့အိမ်၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုးဟူသော ကိုယ်နှင့်နီးစပ်မှုနယ်ပယ်သည် တဖြည်းဖြည်း ကျယ်ပြန့်လာပုံ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ဖြစ်လာသည်အထိ အဆင့်ဆင့် စည်းရုံး တင်ပြထားသည်မှာ နှစ်သက်ဖွယ် ဖြစ်ပါသည်။

ထိုနည်းဖြင့် ရသစာတမ်းရှင်တို့၏ အတွေ့အကြုံကို အခြေခံသော အတွေးများသည် စာရေးသူတို့၏ စိတ်ကူးဖွဲ့စည်းပုံ၊ အတွေးဆန်းသစ်ပုံတို့ကြောင့် စာဖတ်သူတို့၏ စိတ်တွင် စွဲထင်ကျန်ရစ်ခြင်းဖြစ်ပါသည်။

http://mmteashop.com

## ၁၆။ ရသစာတမ်းရေးဟန်နှင့် စကားပြေဖွဲ့စည်းပုံ

မည်သည့်စာပေအမျိုးအစားတွင်မဆို စာရေးသူတွင် ဘဝအတွေ့အကြုံ၊ အကြားအမြင်မှ ပေါက်ပွားလာသည့် စေတနာရည်ရွယ်ချက်ရှိမြဲ ဖြစ်သည်။ ထိုစေတနာ ရည်ရွယ်ချက်ကို စာဖတ်သူထံသို့ ဖြန့်ဝေရန် စာရေးနည်းအတတ်ပညာကို သုံးရသည်။ စာပေအဖွဲ့ပုံစံကို ရွေးချယ်ရသည်။

ရသစာတမ်း (ဝါ) အက်ဆေးအဖွဲ့ပုံစံတွင် စာရေးသူ၏ အတွေးအမြင်ကို စာဖတ်သူ နှစ်သက်လက်ခံလာအောင် အားထုတ်ရသည့်သဘော ပါဝင်သည်။ စာရေးသူသည် အတွေ့အကြုံ၊ အကြားအမြင်လည်း ရှိခဲ့သည်။ ရည်ရွယ်ချက်လဲရှိခဲ့ပြီ။ အတွေ့အကြုံ၊ အကြားအမြင်များကို စိတ်ကူးများအဖြစ် စုစည်းချိတ်ဆက်ယူရမည်။ စိတ်ကူးများသည် အစ၊ အလယ်၊ အဆုံး အဆင်ပြေညီညွတ်၍ စည်းစည်းရုံးရုံး ရှိနေမှသာ ရသစာတမ်း၏ အဆုံးတွင် စာရေးသူ၏ ရည်ရွယ်ချက်ကို စာဖတ်သူတို့ နားလည် လက်ခံနိုင်မည်၊ နှစ်သက်ခံစားနိုင်မည် ဖြစ်ပါသည်။

အတွေးစုစည်းမှုများကို စကားပြေဖြင့် ရေးသားတင်ပြရာတွင် စကားပြေ ဖွဲ့စည်းပုံသည် အစ၊ အလယ်၊ အဆုံး အဆင်ပြေညီညွတ်မှု၊ စည်းရုံးမှုရှိရန် လိုအပ်ပြန် ပါသည်။ ရသစာတမ်းရေးသူတို့သည် အတွေးစည်းရုံးချိတ်ဆက်မှု အတတ်ပညာ၌ ကျွမ်းကျင် သကဲ့သို့ စကားပြေဖွဲ့စည်းမှု အတတ်ပညာ၌လည်း ကျွမ်းကျင်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့်ပင် မည်သည့်ရသစာတမ်းတွင်မဆို နှစ်သက်စရာအတွေးနှင့် ခံစားမှုများကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

တက္ကသိုလ်ဝင်းမွန်၏ ဗမာစွန် ရသစာတမ်း၏ ရည်ရွယ်ချက်မှာ လောက၌ မေတ္တာတရားဖြင့် ရိုးသားအေးဆေးစွာ နေထိုင်သူတို့ကို မာနကြီးတတ်သူတို့က အနိုင်ကျင့် လိုသော လူ့သဘာဝအမူအရာကို တင်ပြလိုခြင်းဖြစ်ပါသည်။



http://mmteashop.com

မေတ္တာ ထားတတ်သူသည် မာနထားတတ်သူတို့ကြောင့် အေးအေးဆေးဆေး နေခွင့်မရ။ အနိုင်ကျင့်မှုကို ခံနေရတတ်သည်။ လောကဓလေ့အပေါ် မသက်မသာ ခံစားခဲ့ရသည်။ ခံစားမှုအတွေ့အကြုံမှ ပေါက်ပွားလာသည့် စေတနာ ရည်ရွယ်ချက် ဖြစ်ပါသည်။

အဆိုပါ ရည်ရွယ်ချက်သို့ ရောက်အောင် ပို့ဆောင်ရာ၌ ရသစာတမ်း၏ နိဒါန်းတွင် - "ဆောင်းဦး ညနေခင်းဖြစ်သည်။ နေခြည်သည် တဖြည်းဖြည်းဖျော့ မှိန်လျက်ရှိသည်။ ဟိုတစ်စု၊ သည်တစ်စု လွင့်မြောနေသော တိမ်မျှင်ဖွေးဖွေးတို့သည် ပြာလဲ့ကြည်လင်သော ကောင်းကင်ကို အသရေတိုးအောင် အလှခြယ်လျက်ရှိသည်။ လေပြေအေးအေးသည် ဖြည်းဖြည်းသာသာ မြူးရွှင်လျက်ရှိသည်။" ဟု နောက်ခံဝန်းကျင် သရုပ်ဖော်အဖွဲ့နှင့် စထားပါသည်။

နောက်ခံအဖွဲ့ကြောင့် အချို့စာဖတ်သူတို့အဖို့ မည်သည့်အကြောင်းကို ရေးမည်ကို မှန်းဆမရနိုင်ဖြစ်ကာ သိလိုစိတ် ထက်သန်လာစေပါသည်။ အချို့စာဖတ်သူတို့ကမူ သာယာလှပ ငြိမ်းချမ်းသော သဘာဝနောက်ခံအလှ နိမိတ်ပုံကြောင့် ငြိမ်းချမ်းသော သဘောကို ဆောင်လိမ့်မည်ဟုလည်း မှန်းဆကာ စာရေးသူနှင့် စာဖတ်သူတို့ အတွေးချင်း အားပြိုင်စိတ် ဖြစ်ပေါ်စေသော နိဒါန်းအဖွဲ့ဖြစ်ပါသည်။

ထိုနောက်ခံနှင့် တစ်ဆက်တည်းပင် စာရေးသူသည် အိမ်ရှေ့ဝရန်တာတွင် ဖတ်နေရာမှ မျက်ကြောကိုက်၊ ဇက်ကြောတင်းလာ၍ အဝေးကို လှမ်းမျှော်ကြည့်မိပုံကို ဖော်ပြလိုက်ပါသည်။

ထိုမှတစ်ဆင့် စာရေးသူ၏ နိမိတ်ပုံဇာတ်ဆောင် ဗမာစွန်နှင့် နိဒါန်းတွင် စတင်မိတ်ဆက်ပေးပုံ - "ဟိုအဝေးကောင်းကင်မြင့်တွင် လေဟုန်စီးနေသော ဗမာစွန် တစ်ကောင်ကို မြင်ရသည်။ စွန်မှာလှလည်းလှသည်။ ခံ့လည်းခံ့သည်။ သူ၏



http://mmteashop.com

ကိုယ်ပိုင်ဟန်ဖြစ်သော အေးချမ်းတည်ငြိမ်ချင်းကိုလည်း ဆောင်လျက်ရှိသည်” ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။

နောက်ခံမိုးကောင်းကင် သဘာဝအလှဖွဲ့ကြောင့် သိလိုစိတ်ထက်သန်စပြုနေသော စာဖတ်သူအား စာရေးသူက ဗမာစွန်ဆိုသည့် နိမိတ်ပုံကိုပြ၍ သူ့အတွေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာစေရန် နိဒါန်းပျိုးစည်းရုံးလိုက်ခြင်း ဖြစ်ပါသည်။

အလယ်ပိုင်းဖြစ်သည့် စာကိုယ်ပိုင်းတွင်မူ စာရေးသူ၏ ငယ်ဘဝ အတွေ့အကြုံ ခံစားမှုများကို တင်ပြထားသည်။ ဗမာစွန်နှင့် ငယ်စဉ်ကပင် ရင်းနှီးခဲ့သည်။ အစ်ကိုများ မှန်စာတိုက်ထားသည့် ကုလားစွန်ကို မနိုင်မနင်း ခိုးလွှတ်၍ ခေါင်းခေါက်ခံခဲ့ရသည်။ အဘအိုသည် စာရေးသူအတွက် ဗမာစွန်တစ်စွန် လုပ်ပေးရာ အတိုင်းမသိ ဝမ်းမြောက်ခဲ့ရသည်။

အဘအို၏ မေတ္တာကို ထိခိုက်ခံစားခဲ့ရသည်။ ဗမာစွန်နှင့်ပျော်ရွှင်ခဲ့သည်။ ဗမာစွန်လွှတ်ရသည်မှာ လွယ်ကူသည်။ ဗမာစွန်နှင့် ကုလားစွန်မတူပုံကို သိလာသည်။ ကုလားစွန်များသည် တစ်ကောင်နှင့်တစ်ကောင် လိုက်ဖြတ်လေ့ရှိသည်။

ဗမာစွန်သည် အလှပြစွန်သာဖြစ်သည်။ အနိုင်ကျင့် ပြိုင်ဆိုင်လိုစိတ်ကင်းသည်။ တစ်နေ့တွင် ကုလားစွန်၏ ဖြတ်တောက်မှုကြောင့် စာရေးသူမြတ်နိုးလှသော ဗမာစွန်သည် ပျက်စီးသွားရသည်။ အလွန်ထိခိုက်ကြေကွဲခဲ့ရသည်။ ထိုမှတစ်ဆင့် ဗမာစွန်သည် မေတ္တာနှင့် ငြိမ်းချမ်းစွာနေတတ်သူတို့၏ ကိုယ်စားပြု နိမိတ်ပုံဟု မြင်လာသည်။

ကုလားစွန်သည် အစွမ်းပြ၊ အနိုင်ကျင့်တတ်သော မာနစွန်ဟု မြင်လာသည်။ စွန်နှစ်မျိုးမှတစ်ဆင့် လောကရှိ လူနှစ်မျိုး၏အကြောင်းကို ဆင်ခြင်မိလာပုံအထိ အတွေး စိတ်ကူးများကို တစ်ဆင့်ပြီး၏တစ်ဆင့် စည်းရုံးတင်ပြထားသည်။ အတွေးစိတ်ကူး စည်းရုံးမှု ရှိသည့်အတွက် စာရေးသူ တင်ပြလိုသောအချက်သည် စာဖတ်သူ၏ အသိဉာဏ်၌ တဖြည်းဖြည်း လင်းလက်လာရသည်။



http://mmteashop.com

ရသစာတမ်း ဖန်တီးရှင်တို့သည် အတွေးကို စည်းရုံးမှု၊ ညီညွတ်မှု အကျိုးသင့် အကြောင်းသင့်ဖြစ်မှု စသည့် အရည်အသွေးများ ပြည့်စုံအောင် စုစည်းဖန်တီးရုံနှင့် ပြီးပြည့်စုံနိုင်သည် မဟုတ်ပါ။ ထိုအတွေးများကို စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ယောင် မြင်ယောင်ဖြစ်လာအောင် အရေးအဖွဲ့ဖြင့် အားထုတ်ရပြန်ပါသည်။

စာရေးသူ ခံစားရသလို စာဖတ်သူခံစားရအောင် ရေးဟန်ဖြင့် ဖန်တီးရပြန်ပါသည်။ စာဖတ်သူ၏ အကြား၊ အမြင်၊ စိတ်အာရုံများသို့ ကူးစက်ရောက်ရှိသွားအောင် သရုပ်ဖော် အဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကြောင်းကျိုးပြအဖွဲ့၊ နှိုင်းယှဉ်အဖွဲ့များကို နေရာတကျသုံး၍ ရေးဖွဲ့ရပြန်ပါသည်။

တက္ကသိုလ်ဝင်းမွန်သည် မမျှော်လင့်ဘဲ ဗမာစွန်ကို မြင်လိုက်ရသောအခါ ငယ်ဘဝ ငယ်ခံစားမှုတို့ ရုတ်တရက် တိုးဝင်လာရပုံကို - "ကျွန်တော်၌ အံ့သြခြင်းလည်း ဖြစ်ရသည်။ ဝမ်းမြောက်ခြင်းလည်း ဖြစ်ရသည်။ အောက်မေ့တသခြင်းလည်း ဖြစ်ရသည်။ ကျွန်တော်သည် ဗမာစွန်ကို မြတ်မြတ်နိုးနိုး ချစ်ချစ်ကြင်ကြင် ငေး၍စိုက်ကြည့်နေမိသည်။ ထိုခဏ၌ ကျွန်တော်၏ စိတ်အစဉ်သည် ဗမာစွန်နှင့် စတင်အကြောင်းစုံသည့်ကာလသို့ တရိပ်ရိပ်ပြေးလေပြီ။

ဗမာစွန်နှင့် ကျွန်တော်သည် ငယ်ပေါင်း၊ သည်ငယ်ပေါင်းနှင့် ကျွန်တော် ဆောင်းဦးတွင်ပင် အကြောင်းဆုံခဲ့ရသည်။ ဆောင်းဦးတွင်ပင် ကွေကွင်းခဲ့ရသည်ကို ကျွန်တော် အမှတ်ရလျက်ရှိသည်ဟု ခံစားမှုပေါ်အောင် ရေးဖွဲ့ခဲ့သည်။ ရန်ကုန်မြို့ ကဲ့သို့သော နေရာမျိုးတွင် တွေ့ရလိမ့်မည်ဟု မထင်ခဲ့သော ဗမာစွန်ကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ ဖြစ်ပေါ်လာသည့် ခံစားမှုအမျိုးမျိုးကို သရုပ်ဖော်နိုင်သည်။ "မြတ်မြတ်နိုးနိုး၊ ချစ်ချစ်ကြင်ကြင်"ဟူသော အနက်ချင်း ဆက်စပ်မှုရှိသော ဝိစ္ဆာစကားလုံး များက ဗမာစွန်အပေါ် ချစ်ခင်တွယ်တာခဲ့သည့် ခံစားမှုကို ပို၍ ပေါ်စေသည်။



http://mmteashop.com

ဗမာစွန်ကိုစတင်၍ လွှတ်ခွင့်ရခဲ့သည်ကိုပင် ရိုးရိုးမရေးဘဲ "ဆောင်းဦးတွင်ပင် အကြောင်းဆုံခဲ့ရသည်" ဟု အကြောင်းဆုံဆိုသည့်စကားလုံးကို နေရာတကျ သုံးနှုန်းနိုင်ခဲ့သည်။ ထိုစကားသုံး၏ အင်အားကြောင့် ငယ်ဘဝတွင် ဗမာစွန်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားခဲ့ရသော ခံစားမှုသည် လေးနက်လာပါသည်။ သိမ့်မွေ့လာပါသည်။

"အကြောင်းစုံသည်" ဟူသော စကားသည် ချစ်သူချင်း (ဝါ) ယောကျ်ားနှင့် မိန်းမတို့ ဖူးစာအဖြစ် ဘဝချင်းဆုံစည်းမှုကို ဖော်ပြရာ၌ သုံးသောအသုံးဖြစ်သောကြောင့် ဖြစ်ပါသည်။ ဗမာစွန်ပျက်စီးသွား၍ မကစားရတော့သည့်အဖြစ်ကိုပင် "ကွေကွင်း ခဲ့ရသည်" ဟု သုံးလိုက်ခြင်းဖြင့် ငယ်ဘဝ၏ တွယ်တာစိတ်သည် ပို၍ လေးနက် လာပါသည်။ ဆွေးဆွေးမြည့်မြည့် ဖြစ်လာစေပါသည်။ တွယ်တာမှု၏ သဘောကို လေးနက်စေသည့် စကားလုံးများကို နေရာတကျ သုံးနိုင်စွမ်း ရှိပါပေသည်။

ငယ်စဉ်ကလေးဘဝတွင် လူကြီး လူရွယ် လူငယ်တို့ သူ့ထက်ငါ စွန်လွှတ် နေသည်ကို မြင်လျှင် စွန်လွှတ်လိုစိတ် တဖွားဖွား ဖြစ်ပေါ်နေသည့် ခံစားမှုကိုလည်း - "သည်လို ဆောင်းဦးကာလ လူကြီး၊ လူရွယ်၊ လူငယ် တို့ သူ့ထက်ငါ စွန်လွှတ် နေကြသည့်အခါများတွင် ကျွန်တော်သည် ဝွဲလိုမ့်ရာ၊ ကျောက်ဒိုးရိုက်ရာ၊ ဂျင်ပေါက်ရာမှ နေ၍ ကောင်းကင်တွင် တလွှားလွှား မြူးတူးနေသော စွန်များကို မျက်လုံးလေး ကလယ်လယ်ဖြင့် တမေ့တမောကြည့်ရင်း၊ စွန်လွှတ်လိုသော ချင်ခြင်းများ တဖွားဖွား ထပေါ်လာမိခဲ့သည်။" ဟု ရေးဖွဲ့တင်ပြခဲ့သည်။

ရုပ်အမှုအရာကို အနုစိတ် သရုပ်ဖော်ခြယ်မှုန်းပြခြင်းဖြင့် စိတ်အမှုအရာသည် အလိုလိုပေါ်လွင်လာကာ စာနာစိတ် ဖြစ်လာစေသည်။

အစ်ကိုများ၏ စွန်များကို အလစ်တွင် ခိုး၍ လွှတ်ရာ နိုင်နိုင်နင်းနင်း မရှိဖြစ်ရပုံကို - "သူတို့စွန်များသည် အလွန်အထိန်းရ အသိမ်းရ ခက်သောကုလားစွန်။ သူတို့ရစ်လုံးကလည်း ရောမ။ ကျွန်တော့်အရွယ်ကလည်း ငယ်ငယ်။ စွန်လွှတ်ရာ၌လည်း နိုင်နိုင်



http://mmteashop.com

နင်းနင်း မရှိသေး။ ကျွန်တော်ခိုးလွှတ်တိုင်း စွန်မှာ ချောချောမောမော ကောင်းကင်တွင် မစံပယ်။ မြေမှာစံပယ်သည်။ ကုက္ကိုပင်များ၊ မန်ကျည်းကိုင်းကြား၊ ခေါင်မိုးစွန်း၊ တံစက်မြိတ်များတွင်သာ စံပယ်သည်။" ဟု ရေးဖွဲ့တင်ပြထားသည်။

"သူတို့စွန်များသည် အလွန် အထိန်းရအသိမ်းရခက်သော ကုလားစွန်၊ သူတို့ရစ်လုံးက ဧရာမ။ ကျွန်တော့်အရွယ်ကလည်း ငယ်ငယ်ဟူသော ဝါကျအဖွဲ့များတွင် နရီသဘောပါဝင်၍ ငယ်ဘဝအခြေအနေသရုပ်ပေါ်စေရန် နရီစည်းဝါးသဘောဖြင့်လည်း ပံ့ပိုးထားသည်ဟု ဆိုနိုင်ပါသည်။

စွန်များသည် ကောင်းကင်၌ မဝဲပျံသည်ကို "မစံပယ်" မြေ၌သာ ပြန်ကျသည်ကို "စံပယ်" သည်ဟု ခမ်းကြီးနားကြီးစကားလုံးကို သုံးလိုက်ခြင်းဖြင့် စွန်နှင့်အရွယ်မမျှ၍ ရစ်လုံးကို မနိုင်မနင်း ဖြစ်နေသော ကလေးငယ်၏ အမူအရာသည် ရယ်စရာမောစရာ ဖြစ်လာပါသည်။

အကိုများ၏ စွန်ကို ယူလွှတ်၍ ခေါင်းခေါက်ခြင်း၊ ဆူပူခြင်းခံရသော စာရေးသူကို အဘအိုက ဗမာစွန်တစ်ကောင် လုပ်ပေးခဲ့သည်။ ဗမာစွန်၏ သွင်ပြင်ပုံပန်းကို - "ကိုယ်ထည်မှာ အပြာရောင်ရင့်ရင့်၊ တောင်ပံတစ်ဖက်တစ်ချက်တွင် ကြယ်ဖြူတစ်ပွင့်စီ ရှိသည်။ အမြီးနှစ်ခွတွင် အဖြူစင်း တစ်တန်းစီ ရှိသည်။ အတောင်နှစ်ဖက်၊ အမြီးနှစ်ခွတို့တွင် ပန်းဖွားနီနီများ ဝေနေသည်။ ကျွန်တော့်မျက်စိတွင် ဗမာစွန်ကြီးသည် လှပခံ့ညား၍ အတုမဲ့သော အသရေတို့ကို ဆောင်နေသည်။ ထိုဗမာစွန်ကြီးကို ကျွန်တော့်အတွက် သူကိုယ်တိုင် ချိုးသည်၏ဟု ဆိုသည်။ ထို့ပြင် ကျောက်ဆူးတံဆိပ် ဆန်ချည်ကြိုးများ အပြည့်ရစ်ထားသော ရစ်လုံးအလတ်စားကိုလည်း အဘအို ထုတ်ပေးသည်" ဟု အနုစိတ်သရုပ်ဖော်ထားသည် အသွင်အပြင်ပြစကားလုံးများ အရောင်အသွေးပြ စကားလုံးများဖြင့် စာဖတ်သူ၏ စိတ်အာရုံတွင် ထင်မြင်လာအောင် သရုပ်ဖော်ခြယ်မှုန်းထားသည်။



http://mmteashop.com

"လှပ ခံ့ညားး၍ အတုမဲ့သောအာသရေ" ဆိုသည့် အသုံးက ဗမာစွန်ကို မြင်လိုက်ချိန်တွင် ဖြစ်ပေါ်လာသည့် စာရေးသူ၏ စိတ်ခံစားမှုနှင့် စိတ်အမြင်ကို ဖော်ပြနိုင်သည်။

ဗမာစွန်ကိုရ၍ အလွန်အမင်း ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့် အတူ အဘအို၏ မေတ္တာကို တုံ့ပြန်ခံစားလိုက်သည့် စာရေးသူ၏ အမူအရာကို - "ခဏကြာမှ အဘအိုကို ပြေး၍ သိမ်းကျုံးဖက်သည်။ အရိုးပြိုင်းပြိုင်းထ၍ ပြားချပ်နေသော ရင်ခွင်တွင်းကို ခေါင်းဖြင့် တိုးခွေ့သည်။ လည်ပင်းကို ခုန်ဖက်၍ အရေတွန့်လိမ်နေသော ပါးပြင်ကို တရှုံ့ရှုံ့နမ်းသည်။ ကျွန်တော့်ရင်များမှာ ပီတိအဟုန်ဖြင့် သိမ့်သိမ့်တုန်နေသည်။ ကျွန်တော်ဝမ်းသာအားရ ဖြစ်သကဲ့သို့ အဘအိုလည်း ဝမ်းသာအားရဖြစ်ကြောင်းကို ရီဝေနေသော မျက်လုံး၊ ပြုံးယောင်သန်းသော နှုတ်ခမ်းတို့မှ တစ်ဆင့် ကျွန်တော်သိသည်။ ထိုခဏ၌ အဘအို၏ အလိုလိုက်၊ အကာအကွယ်ပေးတတ်ပုံကိုလည်းကောင်း၊ ကြီးမားသော မေတ္တာစေတနာကို လည်းကောင်း တွေးတောနေမည်ဟု ကျွန်တော်ထင်သည်" ဟု သရုပ်ဖော်ရေးဖွဲ့ တင်ပြခဲ့ပါသည်။

"သိမ်းကြုံးဖက်သည်" "ခေါင်းဖြင့်တိုးခွေ့သည်" "လည်ပင်းကို ခုန်ဖက်၍" "တရှုံ့ရှုံ့နမ်းသည်" ဆိုသော အမူအရာပြ စကားလုံးများသည် လိုတရသွားသော ကလေးငယ် တို့၏ သဘာဝကို အပြည့်အဝ ဖော်ကျူးနိုင်သည်။ အမူအရာပြစကားလုံးများ ပါဝင်သည့် လှုပ်ရှားမှုပြ သရုပ်ဖော်အဖွဲ့ကောင်းများက အဘိုးအိုတစ်ဦး၏ မေတ္တာဓာတ်နှင့် ထိတွေ့ ခံစားလိုက်ရသည့် ကလေးငယ်တစ်ဦး၏ ခံစားမှုကို ပေါ်လွင်ပီပြင်စေသည်။

အမူအရာပြအဖွဲ့များက မေတ္တာစိတ်ဖြင့် စိမ့်ဝင်မြူးကြွအားရကျေနပ်နေသော ကလေးငယ်၏ စိတ်ခံစားမှုကို ဖော်ပြနိုင်ခဲ့သည်။ အရိုးပြိုင်းပြိုင်းထ၍ ပြားချပ်နေသော ရင်ခွင်၊ အရေတွန့်လိမ်နေသော ပါးပြင်တို့တွင် မေတ္တာဓာတ်များဖြင့် ပြည့်ဖြိုး ရွှန်းစိုနေသည်ဟု စာရေးသူခံစားရပုံကို ပေါ်လွင်အောင် ရေးပြထားသည်။



http://mmteashop.com

စိတ်ခံစားမှုကို ဖွင့်ဆိုရှင်းပြအဖွဲ့ဖြင့်လည်း တင်ပြခဲ့သည်။ ဖွင့်ဆိုရှင်းပြနှင့် ကြောင်းကျိုးပြ အဖွဲ့များသည် စိတ်သရုပ်ဖော် အဖွဲ့များဖြစ်သည်။ စာရေးသူက - "ကျွန်တော်၏ ပြင်းပြထက်သန်လှသော စွန့်လွှတ်လိုသော ချင်ခြင်းစွဲကပ်ခဲ့သည်မှာကြာပြီ။ ထိုချင်ခြင်းသည် အဘအို၏ မေတ္တာစေတနာကြောင့် ယခုပြေခဲ့ပြီ။ အဘအိုကို လည်းကောင်း၊ အဘအို၏ မေတ္တာသင်္ကေတဖြစ်သော ဗမာစွန်ကိုလည်းကောင်း ကျွန်တော် မေ့နိုင်မည်မထင်" ဟု ရှင်းလင်းတင်ပြခဲ့သည်။

စာဖတ်သူအနေနှင့် စာရေးသူနှင့် အဘအိုတို့၏ အမူအရာများမှတစ်ဆင့် ဗမာစွန်ကို စွဲခဲ့၊ ချစ်ခဲ့ရသော စာရေးသူ၏ ငယ်ဘဝခံစားမှုကို တဖြည်းဖြည်း နားလည်လာသည်နှင့်အမျှ ရှေ့ဆက်မည့် အဖြစ်အပျက်များအပေါ် သိလိုစိတ်ထက်သန်လာစေရန် ဇာတ်လမ်းအဖွဲ့ဆန်ဆန် ရသမြောက်အောင် စည်းရုံးတင်ပြနိုင်ခဲ့ပါသည်။

ဗမာစွန်နှင့် ခွဲခွာခဲ့ရပုံကို တင်ပြရာ၌လည်း ဇာလမ်းအဖွဲ့ဆန်သည်။ ဗမာစွန်ကို အေးအေးဆေးဆေး လွှတ်နေရင်း မြက်ခင်းပေါ်၌ အိပ်ပျော်သွားသည်။ ဗမာစွန်သည် ကုလားစွန်၏ တိုက်ခိုက်မှုကြောင့် အဝေးသို့ လွင့်ပါးသွားခဲ့ရသည်။ စာရေးသူ မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည်။

ထိုအဖြစ်အပျက်ကို ဝတ္ထုပမာ နောက်ခံဝန်းကျင်အဖွဲ့ကို အနုစိတ်ခြယ်မှုန်းလျက် စာရေးသူ၏ ခံစားမှု၊ အတွေးအမြင်နှင့် ဆက်စပ်သရုပ်ဖော်ရေးဖွဲ့ဟန်ကို -"ခုံခုံတည်တည် တငြိမ့်ငြိမ့် လေဟုန်စီးနေသော ဗမာစွန်ကြီးမှာ စိတ်နှလုံးကို ချမ်းမြေ့စေသည်။ အတိုင်းအဆမရှိ၊ ပြန့်ကျယ်လှသော ကောင်းကင်ပြာပြာကြီးမှာ စိတ်နှလုံးကျယ်ပြန့်မှု၊ အတွေးလွတ်လပ်မှုကို အားပေးလျက်ရှိသည်။ လယ်ကွင်းပြင်ကြီးကိုဖြတ်သန်း၍ တဟူးဟူး တိုက်ခတ်လာသော လေပြေသည် မြေသင်းနံ့၊ စပါးနံ့ကိုလည်း ဆောင်လာသည်။ ကျေးသံငှက်သံ၊ စေတီငယ်မှ တချွင်ချွင်မြည်သော ဆည်းလည်းသံကိုလည်း သယ်လာသည်။ သန့်စင်လတ်ဆတ်သော လေကို ရှူရှိုက်ရသည်မှာ လူကို အားပြည့် ရွှင်လန်းစေသည်။ သည်အချိန်၊ သည်အခါ၌ ကျွန်တော့်တွင် မောဟလည်း မရှိပြီ။



http://mmteashop.com

မနာလိုခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်း၊ ကောက်ကျစ်ခြင်း စသော စိတ်မိုက် စိတ်ရိုင်းများလည်း မရှိပြီ။ စိတ်နှလုံးလည်း မကျဉ်းမြောင်းပြီ။ စိတ်နှလုံးအေးချမ်း လျက်ရှိသည်။ ကျေနပ်နှစ်သိမ့်ခြင်း ပီတိအဟုန်တွင် တသိမ့်သိမ့် မျောပါလျက်ရှိသည်” ဟု ရေးဖွဲ့ထားသည်။

နောက်ခံဝန်းကျင်၏ ကျယ်ပြန့်မှု၊ ငြိမ်းချမ်းမှုမှ တစ်ဆင့် လူ့စိတ်နှလုံးသည်လည်း ကျယ်ပြန့် လွတ်လပ်ငြိမ်းချမ်းလာပုံဆီသို့ ရောက်အောင် အတွေးများကို အစီအစဉ်တကျ ချိတ်ဆက်ယူထားသည်။ အတွေးအချိတ်အဆက် မိသကဲ့သို့ အရေးအဖွဲ့ကလည်း အချိတ်အဆက်မိသည့် စာပိုဒ်ဖွဲ့ဟန်ကို တွေ့ရပါသည်။ နောက်ခံသရုပ်ဖော်အဖွဲ့များက စာဖတ်သူတို့အား အမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ ငြိမ်းအေးသော ခံစားမှုအာရုံများ ထင်ဟပ်လာစေပါသည်။

စာရေးသူ စွန်လွှတ်ရင်း အိပ်ပျော်သွားခိုက်တွင် ကုလားစွန်၏ အဖြတ်ခံရပြီး ဗမာစွန် ဝေးလွင့်သွားသည့်အခန်း၌လည်း - “ကျွန်တော် တွယ်တာသော ဗမာစွန်၊ ကျွန်တော် မြတ်နိုးသော ဗမာစွန်၊ ကျွန်တော်ချစ်ကြင်သော ဗမာစွန်၊ အဘအို၏ မေတ္တာသင်္ကေတဖြစ်သော ဗမာစွန်သည် ဗမာစွန်ကြီးကား မရှိတော့ပြီ။” ဟု ရေးဖွဲ့ထားသည်။

ပုံစံတူ နာမဝိသေသနပုဒ်များ ပါဝင်ပြီးလျှင် နာမဝိသေသနပုဒ်များကို အနည်းငယ်ပြောင်းကာ ဗမာစွန်ဆိုသည့် နာမ်ပုဒ်ကို မပြောင်းဘဲ ပုံစံတူ ဟန်ချက်ညီ ဝါကျရှည် အဖြစ် တည်ဆောက်ထားသည်။ ဗမာစွန်ဆိုသည့် နာမ်ပုဒ်၊ ကျွန်တော်ဆိုသည့် ကတ္တားပုဒ်တို့ကို ထပ်တလဲလဲ ရေးပြခြင်းဖြင့် ဗမာစွန်အပေါ် ငယ်စိတ်နှင့် ချစ်ခင်စွဲလန်းခဲ့ရသော ခံစားမှုသည် လေးနက်လာပါသည်။ စိတ်ကူးအဆောက်အအုံကို စုစည်း၍ အရေးအဖွဲ့ဖြင့် ခိုင်မာအောင် သံမှိုထုနက်ထားသည်ဟု ဆိုချင်ပါသည်။

ဗမာစွန်ကြီး ပျောက်ကွယ်သွားပုံကို “ကျွန်တော့်အချစ်တော်၊ ကျွန်တော့် ငယ်ပေါင်းကား ပြာလဲ့သော ကောင်းကင်တွင် တဖြည်းဖြည်းသေး၍ မှုန်၍မှုန်၍ ဝါး၍ဝါး၍

သွားရှာပေပြီတကား" ဟု ရေးဖွဲ့ခဲ့သည်။ "ကျွန်တော့်ငယ်ပေါင်း" ဟူသော စကားသုံးက ဗမာစွန်အပေါ် တွယ်တာမှုကို အလေးအနက်ဖော်ပြနိုင်သည်။

"သေး၍သေး၍၊ မှုန်၍မှုန်၍၊ ဝါး၍ဝါး၍" ဟူသော အရေးအဖွဲ့တွင် နစ်ကြိမ်မိမိ ထပ်ဆင့်ဖွဲ့ဆိုခြင်းဖြင့် စာရေးသူ၏ ဆို့နင့်ကြေကွဲမှုကို ပို၍ ပေါ်လွင်စေသည်။ အသုံးပြ စကားလုံး "၍" ကို ဆက်တိုက်သုံးခြင်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အနေအထား ပြောင်းလဲသွားမှု၊ ဝေးကွာသွားမှုတို့သည် ထင်ရှားလာသည်။ အလျင်အမြန်ဖြစ်ပျက် ပြောင်းလဲသွားသည့် ရွေ့လျားမှုသဘော ပို၍ ပေါ်လွင်လာသည်။

"သွားရှာပေပြီတစ်ကား" ဆိုသည့် ကြိယာထောက်က ဗမာစွန်အပေါ် စာရေးသူ၏ ကရုဏာကို ဖော်ပြနိုင်သည်။ ဆို့နင့်ကြေကွဲသည့် လေသံပါသည်။

ဗမာစွန်နှင့် ဆုံစည်းမှု၊ ကွေကွင်းမှုများကို ဖော်ပြပြီးနောက် သရုပ်ဖော် အရေးအဖွဲ့ထက် ဖွင့်ဆိုရှင်းပြနှင့် ကြောင်းကျိုးပြ အရေးအဖွဲ့တို့ကိုသုံးကာ စာရေးသူ၏ စိတ်အတွေးကို သရုပ်ဖော်သည်။ ထိုအပိုင်းတွင် စာဖတ်သူ လက်ခံလာအောင် ရှင်းပြရာ၌ နှိုင်းယှဉ်အဖွဲ့များနှင့် တင်ပြထားဟန်ကို - "ဗမာစွန်သည် အလှအပ အကြော့အယဉ် အပျော်အရွှင် သက်သက် လွှတ်ကြသော စွန်သာ ဖြစ်ပါသည်။ ဖြတ်စွန်မဟုတ် ရှာပါ။ တစ်ပါးစွန်ကို ဖြတ်ရန်မရည်သန်ပါ။ မှန်စာကိုလည်း မြနေအောင် တိုက်မထားတတ်ပါ။ ခေါင်းငုံ့လည်စင်း၍ ခံရမည့် သူသာဖြစ်ပါသည်" ဟု ဖွဲ့ပြသည်။

ထိုဗမာစွန်နှင့် ဆန့်ကျင်ဘက် ကုလားစွန်၏ သဘာဝကိုလည်း - "ကုလားစွန်ကား ဖြတ်စွန်ဖြစ်ပါသည်။ တစ်ပါးစွန်ကို ဖြတ်ရန် ရည်သန်၍ မှန်စာကို မြနေအောင် တိုက်ထား တတ်ပါသည်။ သူ့ကိုလာ၍ ဖြတ်ပါက ပြေးနိုင်၊ လွှားနိုင်၊ ရှောင်နိုင်၊ တိမ်းနိုင်အောင် သူကလည်း တစ်ပါးစွန်တို့ကို သွား၍ဖြတ်နိုင်အောင် ခေါင်းကြိုးကို တင်း၍ သွက်အောင် လည်အောင်ပြုထားတတ်ပါသည်။" ဟု ဖွင့်ဆိုရှင်းပြအဖွဲ့နှင့် တင်ပြခဲ့သည်။



http://mmteashop.com

ထိုသို့သော နှိုင်းယှဉ်အဖွဲ့များကြောင့် ဗမာစွန်၊ ကုလားစွန်ဆိုသည့် သင်္ကေတ နိမိတ်ပုံများမှတစ်ဆင့် လောကရှိလူနှစ်မျိုး၏ ပုံရိပ်သည် စာဖတ်သူ၏ စိတ်အာရုံ၌ တရေးရေး ထင်ဟပ်လာစေပါသည်။

စာရေးသူက ဗမာစွန်နှင့် ကုလားစွန်သည် အင်အားပြိုင်ဘက် မဟုတ်ဘဲ၊ ကုလားစွန်သည် ဗမာစွန်ကို အဘယ့်ကြောင့် လာ၍ ဖြတ်ချင်ရသနည်းဟု တွေးဆပြသည်။ သူတစ်ပါးအားပြိုင်ဆိုင်လိုစိတ် ကင်းသည့် ဗမာစွန်ကို မိမိမာနကြောင့် ကုလားစွန်သည် အနိုင်ကျင့်ဖြတ်တောက်ခဲ့သည်။ စွန်နှစ်မျိုး၏ သင်္ကေတနိမိတ်ပုံမှတစ်ဆင့် လောကရှိ လူနှစ်မျိုး၏ ဖြစ်ရပ်ဆီသို့အရောက် အတွေးနှင့် စည်းရုံးခေါ်ဆောင်ခဲ့သည်။

ဤနေရာ၌ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကြောင်းကြိုးပြအဖွဲ့များဖြင့် စာရေးသူ၏ စိတ်အတွေးကို တင်ပြထားသည်။ ထိုနေရာ၌လည်း ဆန့်ကျင်ဘက်နှစ်ခု ကွဲပြား ခြားနားအောင် နှိုင်းယှဉ်အဖွဲ့များကို သုံးခဲ့သည်။ ဗမာစွန်နှင့် တူသူများကို စာရေးသူက - "လောကတွင် ရိုးရိုးအေးအေး မှန်မှန်ဖြင့် မိမိအလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ် လုပ်ကိုင်၍ ကိုယ့်အလုပ်၌ကိုယ် ပျော်ပိုက်ကြသောသူများလည်း ရှိသည်။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်းကင်း၍ စိတ်နလုံး ကျယ်ပြန့်သန့်စင်သော သူများလည်းရှိသည်။ ထိုသူများကို ဗမာစွန်အဖြစ် ကျွန်တော်မြင်မိသည်" ဟု ဖွင့်ဆိုရှင်းပြခြင်းဖြင့် စာရေးသူ၏ စိတ်အတွေးကို စာဖတ်သူထံသို့ ဖြန့်ချီဝေငှခဲ့သည်။

ကုလားစွန်နှင့် တူသူများကို - "ထို့ပြင် အဘက်ဘက်က ရှစ်စပ်လည်ပြီး ငါနှင့်ငါသာနိုင်းစံရာ မာန်မာနတတ်ကြွထောင်လွှားတတ်သောသူများလည်း ရှိသည်။ မိမိသာ ကြီးပွားတိုးမြှင့်လို၍ ဖြစ်သည့်နည်းဖြင့် ရရှိအောင် ကြိုးပမ်းတတ်ကြသော သူများလည်း ရှိသည်။ သူတစ်ပါး ကြီးပွားတိုးမြင့်သည်ကိုကား နားဖျား လေသံမကြားဝံ့ မကြားလိုသော သူများလည်းရှိသည်။ သူတစ်ပါး ကြီးပွားတိုးမြင့်မှုအတွက် တရားသဖြင့် ရိုးရိုးကုပ်ကုပ် အားထုတ်သည်ကို မရှုစိမ့်နိုင်သောသူများလည်း ရှိသည်။ စိတ်နလုံး



http://mmteashop.com

ကျဉ်းမြောင်း သိမ်ဖျင်းလှသော သူများလည်းရှိသည်။ ထိုသူများကို ကုလားစွန်အဖြစ် ကျွန်တော်မြင်မိသည်” ဟု ရှင်းလင်းဖွင့်ဆိုခဲ့သည်။

ဗမာစွန်နှင့် ကုလားစွန်နိမိတ်ပုံမှ တစ်ဆင့် လူ့သဘော လူ့စရိုက် နှစ်မျိုးဆီသို့ အရောက် စည်းရုံးခေါ်ဆောင်ခဲ့ပြီးလျှင် စာရေးသူ၏ အမြင်ကို ရှင်းပြခဲ့သည်။ စာရေးသူ၏ အမြင်အတွေးကို ရှင်းပြသောအချိန်တွင် စာဖတ်သူသည် လောကသဘောကို နားလည် လက်ခံလာရသည်။

ဤလူ့လောကကြီး၌ အနိုင်ဥာရုံများဖြင့် ပြည့်လျှမ်းနေခြင်းမှာ အနိုင်ကျင့်တတ် သူတို့၏ အကျင့်စရိုက်ကို အခြေခံသည်ဟု တွေးပြသည်။ စာဖတ်သူသည် နေ့စဉ်နှင့်အမျှ မြင်တွေ့၊ ခံစားနေရသော်လည်း အမှုမဲ့အမှတ်မဲ့ ရှိနေခဲ့သည့် လူ့လောကဝန်းကျင်ကို ပြန်၍မြင်ယောင်လာရသည်။

လောကတွင် အနိုင်ယူလိုသူတို့က လွှမ်းမိုးနေပုံကို - “မှန်စာကို မြနေအောင် တိုက်ထားသော အစွမ်းပြမာန ကုလားစွန်သည် ဗမာစွန်ကို ဖြတ်ပါက မှန်စာတိုက်ထားလေ့ မရှိသော အလုပြမေတ္တာ ဗမာစွန်သည် ပြတ်သွားမည်မှာ သေချာလှသည်။ ဤသို့ မာန ကြီးတတ်သူက မေတ္တာထားတတ်သူကို အကြောင်းမဲ့ ချောင်ပိတ်၍ အနိုင်ကျင့် စော်ကားနေသည့် အဖြစ်မျိုးကို ကျွန်တော်ကြည့်မနေရက်ပါ။ ကျွန်တော့်အနေနှင့်လည်း ဘာမှ ကာကွယ် တားဆီးနိုင်စွမ်းမရှိပါ။ ထို့ကြောင့် ကျွန်တော်သည် မျက်ကြောကိုက်၍ ဇက်ကြောတင်း၍ မဖတ်ဘဲချထားသော ရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ စာအုပ်ကို စိတ်မောမောဖြင့် ပြန်လှန်ဖတ်နေမိပါသတည်း” ဟု ရေဖွဲ့တင်ပြခဲ့သည်။

ယင်းသည် နိဂုံးချုပ်စာပိုဒ်ဖြစ်ပါသည်။ ထိုနိဂုံးချုပ်စာပိုဒ်တွင် မေတ္တာစိတ် ထားသူတို့သည် အမှန်ဖြစ်ပါလျက် မတရားသူတို့၏ ကြိုတင်ပြင်ဆင်ထားသည့် လက်နက် များအောက်တွင် ရှုံးနိမ့်နေရသည့်သဘောကို တင်ပြသည်။ စာရေးသူ အပါအဝင်



http://mmteashop.com

လူအများစုသည် မေတ္တာစိတ်ကို နှစ်သက်သော်လည်း အကာအကွယ်မဲ့စွာနှင့် အရှုံးပေး နေရသည်ဟု စာရေးသူက တွေးပြသည်။

ထိုသို့ အနိုင်ကျင့်မှု အနိုင်ဥာရှုံများ ပပျောက်စေရန်လူတိုင်းကိုယ့်ကျင့်တရားကို နားလည် ထိန်းသိမ်းမှုဖြစ်မည် ဟူသောသဘောကို သွယ်သွယ်ဝိုက်ဝိုက်ညွှန်းဆို၍ နိဂုံးချုပ် ထားပါသည်။ မေတ္တာဝါဒီတို့က မာနဝါဒီတို့ကို အရှုံးပေးနေရသော လောကကို စာရေးသူမရှုရက် မမြင်ရက်သော်လည်း ကိုယ်ကျင့်အဘိဓမ္မာက ကယ်တင်နိုင်လိမ့်မည် ဟူသော မျှော်လင့်ချက်ပေး၍ နိဂုံးချုပ်ထားသည်ဟုလည်း ဆိုနိုင်ပါသည်။

ရသစာတမ်းတွင် တက္ကသိုလ်ဝင်းမွန်သည် ရည်ရွယ်ချက်ကို ရေးဦးစွာ မဖော်ပြဘဲ အတွေ့အကြုံကို ရသမြောက်အောင် အနုစိတ်သရုပ်ဖော်သည့်နည်းကို သုံးကာ ရည်ရွယ် ချက်သို့ ရောက်အောင် အဆင့်ဆင့် စည်းရုံးတင်ပြထားသည့်စကားပြေ ဖွဲ့စည်းပုံကို တွေ့ရ ပါသည်။

http://mmteashop.com

## ၁၇။ ဇာတ်တော်ကြီးများနှင့် လူ့သဘာဝ

ရသစာတမ်း ရေးဖွဲ့သူတို့သည် သူတို့၏ ထူးခြားသော အတွေးစိတ်ကူးအမျိုးမျိုးကို အများအားဖြင့် လူ့လောကလူ့သဘာဝထဲက ရှာဖွေတွေ့ရှိခဲ့ကြသည်။ သာမန်အားဖြင့် မကြာခဏ တွေ့မြင်၍ အမှုမဲ့အမှတ်မဲ့ထားသော အရာများကို ရသစာတမ်းစာရေးသူတို့က ထူးခြား ဆန်းကြယ်၍ နှစ်သက်စွဲမက်ဖွယ်ဖြစ်အောင် ရေးသားနိုင်စွမ်းရှိကြသည်။

ရသစာတမ်းဖန်တီးရှင် မောင်ခင်မင် (ဓနုဖြူ) ကမူ ဇာတ်ကောင်ကြီးများမှယူ၍ ဇာတ်တော်မှ အတွေးအခေါ်များကို ထုတ်နုတ်၍ လောကသဘာဝ လူ့သဘာဝနှင့် ဆက်စပ်ပေးခဲ့သည်။ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေများတွင် နက်နက်နဲနဲစဉ်းစားလျှင် လောကသဘာဝ လူ့သဘာဝအဖွဲ့များ ပါဝင်နေတတ်ကြောင်းကို စာရေးသူက "မောင်ရုပ်ဆိုးနှင့် မယ်မဒ္ဒီ" တွင် ဓနုသေခကို ဘီလူးစာကျွေးရခြင်းအကြောင်း ရသစာတမ်းများတွင် နှစ်သက်ဖွယ် ဖြစ်အောင် တင်ပြရေးဖွဲ့ထားပါသည်။

ရသစာတမ်း၏အစတွင် စာရေးသူအနေဖြင့် ချစ်ညီမလေးအဖော်ကောင်း၍ အညာသို့ ဘုရားဖူးလိုက်သွားရာတွင် ညီမငယ်ထံမှ စာကိုမျှော်နေပုံ၊ စာမရ၍ အလိုလို စိတ်တိုပြီး အရာရာကို ဒေါသထွက် အပြစ်မြင်နေပုံတို့ကို ဖော်ပြထားသည်။ ညီမလေး စာရောက်လာသောအခါ ဝမ်းသာ၍ စိတ်ကြည်လင်နေသည်။ ညီမလေးထံသို့ စာပြန်နေစဉ်တွင် စာအိတ်ကလေးပြာပြာ ရောက်လာရင် မယ့်ရင်ခွင် လှိုင်းထဆိုသည့် ရေဒီယိုမှ သီချင်းသံကိုကြားလိုက်ရသည်။

သီချင်းထဲမှ မိန်းကလေးလည်း မိမိကဲ့သို့ စာရ၍ ဝမ်းသာနေမည်ဟု ပြုံးကာ ဖော်ပြခဲ့သည်။ ကြည်လင်သောစိတ်ဖြင့် တစ်ဖက်အိမ်မှ မောင်ကျောက်ခဲအား ကစားရန် ခေါ်သောအခါ ကလေးက ကြောက်ရွံ့နေသည်။ မောင်ရုပ်ဆိုးသည် ညီမလေးထံမှ စာမရသည့်အတွက် မနေ့က မောင်ကျောက်ခဲအပေါ် အပြစ်မြင်ပြီး နှင်ထုတ်ခဲ့သည်။



http://mmteashop.com

ယနေ့တွင်မူ စာရသည့်အတွက် မောင်ကျောက်ခဲ့အပေါ် အမြင်ကြည်လင်ပြီး ကစားရန် ဖိတ်ခေါ်မိသည်။

စာမရမီ မောင်ရုပ်ဆိုး၏ ခံစားမှုကို စာရေးသူက - "ညီမလေး စာမရသည့်အထိ ဆိုလျှင် မောင်ရုပ်ဆိုးအဖို့ ကျောက်ခဲသာမက မြင်သမျှ အရာအားလုံးသည် အရုပ်ဆိုးနေသည်။ အလကားနေရင်း မျက်စိထဲမှာ ထော်လော်ကန့်လန့် ဖြစ်နေသည်။ ကြားသမျှ စကားအားလုံးသည် ဘုစကား ဂလန့်စကား ဖြစ်နေသည်။ ဤအရာတွေကို မောင်ရုပ်ဆိုးသည် ရန်လိုသောမျက်စိနှင့် ကြည့်ခဲ့သည်။ ခါးသည်းသော နားနှင့်ကြားနာခဲ့သည်။ ကြမ်းတမ်းသော နှုတ်နှင့် တုံ့ပြန်ခဲ့သည်" ဟု တင်ပြခဲ့သည်။

ညီမလေးဆီက စာရပြီးချိန်တွင် မောင်ရုပ်ဆိုး၏ စိတ်ခံစားမှုများ ပြောင်းလဲပုံကို - "မောင်ရုပ်ဆိုးအဖို့ ကျောက်ခဲသည် အရုပ်မဆိုးတော့၊ ချစ်စရာကောင်းနေသည်။ မြင်သမျှ အရာအားလုံးသည် လှပနေသည်။ ကြားသမျှစကားအားလုံးသည် ချိုသာပြေပြစ်သော စကားတွေချည်းဖြစ်နေလေပြီ။ သည်ဟာတွေကို မောင်ရုပ်ဆိုးသည် ချစ်သောမျက်စိနှင့် ကြည့်သည်။ စာနာသော နားနှင့် နားထောင်သည်။ ချိုသာသော နှုတ်ဖြင့် တုံ့ပြန်သည်" ဟု မတူညီသော ခံစားမှုနှစ်ရပ်ကို နှိုင်းယှဉ်အဖွဲ့များဖြင့် ထိထိမိမိ တင်ပြခဲ့သည်။

စာရေးသူ၏ အတွေးသာမက ရေးဖွဲ့ပုံပါ ဆွဲဆောင်မှုရှိသောကြောင့် မိမိစိတ် အလိုဆန္ဒ ပြည့်ဝသောအခါ လောကရှိ အရာအားလုံးအပေါ် အမြင်ကြည်လင် နေတတ်သော လူ့စိတ်လူ့သဘောထားသည်လည်း ပေါ်လွင်လာပါသည်။ တဖြည်းဖြည်းနှင့် စာဖတ်သူသည် လူထဲကလူဖြစ်သော မိမိ၏ စိတ်ကိုလည်း ဆန်းစစ်ကြည့်လာမိစေသည်။ စာရေးသူ၏ အတွေးကို နှစ်သက်လက်ခံမိစပြုလာသည်။

ထိုသဘောကိုပင် ထပ်ဆင့် ထင်ရှားလာစေရန် မောင်ရုပ်ဆိုးငယ်စဉ်က အမေ့ထံမှ မုန့်ဖိုးမုန်မုန် ရသောနေ့၊ ဆရာအရိုက်မခံရသော နေ့များတွင် ကျောင်းရှေ့ရှိ အကိုင်း အခက်များ ခြောက်နေသော ထိန်ပင်ကြီးကို မင်းသမီးလေးကနေပုံထင်၍ ပျော်ရွှင်မိပုံတို့ကို

တင်ပြထားသည်။ မုန့်ဖိုးမရသောနေ့၊ ဆရာရိုက်ခံရသောနေ့များတွင် ထိုသစ်ပင်ကြီးကိုပင် ခြေကားရားလက်ကားရားဖြင့် ကမ္ဘာ့ဌာန်းရုပ်ကြီး ထင်မိကြောင်းလည်း နှိုင်းယှဉ်တင်ပြခဲ့သည်။

ထိုသာဓကမှာလည်း လောကဝန်းကျင်၌ တွေ့ကြုံခံစားမြဲဖြစ်သည့် အတွက် စာရေးသူ အမြင်ကို စာဖတ်သူတို့ ပိုမို၍ နစ်သက်လက်ခံလာကြသည်။ ထိုနည်းဖြင့် စာဖတ်သူအား လောကမျက်မြင် လူ့သဘာဝများဖြင့် စည်းရုံးဆွဲဆောင်ပြီးလျှင် စာသင်ရန် အတွက် တက္ကသိုလ်စကားပြေ ကောက်နုတ်ချက်ပါ မိခင်သောကခေါ်သော ဝေသန္တရာ ဇာတ်တော်ကြီး ကောက်နုတ်ချက်ကို ဖတ်ရှုမိခဲ့ပုံကို တင်ပြခဲ့သည်။

သစ်သီးရှာပြီး ပြန်အလာတွင် သားနှင့်သမီးကို မတွေ့သဖြင့် သောက ရောက်ရသော မယ်မဒ္ဒီ၏ မြည်တမ်းပုံကို ဇာတ်တော်၌ - "နေ့တိုင်းမှာမူ သူတစ်ပါး မရှိသော်လည်း သားသမီးနှင့်နေရသောကြောင့် ဤကျောင်းသင်္ခမ်းသည် ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်းသင်္ခမ်းသည် သုသာန် တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့ရတကား။

အကြောင်းအသို့နည်း။ နေ့တိုင်းကား ကျီး၊ ဥသြ အစရှိသော တော်ငှက်တို့သည် တွန်ကျူးကုန်၏။ ယခုကား ထိုငှက်အပေါင်း တို့သည် သေ၍ကုန်လေသလောဟု ဖွဲ့နွဲ့ထားပါသည်။ ထိုစာပိုဒ်ကို ဖတ်ရသောအခါ မိမိ၏ ကိုယ်တွေ့နှင့် နှိုင်းစာပြီး မယ်မဒ္ဒီ၏ ခံစားချက်ကို နစ်နစ်နဲနဲ သဘောပေါက်မိသည်။ စာအရသာလည်း ပေါ်လာသည်။ ကျောင်းသင်္ခမ်းသည် တစ်နေ့နှင့်တစ်နေ့ မည်သို့မှာ မထူးခြားနိုင်ပေ။ မယ်မဒ္ဒီ၏ စိတ်ကသာ တစ်နေ့နှင့်တစ်နေ့ မတူသဖြင့် ကျောင်းသင်္ခမ်းအပေါ် အမြင်ကွဲလွဲနေသည် ဟု နားလည် လာသည်။

သားသမီးနှင့် သိုက်သိုက်ဝန်းဝန်း နေရ၍ ပျော်ရွှင်နေချိန်တွင် မယ်မဒ္ဒီ၏ စိတ်ထဲ၌ ကျောင်းသင်္ခမ်းသည် ပွဲသဘင်ဖြစ်နေသည်။ သားသမီးနှင့်ကွေကွင်း၍ ဒုက္ခရောက်ချိန်တွင်



http://mmteashop.com

ကျောင်းသခ်မ်းကိုပင် သုသန်တစပြင်ဟု မြင်နေမိသည်။ ပျော်ရွှင်နေလိုက်တွင် ငှက်များ တွန်မြူးနေသည်ကို သာယာမိသည်။ စိတ်ညစ်နေခိုက်တွင်မူ ငှက်တွေသောကုန်ပလားဟု စိတ်တိုနေသည့်သဘောပင် ဖြစ်ပါသည်။

မောင်ရှပ်ဆိုးသည် မယ်မဒ္ဒီ၏ ခံစားမှုကို ရှစ်တန်းကျောင်းသားဘဝထဲက ဖတ်ခဲ့ ရသော်လည်း နက်နက်နဲနဲ မတွေးမိခဲ့ပေ။ စာမှုပေးသော ဘဝအသိ အာနိသင်ပါသည့် ရသကို မခံစားနိုင်ခဲ့ပေ။ ကိုယ်တွေ့နှင့် ယှဉ်လိုက်သောအခါတွင်မူ မယ်မဒ္ဒီ၏ခံစားမှုကို နက်နက်ရှိုင်းရှိုင်း နားလည်လာသည်နှင့်အမျှ လူ၏ စိတ်အနေအထားပေါ် မူတည်၍ လောကပတ်ဝန်းကျင်အပေါ် ရှုတတ်မြင်တတ်သော လူ့သဘော လူ့သဘာဝကို နားလည် ခံစားလာရပါသည်။

ဇာတ်တော်ကြီးထဲမှ လူ့သဘာဝအဖွဲ့ကောင်းကို မိမိဘဝအတွေ့အကြုံနှင့် ယှဉ်၍ စာဖတ်သူတို့ နားလည်ခံစားမိအောင် တင်ပြထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ ထိုစာတမ်း တွင် မောင်ရှပ်ဆိုးက ညီမလေးဟု ဆိုထားသော်လည်း ချစ်သူ ပို၍ ဖြစ်နိုင် သည်ဟု ခံစားမိလာပါသည်။

ခနေသခကို ဘီလူးစာကျွေးခြင်း ရသစာတမ်းတွင်မူ မောင်ခင်မင် (ဓနုဖြူ) သည် မဟော်သဓာဇာတ်တော်ကြီးပါ အခန်းတစ်ခန်းကို ရွေးဦးစွာတင်ပြသည်။ ထိုအခန်းမှ တစ်ဆင့် လူ့လောက လူ့သဘာဝဆီသို့ စာဖတ်သူအား စည်းရုံးခေါ်ဆောင်လာခဲ့သည်။ မဟော်သဓာ ဇာတ်တော်ကြီးတွင် မဟော်သဓာ သုခမိန်သည် မိမိ၏ အရှင်ဖြစ်သော ဝိဒေဟရာဇ်မင်း၏ အကျိုးအတွက် စူဠနီဗြဟ္မဒတ်မင်းကို နည်းပရိယာယ်အမျိုးမျိုးဖြင့် အနိုင်ယူခဲ့သည်။

စူဠနီဗြဟ္မဒတ်မင်း၏ သမီးတော်ကို မရရအောင်ဆောင်နှင်းခဲ့ပြီး မင်းအား ဆက်သ ခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်းသည် မဟော်သဓာ၏ ပညာကို ကောင်းစွာသိရသောအခါ ရန်သူဟု သဘောမထားဘဲ ကြည်ညိုလေးစားသွားသည်။ မိမိနိုင်ငံတွင်နေထိုင်ရန်



http://mmteashop.com

ဖိတ်ခေါ်သည်။ မဟော်သဓာကလည်း ဝိဒေဟရာဇ်မင်း နတ်ရွာစံသောအခါ လာနေပါမည်ဟု ကတိပြုသည်။ ကတိအတိုင်းလည်းသွားနေသည်။

စူဠနီပြဟ္မဒတ်မင်းက မဟော်သဓာကို အလွန်ချီးမြှောက်ထားသည်။ မင်းကြီးကိုးကွယ်သော "ဘေရီ" ခေါ် ပညာရှိ ပရိဗိုဇ်မကလည်း မဟော်သဓာပညာကြီးမားပုံကို ကောင်းစွာသိရှိသည်။ တစ်နေ့တွင် မဟော်သဓာပညာရှိအပေါ် ထားရှိသောမင်းကြီး၏ သဘောထားကို သိလို၍ ဘေရီပရိဗိုဇ်မက ရေစောင့်ဘီလူးပြဿနာကို မေးမြန်းသည်။

ပြဿနာမှာ ဤသို့ဖြစ်၏။ စူဠနီပြဟ္မဒတ်မင်းနှင့်တစ်ကွ မယ်တော်၊ မိဖုရားကြီး၊ ညီတော်၊ စားတော်ကဲသား ဓနုသေခ၊ ကေဝဋ္ဋပုဏ္ဏားနှင့် မဟော်သဓာဟူသော ပုဂ္ဂိုလ် (၇) ယောက်သည် မဟာသမုဒ္ဒရာ၌ လှေသင်္ဘောဖြင့် မျောနေသည်ဆိုပါစို့၊ ထိုစဉ် ရေစောင့်ဘီလူးပေါ်လာပြီး မင်းကြီးအား ပါလာသူ (၆) ယောက်ကို မိမိစားရန် အစဉ်တိုင်းပေးလျှင် မင်းကြီးကို လွှတ်မည်ဆိုပါက ထိုခြောက်ယောက်ကို မည်သို့ပေးမည်နည်း" ဟူသော ပြဿနာပင်ဖြစ်ပါသည်။

စူဠနီပြဟ္မဒတ်မင်းက ဘီလူးစားရန် မယ်တော်၊ မိဘုရား၊ ညီတော်၊ စားတော်ကဲသား ဓနုသေခ၊ ကေဝဋ္ဋပုဏ္ဏားတို့ကို တစ်ယောက်ပြီးတစ်ယောက်ပေးမည်။ မဟော်သဓာနှင့် မိမိသာကျန်လျှင် မိမိကိုယ်ကို ဘီလူးပါးစပ်ထဲ ခုန်ဆင်းပြီး အစားခံမည်။ မိမိ အသက်ရှင်နေခိုက် မဟော်သဓာကို ဘီလူးစာမပေးဟူ၍ ပြောသည်။

ထိုနည်းဖြင့် စူဠနီပြဟ္မဒတ်မင်းက မဟော်သဓာကို မိမိအသက်ထက်ပင် မြတ်နိုးကြောင်း ထင်ရှားပြလိုက်ခြင်း ဖြစ်သည်။ လှေတွင်ပါသူ အသီးသီးအား ဘီလူးစာအဖြစ် ကျွေးရာတွင် မည့်သည့်အတွက် ကျွေးကြောင်းကို မင်းကြီးအား အကြောင်းပြဖြေဆိုသည်။ စတုတ္ထမြောက် အကျွေးခံရမည့် ယယ်သူငယ်ချင်း စားတော်ကဲသား ဓနုသေခနှင့် ပတ်သက်၍ မင်းကြီး၏ အကြောင်းပြချက်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။



http://mmteashop.com

လောကသဘော လူ့သဘောပါဝင်သည်။ ဇာတ်တော်ထဲက လောကသဘော လူ့သဘောကို ပတ်ဝန်းကျင်တွင် တွေ့မြင်နေကြဖြစ်သော လူ့စရိုက်များနှင့် ဆက်စပ်တင်ပြထားသည်။

ခနသေခသည် စူဠနီပြဟ္မဒတ်မင်းနှင့် တစ်နေ့တည်း မွေးဖွားသူဖြစ်သည်။ ထမင်းတစ်ခွက်တည်း အတူနိုက်စားသော ငယ်သူငယ်ချင်းလည်း ဖြစ်သည်။ စူဠနီပြဟ္မဒတ်မင်းသားတွင် အသက်အန္တရာယ်ကြုံသည့်အတွက် မယ်တော်မိဖုရားကြီး၏ စီရင်ချက်အရ ခနသေခမင်း၏ ဖခင် စားတော်ကဲက စူဠနီပြဟ္မဒတ်ကို မိမိတို့နှင့်အတူ တိုင်းတစ်ပါးသို့ ခေါ်ဆောင် ထွက်ပြေးခဲ့ပြီး မိမိသားအဖြစ် ကျွေးမွေး စောင့်ရှောက်ခဲ့ရသည်။

ထိုအချက်များကို ဘေရီပရိဗိုရ်မက ထောက်ပြသည်။ ခနသေခသည် ဆင်းရဲဖော် ချမ်းသာဘက် အဆွေခင်ပွန်းဖြစ်သည်။ မင်းကြီး၏ အကျိုးစီးပွားကိုလည်း နေ့ညမဟူ လုံ့လပြု၏။ ယခုတိုင်အောင် မင်းကြီး၏ အလိုသို့သာလိုက်၍ ကျင့်ဆောင်တတ်သည်။ ထိုသို့သော ရောင်းရင်းဘက်ကို အဘယ့်ကြောင့် ရေစောင့်ဘီလူးအား ပေးမည်နည်းဟု မေးမြန်းသည်။

မဟော်သဓာ ဇာတ်တွင်ပါသော အဆိုပါအချက်ကို စာတမ်းရှင်သည် ရှင်းလင်းတင်ပြပြီးနောက် စူဠနီပြဟ္မဒတ်မင်း၏ ဖြေကြားချက်ကို မဖော်ပြဘဲ မြုပ်ကွက်အဖြစ်ထားလိုက်သည်။ ထိုနေရာမှစ၍ ဇာတ်တော်မှ လူ့လောက ပတ်ဝန်းကျင်ဆီသို့ စာဖတ်သူအား ခေါ်ဆောင်သွားပါသည်။

စူဠနီပြဟ္မဒတ်မင်း၏ ဖြေကြားချက်ကို ဖတ်ရသောအခါ စာရေးသူအနေနှင့် ရင်းနှီးကျွမ်းဝင်သူ သုံးဦး၏ မျက်နှာကို ကျွန်တော့်မျက်စိထဲတွင် ရိပ်ခနဲ ပေါ်လာ တော့သည်ဟု ဆိုထားသည်။ တစ်ယောက်က ကျွန်တော်တို့ရွာမှ ဘကြီးအုန်းရွှေ၊ တစ်ယောက်က ကျွန်တော့် ဦးလေးတစ်ဝမ်းကွဲ ဦးဖိုးလူ၊ နောက်တစ်ယောက်က ကျွန်တော့် အစ်ကိုကြီး သူငယ်ချင်း ကိုငြိမ်းမောင်ဟု ဖော်ပြထားသည်။



http://mmteashop.com

စာရေးသူ တင်ပြသော ဒိဋ္ဌလောကရှိ ဘကြီးအုန်းရွှေသည် သူနှင့် ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များ မည်မျှရင်းနှီးသည်ဟူသော အကြောင်းများကို ဖောင်လောက်အောင် ပြောတတ်ခြင်း ဖြစ်သည်။ ဘကြီးအုန်းရွှေ၏ စရိုက်ကို စာရေးသူက နယ်ချဲ့ဆန့်ကျင်ရေးတွင် ထင်ရှားသော ဆရာတော် ဦးဉတ္တမ၊ ဇာတ်မင်းသား ဦးဖိုးစိန်၊ ပန်းချီဆရာကြီး ဦးငွေကိုင်တို့ဖြင့် ခင်မင်ရင်းနှီးကြောင်း သာဓကပြ၍ တင်ပြခဲ့သည်။

ဘကြီးအုန်းရွှေ၏ စရိုက်ပေါ်အောင် စာရေးသူက - "ဆိုပါစို့ စကားအလျဉ်းသင့်ပြီဆိုလျှင် နယ်ချဲ့ကို တော်လှန်တုန်းက ဆရာတော် ဦးဉတ္တမနှင့် ဘကြီးနဲ့ အတူတူပေါ့ကွဟု အစချီကာ ဆရာတော်နှင့် မည်မျှရင်းနှီးကြောင်း ဆရာတော် ဂျပန်ပြည် သွားစဉ်က မိမိကို အတူလိုက်ရန် ခေါ်သေးကြောင်း မိမိအသက်ငယ်သေး၍ အိမ်နှင့်မခွဲနိုင်သည့်အတွက် မလိုက်ဖြစ်ကြောင်း စသည်တို့ကို ဝေဝေဆာဆာ ပြောပြတတ်ပါသည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန် ကွယ်လွန်ကြောင်း သတင်းစာတွင်ပါလာစဉ်ကလည်း ဘကြီးအုန်းရွှေသည် သတင်းစာကြီးကိုင်ပြီး ဩော် .... (ဦးလေးစိန် ဦးလေးစိန်) ဆုံးခါနီးမှာ ကျွန်တော်နဲ့တောင် မတွေ့ရတော့ဘူးနော်ဟု ကျယ်လောင်စွာညည်းတွားကာ ရှာရှိုးလျှောက်ပြီး သူနှင့် ဦးဖိုးစိန် ရင်းနှီးကြောင်း မိန်ရည်ရှက်ရည် ပြောပြန်သည်" ဟုစရိုက်ဖော်ရေးဖွဲ့ထားသည်။

ထိုစရိုက်ဖော် အဖွဲ့ကောင်းကြောင့် လူ့ဘဝပတ်ဝန်းကျင်ရှိ ဘကြီးအုန်းရွှေကဲ့သို့သော သူများကို စာဖတ်သူတို့ ထင်ယောင်မြင်ယောင်ရှိလာပါသည်။

လောကသဘာဝကို သဘောကျ၍ ပြုံးချင်၊ ရယ်ချင်သလိုရှိလာပါသည်။ စာရေးသူက "ဘကြီးအုန်းရွှေ၏ စရိုက် ပိုမိုကြွတက်လာပြီး ရယ်ပြုံးရွှင်မောဖွယ် ဖြစ်အောင် ဒီအဖုါးကြီးဟာ တယ်ကြွားတာဘဲ မင်းတုန်းမင်းကြီးတောင် စောစောစီးစီး နတ်ရွာစံသွားလို့ သူသာမီလိုက်ရင် သူနဲ့ကျောင်းနေဘက် သူငယ်ချင်းဟု ပြောချင်ပြောနေအုံးမှာ" ဟု မိတ်ဆွေ အပေါင်းအသင်းတို့က ဘကြီးအပေါ် သုံးသပ်ပုံနှင့် ထပ်ဆင့်တင်ပြပြန်သည်။



http://mmteashop.com

ထို့နောက် စာရေးသူသည် ဒုတိယစရိုက်ပိုင်ရှင် ဦးလေးတစ်ဝမ်းကွဲ ဦးဖိုးလူ၏ စရိုက်ကို တင်ပြသည်။ ဦးဖိုးလူ၏ စရိုက်မှာမူ ဇာတ်မင်းသား၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ နိုင်ငံရေးသမား စသည့် ထင်ရှားသောပုဂ္ဂိုလ်များ သူတို့မြို့ရောက်လာလျှင် ဦးဖိုးလူ ကွန်ခြေမရတော့၊ သူ့ဝါသနာအတိုင်း မိတ်ဖွဲ့သည်။ ထမင်းဖိတ်ကျွေးသည်။ ဇနီး သားသမီးများနှင့် မိတ်ဆက်ပေးသည်ဟု စရိုက်ဖော်တင်ပြပါသည်။ ဦးဖိုးလူကဲ့သို့ စရိုက်မျိုးကိုလည်း စာဖတ်သူတို့ဘဝ ဝန်းကျင်တွင် ပေါပေါများများ မြင်တွေ့ရသည့်အတွက် နှစ်သက်ကျေနပ်ရပြန်သည်။

တတိယစရိုက်ပိုင်ရှင် ကိုငြိမ်းမောင်၏ စရိုက်ဖြစ်သည်။ ကိုငြိမ်းမောင်သည် အထက်တန်းပြ ဆရာဖြစ်သည်။ ထူးခြားသောစရိုက်မှာ ကိုယ့်အထက်က လူကို သူငယ်ချင်းကဲ့သို့ ထားပြီး တန်းတူဆက်ဆံသည့် ဝါသနာမျိုးဖြစ်သည်။ စာရေးသူက ကိုငြိမ်းမောင်၏ စရိုက်ကို တင်ပြရာတွင် ကိုငြိမ်းမောင်တို့ ကျောင်းသို့ လက်ထောက် တိုင်းပညာရေးမှူးတစ်ဦး လာရောက်စစ်ဆေးရာတွင် တွေ့မြင်ရသော ကိုငြိမ်းမောင်ကို စရိုက်အမှုအရာဖြင့် ထင်ရှားအောင်ပြထားသည်။

"ထိုပညာရေးမှူးကို ကျောင်းအုပ်ဆရာကြီးနှင့်တစ်ကွ ဆရာ၊ဆရာမ အားလုံးက လေးစားစွာ စောင့်နေကြစဉ် ကိုငြိမ်းမောင်က ဖောက်လာသည်။ အခန်းထဲဝင်လာသည့် ပညာရေးမှူးကို 'ဟေ့ သူငယ်ချင်းလျှမြင့်ပါလားကွ၊ မင်းလာမယ်ကြားလို့ ဒို့ ကြိုနေကြတာ ဝမ်းသာတယ်ကွာ' ပြောပြီး လည်ပင်းသွားဖက်တော့သည်။ ပညာရေးမှူးမှာ မျက်နှာ ကွက်ကနဲ ပျက်သွားသည်။ ပြီးမှ ကွန်ခြေ ပြန်ဆယ်ပြီး အလိုက်သင့် ပြန်ပြောသည်။ ကျောင်းအုပ် ဆရာကြီးရော၊ ဆရာ၊ ဆရာမများပါ ကိုငြိမ်းမောင်ကို မျက်စောင်းခဲကြသည်။ သူကတော့ မမှု" ဟု စရိုက်ဖော်ရေးသားထားသည်။

ထိုစာတမ်းတွင် ကိုငြိမ်းမောင်၏ စရိုက်သည် အပေါ်လွင်ဆုံးဖြစ်သည်။ သူ၏ စရိုက်မျိုးကို မကြာခဏတွေ့မြင်ဖူးပါသည်။ မိမိ၏ အနီးပတ်ဝန်းကျင်တွင် ရှိနေတတ်သည်။

http://mmteashop.com

ကိုငြိမ်းမောင်သည် ကျောင်းအုပ်ဆရာကြီးကို ဆရာ၊ ဆရာမအားလုံးက ဆရာကြီးဟု ခေါ်သော်လည်း ဆရာဦးလှဝေဟု ခေါ်သည်။ ကွယ်ရာဆိုလျှင် ဦးပင်မထည့်၊ ကိုငြိမ်းမောင်၏ စရိုက်ထင်ရှားစေရန် စာရေးသူက - "ရန်ကုန်ရောက်ရင် ညွှန်ကြားရေးမှူး ကိုလှိုင်နဲ့တွေ့ရအုံးမယ်။ ပါမောက္ခကိုဟန်စိန်ဆီလည်း ဝင်စရာရှိသေးတယ် စသည့် ပြောပုံဆိုပုံမျိုးကို ကိုငြိမ်းမောင်ထံမှ အမြဲပင် ကြားရပါသည်။ ကိုငြိမ်းမောင် အမူအကျင့်မျိုးနှင့် ပတ်သက်၍ ကိုယ်က နိမ့်နေတော့ မြင့်တယ်ထင်ရအောင် မြင့်တဲ့သူကို လည်ပင်း လိုက်ဖက်တာပေါ့ကွာဟု ဆရာကြီးတစ်ယောက်က မှတ်ချက်ချဖူးပါသည်။

စာဖတ်သူတို့ အနေဖြင့် လူ့စရိုက် လူ့သဘာဝ သုံးမျိုးကို နှစ်သက်ကျေနပ်စွာ နားလည်ခံစားပြီးနောက် စာရေးသူက ဒိဋ္ဌလောကမှသည် ဇာတ်တော်ကြီးဆီသို့ ပြန်လည်၍ ခေါ်ဆောင် သွားပါသည်။ စူဠနီပြဟ္မဒတ်မင်းကြီးက ဓနုသေခသည် ကျေးဇူးပြုသော အရာများ ရှိသော်လည်း ကျေးဇူးမဲ့ပြုသောအရာများလည်းရှိသည်။

ကျွန်ပ်ဆင်းရဲစဉ်အခါက အချင်းချင်း အကျွမ်းတဝင်လက်ဖြင့် တို့ဆိတ်ကျီစယ် ရယ်ရွှင်မြူးတူးခြင်း ပြုခဲ့ကြသည်။ မင်းအဖြစ်သို့ရောက်သောအခါ မင်းဖြစ်သည်ဟု ထောက်ထား ဆင်ခြင်ခြင်း မရှိ၊ မှူးမတ်များ ခြံရံလျက်ရှိသော ကျွန်ုပ်အား ရယ်ရွှင် ပျက်ရယ်ခြင်းပြုသည်။

ကျက်သရေတိုက်၌ နန္ဒီဒေဝီမိဖုရားနှင့် တံခါးပိတ်လျက် နှစ်ယောက်တည်း နေလျှင်လည်း ဓနုသေခသည် တံခါးကိုဖွင့်၍ အဆောတလျင်ဝင်လာသည်။ ကျွန်ုပ်အား ရိုသေခံ့ညားမှု မရှိ။ ထိုသို့သော အပြစ်ကြောင့် ရေစောင့်ဘီလူးအား ပေးမည်ဟု ဆိုသည်ဟု ပြန်လည်ဖြေကြားသည်။

တစ်ဆက်တည်းမှာပင် စာရေးသူ၏ မျက်စိထဲတွင် ဘကြီးအုန်းရွှေနှင့် ဟားတိုက် နေသော ရွာသားများ၊ ဦးဖိုးလူနှင့် ကသိကအောက်ဖြစ်နေသော တာဝန်ရှိလူကြီးများ၊



http://mmteashop.com

ဆရာကိုငြိမ်းမောင်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားရသော ပညာရေးမှူး၏ ရုပ်ပုံများသည် အတွဲလိုက် ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် စူဠနီပြဟ္မဒတ်မင်းနှင့် ခနသေခတို့၏ ရုပ်သွင်သည်လည်း ကွက်ခနဲပေါ်လာသည်။ စူဠနီပြဟ္မဒတ်မင်း၏ မျက်နှာ မှန်မှိုင်းတင်းမာလျက် ရှိပါသည်ဟု ရေးသားတင်ပြခဲ့သည်။

အဆုံးသတ် စာပိုဒ်သည် လူ့စရိုက် လူ့သဘာဝများထဲမှ ဆင်ခြင်သင့်သော အတွေးအသိကို ပေးထားသည်။ လူသားတိုင်းတွင် ခံစားမှုအသိနှင့် အသိတရားကိုယ်စီ ရှိသည်။ မိမိကိုယ်ကို အဟုတ်ထင်၍ ကြွားခြင်ဝါချင်သူတို့ကို မည်သူမျှမနှစ်သက်ကြပေ။ ထင်ရှား ကျော်ကြားသူများနှင့် ပေါင်းချင်သင်းချင်၍ စရိုက်လွန်အမူအရာများဖြင့် လှုပ်ရှားနေသော လူ့စရိုက်များသည်လည်း လောကဝန်းကျင်အတွက် မနှစ်မြို့စရာပင် ဖြစ်သည်။

သူငယ်ချင်းပင် ဖြစ်စေကာမူ ဘဝအခြေအနေ အဆင့်အတန်းကိုလိုက်၍ ရှိသေခန့်ညားမှု၊ လေးစားမှုများရှိသင့်သည်။ မိမိက နိမ့်နေပါလျက် မြင့်သူကို လှမ်းဖက်ချင်သည့် ကိုငြိမ်းမောင်၏ စရိုက်မျိုးကို မည်သည့်လောကဝန်းကျင်ကမှ ချစ်ခင် တန်ဖိုးထားမည် မဟုတ်ပေ။ မိမိတို့၏ ပတ်ဝန်းကျင်တွင်လည်း မိမိက ရာထူးငယ်ပါလျက် ရာထူးကြီး သူတို့နှင့် လည်ပင်းဖက်၍ နေလိုသူများ၊ ရာထူးမြင့်သူတို့နောက် တကောက်ကောက် လိုက်၍ ထိုသူတို့အကြောင်းတတွတ်တွတ်ပြောကာ ထိုသူတို့နှင့် ရင်းနှီးသည့် အရှိန်အဝါကိုသုံး၍ ဘဝတူများအပေါ် ဖိချင်နှိပ်ချင်၊ ဟိန်းချင်ဟောက်ချင်၊ တွန်းချချင်သူများကို မကြာခဏတွေ့ကြုံဖူးပါသည်။

ထိုသူများကို ပတ်ဝန်းကျင်က လူကြီးရောဂါရှိသူများဟု အမည်ပေးသည်ကို ကြားသိခဲ့ ရဘူးပါသည်။ လူကြီးများနှင့် ရင်းနှီးမှုကို အကြောင်းပြု၍ ဘဝတူများကို အနိုင်ကျင့် လွှမ်းမိုးသူများ ဖြစ်ပါသည်။ ထိုသူများသည် အပေါစားစရိုက်ဖြစ်၍



http://mmteashop.com

လောကဝန်းကျင်၌ ခက်ခက်ခဲခဲ မရှာဖွေဘဲ တွေ့မြင်နိုင်သူများဖြစ်သည်။ ထိုသို့ ပေါပေါများများ တွေ့မိတိုင်း မောင်ခင်မင် (ဓနုဖြူ) ၏ "ဓနုသေခကို ဘီလူးစာကျွေးခြင်း" စာတမ်းကို ပြေး၍ အမှတ်ရမိသည်။

စာရေးသူသည် "မောင်ရှပ်ဆိုးနှင့် မယ်မဒ္ဒီ" တွင် လူ့စရိုက် သဘာဝမှသည် ဇာတ်တော်ကြီးမှ မယ်မဒ္ဒီ၏ ခံစားမှုဆီသို့ ဆွဲဆောင်ချိတ်ဆက်ပေးခဲ့သည်။ "ဓနုသေခကို ဘီလူးစာကျွေးခြင်း အကြောင်းတွင်မူ ဇာတ်တော်ကြီးထဲရှိ ဓနုသေခ၏ လူ့သဘာဝစရိုက်မှ ဒိဋ္ဌလောကရှိ လူ့သဘာဝဆီသို့ ဆွဲဆောင်ခေါ်ယူခဲ့ပါသည်။

ဇာတ်တော်ကြီးများသည် နက်နက်နဲနဲ ခံစားတတ်လျှင် လူ့စရိုက် လူ့သဘာဝ များကို ရှာဖွေတွေ့ရှိနိုင်သည်။ ရသခံစားမှုနှင့်အတူ ဘဝအသိရရှိနိုင်သည်။ စာပေနှင့် ဒိဋ္ဌလောကသည် ဆက်စပ်နေသည့်အလျောက် ဇာတ်တော်ကြီးနစ်စောင်မှ တဆင့် ဒိဋ္ဌလောက၏ လူမှုဆက်ဆံရေးတွင် ဆင်ခြင်သင့်၊ နှလုံးသွင်းသင့် သောအချက်များကို နားလည်ခံစားတတ်လာအောင် စာရေးသူက အတွေးလှလှ၊ စိတ်ကူးလှလှ များဖြင့် ချိတ်ဆက်တင်ပြထားပါသည်။



http://mmteashop.com

## ၁၈။ ဒဂုန်တာရာ၏ အတ္ထုပ္ပတ္တိရသစာတမ်းရေးဟန်

နိုင်ငံရေးသမား အောင်ဆန်း ရသစာတမ်းကို ဒဂုန်တာယာရေးသားသော 'ဖျတ်ကနဲ တွေ့ရသောရုပ်ပုံလွှာကားချပ်' စာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။ ရသစာတမ်း၏ သဘောမှာ စာရေးသူ၏ အတွေ့အကြုံပေါ်တွင် အခြေခံသည့် အတွေး တစ်စုံတစ်ခုကို လေးနက်စွာ ရေးဖွဲ့တင်ပြသော စာပေအဖွဲ့ပုံစံဖြစ်သည်။

အကြောင်းအရာ တစ်ခုဖြစ်စေ၊ အတ္ထုပ္ပတ္တိတစ်ခုဖြစ်စေ တင်ပြရာ၌ အကြောင်း အရာ ဖြစ်စဉ်သဘောသက်သက်ကို ရေးသားဖြင်း သဘောထက် အတွေးထင်ရှား လာစေရန် လူ့သဘာဝစရိုက် ထင်ရှားလာစေရန် ရသမြောက်၍ သရုပ်ပေါ်သော အရေးအဖွဲ့များကို သုံးနှုန်းလေ့ရှိပါသည်။

"နိုင်ငံရေးသမား အောင်ဆန်း" ရသစာတမ်းတွင် ဒဂုန်တာရာသည် ဗိုလ်ချုပ် အောင်ဆန်း၏ အကြောင်းကို ရသစာတမ်းအဖြစ် ရေးသားတင်ပြထားသည်။ ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်အတိုင်း မဟုတ်ဘဲ ဗိုလ်ချုပ်၏ ဘဝတစ်စိတ်တစ်ဒေသနှင့် လူ့သဘော လူ့သဘာဝကို တစ်စေ့တစ်စောင်း လေ့လာတင်ပြထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်များထဲမှ ဗိုလ်ချုပ်အား နိုင်ငံရေးသမားတစ်ဦးအနေနှင့် ဆောင်ရွက်ပုံ၊ တွေးခေါ်ပုံ၊ ကြိုးပမ်း အားထုတ်ပုံ ရှုထောင့်များကို ရွေးချယ်တင်ပြထားပါသည်။

ကျယ်ပြန့်လှသော ဗိုလ်ချုပ်၏ အတ္ထုပ္ပတ္တိထဲမှ အကြောင်းတစ်ခုတည်းကို ရွေး၍ အလင်းပေးပြီးလျှင် အတွေးသရုပ်ပေါ်အောင် ရွေးချယ်ပြထားသည်။ ထိုသို့ ရွေးချယ်ရာတွင် အတွေးကို ပေါ်လွင်စေသည့် အရေးအဖွဲ့များကို တွေ့ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးသမားအဖြစ် တင်ပြရာတွင် တစ်ဖက်သတ် အမြင်ကိုသာ တင်ပြခြင်းမဟုတ်ပေ။ စာဖတ်သူတို့အား ဗိုလ်ချုပ်၏ ဖြစ်ရပ်များကို တင်ပြသည်။ ကိုယ်တိုင် ဆန်းစစ်ဝေဖန်ရန် လမ်းကြောင်း ဖွင့်ပေးထားသည်။ ထို့ထက်



http://mmteashop.com

ထူးခြားသော အချက်မှာ နိုင်ငံရေးဗိသုကာ၊ နိုင်ငံရေးသုခမိန် တစ်ယောက်အကြောင်း ရေးရာတွင် ဗိုလ်ချုပ်ကို အကောင်းချည်းတင်ပြထားခြင်းမဟုတ်ဘဲ အမှန်နှင့်အမှားကို နှိုင်းယှဉ်၍ တင်ပြထားခြင်းဖြစ်ပါသည်။

ရသစာတမ်း၏ အစတွင် ဒဂုန်တာရာက 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဟူသော စာတမ်းကို ရေးသားခဲ့ခြင်းတွင်လည်း ဗိုလ်ချုပ်၏ ထင်မြင်ချက်ဖြင့် အစပျိုးတင်ပြထားသည်။

ထိုအပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းက "တာရာကတော့ ငါ့ကို အရိုင်းတဲ့ကွာ၊ ငါဟာ စင်စစ်တော့ ရိုင်းသလောက် ရိုင်းပါတယ်၊ ဒါပေမယ့် မရိုင်းတဲ့ အချက်ကလေးတွေလဲ ရှိပါသေးတယ်ကွာ" ဟု ဗိုလ်ချုပ်၏ တိုက်ရိုက်ပြောစကားကို တင်ပြခဲ့သည်။ ထိုပြောစကားကို ထည့်သွင်း ရေးဖွဲ့ခြင်းဖြင့် ဒဂုန်တာရာ၏ အမြင်အပေါ်တွင် အမှန်အတိုင်း လက်ခံပြီး မိမိကိုယ်ကိုလည်း ပြန်လည် ဆန်းစစ်တတ်သည့် ဗိုလ်ချုပ်၏ စိတ်နေသဘာဝသည် ထင်ရှားလာပါသည်။

စာဖတ်သူတို့ အနေနှင့်လည်း နိုင်ငံရေး ဆောင်ရွက်ရာတွင် အရိုးဆုံးနှင့် အပွင့်လင်းဆုံး ပြောဆိုဆက်ဆံ တတ်သော်လည်း စေတနာ ယဉ်ကျေးသိမ်မွေ့လှသည့် ဗိုလ်ချုပ်၏ စိတ်နေသဘောထားကို နားလည်စေသည့်စရိုက်ဖော်အဖွဲ့ ဖြစ်ပါသည်။

ဒဂုန်တာရာက ဗိုလ်ချုပ်အား အရိုင်းဟု တင်စားသုံးနှုန်းခြင်းမှာ ဗိုလ်ချုပ်၏ လူ့သဘာဝကို ထင်ရှားစေလို၍ တင်စားသုံးခြင်းဖြစ်သည်ဟု ရှင်းပြခဲ့ပါသည်။ ဒဂုန်တာရာက ဗိုလ်ချုပ်အား နိုင်ငံရေးသမား အောင်ဆန်းအဖြစ် လေ့လာတင်ပြရာတွင် ငယ်ရွယ်သော အသက်နှင့်မလိုက်အောင် ကြီးကျယ်ထင်ရှားလာသော အမျိုးသား ခေါင်းဆောင်ဖြစ်ရခြင်းနှင့် ပတ်သက်၍ ဒဂုန်တာရာက "တစ်ခုတည်းသော ရည်ရွယ်ချက်တွင် ဆိုက်ဆိုက်မိုက်မိုက် ထားရှိသော စိတ်ဓာတ်ဟု ထင်မြင်မိသည်" ဟု ဖော်ပြခဲ့ ပါသည်။

http://mmteashop.com

တက္ကသိုလ်ရောက်စတွင် ဗိုလ်ချုပ်နှင့် ရင်းနှီးခဲ့ရာ၌ သတိမူမိသော၊ ထူးခြားသော ဟန်ကို သရုပ်ဖော်တင်ပြရာတွင် နှိုင်းယှဉ်အဖွဲ့များဖြင့် သရုပ်ဖော် တင်ပြခဲ့သည်။ နှိုင်းယှဉ်အဖွဲ့များကြောင့် ဗိုလ်ချုပ်၏ ထူးခြားသောဟန်အမူအရာသည် ပေါ်လွင် ထင်ရှားလာပါသည်။

ဗိုလ်ချုပ်ကို အခြားသော နိုင်ငံရေးဆောင်ရွက်သူတို့နှင့် နှိုင်းယှဉ်ကာ - "သိသောသူများ အနက် ကိုအောင်ဆန်းမှာ ထူးခြားသောဟန်ဖြင့် ပေါ်လွင်နေ၏။ ထူးခြားခြင်းကား ချစ်စဖွယ် ပြုံးပြသော သခင်ဗဟိန်းကဲ့သို့ ခင်မင်စရာ လူတစ်ယောက် ကဲ့သို့မဟုတ်။ ကိုကြီးနုလို မှန်ငေးရီဝေသော အကြည့်ဖြင့် လူတစ်ဖက်သားကို ညှို့ယူသော စိတ်ညှို့ အိပ်မွေ့ချသမား ဆန်ဆန်လူမျိုးလည်း မဟုတ်။ ချစ်ခင်စွဲငြိဖွယ်ရာမျိုးကား လုံးဝမဟုတ်။ မှန်ကုတ်ကုတ် ကြောင်စင်းစင်းနှင့် ....။ မှန်ကုတ်ကုတ် တစ်စုံတစ်ရာကို အာရုံစိုက်၍ တွေးတွေးကြံဆနေသဖြင့် အတွင်းမှ လေးတက်ထက်သန်စွာ တွေးတောခြင်းမှ အပြင်မျက်နှာ အမူအရာ၌ မျက်မှောင်ကုတ်ဟန်ဖြင့် ထင်ရှားဖော်ပြလျက်ရှိနေသည်။ လူတို့သည် တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောကြံဆသည့်အခါ မျက်မှောင် ကုတ်လာတတ်သည်" ဟု သရုပ်ဖော်ရေးဖွဲ့တင်ပြခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်၏ သွင်ပြင်ပုံပန်းကို - "သူ့ကို ဘယ်ခါကြည့်ကြည့် မှန်ကုတ်ကုတ် ဟန်မူနှင့်သာ တွေ့ရသည်။ ကြာတော့ ကြောင်စင်းစင်းဖြစ်လာသည်" ဟူ၍ အမူအရာကို အထူးသရုပ် ပေါ်စေသော မှန်ကုတ်ကုတ် ကြောင်စင်းစင်း စသည့် အကောင်အထည်ပြ စကားလုံးများဖြင့် သရုပ်ဖော်ရေးသားခဲ့သည်ကို တွေ့ရသည်။

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ လွတ်မြောက်ရေး တစ်ခုတည်းကိုသာ တွေးတော နေသည့် အတွက် ထိုသို့သော သွင်ပြင် အမူအရာ ဖြစ်နေခြင်းကို - "ရှေ့တည့်တည့် ကြည့်နေသော်လည်း ကြည့်ရာသို့ မျက်လုံးကမမြင် သူ၏ အာရုံမှာ အတွေး၌သာ ဝင်လျက်ရှိနေ၏။ ထို့ကြောင့်လည်း သူ့ကို နှုတ်ဆက်တာ သိချင်မှသိသည်။ သူက ပြန်၍

နှုတ်မဆက်။ လမ်းတွင်တွေ့က ခေါ်ချင်မှပင် ခေါ်သည်။ ခပ်ကြောင်ကြောင် ဖြစ်နေ၏။" ဟူ၍ ဗိုလ်ချုပ်၏ ဓလေ့စရိုက်ကို ဝါကျတိုများဖြင့် သရုပ်ဖော်ဖွဲ့နွဲ့ထားပါသည်။

ဗိုလ်ချုပ်သည် မည်သည့်အရာကိုမှ စိတ်မဝင်စားဘဲ နိုင်ငံရေးတစ်ခုတည်းကိုသာ အာရုံထားသူဖြစ်၍ စကားပြောလျှင်လည်း နိုင်ငံရေးအကြောင်းကိုသာ ပြောလေ့ရှိသည်။ ထိုသို့သော ဗိုလ်ချုပ်၏ စရိုက်သဘာဝကို - "ရှေ့ကိုမျက်လုံးကြီးစိုက်ကာ ဗမာပြည်ကြီး လွတ်လပ်ရေးရအောင်ဟု ဒလဟောစီးကျသော စမ်းရေအဟုန်ဖြင့် သွန်ချလျက် ရှိတတ်သည်" ဟူ၍ လည်းကောင်း၊ "ထိုအခါများတွင် ဘယ်သူမှ ကြားဖြတ်ဝင်ပြော၍ မရ၊ နေဦး .... ကျုပ်ပြောဦးမယ်ဟူ၍ပင် လက်ဖြင့် ကာလျက် စိတ်ပါလက်ပါ ပြောလျက်ရှိနေ၏။ ကျွန်တော်တို့မှာ ပြုံး၍သာ နေကြရသည်။ ဤမျှ နိုင်ငံရေးစိတ်ပြင်းထန်သည်။" ဟူ၍ လည်းကောင်း တင်ပြထားပါသည်။ ဗိုလ်ချုပ်၏ ပြောဟန်ကို ထည့်သွင်း ရေးဖွဲ့ထားသောကြောင့် ဗိုလ်ချုပ်၏ အသံကို ကြားလာရသည်။ ဗိုလ်ချုပ်၏ ဟန်ကို မြင်လာရသည်။

နိုင်ငံရေးစကားကို အဆက်မပြတ် ပြောပုံကို ဒလဟောစီးကျသော စမ်းရေအဟုန်ဖြင့် သွန်ချလျက်ရှိတတ်သည်ဟု ဥပမာအလင်္ကာပေးကာ ပုံပေါ်အောင် ရေးဖွဲ့ခြင်းဟုလည်း ဆိုချင်သည်။ သဘောပြစကားလုံးကို ဝိသေသစကားလုံးများဖြင့် မြင်သာအောင် သရုပ်ဖော် တင်ပြထားသည်။ ဗိုလ်ချုပ်ကို တုံ့ပြန်ကြည့် ပတ်ဝန်းကျင်၏ ဟန်အမူအရာလည်း ပါဝင်သည်။ ထိုနည်းဖြင့် ဗိုလ်ချုပ်၏ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်ပုံကို သူ၏ အသံ၊ သူ၏ဟန်များဖြင့် သရုပ်ဖော်တင်ပြခဲ့ပါသည်။

ဗိုလ်ချုပ်သည် နိုင်ငံရေးကို ပြောရုံသာပြောသည် မဟုတ်၊ လက်တွေ့အားဖြင့်လည်း ဆောင်ရွက်ပုံကို စာရေးသူက - "ပြောသလောက်သာမက ပြောသည်ထက် လုပ်သည်။ စိုက်စိုက်၊ စွပ်စွပ်၊ ရှပ်ရှပ် လုပ်သည်။ ဂျပန်သို့ နိုင်ငံခြားလက်နက် အကူအညီ ရယူရန် သွားခြင်းက အမှောင်ထဲတွင် မိုက်မိုက်ကန်းကန်း စွန့်ရမ်းသွားခြင်းဖြစ်သည်။ ဘယ်သူမဆိုမသိအောင်သောကိစ္စ ဖြစ်၏။ အဆက်အသွယ်ကောင်း မရှိ။ မရေမရာနှင့် သူပင် ဒရွပ်ထိုးသွားခဲ့၏။" ဟု ရေးဖွဲ့ထားသည်။



http://mmteashop.com

ထိုအဖွဲ့တွင် ဗိုလ်ချုပ်၏ နိုင်ငံရေးအတွက် ရှုပ်ရှုပ်ချုံချုံ စွမ်းဆောင်မှုသည် သရုပ်ပေါ်လွင်နေသည်။ ထိုသို့ သရုပ်ပေါ်လွင်စေရန်အတွက် စိုက်စိုပ် စွပ်စွပ် ရှုပ်ရှုပ် လုပ်သည်ဟူသော အသုံးအနှုန်း၊ မိုက်မိုက်ကန်းကန်း စွန့်ရမ်းသွားခြင်း ဖြစ်သည်ဟူသော အသုံးအနှုန်း၊ ဒရှပ်ထိုးသွားခဲ့၏ဟူသော အသုံးအနှုန်းများက ကူညီပံ့ပိုးပေးထားသည်။

ဂျပန်သို့ရောက်၍ ကာနယ်စူဇူကီးနှင့် တွေ့သောအခါ ဟိုတယ်သို့ ခေါ်သွားပြီး မိန်းမယူမလားဟု မေးမြန်းရာတွင် ကြားရသည်ကိုပင် ရက်ပြီး ငြင်းလိုက်ပုံကို ဗိုလ်ချုပ် ပြောပုံကို တင်ပြခြင်းဖြင့် ဗိုလ်ချုပ်၏ နိုင်ငံရေးမှတစ်ပါး မည်သည့်အရာကိုမျှ ရောထွေးခြင်း မရှိသော စိတ်ဓာတ်ကို သရုပ်ပေါ်လွင်စေခဲ့သည်။

ဗိုလ်ချုပ်၏ နိုင်ငံရေးသမား ပီသပုံကို တင်ပြရာတွင် - "သူတွင် နိုင်ငံရေးဟူသော တစ်ခုတည်းသော အလုပ်ရည်ရွယ်ချက်ကလွဲ၍ အခြား ဘာမှမရှိ။ မကပ်ငြိ။ သည်နေရာ၌ ခနရှင် နိုင်ငံရေးသမားမျိုးနှင့် ကွာသည်။ ဝတ်ကောင်းစားလှ ဝတ်ကာ စကားလုံး အလှများကို ရွေးချယ်ပြောပြောကာ လူ့အကြိုက်လိုက်၊ လူများနှင့် သင့်မြတ်အောင် လုပ်ကာ မီးစင်ကြည့်ကသော ဂျပန်နိုင်ငံရေးသမားမျိုးနှင့် ကွာသည်။ သူ့တွင် နိုင်ငံရေး ရည်ရွယ်ချက်ကလွဲ၍ အခြားကိုယ်ရေးကြီးပွားမှု၊ ကိုယ်ရေးအာသာဆန္ဒ၊ ကိလေသာ ရမ္မက်ဖြည့်မှုတို့နှင့် ရောထွေးကပ်ငြိခြင်း မရှိ။ နိုင်ငံရေးသမားအဖြစ် ပြည့်ဝကုံလုံခြင်း ရှိသည်။ စာပေနှင့်မကင်းကွာ" ဟူ၍ အပြည့်အစုံ ရေးဖွဲ့တင်ပြထားသည်။

ဗိုလ်ချုပ်၏ နိုင်ငံရေးသမားပီသသောစရိုက် ပေါ်လွင်စေရန် အခြားနိုင်ငံရေးသမား စရိုက်များနှင့် နှိုင်းယှဉ်ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။ နိုင်ငံရေးနှင့် ပြည့်ဝကုံလုံခြင်း ရှိသည်ဟူသော အရေးအသားဖြင့် ဗိုလ်ချုပ်၏ နိုင်ငံရေးသမားပီသမှုကို ပေါ်လွင်စေခဲ့သည်။ ဗိုလ်ချုပ်၏ အမှာအမှန်များကို ယှဉ်တွဲပြပြီး နိုင်ငံရေးလောက၌ အောင်မြင်မှုရှိခဲ့ပုံကို စာရေးသူ၏ အမြင်သက်သက်နှင့် မတင်ပြဘဲ ဝိသေသအဖွဲ့များဖြင့် တင်ပြခဲ့သည်။



http://mmteashop.com

ဗိုလ်ချုပ်သေဆုံးပြီး ခြောက်နှစ်ကြာသော အချိန်တွင် အတိုးကြီးကြီးနှင့် ငွေတိုးချေးစားသော သူဌေးတစ်ယောက် အိမ်၌ ဗိုလ်ချုပ်ဓာတ်ပုံ ချိတ်ထားသည်ကို တွေ့ရပုံ၊ ၃၉ လမ်း ကြိမ်ထိုးဆိုင်ရှေ့၌ စစ်အင်္ကျီရှည်ကြီး ဝတ်ပေးထားသော ဗိုလ်ချုပ်ကို တွေ့ရပုံ၊ ပွဲနေ့များ၌ လမ်းမများရှိ မဏ္ဍပ်များအတွင်း ဗိုလ်ချုပ်ပုံကို တွေ့ရပုံတို့ဖြင့် တင်ပြထားသည်။

ထိုနည်းအားဖြင့် ဒဂုန်တာရာသည် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးသမားပီသပုံကို ထင်မြင်လာစေရန် သရုပ်ဖော်အဖွဲ့များ၊ နှိုင်းယှဉ်အဖွဲ့များကို သုံး၍ ရသမြောက်အောင် တင်ပြထားသည်။ ထိုရသစာတမ်းကို ဖတ်ရှုသူတိုင်း၏ စိတ်၌ ဗိုလ်ချုပ်၏ ကြည်ညိုလေးစားဖွယ် စရိုက်အပေါ် နှစ်သက်ခြင်း၊ ကြည်ညိုလေးစားခြင်း ဆိုသည့် စိတ်ဓာတ်များ ဖြစ်ပေါ်စေပါသည်။

http://mmteashop.com

## ၁၉။ ရသစာတမ်း၏ အတွေးနှင့် အရေးဆက်စပ်ပုံ

ရသစာတမ်း၏ သဘောမှာ စာရေးသူသည် အတွေ့အကြုံပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာသော အတွေးအမြင်တစ်ရပ်ကို စာဖတ်သူထံသို့ အရောက်ပို့ဆောင်ရေးသား တင်ပြလေ့ရှိသည်။ စာရေးသူ၏ အတွေးအမြင်ကို စာဖတ်သူ လက်ခံလာအောင် တင်ပြရာ၌ အတွေးသည် သိမ်မွေ့နက်ရှိုင်းရန် လိုအပ်သကဲ့သို့ အရေးကလည်း အတွေးကို ပံ့ပေါ်စေသော အရေးအဖွဲ့မျိုး ဖြစ်ရပ်လိုပါသည်။

အတွေးဖြင့် စာဖတ်သူ၏ စိတ်ကို စည်းရုံးဆွဲဆောင်သကဲ့သို့ အရေးဖြင့်လည်း ထိုအတွေးကို ထောက်ကူပံ့ပိုးသွားရန် လိုအပ်လှပါသည်။ ဇော်ဂျီ၏ "ဆေးရုံနှင့် ကျွန်တော်" ရသစာတမ်းတွင် ဆေးရုံနှင့်ပတ်သက်သည့် ရေးသူ၏ အတွေးကို စာဖတ်သူတို့ လက်ခံလာစေရန် ထူးခြားသော အရေးအဖွဲ့များဖြင့် ရေးသားတင်ပြ ထားသည်ကို တွေ့ရပါသည်။

"ဆေးရုံနှင့်ကျွန်တော်" ရသစာတမ်း၏ သဘောမှာ စာရေးသူသည် ဆေးရုံတက်ကာစ နေ့များတွင် ကြောက်ရွံ့စိတ်ဖြင့် ဆေးရုံကို မြင်တိုင်း ဒုက္ခဟု စွဲယူ ထင်မှတ်နေခဲ့သည်။ ထိုသို့နေရာမှ ရက်အနည်းငယ် ကြာလာသောအခါ ဆေးရုံ၏ သဘောထားကို နားလည်လာသည်။ လူသားအချင်းချင်း သတင်းမေးတတ်လာသည်။

ဆေးရုံတွင် အမှုထမ်းနေသော ဝန်ထမ်းအားလုံး၏ စွမ်းဆောင်ချက်များကို နားလည် လာသည်နှင့်အမျှ ဆေးရုံကိုကြောက်စိတ်လျော့ပါးလာသည်။ ဆေးရုံသည် ဒုက္ခမဟုတ်ဘဲ အရပ်တစ်ပါးမှ ရောက်လာသောရောဂါတို့ကို တိုက်ခိုက်ချေမှုန်းရာ အရပ်သာဖြစ်သည်။



http://mmteashop.com

ဒုက္ခချုပ်ငြိမ်းရာသို့ ပို့ဆောင်ပေးသော နေရာမှန်ဖြစ်သည်ဟု အတွေးမှန် ဝင်လာပုံကို တစ်ဆင့်ပြီးတစ်ဆင့် စည်းရုံးတင်ပြထားသည်။ စာရေးသူသည် ဆေးရုံဟု ဆိုလျှင် ဒုက္ခနှင့် တွဲ၍ မြင်နေတတ်သည်။

ဆေးရုံနှင့်ဒုက္ခကို အမြဲယှဉ်တွဲ၍ မြင်နေသည့် ယေဘုယျသဘောကို ဝိသေသပြုကာ - "ဤသို့ဖြင့် ဆေးရုံနှင့် ဒုက္ခတွဲနေသည်ဟု ထင်စရာဖြစ်လာသည်။ လမ်းမမှ ပဲပြုတ်သံကို ကြားတိုင်း ပဲပြုတ်သည် ဒေါ်တိုးကို သတိရလိုက်သကဲ့သို့ ဖြစ်သည်။ 'နွားနို့' ဟစ်သံကို ကြားတိုင်း နွားနို့သည် ကုလားဘာဘူကို သတိရလိုက်သကဲ့သို့ ဖြစ်သည်" ဟု ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားသည်။

ဆေးရုံနှင့် ပတ်သက်၍ ထိုကဲ့သို့ တွေးတောပုံကို - " ကျွန်တော်သည်ဆေးရုံကို မြင်တိုင်း ထိုသို့တွေး၍၊ ထိုသို့ သတိရ၍၊ ထိုသို့စွဲ၍၊ ထိုသို့ယူချင်စိတ်ပေါက်ခဲ့ဘူးသည်" ဟူ၍ တင်ပြခဲ့ပါသည်။

ထိုအရေးအဖွဲ့တွင် "၍" ဆိုသည့် အသုံးပြစကားလုံးကို ဆက်တိုက် သုံးခြင်းဖြင့် တွေးတိုင်း သတိရတိုင်း ထိုအစွဲသာ ပေါ်ပြီးရင်းပေါ်ရင်း ဖြစ်နေသော စိတ်ခံစားမှုကို -

ထိုသို့တွေး၍

ထိုသို့သတိရ၍

ထိုသို့စွဲ၍ ဟူသော စကားစုများသည် ပုံစံတူအဖွဲ့များဖြစ်သည်။ စာရေးသူ၏ စိတ်အစွဲကို ပုံစံတူ ဝါကျရှည်တစ်ခုတည်းနှင့် စုစည်းတင်ပြထားသည်ကို တွေ့ရသည်။

ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသည် ၂၀ ရာစုခေတ်ဦး၏ လက်ရာဖြင့် ခံ့ညားနေသည်ဟူသော သဘောကို တင်ပြရာ၌ အကောင်အထည်ပြစကားလုံးများကို သုံး၍ "ဘီးဆံပတ်နှင့် မဟာနဖူးနှင့်၊ ပဝါရှည်နှင့်၊ ရင်ဖုံးအင်္ကျီလက်ပွနှင့်၊ အချိတ်ထမီနှင့်၊



http://mmteashop.com

ပုသိမ်ထီးနှင့် ခံ့ခံ့ညားညား ဝတ်ဆင်ထားသော ယခင်ခေတ် မြန်မာအမျိုးသမီးကြီးကဲ့သို့ ဖြစ်သည်။" ဟု မြင်ယောင်လာအောင် ရေးဖွဲ့တင်ပြသည်။

တစ်နည်းအားဖြင့် ယေဘုယျသဘောကို ဝိသေသသဘောဖြင့် သရုပ်ဖော် တင်ပြထားသည်ဟု ဆိုနိုင်သည်။ ထိုဝါကျရှည်အဖွဲ့တွင် 'နှင့်' ဆိုသည့် အသုံးပြ စကားလုံးကို (၆) ကြိမ်အထိ ဆက်တိုက်သုံးခြင်းဖြင့် ဆေးရုံကြီးအား တင်စား ထားသော အချက်များသည် စည်းစည်းရုံးရုံးနှင့် ပေါ်ပေါက်လာပါသည်။

စာရေးသူသည် အချို့နေရာများ၌ မေးခွန်းဝါကျများကို သုံး၍လည်း ဆေးရုံနှင့်ပတ်သက်လျှင် စိတ်စောပြီး အနိဋ္ဌာရုံသဘော ဝင်နေသည့် စိတ်လှုပ်ရှားခံစားမှုကို ပေါ်လွင်အောင် ရေးသားခဲ့သည်။

စာရေးသူ ဆေးရုံတက်စဉ်က ဆေးရုံ၏ ဆင်ဝင်အောက်တွင် လူနာတင်ကား ဝင်လာသည်နှင့် စိုးရိမ်စိတ် ဝင်လာပုံကို - "အဆော့လွန်သောကြောင့်၊ အတတ်ဆန်း သောကြောင့် သစ်ပင်ပေါ်မှ လိမ့်ကျ၍ ခြေကျိုးလာသလော။ လခထုတ်ကာစ ဖြစ်သောကြောင့် အရက်မူး၍ အချင်းချင်း ရိုက်ကြသဖြင့် ခေါင်းကွဲလာကြသလော။ ဖဲဝိုင်း၊ အနီထောင်ဝိုင်းမှာ လောဘ၊ ဒေါသကြောင့် ဓားနှင့်ထိုး၍ အူထွက်လာသလော" စသည်ဖြင့် ပုံစံတူ မေးခွန်းဝါကျ အမျိုးမျိုးကိုသုံး၍ ရေးသားတင်ပြထားပါသည်။

ထို့အတူပင် ခွဲစိတ်ခန်း၌ မီးလင်းနေလျှင်လည်း စိတ်လှုပ်ရှားနေသည့် စာဆို၏ ခံစားမှုကို - "ထိုအခါ အရေးပေါ် လူနာ၏ ဝမ်းဗိုက်ကိုခွဲနေပြီလော။ အူသိမ်အူမကို ဖြတ်နေပြီလော။ အဆုတ်ကို ဖောက်နေပြီလော။ နှလုံးကို လှီးနေပြီလော။ နံရိုးကို လွှဖြင့်တိုက်နေပြီလော စသည်ဖြင့် အရမ်းကာရော တွေးချင်ရာတွေးတော၍ ဒုက္ခကိုပင် သတိရလိုက်သည်။" ဟု မေးခွန်းဝါကျများကို စုပေါင်း၍ ပုံစံတူအပြိုင်အဖွဲ့များဖြင့် ရေးသား တင်ပြထားပါသည်။ ထိုအဖွဲ့များကြောင့် ဆေးရုံနှင့်ပတ်သက်လျှင် ကြောက်ရွံ့ တုန်လှုပ် နေသော စာဆို၏ စိတ်ခံစားမှုသည် ပေါ်လွင်ထင်ရှားလာပါသည်။



http://mmteashop.com

ဆေးရုံတွင် ကြုံတွေ့ရသော လူနာတို့၏ အမူအရာကိုလည်း စာရေးသူက စာဖတ်သူ၏ စိတ်အာရုံ၌ ထင်ရှားလာစေရန် - "အချို့လည်း ခုတင်၌ လျောင်းလျက်၊ အချို့လည်း ခုတင်၌ထိုင်လျက်၊ တစ်ဦးနှစ်ဦးသည် ခပ်ခွေခွေ။ နှစ်ဦးသုံးဦးသည် တညည်းညည်း တညူညူ" ဟူ၍ အဆုံးသတ်နောက်ဆက် မပါသော ပုံစံတူ ဟန်ချက်ညီဝါကျတို အဖွဲ့များဖြင့် သရုပ်ဖော်တင်ပြထားသည်။

ဆေးရုံရှိ လူနာတို့၏ ဒုက္ခကို ပေါ်လွင်စေရန် ခုတင်တစ်ခုတွင် လူနာတစ်ဦး၏ နှာခေါင်းတွင်းသို့ ရာဘာပြွန်ငယ်သွင်းထားသည်။ ပြွန်ငယ်ပြုတ်မကျ။ ကွာမကျအောင် ပြွန်ငယ်ကိုအုပ်လျက် မျက်နှာ၏ ထိုနေရာ ဤနေရာတို့၌ ပလာစတာ ကပ်ထားသည်ဖြစ်ရာ သူ့မျက်နှာသည် ရွှေတိဂုံဘုရားစောင်းတန်းမှာ ရောင်းသော ဘီလူးခေါင်းနှင့်တူတော့သည်။ ဟု ဝိသေသအဖွဲ့ဖြင့် သရုပ်ဖော်တင်ပြထားပါသည်။

လူနာအချင်းချင်း ရင်းနှီးလာသည်နှင့်အမျှ အပြုံးချင်းဖလှယ်ကြပုံကို - "ထိုမှ တစ်စတစ်စ သူ့အပြုံး၊ ကိုယ့်အပြုံးတို့သည် တစ်ခုတင်မှ တစ်ခုတင်သို့၊ တစ်ထောင့်မှ တစ်ထောင့်သို့ ကူးသန်းပျံ့ဝဲလာကြပါတော့သည်" ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထိုနေရာတွင် 'မှ' နှင့် 'သို့' ဆိုသည့် အသုံးပြစကားလုံးများကို ပုံစံတူသုံး၍ ပုံစံတူဟန်ချက်ညီ ဝါကျရှည်ဖြင့် သရုပ်ဖော်ဖွဲ့နွဲ့ထားသည်။

ထိုဝါကျအဖွဲ့သည် သွက်လက်သည်နှင့်အမျှ ဆေးရုံကို ဒုက္ခဟု စွဲနေရာမှ ပြုံးတတ်ပျော်တတ်လာသည့် စာရေးသူ၏ ခံစားမှုသည် ဝါကျ၏ အသံတွင်ပေါ်လွင်နေသည်။

ဆေးရုံဝန်ထမ်းများ၏ မိုးလင်းသည်နှင့် အဆက်မပြတ်လှုပ်ရှားကြပုံကို - "နံနက်မိုးသောက် အလင်းရောက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် လူနာဆောင် ခန်းမတွင် ပျားပန်းခပ်သကဲ့သို့ ပျံ့သန်းနေကြရသည်။ သူတို့ ဆေးခန်းမှ လူနာဆောင်



http://mmteashop.com

ခန်းမသို့ လူနာဆောင်ခန်းမမှ သူတို့ဆေးခန်းသို့ ရက်ကန်းရှယ်သကဲ့သို့ အခေါက်ခေါက် အခါခါ ကူးချည်သန်းချည် ပြုနေကြရသည်။" ဟု သရုပ်ဖော်ရေးဖွဲ့ထားသည်။

'ပျားပန်းခပ်သကဲ့သို့' 'ရက်ကန်းရှယ်သကဲ့သို့' ဆိုသည့် အကောင်အထည်ပြ စကားလုံးများ တစ်နည်းအားဖြင့် ဥပမာ အလင်္ကာများကို သုံး၍ ထင်ရှားအောင် သရုပ်ဖော်ထားသည်။

အနီဝတ်ဆရာများ၏ အခန်းကဏ္ဍကိုတင်ပြရာ၌ - "ဆေးတိုက်စရာရှိလျှင်လည်း သူတို့ဖြစ်သည်။ ဆေးထည့်စရာ ရှိလျှင်လည်း သူတို့ ဖြစ်သည်။ ဆေးထိုးစရာရှိလျှင်လည်း သူတို့ ဖြစ်သည်" ဟု ပုံစံတူ ဝါကျတိုအဖွဲ့များဖြင့် တင်ပြထားရာ နေရာတိုင်းတွင် ပါဝင်လှုပ်ရှား ရသော်လည်း သွက်လတ်ဖျတ်လတ်နေသည့် သူနာပြုဆရာမတို့၏ အမူအရာသည် ထင်ရှားပေါ်လွင်လာသည်။

ဆေးရုံကို ဒုက္ခဟု ထင်ရာမှ အတွေးမှန်ဝင်လာပုံကို တင်ပြရာ၌ - "ဒုက္ခချုပ်ငြိမ်းရာသို့ နည်းအမျိုးမျိုးဖြင့် ပို့ပေးနေသော မဂ်လမ်းတစ်မျိုးသာ ဖြစ်၏ဟု တတိယ အတွေးကို ကျွန်တော် တွေးတတ်သောကြောင့် ဖြစ်သည်" ဟု တည်ငြိမ်သော စာဟန်ဖြင့် ရေးသားတင်ပြခဲ့ပါသည်။ စာရေးသူ၏ စိတ်တည်ငြိမ်လာသည်နှင့်အမျှ အတွေးတည်ငြိမ်လာပုံကို တည်ငြိမ်ခံ့ညားသော ရေးဟန်ဖြင့် ရေးဖွဲ့ထားပါသည်။

'ဆေးရုံနှင့်ကျွန်တော်' ရသစာတမ်းတွင် ဆရာဇော်ဂျီသည် ဆေးရုံနှင့် ပတ်သက်သည့် အစွဲအလန်း၊ ဆေးရုံရှိဝေဒနာရှင်များ၊ ဆေးရုံဝန်ထမ်းများ၏ အကြောင်းများကို ပုံစံတူ ဟန်ချက်ညီ ဝါကျတို၊ ဝါကျရှည်များ၊ မေးခွန်းဝါကျများကို နေရာတကျ သုံးစွဲ၍ သရုပ်ဖော်ရေးဖွဲ့ထားသည်။ဆိုလိုချက် ပေါ်လွင် ထင်ရှားစေရန် အနက်ပြ စကားလုံးများ၊ အသုံးပြုစကားလုံးများ အကောင်အထည်ပြစကားလုံးများကို နေရာတကျသုံးစွဲထားသည်။

http://mmteashop.com

အချို့နေရာများတွင် ဥပမာအလင်္ကာများ၊ ဝိသေသအဖွဲ့များကိုသုံးခြင်းဖြင့်လည်း ဆေးရုံ၏သရုပ်လည်း ပေါ်လွင်လာပါသည်။ ထိုရသစာတမ်းသည် အတွေးကောင်း သည်နှင့်အမျှ အရေးက ပံ့ပိုးထောက်ပံ့ထားသော စာတမ်းတစ်ပုဒ်ဟု ဆိုရပါမည်။

http://mmteashop.com

## ၂၀။ ရသစာတမ်း၏ သွင်ပြင်လက္ခဏာများ

ရသစာတမ်းကို စာတမ်းငယ်ဟုလည်း ခေါ်ဆိုပါသည်။ စာတမ်းဆိုသည်မှာ အကြောင်းအရာတစ်ရပ်ကို လွယ်ကူ ပေါ့ပါးစွာ စကားပြေဖြင့် မတိုမရှည်ဖွဲ့လေ့ရှိသော အဖွဲ့မျိုး ဖြစ်သည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ စာရေးသူ၏ စိတ်တွင် ထိတွေ့ခံစားရသည့် အတိုင်းသာ ရေးဖွဲ့သည်ဟု ဗြိတန်နိကာစွယ်စုံကျမ်း၌ ဖွင့်ဆို ထားပါသည်။

မာရီယော့ ဆိုသော ပညာရှင်ကလည်း - "အက်ဆေးအစစ်အမှန် (စာတမ်းငယ်) ဟူသည် ပေ့ါပေ့ါပါးပါး ကိုယ်ရေးကိုယ်တာ ဆန်ဆန်ရေးဖွဲ့သော စာပေအဖွဲ့မျိုးဖြစ်သည်။ စာရေးသူ၏ စိတ်တွင် ထိတွေ့ခံစားရသည့်အတိုင်း အကြောင်းအရာတစ်ရပ်ကို ပေ့ါပေ့ါကလေး ရေးဖွဲ့သည်။" ဟူ၍ ဖွင့်ဆိုထားပါသည်။

ဟယ်ရီရှော၏ စာပေဝေါဟာရ အဘိဓာန်တွင် - "အာဘော်တစ်ခု၊ အကြောင်းအရာ တစ်ရပ်ရပ်ကို ယေဘုယျအားဖြင့် အတွေးအခေါ်ပါပါ အဓိပ္ပာယ်ပါပါ စကားပြေဖြင့် ရေးဖွဲ့လေ့ရှိသော ခပ်တိုတိုစာပေအဖွဲ့" ဟူ၍ ဖွင့်ဆိုထားပါသည်။ ထိုအဖွဲ့မျိုးသည် အနောက်နိုင်ငံများမှာ ပေါ်ထွန်းခဲ့ပြီ။ မြန်မာနိုင်ငံတွင်မူ ၂၀ ရာစု၌ စတင် ပေါ်ထွန်းလာပါသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဆရာဇော်ဂျီက - "ကိုယ့်ပတ်ဝန်းကျင်၌ နေ့စဉ်နေ့တိုင်း လှုပ်ရှားသွားလာရင်း မြင်မိကြားမိ သတိရမိ တွေးမိသမျှတို့ကို ပရိသတ်၌ မြင်ယောင်ယောင် ကြားယောင်ယောင် ဖြစ်လာအောင် ခံစားရမှုတစ်ခုခုပေါ်လာအောင် ခံစားမှုအသိဖြင့် လည်းကောင်း၊ စိတ်ကူးဉာဏ်စွတ်၍လည်းကောင်း ရေးသားရသော စာပေဟန်စာတမ်းမျိုးသည် ဤနှစ်ငါးဆယ်အတွင်းမှာမှ ရသစာပေအဖွဲ့ တစ်ခုအဖြစ်နှင့် အခိုင်အမာရပ်တည် လာသည်ကို တွေ့ရသည်။" ဟူ၍ မိန့်ဆိုခဲ့ဘူးပါသည်။



http://mmteashop.com

ရသစာတမ်း၏ သွင်ပြင်လက္ခဏာများမှ

- စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ပေါ်နေခြင်း။
- အကြောင်းအရာထက် အတွေးအမြင် ခံစားမှုတို့ကို အားပြုခြင်း။
- စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း။
- တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ထားသော အရေးအဖွဲ့မျိုးဖြစ်ခြင်း။
- စာဖတ်သူကို နှစ်သက်မှုရသပေးခြင်းတို့ ဖြစ်ပါသည်။

ရသစာတမ်းများတွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးများကို တွေ့ရတတ်ပါသည်။ ကိုယ်ရည်ကိုယ်သွေးဆိုရာ၌ စာရေးသူ၏ ကံသုံးပါး အမူအရာကို ဆိုလိုပါသည်။ ရသစာတမ်းဖြစ်သည့်အတွက် ရသဖြစ်ပေါ်မှုဖြစ်စဉ်ကဲ့သို့ပင် စာရေးသူ၌ ဘဝ အတွေ့အကြုံရှိရပါမည်။ ထိုအတွေ့အကြုံပေါ်တွင် စာရေးသူ၏ ပင်ကိုစရိုက်အတိုင်း ခံစားမှု တွေးမြင်မှုများ ဖြစ်ပေါ်လာရပါမည်။

ပင်ကိုစရိုက်အတိုင်း တွေးမြင်မှုတို့ကို ပြန်လည်ရေးသားသည့် အတွက် ရသစာတမ်းတွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး (သို့မဟုတ်) စိတ်နေ သဘောထားသည် ထင်ဟပ်နေခြင်းမှာ သဘာဝကျပါသည်။ ဆရာဇော်ဂျီသည် အမျိုးသား စာဆိုဟု ဂုဏ်ပြုခေါ်ဆိုရလောက်အောင် မျိုးချစ်စိတ်ကိုအခြေခံ၍ စာပေများကို ပြုစုခဲ့သည်။

မျိုးချစ်စာဆို တစ်ဦးဖြစ်သည်။ သူသည် အတိတ်ခေတ် ပုဂံသားတို့၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံတည်ဆောက်မှုအပေါ်တွင် ကြည်ညိုလေးစားစိတ်၊ မြန်မာ ယဉ်ကျေးမှု အအနုပညာလက်ရာများအပေါ် ဂုဏ်ယူဝံ့ကြွားစိတ်တို့ကို 'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်' ရသစာတမ်းတွင် တွေ့ရပါသည်။ ဆရာကြီးသည် မျိုးချစ်စာဆိုပီပီ ပြည်ထောင်စု စိတ်ဓာတ်ကို အလေးထားသူ ဖြစ်သည်။



http://mmteashop.com

လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်သည် အထူး လိုအပ်သည်ဟု ခံယူထားသူ ဖြစ်သည်။ ထိုသဘောကို 'ပြည်ထောင်စုနှင့်ကျွန်တော်' ရသစာတမ်းတွင် တွေ့နိုင်ပါသည်။ ဆရာဇေယျသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံမျိုးကို မြတ်နိုးသူဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု၏ အခြေခံသည် တောရွာများမှ စသည်ဟု လက်ခံထားသူ ဖြစ်သည်။

ထို့ပြင် ကျေးလက် တောရွာသားတို့၏ ရိုးသား၍ ဘဝကို ကြံ့ကြံ့ခံနိုင်မှု အပေါ်၌လည်း ချစ်ခင်လေးစားသူ ဖြစ်သည်။ ထိုသို့သောဆရာဇေယျ၏ စိတ်ဓာတ်တို့ကို ကန်စွန်းနွယ်၊ ကောက်ရိုးနွယ်နှင့် မြန်မာ့မျက်ဖွင့် ရသစာတမ်းများတွင် ထင်ဟပ်နေသည်ကို တွေ့ရပါသည်။

ရသစာတမ်း၏ ဒုတိယလက္ခဏာမှာ အကြောင်းအရာထက် အတွေ့အမြင် ခံစားမှုတို့ကို အားပြုခြင်း ဖြစ်ပါသည်။ ထို့အချက်သည်လည်း စာရေးသူနှင့် ပတ်သက်ပါသည်။ စာရေးသူဆိုင်ရာ သွင်ပြင်လက္ခဏာဟု ဆိုထားပါသည်။ စာရေးသူသည် အတွေးပေါ်တွင် အခြေခံ၍ ရသစာတမ်းကို အားပြုဖန်တီးလေ့ရှိသည်။

သို့ဖြစ်၍ ရသစာတမ်း၏ ရသမြောက်ခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်း တို့သည် အကြောင်းအရာ၌ မူမတည်ပါ။ မည်သည့် အကြောင်းအရာပေါ်၌မဆို စာရေးသူ၏ သိမ်မွေ့နက်ရှိုင်းစွာ တွေးခေါ်ဆင်ခြင်ပြနိုင်မှုပေါ်၌သာ မူတည်ပါသည်။ တိုက်စိုး၏ 'သုခမ' ရသစာတမ်းတွင် လူအများ သိပြီးဖြစ်သော အကြောင်းအရာကိုပင် အလေးအနက်ထား၍ တွေးခေါ်ပြ ထားသည်ကို တွေ့ရသည်။ မြေပြင်နှင့် ကောင်းကင်ကြားတွင် ကျက်စား နေကြသော သတ္တဝါတို့တွင် လူသားသည်သာ အထူးခြားဆုံး ဖြစ်သည်ဟူသော အတွေးကိုခိုင်မာအောင် တွေးခေါ်ပြထားသည်။

စာရေးသူ၏ ဇနီးသည်သည် "တိတ်ရီကော်တာ" တင်ရန် ဘီရိုပုလေးကို ဝယ်ယူရာမှ အစပျိုးထားသည်။ ထိုအဆင်တန်ဆာကလေးသည် ဧည့်ခန်းနှင့်လိုက်ဖက်၍

အဆင်ပြေ ညီညွတ်သွားသည်။ ထိုမှတစ်ဆင့် လူသားတို့သည် အလှအပကို ကြိုက်နှစ်သက်တတ်သလို ဖန်တီးလိုကြသည်။ ရန်ကုန်မြို့တွင်း အိမ်ခန်းကျဉ်းကျဉ်း၌ နေရာတွင် ပန်းစိုက်အိုးကလေးများကို ညှော်ခန်းတွင်ထားကြသည်။ ထိုအိုးများမှ မွှေးကြိုင်သောရနံ့ကို ရှူရှိုက်နိုင်ရန်နှင့် ပန်းကလေးများ၏ အလှကို နှစ်သက်၍ အလှအပကို ခံစားတတ်သောစိတ်ကို အခြေခံကာ ပန်းချီပန်းပု အဆိုအက အတီးအမှုတ်စသည့် သုခုမအနုပညာတို့ ပေါ်ထွန်းလာပြီးလျှင် ကျေနပ်နှစ်သက်မှုကို ဖြစ်ပေါ်စေသည်။

တိရစ္ဆာန်တို့သည် စားရန်နှင့်မျိုးဆက်ပြန့်ပွား၍သာ အားထုတ်တတ်ကြသည်။ လူတို့ကမူ လောက၏ နှစ်သက်စရာတို့ကို မြင်တတ်ကြားတတ် ဖန်တီးတတ်သည်။ ထိုနည်းအားဖြင့် လောကသည်။ လှပရှင်သန်ပြီးလျှင် နေချင်စဖွယ်ဖြစ်လာသည်။ ထို့ကြောင့် လောကရှိ သတ္တဝါထဲတွင် လူသားသည်သာ အထူးခြားဆုံးဖြစ်သည်ကို လက်ခံလာအောင် တင်ပြထားပါသည်။

ရသစာတမ်း၏ တတိယလက္ခဏာမှာ စာဖတ်သူတို့အားဆွဲဆောင်နိုင်သော စကားပြေအဖွဲ့မျိုးဖွဲ့ခြင်းဖြစ်ပါသည်။ ရသစာတမ်းသည် အတွေးကိုအခြေခံ၍ စာဖတ်သူ၌ နှစ်သက်ခံစားမှု ဖြစ်စေရန် ရေးဖွဲ့ရခြင်းဖြစ်သည့်အတွက် အရေးအသားသည် နှစ်သက်ဖွယ် ဖြစ်ရန် လိုအပ်ပါသည်။

တက္ကသိုလ်မြတ်စိုး၏ 'သုံးနာရီ' ရသစာတမ်းတွင် စာမေးပွဲဖြေဆိုသူတို့၏ စဉ်းစားနေပုံ အမျိုးမျိုးကို - " ဤသို့ဖြင့် ဒူးနှံ၍ စဉ်းစားသူ၊ မျက်မှောင်ကုပ်၍ စဉ်းစားသူ၊ မျက်လုံးကလေး ပေကလပ် ပေကလပ် တပ်၍ စဉ်းစားသူ၊ ခြေမနှင့်ခြေညှိုးအချင်းချင်း ပွတ်၍ စဉ်းစားသူ၊ တံတွေးတမျိုမျိုနှင့် စဉ်းစားသူ၊ မေးကိုပွတ်၍ စဉ်းစားသူ၊ မျက်နှာကျက်ကို မျှော်ကာ စဉ်းစားသူတို့ဖြင့် စုံလှစွာသောဟူ၏" ဟူ၍ သရုပ်ဖော် ရေးဖွဲ့ထားသည်။



http://mmteashop.com

ဝါကျရှည်တစ်ခုတည်းတွင် ပုံစံတူဟန်ချက်ညီ စကားစုများဖြင့် သရုပ်ပေါ်အောင် ဖွဲ့နွဲ့ထားပုံ၏မှာ သွက်လက်မြူးကြွ၍ နှစ်သက်ဖွယ်ဖြစ်ပါသည်။ စာမေးပွဲပြီးသောအခါ အခန်းအပြင်သို့ ထွက်သွားသူတို့၏ အနေအထားကို - "အခန်းပြင်၌ကား လက်ပံပင် ဆက်ရက်ကျသည်ပမာ ညည်းသူညည်း၊ တွားသူတွား၊ ကြွားသူကြွား၊ မော်သူမော်၊ ပျော်သူပျော်၊ မဲ့သူမဲ့နှင့် တကဲ့ရှုမြင်ကွင်းပါပေ" ဟု ဝါကျရှည်တစ်ခုတည်းတွင် ပုံစံတူ ဟန်ချက်ညီအဖွဲ့များဖြင့် လည်းကောင်း၊ ကြိယာများကို နှစ်ကြိမ်ထက်၍ သုံးစွဲခြင်းဖြင့် လည်းကောင်း၊ သရုပ်ပေါ်လွင်၍ နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ရသစာတမ်းတွင် အကြောင်းအရာ သရုပ်ပေါ်လွင်လာရန်အတွက် ဝါကျဟန်သည် အရေးပါသည်။ တက္ကသိုလ်မြတ်စိုး၏ "မှန်စီတိုင်ကြီး" ရသစာတမ်းတွင် - "မှန်များသည် တစ်ခုနှင့်တစ်ခု သဏ္ဍာန်ချင်း မတူကြချေ။ အချို့ဝိုင်းသည်၊ အချို့ချွန်သည်၊ အချို့ပြေသည်၊ အချို့ထောင်သည်၊ အချို့ပုသည်၊ အချို့မျောသည်" ဟု ပုံစံတူ ဟန်ချက်ညီအဖွဲ့များဖြင့် သရုပ်ပေါ်မှုလည်းရှိ စာဟန်လည်း သွက်လက်အောင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ထိုနည်းဖြင့် မှန်စီတိုင်ကြီး၏ သရုပ်ကို ပေါ်လွင်လာစေခဲ့ပါသည်။

စတုတ္ထလက္ခဏာမှာ တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ထားသော အရေးအဖွဲ့ဖြစ်ခြင်း ဖြစ်ပါသည်။ ရသစာတမ်းတွင် ကျမ်းပြုသကဲ့သို့ စေ့စေ့စုံစုံပြရန် မကြိုးစားဘဲ ပြသင့်သမျှကိုသာ ကျွမ်းကျင်စွာ စည်းရုံးပြီး ရေးဖွဲ့ပြလေ့ရှိပါသည်။ စာတမ်းငယ်တွင် တစ်ကွက် နှစ်ကွက်ကောင်း ပြရသည့်အတွက် ပြသူ၏ ကျွမ်းကျင်မှု၊ အတတ်ပညာသည် အလွန်အရေးပါသည်။ စာဖတ်သူ စိတ်ဝင်စားမည်ဖြစ်သည်။ အဆီလျော်ဆုံးအချက်ကို ရွေးပြီး ဇာတ်လမ်း စီစဉ်ရေးဖွဲ့ရသည့်အတွက် စ လယ် ဆုံး အံ့ဝင်ခွင်ကျဖြစ်ရန် လိုပါသည်။

အောင်နိုင် (ရွှေဇာမြိုင်) ၏ 'ပြန်လှန်၍မရသော စာမျက်နှာ' ရသစာတမ်းတွင် လူ့ဘဝသည် စာအုပ်နှင့်မတူ၊ စာအုပ်တွင် မဖတ်မိသေးသည်တို့ကို ပြ၍ဖတ်နိုင်သည်။ လူ့ဘဝ၌မူ ငယ်စဉ်မှစ၍ အိုသည့်တိုင်အောင် ဖြစ်ရပ်များကို စီကာစဉ်ကာ မှတ်သားထား၍

မရပေ။ မမေ့ချင်သော အရာသည် မေ့နေတတ်သည်။ ပြန်လှန်ကြည့်၍ မရနိုင်ပေ။ မေ့ချင်သော အရာများမှာမူ စာအုပ်ကဲ့သို့ ဆွဲဆုတ်ဖယ်ရှားပစ်၍ မရနိုင်။ စိတ်ထဲ၌ စွဲမြဲ၍ ကျန်ရစ်နေတတ်သည်။ ထိုသဘောကို တင်ပြရာတွင် ဝတ္ထုတစ်ပုဒ်ကို ဖတ်ရာ မမှတ်မိသောအချက်များကို ပြန်လှန်ကြည့်၍ သိလာရပုံကို ဖော်ပြသည်။ ထိုမှတစ်ဆင့် လူတစ်ယောက်နှင့်တွေ့ရာ ထိုသူ့ကို မမှတ်မိသည့်အတွက် အားမရပုံကို ဖော်ပြသည်။

စာအုပ်နှင့် လူ့ဘဝမတူပုံကို ဆက်စပ်ပြသည်။ စာအုပ်တွင် အချို့မျက်နှာများကို မသိချင်မဖတ်ချင်လျှင် ပျက်စီးပစ်နိုင်သည်။ လူ့ဘဝ၌ ထိုသို့ မဖြစ်နိုင်ပုံကို တက္ကသိုလ်တွင် ချစ်ခဲ့မိသော မိန်းကလေးအကြောင်းကို မေ့ချင်သော်လည်း မည်သို့မျှ မေ့လို့မရပုံ ဆက်စပ်တင်ပြထားပါသည်။

စာအုပ်နှင့် လူ့ဘဝကို ဆက်စပ်ပြရာတွင် အတွေးကွက်သုံးကွက်ကိုသာ သုံး၍ တိုတိုကျဉ်းကျဉ်း တင်ပြထားသည်။ ပဌမအချက်မှာ စာဖတ်သူကို နှစ်သက်မှု ရသပေးခြင်းဖြစ်ပါသည်။ စာရေးသူက သူ၏ ခံစားအသိကို ကူးစက်သွားအောင် ပို့ပေးခြင်း ဖြစ်သည်။ သူမြင်ရ ကြားရ ခံစားရသလို စာဖတ်သူ မြင်ယောင် ကြားယောင်လာအောင် ခံစားမှုပေါ်လာအောင် ဖတ်သည်။ စာဖတ်သူသည် ရသစာတမ်းကို ဖတ်ပြီးနောက် အနည်းနှင့်အများ နှစ်သက်မှုဖြစ်ရသည်၊ ပီတိဖြစ်ရသည်။

အောင်သင်း 'မထင်ရှား၍သာ' ရသစာတမ်းတွင် ကမာရွတ်၊ လှည်းတန်း၊ ရောက်ပင်ခြံ မီးလောင်ရာ၌ သားသမီးများကို ဦးစားပေး၍ လွတ်အောင်ကြိုးစား ရသောကြောင့် အဖိုးတန်ပစ္စည်းများဆုံးရှုံးရသော မိခင်တစ်ဦး၏ ဖြစ်ရပ်ကို တင်ပြခဲ့သည်။ သို့ရာတွင် မိခင်အနေနှင့် သားသမီးများသောကြောင့် ပစ္စည်းများဆုံးရှုံးရသည်မဟုတ်ပါဟု အတွေးကို အစချီလျက် ဤလောကတွင် တရားခံဖော်ထုတ်နိုင်သော မှုခင်းများ ရှိကြောင်းကို ဆက်နွယ်၍ တင်ပြသွားသည်။ ဤလောက၌ မထင်ရှားသော တရားခံ ရှာမရသည့် နစ်နာဆုံးရှုံးမှုများရှိသကဲ့သို့ မထင်ရှားသောကျေးဇူးရှင်များလည်း ရှိသည်။

http://mmteashop.com

ထိုမထင်ရှားသော ကျေးဖူးရှင်များ၏ နစ်နာမှုများကို ဖော်ထုတ်ကြည့်ချင်သည်ဟု စည်းရုံးဆွဲဆောင် တင်ပြသည်။ ထိုမှတစ်ဆင့် "မောင်ညီမသားချင်းများလျက်၊ မိခင်တွင် ကိုယ်ခွဲလက်ဖယ် မရှိသောကြောင့် ကျောင်းနေခွင့်မရဘဲ မီးဖိုချောင်၊ ကလေးထိန်းအဖြစ် ဘဝတုံးသွားရှာသော အစ်မကြီးများကို ကျွန်တော် အလွန်သနားပါသည်" ဟု တင်ပြထားရာ စာဖတ်သူ၏ ရင်ကို လှုပ်ရှားသွားစေသည်။ မောင်ညီမများမှာ ပညာရဲရင့် ပွဲလယ်တင့်သော်လည်း ထိုအစ်မကြီးများသည် လူကြားထဲတွင် စကားပင် မပြောနိုင်ပုံ - "သူ၏ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတို့ကို မည်သူကမှ အသိအမှတ် မပြုပါ။ သူ့ကိုယ်တိုင်ကလည်း ပညာမတတ်၍ မပြောတတ်ရှာပါ။" ဟု ဆိုလိုချက်သို့ ရောက်အောင် တင်ပြခဲ့သည်။

အစနှင့်အဆုံးသည် အလွန်အလှမ်းကွာသည်။ သို့ရာတွင် စာရေးသူသည် အစနှင့်အဆုံးကို ဆက်စပ်မှုရှိအောင် စည်းရုံးတင်ပြသည့်အတွက် အဆုံး၌ ပတ်ဝန်းကျင်တွင် အမြဲမပြတ် တွေ့နေရသော အစ်မကြီးများကို ထင်မြင်လာပြီးလျှင် ကရုဏာစိတ်၊ စာနာစိတ်များ ဖြစ်တတ်သည့်အဆင့်သို့ ရောက်အောင် ဘဝအသိ အာနိသင်ပါသော ရသပေးနိုင်သည့် စာတမ်းဖြစ်ပါသည်။

ထိုသို့အားဖြင့် ရသစာတမ်းကောင်းတစ်ပုဒ် ဖြစ်ရန် အင်္ဂါရပ်နှင့် ပြည့်စုံရန် လိုပါသည်။

မမိုးမြေ



http://mmteashop.com